# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်

## (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# မှတ်တမ်း

# (ပထမတွဲ)

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက် မှ ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်ထိ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# မှတ်တမ်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | **အစည်းအဝေးပထမနေ့ မှတ်တမ်း(၂၀.၅.၂၀၁၉)ရက်နေ့** | |
| | (က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| | (ခ) တိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၁ |
| | (ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၂ |
| | (ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၂ |
| | (င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၃ |
| | (စ) တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း(၃)ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ | ၃ |
| | (ဆ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဝင်းမြင့်၏ မိန့်ခွန်းနှင့် သဝဏ်လွှာများအား တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ခြင်း။ | ၄ |
| | (ဇ) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခြင်း။ | ၅ |

(ဈ) တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခြင်း။ ၆

(ည) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင် မေးမြန်းသည့် မေးခွန်း(၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၉

(ဋ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၃

(ဌ) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရေးဆွဲထားသော နည်းဥပဒေ(၃)ခုနှင့် စပ်လျဉ်း၍ ပြင်ဆင်ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ပြင်ဆင်ချက်အဆို တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ ၁၆

(ဍ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၇

## ၂။ အစည်းအဝေး ဒုတိယနေ့ မှတ်တမ်း (၂၁.၅.၂၀၁၉)ရက်နေ့

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၈

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ အထ မြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၈

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၁၉

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၁၉

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၂၀

(စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းမေးမြန်းသည့် မေးခွန်း (၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၂၀

(ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုမင်းမေးမြန်းသည့် မေးခွန်းအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၂၄

(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၂၆

(ဈ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် မေးခွန်းအား တိုင်းဒေသကြီးစာရင်းစစ်ချုပ်က ဖြေကြားခြင်း။ ၃၂

(ည) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ ၃၄

(ဋ) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနက တင်သွင်းသည့် ပဲခူးတိုင်းဒေသကြီးဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆု ပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည် စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ ၃၆

(ဌ) ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး ၃၆

လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်း။

(ဍ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေ စိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီအစီရင်ခံစာ(၁/၂၀၁၉)အပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး အဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်း။ ၃၉

(ဎ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး (တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၄၀

## ၃။ အစည်းအဝေး တတိယနေ့ မှတ်တမ်း (၂၂.၅.၂၀၁၉)ရက်နေ့

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၄၁

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ အထ မြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၄၁

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၄၂

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၄၂

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၄၃

(စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်မေးမြန်းသည့် မေးခွန်းအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၄၄

(ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ပပဟန်မေးမြန်းသည့် မေးခွန်း (၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၄၅

(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းသွင်မေးမြန်းသည့် မေးခွန်းအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၅၀

(ဈ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းမေးမြန်းသည့် မေးခွန်း (၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၅၅

(ည) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကို မေးမြန်းသည့် မေးခွန်းအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၆၀

(ဋ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းခဲ့သည့် တိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ အစီရင်ခံစာ(၁/၂၀၁၉)ပါ အကြံပြုချက်များအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်း။ ၆၁

(ဌ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအစီရင်ခံစာကို ရေးရာကော်မတီ အတွင်းရေးမှူး ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ ၆၂

(ဍ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး(စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၆၉

## ၄။ အစည်းအဝေး စတုတ္ထနေ့ မှတ်တမ်း (၂၃.၅.၂၀၁၉)ရက်နေ့


(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၇၀

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၇၀

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၇၁

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၇၁

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၇၂

(စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေမေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၇၂

(ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေမေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၇၈

(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၈၂

(ဈ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၈၈

(ည) ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီအစီအရင်ခံစာကို ရေးရာကော်မတီ အတွင်းရေးမှူး ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ ၉၁

(ဍ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ပဉ္စမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း။ ၉၄

၅။ **အစည်းအဝေး ပဉ္စမနေ့ မှတ်တမ်း (၂၄.၅.၂၀၁၉)ရက်နေ့**

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၉၅

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၉၅

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၉၆

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၉၆

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၉၇

(စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၉၇

(ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင် မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၀၈

(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော် မေးမြန်းသည့် မေးခွန်း(၂)ခုအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၁၁

(ဈ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေး မေးမြန်းသည့် မေးခွန်းအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၁၄

(ည) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းလျာထားချက်အား တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ ၁၁၇

(ဋ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီအစီရင်ခံစာ(၁/၂၀၁၉)ပါ အကြံပြုချက်များအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း။ ၁၁၉

(ဌ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဗိုလ်ကြီးကျော်မင်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်က တိုင်းဒေသကြီးလွှတ်တော်သို့တင်သွင်းခြင်း။ ၁၂၁

(ဍ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ဆဋ္ဌမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၁၂၆

## ၆။ အစည်းအဝေး ဆဋ္ဌမနေ့ မှတ်တမ်း (၂၇.၅.၂၀၁၉)ရက်နေ့

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၂၈

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အထ မြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၂၈

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၁၂၉

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၁၂၉

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၁၃၀

(စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက် မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၃၁

(ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၃၅

(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော်မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၃၈

(ဈ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၄၁

(ည) တိုင်းဒေသကြီးဥပဒေချုပ်က လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းခြင်း။ ၁၄၈

(ဋ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းခဲ့သည့် တိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဆိုင်ရာ ကော်မတီအစီရင်ခံစာ(၁/၂၀၁၉)ပါ အကြံပြုချက်များအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်း။ ၁၆၁

(၄) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၁၆၃ (ဆဋ္ဌမနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး (သတ္တမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်

## (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း

| စဉ် | အမည် | မဲဆန္ဒနယ်/တာဝန် |
| --- | --- | --- |
| ၁။ | ဦးခင်မောင်ရင် | လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ လွှတ်တော်ဥက္ကဋ္ဌ |
| ၂။ | ဦးဝင်းသိန်း | ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဝန်ကြီးချုပ် |
| ၃။ | ဦးကြည်ဇင် | ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ |
| ၄။ | ဗိုလ်မှူးကြီးလှမျိုးရွှေ | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး |
| ၅။ | ဦးညွန့်ရွှေ | ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး |
| ၆။ | ဦးအောင်ဇော်နိုင် | မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး |
| ၇။ | ဒေါက်တာစောညိုဝင်း | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီး |
| ၈။ | ဦးသန်းဝင်း | ပြင်ပပညာရှင် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| ၉။ | ဒေါ်ညွန့်ညွန့်ဌေး | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) လူမှုရေးဝန်ကြီး |
| ၁၀။ | ဒေါ်နော်ပွယ်စေး | ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် ကရင်တိုင်းရင်းသားရေးရာဝန်ကြီး |

| | | |
|---|---|---|
| ၁၁။ | ဦးညွန့်ရွှေ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၂။ | ဦးကျော်မင်းစံ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၃။ | ဦးမျိုးမြင့်အောင် | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၄။ | ဦးမျိုးခိုင် | ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၅။ | ဦးမျိုးကြည် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၆။ | ဒေါ်ရီရီထိုက် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၇။ | ဦးအောင်နိုင်ဦး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၈။ | ဦးညီညီထွေး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၉။ | ဦးလင်းလင်းကျော် | ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၀။ | ဦးသန်းထိုက်အောင် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၁။ | ဦးသူရဇော် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၂။ | ဦးဝင်းမြင့် | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၂၃။ | ဒေါ်လှလှဝင်း | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၄။ | ဦးအေးမင်းဝင်း | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၅။ | ဦးမိုးမခ | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၆။ | ဒေါက်တာကျော်ကျော် | ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၇။ | ဦးစည်သူလွင် | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၈။ | ဦးဇော်မင်းဦး(ခ) | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | ဦးတင်ဆန်းဦး | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၉။ | ဦးသက်စိန် | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၀။ | ဒေါ်နွယ်နီဝင်း | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၁။ | ဦးကျော်ဇေယျ | အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၂။ | ဦးဌေးလွင် | အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၃။ | ဦးခင်မောင်ဝင်း | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၄။ | ဦးဌေးလွင် | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၃၅။ | ဦးသက်ဝင်းလှိုင် | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၆။ | ဦးကျော်ဇေယျ | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၇။ | ဦးသက်မင်းဇော် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၈။ | ဦးဝင်းနိုင် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၉။ | ဒေါ်ဇင်မိုးထိုက် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၀။ | ဒေါ်ပပဟန် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၁။ | ဦးရဲလင်းနိုင် | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၂။ | ဦးထွန်းထွန်းဦး | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၃။ | ဦးဇော်နိုင်ဦး | သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၄။ | ဦးဇော်လင်းထိုက် | သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၅။ | ဦးညွန့်ဝေ | ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၆။ | ဦးအုန်းသွင် | ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၄၇။ | ဒေါ်မူမူခင် | သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၈။ | ဦးမောင်မောင်လွင် | သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၉။ | ဦးမျိုးအောင် | လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၀။ | ဦးအောင်အောင် | မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၁။ | ဦးစောသူရအောင် | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၂။ | ဦးဉာဏ်ဝင်း | ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၃။ | ဦးထူးခိုင် | ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၄။ | ဦးမောင်မောင်ဦး | နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၅။ | ဦးကျော်ကျော်နိုင် | နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၆။ | ဦးအေးဝင်း | မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၇။ | ဦးဝင်းကို | မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၈။ | ဦးအောင်ကိုမင်း | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၅၉။ | ဦးစန်းမြင့်(ခ) | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | ဦးဆန်းမြင့် | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၆၀။ | ဗိုလ်မှူးလှမိုးသိန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၁။ | ဗိုလ်မှူးအောင်ကျော်မိုး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၂။ | ဗိုလ်မှူးနေလင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၃။ | ဗိုလ်မှူးလင်းမင်းလတ် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၄။ | ဗိုလ်မှူးသိန်းထူး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၅။ | ဗိုလ်မှူးရဲဝင်းထွန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၆။ | ဗိုလ်မှူးဖြိုးဟိန်းကျော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၇။ | ဗိုလ်မှူးအောင်မိုးလွင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၈။ | ဗိုလ်မှူးပြည့်ဖြိုးဇော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၉။ | ဗိုလ်မှူးကျော်သူရိန်အောင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၀။ | ဗိုလ်မှူးမျိုးမင်းဇော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၁။ | ဗိုလ်မှူးကျော်မျိုးသန့် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၂။ | ဗိုလ်မှူးအောင်ဆန်းလင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၃။ | ဗိုလ်မှူးဝင်းအောင်သန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၄။ | ဗိုလ်မှူးအောင်မျိုးမင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၅။ | ဗိုလ်ကြီးကျော်မင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၆။ | ဗိုလ်ကြီးခင်မောင်ဝင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၇။ | ဗိုလ်ကြီးမင်းသိန်းထိုက် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |

## ဖိတ်ကြား၍ တက်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မဟုတ်သည့် ပြင်ပပုဂ္ဂိုလ်များအမည်စာရင်း

| | | |
|---|---|---|
| ၇၈။ | ဦးမောင်မောင်ရွှေ | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် |
| ၇၉။ | ဦးအုန်းမြင့် | တိုင်းဒေသကြီးဥပဒေချုပ် |
| ၈၀။ | ဒေါ်သန်းဝင်း(ခ)<br>ဒေါ်သန်းသန်းဝင်း | တိုင်းဒေသကြီးစာရင်းစစ်ချုပ် |
| ၈၁။ | ဦးစိုးသိန်း | အကြံပေးအဖွဲ့ဝင် |
| ၈၂။ | ဒေါက်တာမြသောင်း | အကြံပေးအဖွဲ့ဝင် |
| ၈၃။ | ဦးသိန်းလှိုင် | အကြံပေးအဖွဲ့ဝင် |
| ၈၄။ | ဒေါ်နုနုဆွေ | အကြံပေးအဖွဲ့ဝင် |
| ၈၅။ | ဒေါ်မြင့်မြင့်ကြည် | အကြံပေးအဖွဲ့ဝင် |
| ၈၆။ | ဦးငွေးဝင်း | အကြံပေးအဖွဲ့ဝင် |
| ၈၇။ | ဒေါ်ဇင်မာထူး | အကြံပေးအဖွဲ့ဝင် |
| ၈၈။ | ဒေါ်ကြည်ကြည်တင် | အကြံပေးအဖွဲ့ဝင် |
| ၈၉။ | ဒေါ်သန်းသန်းဆင့် | အကြံပေးအဖွဲ့ဝင် |
| ၉၀။ | ဦးရဲနိုင်ဝင်း | အကြံပေးအဖွဲ့ဝင် |
| ၉၁။ | ဒေါ်ရည်မွန်ငွေး | အကြံပေးအဖွဲ့ဝင် |
| ၉၂။ | ဒေါ်အိချိုဇင်နိုင် | အကြံပေးအဖွဲ့ဝင် |
| ၉၃။ | ဦးဇော်မင်း | အကြံပေးအဖွဲ့ဝင် |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# ပထမနေ့ မှတ်တမ်း
# ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်
# ၂၀၁၉ခုနှစ်၊ မေလ ၂၀ ရက်
# (တနင်္လာနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀း၀၀နာရီအချိန်၌ စတင် ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၇၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၉၆.၀၅ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ (ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်း၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လွင်နှင့် ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် (၂၀.၅.၂၀၁၉)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအားခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၃)ဦး၏ကိုယ်စား လေးစားစွာခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၇၆)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၃)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ (ခ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း (၃)ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ (၂၂-၄-၂၀၁၉) ရက်စွဲပါ ကြေညာချက်အမှတ် (၅၆/၂၀၁၉)အရ တပ်မတော်သားတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအဖြစ် အမည်စာရင်းအစားထိုး ပြောင်းလဲခံရသူ ကြည်း ၃၂၃၉၃ ဗိုလ်မှူးရဲဝင်းထွန်း၊ ကြည်း၄၀၄၇၄ ဗိုလ်မှူးဝင်းအောင်သန်းနှင့် ကြည်း ၃၁၀၀၃ ဗိုလ်မှူးလင်းမင်းလတ်တို့အား ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅ (ဂ)နှင့် ၁၅ (က)အရ လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်အား ယူဆောင်လျက် ဥက္ကဋ္ဌ၏ရှေ့မှောက်တွင် နေရာယူပေးဖို့ ဖြစ်ပါတယ်။ ကတိသစ္စာပြုရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်ကို လက်နှစ်ဖက်ဖြင့် စနစ်တကျကိုင်တွယ်၍ ကတိသစ္စာပြုမည် ဖြစ်ပါတယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထား၍ တက်ရောက်ကြသူများအားလုံး မတ်တပ်ရပ်ပေးကြရန် ဖြစ်ပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

## ကတိသစ္စာပြုချက်

## [နည်းဥပဒေ ၅ (ဂ) နှင့် ၁၅ (က) ]

"ကျွန်ုပ် ------------သည် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီး ဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။

(ကတိသစ္စာပြုလွှာပေါ်တွင် တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း (၃)ဦးက လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်သည်။)

## ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဝင်းမြင့်၏ မိန့်ခွန်းနှင့် သဝဏ်လွှာများအား တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-၂၀၁၃ခုနှစ် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၈ (ခ)အရ နိုင်ငံတော်သမ္မတဦးဝင်းမြင့်၏ သဝဏ်လွှာများအား မှတ်တမ်းတင်ခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

- (၁၄-၃-၂၀၁၉)ရက်နေ့တွင် (၄၅)နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ၊
- (၁-၅-၂၀၁၉)ရက်နေ့တွင် အလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာနှင့်
- (၃-၅-၂၀၁၉)ရက်နေ့တွင် ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့(World Press Freedom Day) အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတို့အား တိုင်းဒေသကြီးလွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာစွာဖြင့် တက်ရောက်လာကြသော ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ အကြံပေးအဖွဲ့ ဝင်များ၊ ဖိတ်ကြားထားသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် အသင့်ဖြစ်သော ကြယ်ပွင့်ပြမေးခွန်း (၉၆)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း (၇၁)ခု၊ စုစုပေါင်း (၁၆၇)ခုနှင့် ပဲခူးတိုင်းဒေသကြီး ဥပဒေကြမ်းများ တင်သွင်းခြင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေ အရအသုံးငွေစာရင်းလျာထားချက်များ စိစစ်အတည်ပြုခြင်း၊ ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေများ အတည်ပြုခြင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်(၃)ဦး ကတိသစ္စာပြုခြင်း၊ ရေးရာကော်မတီ(၄)ခု ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် အစီရင်ခံစာများ ဖတ်ကြား တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ထိုသို့ မေးခွန်းများ မေးမြန်းခြင်း၊ ရေးရာကော်မတီအလိုက် အစီရင်ခံစာများတင်သွင်းခြင်း၊ ဥပဒေကြမ်းများ တင်သွင်းခြင်း၊ ဆွေးနွေးခြင်း/ အတည်ပြုခြင်းများသည် လွှတ်တော်ကိုယ်စားလှယ်များ၏ ဥပဒေပြုရေးတာဝန်၊ အပြန်အလှန်ထိန်းကျောင်းရေးတာဝန်နှင့် ပြည်သူကိုယ်စားပြုရေးတာဝန်များကို ထမ်းဆောင်ခြင်း ဖြစ်သဖြင့် အစိုးရအဖွဲ့ သက်ဆိုင်ရာဝန်ကြီးများမှာလည်း အဆိုပါ ပြည်သူအကျိုးပြုလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မေးခွန်းများကို အထူးအလေး ထား၍ ပြည့်ပြည့်စုံစုံ ရှင်းလင်းပြတ်သားစွာ ဖြေကြားခြင်းနှင့် ကတိကဝတ်ပြုပြီးဖြစ်သော အဆိုများ/မေးခွန်းများကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန်နှင့် ကတိကဝတ် မဖြစ်သေးသော ကြယ်ပွင့်ပြနှင့် ကြယ်ပွင့်မပြမေးခွန်းများကိုလည်း ဆက်လက်ကြိုးပမ်း အကောင် အထည်ဖော်ခြင်းဖြင့် ပြည်သူများအတွက် လွှတ်တော်နှင့်အတူ ဟန်ချက်ညီညီ အကျိုးတူပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်း မှာကြားအပ်ပါသည်။

**တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာအရ ကျင်းပပြီးစီးခဲ့သည့် ဒုတိယအကြိမ် ပုံမှန်အစည်းအဝေးမှ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ အဆို(၂၅)ခု၊ ကြယ်ပွင့်ပြမေးခွန်း (၉၈၆)ခု၊ ကြယ်ပွင့်မပြ

မေးခွန်း (၇၈၃)ခု၊ စုစုပေါင်း (၁၇၉၄)ခု တင်သွင်းခဲ့ရာ ကတိကဝတ် (၁၂၂၆)ခု ဖြစ်ခဲ့ပြီး ပဉ္စမအကြိမ်အထိ ကြားနာခြင်းတစ်စိတ်တစ်ပိုင်းဖြစ်သော မေးမြန်းဆွေးနွေးခြင်း အစည်းအဝေးများမှ ကတိကဝတ် (၈၅၉)ခုကို ပယ်ဖျက်နိုင်ခဲ့သဖြင့် အစိုးရအဖွဲ့မှ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်သော ကတိကဝတ်မှာ (၃၆၇)ခု ဖြစ်ပါသည်။ ထို့ကြောင့် ကတိကဝတ်မှ (၇၀.၀၇)% ပယ်ဖျက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန်ရှိသော ကတိကဝတ်မှာ (၂၉.၉၃)% ကျန်ရှိကြောင်း စိစစ်တွေ့ရှိပါသည်။ အစိုးရအဖွဲ့အနေဖြင့် ကတိကဝတ်ဖြစ်ပြီးဖြစ်သော အဆိုများအား အကောင်အထည်ဖော်ဆောင်ရွက်မှု အားနည်း နေသေးကြောင်းတွေ့ရှိသဖြင့် ဆက်လက်၍ အလေးထား အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်းနှင့် ဆောင်ရွက်မှုအခြေအနေ တိုးတက်မှုအခြေအနေများကိုလည်း လွှတ်တော်ပုံမှန် အစည်းအဝေးများ၌ဖြစ်စေ၊ ကော်မတီမှ ကြားနာခြင်း စိစစ်သည့်အခါတွင်ဖြစ်စေ လွှတ်တော်ဥက္ကဋ္ဌထံမှ တစ်ဆင့်ဖြစ်စေ လွှတ်တော်သို့ ပြည့်စုံစွာ အစီရင်ခံစာများ ပေးပို့ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားအပ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ မိမိတို့၏ တာဝန်များကို ဟန်ချက်ညီညီဆောင်ရွက်ခြင်းဖြင့် ပဲခူးတိုင်းဒေသကြီးနှင့် ပြည်သူများ၏ လူမှုစီးပွားရေးဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား–**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း (၂၈)မြို့နယ်မှ ပြည်သူများ၏ လိုအပ်ချက် များကို ပြည့်သူ့အသံ/ ပြည်သူ့ဆန္ဒ/ ပြည်သူ့မျှော်လင့်ချက်များနှင့်အညီ ဦးစားပေးအဆင့် သတ်မှတ်ချက်ဖြင့် ဘဏ္ဍာရေးနှစ်အလိုက် စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ပေးရေးနှင့် ပြည်သူများအတွက် အမှန်တကယ်လိုအပ်သော ခေတ်ကာလနှင့်ဆီလျော်သည့် ဥပဒေများပြုစုရေးတို့အတွက် အစဉ်ဦးထိပ်ထား ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

## တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားဖို့ ဖြစ်ပါတယ်။

**ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို ကြီးမှူးကျင်းပပေးပါသော ပဲခူးတိုင်း

ဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်တကွ အကြံပေးပုဂ္ဂိုလ်များ တပ်မတော်သားကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအနေဖြင့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်များဟာ အပြန်အလှန်ထိန်းကျောင်းတဲ့နေရာမှာ တဖြည်းဖြည်းအားကောင်းလာတာကို တွေ့ရတဲ့အတွက် ကျွန်တော်အနေနဲ့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပထမအနေနဲ့ ပြောကြားလိုပါတယ်။ အုပ်ချုပ်ရေးယန္တရား၊ ဥပဒေပြုရေးယန္တရားနဲ့ တရားစီရင်ရေးယန္တရားများ လုပ်ထုံးလုပ်နည်းများအရ ကိစ္စတွေဟာ စားပွဲပေါ်တွင် ဖြေရှင်းဆောင်ရွက်ရတာမဟုတ်ဘဲနဲ့ မပြီးပြတ်သည့် ကိစ္စများ၊ လူမှုအသိုင်းအဝန်းကြားမှာ ဖြစ်ပေါ်နေတဲ့ ကိစ္စရပ်တွေအားလုံးကို နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်နဲ့အညီ အောက်ခြေထိဆင်းပြီးတော့ ပြည်သူလူထုနဲ့ တွေ့ဆုံဖြေရှင်းတဲ့အတွက် အထူးသဖြင့် လူထုတွေ့ဆုံပွဲများမှာ တွေ့ဆုံဖြေရှင်းဆောင်ရွက်တဲ့အတွက်လည်းပဲ ပြဿနာများဟာ အတော်အတန်ပြေလည်တာ ဖြစ်ပါကြောင်း နိုင်ငံတော်ရဲ့ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စတွေမှာ အထောက်အပံ့ကောင်းများ ဖြစ်လာကြောင်း သိရှိရပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

ယနေ့ ရရှိထားတဲ့ အောင်မြင်မှုတွေကို နိုင်ငံသူ/သားများ မျက်ဝါးထင်ထင်တွေ့မြင်လာရပြီးတဲ့နောက်မှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွေမှာလည်းပဲ အရှိန်အဟုန်ကောင်းစွာဖြင့် ဆက်လက်အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့ ဒေသအလိုက် ကိုယ်စားလှယ်တော်ကြီးများရဲ့ ဦးဆောင်မှုဖြင့် ပြည်သူများရဲ့ လိုအပ်ချက်များကို တိုက်ရိုက်ထင်ဟပ်ဖော်ဆောင်ဖို့ Citizen’s Budgets ဖြင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။ မိမိတို့နိုင်ငံ မိမိတို့ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပြီးတော့ မှန်ကန်တဲ့ဆုံးဖြတ်ချက်များကို ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြင့် တိုးတက်မှုရဲ့ အသီးအပွင့်များကို နိုင်ငံသူ/သားများ ရရှိခံစားရမှာ ဖြစ်ပါတယ်။ မိမိတို့ နိုင်ငံသားများရဲ့ ဖွံ့ဖြိုးမှုအချိန်တိုအတွင်းပူးပေါင်းဆောင်ရွက်ရင်း တစ်ဖက်မှာလည်း နိုင်ငံရေးရည်မှန်းချက်တွေဖြစ်တဲ့ တိုင်းရင်းသားအရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု အမြန်ပေါ်ထွန်းလာစေရေးကို နိုင်ငံသူ/သားအားလုံးက တာဝန်ကိုယ်စီနဲ့ ပူးပေါင်းဆောင်ရွက်ရမဲ့ အချိန်ဖြစ်ပါတယ်။ ဒီမိုကရေစီနဲ့ ပူးပေါင်းဆောင်ရွက်ရမဲ့ အချိန်လည်းဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ရဲ့ အနှစ်သာရဖြစ်တဲ့ တရားဥပဒေစိုးမိုးရေးဟာ အင်မတန်အရေးပါတဲ့ ကဏ္ဍဖြစ်တဲ့အတွက် တည်ဆဲပြဋ္ဌာန်းထားတဲ့ ဥပဒေများနဲ့အညီ အဂတိ တရားကင်းရှင်းစွာ ဆောင်ရွက်ခြင်းဖြင့်လည်း မြန်မာ့လူ့အဖွဲ့အစည်းရဲ့ ဒီမိုကရေစီ

ဖြည့်ဆည်းပေးဖို့လည်း ထပ်မံတိုက်တွန်းပါတယ်။ ဒီမိုကရေစီစနစ်ကို ပူးပေါင်းဆောင်ရွက်ရာမှာ ဥပဒေရဲ့ပြဋ္ဌာန်းချက်များ၊ ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်တဲ့ လွတ်လပ်ခွင့်၊ လူ့အခွင့်အရေးညီမျှခြင်းနှင့် လောကပါလ တရားများထွန်းကားရေးအတွက် ခေတ်အဆက်ဆက်ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေတွေရဲ့ အနှစ်သာရ ဒီမိုကရေစီနဲ့ ကိုက်ညီမှုရှိမှု/မရှိမှုပေါ်မှာ သုံးသပ်မှုတွေ ဆောင်ရွက်ခြင်း၊ လူ့အဖွဲ့အစည်းအတွက် ခေတ်ကာလနဲ့ လျော်ညီတဲ့ ဥပဒေတွေ အသစ်ရေးဆွဲပြဋ္ဌာန်းခြင်း၊ ဒီမိုကရေစီနဲ့ ကိုက်ညီမှုမရှိသည်များကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းဖြင့် ဒီမိုကရေစီ၏ အသီးအပွင့်များကို ပြောင်းလဲဖော်ဆောင်ပေးဖို့လည်း ထပ်မံတိုက်တွန်းနှိုးဆော်ပါတယ်။

**တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား–**

အစိုးရနဲ့ လွှတ်တော်ထိန်းညှိပေါင်းစပ်တဲ့နေရာမှာ တရားစီရင်ရေးမဏ္ဍိုင်အပါအဝင် ကဏ္ဍကြီးသုံးရပ်ကိုပြည့်စုံစွာ တစ်ဦးနဲ့တစ်ဦး၊ ကဏ္ဍတစ်ခုနဲ့တစ်ခု စောင့်ကြည့်ခြင်း၊ ပေါင်းစပ်ခြင်း၊ ထိန်းညှိခြင်းကဏ္ဍတွေကို ဆောင်ရွက်တဲ့နေရာမှာ တရားစီရင်ရေးဘက်တွေမှာလည်းပဲ တစ်ဖက်စောင်းနင်းဖြစ်သော ပြစ်ဒဏ်များ မဖြစ်စေရေးနဲ့ လူ့အဖွဲ့အစည်းကြားထဲမှာ တစ်ဦးနဲ့တစ်ဦး အာဃာတတရား မဖြစ်ပေါ်စေရေးကို သတ်မှတ်ပြဋ္ဌာန်းထားသော ပြစ်မှုပြစ်ဒဏ်မျှတသော အချင်းချင်းထိန်းကျောင်းပေးဖို့လည်း ထပ်မံတိုက်တွန်းချင်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များဟာ တစ်မူထူးခြားတဲ့ ဘတ်ဂျက်ကဏ္ဍတွေမှာလည်းပဲ တစ်မူထူးခြားစွာ တစ်မြို့နယ်လျှင် ၂ ဘီလီယံခန့်စီ လျာထားဆောင်ရွက်သွားတဲ့အတွက် မဖြစ်မနေဆောင်ရွက်ရမဲ့ လုပ်ငန်းတွေမှာ အကောင်အထည်ဖော်ဆောင်ရွက်နေသလိုပဲ လွှတ်တော်ရဲ့ လုပ်ပိုင်ခွင့်နဲ့ အစိုးရရဲ့ စီမံကိန်း အလို့ငှာ ဆောင်ရွက်ရတဲ့ လုပ်ငန်းတွေကြားထဲမှာလည်းပဲ သဟဇာတဖြစ်စေရေးကိုလည်း သတိပြုဆောင်ရွက်ပေးကြဖို့လည်း ထပ်မံပြီးတော့ အကြံပြုတိုက်တွန်းပါတယ်။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဥပဒေတွေဟာ လိုအပ်တဲ့ဥပဒေပြဋ္ဌာန်းရေး လိုအပ်နေတဲ့ဥပဒေများ ပြဋ္ဌာန်းရေးမှာ ကျန်ရှိနေသေးတဲ့အပန်းဖြေစခန်းများ ဥပဒေ၊ တိုင်းနဲ့ပြည်နယ်အတွင်း ပြေးဆွဲသော ပုဂ္ဂလိကယာဉ်များ ပြေးဆွဲရေးဥပဒေများကို ပြင်ဆင်ခြင်းစသည်ဖြင့် လိုအပ်သော ဥပဒေနဲ့ ပြင်ဆင်ခြင်းကိစ္စရပ်တွေကိုလည်းပဲ ထပ်မံဆောင်ရွက်ပေးဖို့ ကျွန်တော်အနေနဲ့ တိုက်တွန်းပါတယ်။ ဒီနေရာမှာ ဌာနဆိုင်ရာများအနေနဲ့လည်းပဲ ပူးပေါင်းဆောင်ရွက်ကြဖို့ ဆောင်ရွက်နေတာလည်းပဲ တွေ့ရတဲ့အတွက်ကြောင့်မို့ ဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါတယ်။ အခွန်ကိစ္စတွေမှာလည်း အစိုးရက ကောက်ခံနေတဲ့ ပုံစံမျိုးမဟုတ်တော့ဘဲနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများကလည်း ပူးပေါင်းပြီးတော့ အခွန်ဥပဒေတွေကို အထူးသဖြင့် မြေယာခွန်ဥပဒေတွေကို အခွန်ရေးဆွဲပြဋ္ဌာန်းဖို့ ကြိုးစားနေတာတွေ့ရတော့လည်း ဝမ်းသာပါကြောင်းနှင့် မြန်မြန်ဆန်ဆန်ပေါ်ထွန်းလာရေး၊ မြေယာခွန်ဥပဒေအပြင် ကျန်ရှိနေသေးသော ဂရန်ခွန်ကိစ္စတွေမှာလည်းပဲ ညှိနှိုင်းပြီးတော့ ပေါင်းစပ်အကြံပြုပေးဖို့လည်း ထပ်မံပြီးတော့ ပြောကြားလိုပါတယ်။

နိုင်ငံတော်ရဲ့ ညှိနှိုင်းချက်များကို အကောင်အထည်ဖော်တဲ့နေရာမှာ လွှပ်လပ်လုံခြုံပြီး ဖွံ့ဖြိုးတိုးတက်တဲ့ တိုင်းဒေသကြီး တစ်ခုအဖြစ် အစိုးရ လွှတ်တော်နဲ့ တရားစီရင်ရေးကဏ္ဍများကို ထိန်းကျောင်းခြင်း၊ ပေါင်းစပ်ခြင်းကိစ္စတွေကို ပိုမိုနီးကပ်စွာ ဆောင်ရွက်နိုင်မှသာ ပြည်သူက အားထားရတဲ့ လွှတ်တော်နဲ့ အစိုးရများ၊ တရားရေးကဏ္ဍများ ပေါ်ထွက်လာမှာဖြစ်ပါကြောင်းနှင့် အားလုံးဝိုင်းဝန်းပူးပေါင်းပါဝင်ပေးပါသော ကဏ္ဍအသီးသီးမှ အကြီးအကဲများနှင့်တကွ ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ မိမိတို့ ကိုယ်စားလှယ်တော်ကြီးများနဲ့ ကဏ္ဍအသီးသီးမှ အကြီးအကဲ အားလုံးဟာ နိုင်ငံသူ/သားအကျိုး၊ မိမိတို့ တိုင်းဒေသကြီးအကျိုးကို ဖော်ဆောင်ရွက်တဲ့နေရာမှာ ညီညီညွတ်ညွတ် တက်ညီလက်ညီ အခက်အခဲ အတားအဆီးဟူသမျှ ပူးပေါင်းခြင်းအားဖြင့် တွန်းလှန်ကျော်ဖြတ်ပြီး မိမိတို့ရဲ့ ခေတ်အဆက်ဆက် မျှော်မှန်းခဲ့တဲ့ ဒီမိုကရေစီစနစ် ထွန်းကားရေး၊ လောကပါလတရားများ ထွန်းကားရေးကို အားထည့်ဆောင်ရွက်ပေးကြပါလို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု လွှတ်တော် ကိုယ်စားလှယ်(၃)ဦးက မေးမြန်းသည့် မေးခွန်း(၄)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနရုံးမှ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု ဇယားများအား နိုင်ငံသားတိုင်း တန်းတူညီမျှ အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာ ပြုလုပ်ရရှိနိုင်ရေး မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း”**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **"ဒိုက်ဦးမြို့နယ် မီးသတ်စခန်းနှင့် (၂)မိုင်ခန့်ကွာဝေးသော ဖအောင်ဝဲရပ်ကွက် နယ်မြေ မီးသတ်စခန်း ဖွင့်လှစ်ခွင့်ပြုရန်နှင့် မီးသတ်အဆောက်အဦ ချထားပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်းတို့ကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဒိုက်ဦးမြို့နယ်အတွင်း ပြည်သူများမှ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနရုံးတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု ဇယားများပြုလုပ်ရာတွင် အခက်အခဲများစွာဖြင့် ကြုံတွေ့နေကြရပါသည်။ ထိုရုံးတွင် နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုဇယားတို့ ပြုလုပ်ရာတွင် ရုံးသို့အရင်ဦးရောက်သူများမှ ထပ်မံ ချိန်းဆိုခံရပြီး နောက်ကျမှရောက်သူများက ချက်ချင်းပြုလုပ်ရရှိနေသည်ကို ပြည်သူများထံမှ သိရပါသည်။ ထို့ပြင် လာဘ်ပေး/လာဘ်ယူမှုများရှိနေကြောင်း ကြားသိရပါသည်။ သို့ဖြစ်ပါ၍ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုဇယားများအား နိုင်ငံသားတိုင်း တန်းတူညီမျှ အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာ ပြုလုပ်ရရှိနိုင်ရေး မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါ၍ မေးမြန်းအပ်ပါသည်။

**ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဒိုက်ဦးမြို့နယ်အတွင်းရှိ ဖအောင်ဝဲရပ်ကွက်သည် (၂၀၀၅)ခုနှစ်ခန့်တွင် ကျေးရွာအုပ်စုအဆင့်မှ ဖအောင်ဝဲရပ်ကွက်အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သော ရပ်ကွက်ဖြစ်ပြီး အိမ်ခြေ(၃၀၀၀) လူဦးရေအားဖြင့် (၁၃၀၀၀)ကျော် နေထိုင်သော ရပ်ကွက်ကြီး(၁)ခုဖြစ်ပါသည်။ ထိုကဲ့သို့လူဦးရေထူထပ်ပြီး ဒိုက်ဦးမြို့နှင့်(၂)မိုင်ခန့် ကွာဝေးသည့်အတွက် ၎င်းရပ်ကွက်တွင် မြို့နယ်မီးသတ်စခန်းမှ (၂၀၀၀)ခုနှစ်မှစပြီး မီးသတ်ကား အဟောင်း(၁)စီး ချထားပေးခဲ့ပါသည်။ အဆိုပါ မီးသတ်ကားအဟောင်းအား (၂၀၁၈)ခုနှစ်တွင် မီးသတ်ကားအသစ်(၁)စီးနှင့် လဲလှယ်ချထားပေးခဲ့ပါသည်။ ဤသို့ မီးသတ်ကား(၁)စီး၊ အရန်မီးသတ် တပ်ဖွဲ့အင်အားပြည့်နှင့် မီးသတ်ပိုင်မြေနေရာတို့အား တင်ပြထားသော်လည်း နယ်မြေမီးသတ် စခန်းဖွင့်လှစ်ခွင့်နှင့် မီးသတ်အဆောက်အဦရရှိရေးတို့မှာ အခက်အခဲဖြစ်နေပါသည်။

သို့ဖြစ်ပါ၍ အိမ်ခြေ(၃၀၀၀)ကျော်ရှိပြီး မြို့နယ်မီးသတ်စခန်းနှင့် (၂)မိုင်ခန့် အလှမ်းဝေးသော ဖအောင်ဝဲရပ်ကွက်မီးဘေးလုံခြုံရေးအား ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် နယ်မြေမီးသတ် စခန်း အမြန်ဆုံးဖွင့်လှစ်ခွင့်ပြုပါရန်နှင့် မီးသတ်အဆောက်အဦချထားပေးရန်တို့အား ဆောင်ရွက် ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးသန်းထိုက်အောင် မေးမြန်းသည့် မေးခွန်း(၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန]**။ ။ယနေ့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများကို မဖြေကြားခင်မှာ ဦးစွာ မေတ္တာရပ်ခံချင်ပါတယ်။ ယခု ဖြေကြားမည့် အဖြေများနှင့် လွှတ်တော်သို့ ပေးပို့ထားသော အဖြေများသည် အနည်းငယ်ကွဲလွဲနေပါသဖြင့် ယင်းကဲ့သို့ ကွဲလွဲနေမှုကို နားလည်ပေးဖို့နှင့် ယခု ဖြေကြားမည့် အဖြေများအား လွှတ်တော်သို့ ထပ်မံပြီး ပေးပို့တင်ပြသွားမည်ဖြစ်ပါကြောင်း ဦးစွာ မေတ္တာရပ်ခံပါတယ်။ ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနရုံးမှ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုဇယားများအား နိုင်ငံသားတိုင်း တန်းတူညီမျှ အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာ ပြုလုပ်ရရှိနိုင်ရေး မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း”**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် ပတ်သက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားလုပ်သားပြည်သူများ၏ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးသည့် လုပ်ငန်းအား ၂၀၁၁ခုနှစ်မှ ၂၀၁၅ခုနှစ်အထိ မိုးပွင့်စီမံချက်များဖြင့် ရပ်ကွက်/ကျေးရွာများသို့ အိမ်တိုင်ရာရောက်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး၊ ၂၀၁၆ခုနှစ်မှစ၍ ရွှေ့ပြောင်းနေထိုင်သူများအား ဖြေလျော့နည်းဖြင့်လည်းကောင်း၊ နှစ်စဉ်ကျောင်းဖွင့် ရာသီများတွင် အခြေခံပညာကျောင်းများသို့လည်းကောင်း၊ သစ္စာစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါတွင်လည်း စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများနှင့် ရပ်ကွက်/ကျေးရွာများရှိ နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ရန် ကျန်ရှိသူများအား သစ္စာစီမံချက်ဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက် များနှင့်အညီ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ ၂၀၁၉ခုနှစ် မေလနှင့် ဇွန်လ (၂)လတာကာလအတွင်း သစ္စာစီမံချက်ဖြင့် ရပ်ကွက်/ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး နောင်အခြေခံပညာကျောင်းများ ဖွင့်လှစ်ပြီးကာလတွင် အခြေခံပညာကျောင်းများနှင့် အဆိုပါကျောင်းတည်ရှိရာ ရပ်ကွက်/ကျေးရွာများသို့ ၂၀၁၉ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအထိ သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးနိုင်ရေး အစီအမံများရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ခြင်းလုပ်ငန်းသည် နိုင်ငံသားတစ်ဦးဖြစ်ကြောင်း စိစစ်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထုတ်ပေးရခြင်းဖြစ်၍ သက်ဆိုင်ရာ မြို့နယ်ရုံးများရှိ တာဝန်ရှိသူဝန်ထမ်းများမှ မြို့နယ်ဦးစီးမှူးရုံးများတွင်လည်းကောင်း၊ ရပ်ကွက်/ကျေးရွာများသို့ ကွင်းဆင်း၍သော်လည်းကောင်း ဆောင်ရွက်ပေးသည့်လုပ်ငန်းဖြစ်ပါသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရန် အသက်(၁၀)နှစ်ပြည့်၊ အသက်(၁၈)နှစ်ပြည့်လာသူများ၊ ပျောက်ဆုံး/ပျက်စီး၍ မိတ္တူလျှောက်ထားဆောင်ရွက်သူများအား လက်ရှိတွင် သက်ဆိုင်ရာမြို့နယ် ဦးစီးမှူးရုံးများ၌လည်း နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိပြီး၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များမှ စာရင်းပြုစုကောက်ယူပြီး ကွင်းဆင်းဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးများသို့ တင်ပြလာပါက သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးများမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ နေ့စဉ်ရုံးသို့ လာရောက်ဆောင်ရွက်ကြသော ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းဇယားများအား ဆောင်ရွက်ပေးလျက်ရှိပြီး ရပ်ကွက်/ကျေးရွာများသို့လည်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များမှ စာရင်းကောက်ယူပြုစုပြီး ကွင်းဆင်းဆောင်ရွက်ပေးရန် သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးသို့ တင်ပြလာပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ထို့အတူ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးနိုင်ရေး ညွှန်ကြားကြပ်မတ်လျက်ရှိသကဲ့သို့ နိုင်ငံသားကတ်ပြားပြုလုပ်ရာတွင် အခက်အခဲရှိပါကြောင်း အကြောင်းကြားလာပါက ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများကိုလည်း ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဗိုလ်မှူးကြီးလှမျိုးဆွေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန] ။** ။ ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**"ဒိုက်ဦးမြို့နယ် မီးသတ်စခန်းနှင့် (၂)မိုင်ခန့်ကွာဝေးသော ဖအောင်ဝဲရပ်ကွက် နယ်မြေမီးသတ်စခန်း ဖွင့်လှစ်ခွင့်ပြုရန်နှင့် မီးသတ်အဆောက်အဦ ချထားပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်းနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဒိုက်ဦးမြို့နယ်၊ ဖအောင်ဝဲရပ်ကွက်သည် ယခင်က ဖအောင်ဝဲကျေးရွာအဖြစ် တည်ရှိခဲ့ရာ ယခုအခါတွင် ဒိုက်ဦးမြို့၏ မြို့ပေါ်(၉)ရပ်ကွက်အနက် (၁)ရပ်ကွက်ဖြစ်ပြီး ဖအောင်ဝဲရပ်ကွက်သည် အိမ်ခြေ(၃၅၅၅)ခန့်၊ အိမ်ထောင်စု (၃၆၀၅၃)စုခန့်နှင့် လူဦးရေ(၁၄၇၅၀) ဦးခန့် နေထိုင်သော ရပ်ကွက်တစ်ရပ်ကွက်ဖြစ်ပါသည်။ ဖအောင်ဝဲရပ်ကွက်သည် ဒိုက်ဦးမြို့နယ် မီးသတ်စခန်းနှင့် (၂)မိုင်ခန့်ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါသည်။ ဖအောင်ဝဲရပ်ကွက်တွင် မီးဘေးလုံခြုံရေးဆောင်ရွက်နိုင်ရန်အတွက် (5P/ 3117) ဒေါင်ဖန်းအမျိုးအစား မီးငြိမ်းသတ်ယာဉ်(၁)စီးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်(၅)ဦး တာဝန်ချထား ဆောင်ရွက်လျက်ရှိပါသည်။ ဖအောင်ဝဲရပ်ကွက်နှင့် အနီးဆုံးဖြစ်သော ဒိုက်ဦးမြို့အမှတ်(၂)ရပ်ကွက် အရန်မီးသတ်စခန်းတွင်

လည်း မီးသတ်ရေသယ်ယာဉ်(၁)စီးရှိပြီး၊ ဒိုက်ဦးမြို့နယ် မီးသတ်စခန်းတွင် မီးငြိမ်းသတ်ယာဉ်(၅) စီးနှင့် တပ်ဖွဲ့ဝင်(၂၁)ဦးတာဝန်ထမ်းဆောင်လျက်ရှိပြီး ဒိုက်ဦးမြို့နယ်မီးသတ်စခန်းမှ ဖအောင်ဝဲ ရပ်ကွက်သို့ သွားရောက်မည်ဆိုပါက (၅)မိနစ်ခန့်သာ ကြာမြင့်မည်ဖြစ်ရာ နယ်မြေမီးသတ်စခန်း ဖွဲ့စည်းပုံမရှိသည့်အတွက် နယ်မြေမီးသတ်စခန်း ဖွင့်လှစ်ခွင့်ပြုရန်နှင့် မီးသတ်အဆောက်အဦ ချထားဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးအုန်းသွင်၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“လောင်းကစားဝိုင်းများပြုလုပ်သော ရပ်ကွက်/ကျေးရွာအုပ်စုများမှ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာနယ်မြေခံရဲစခန်းများမှ နယ်ထိန်းများကို မည်သို့အရေးယူ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း”**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအုန်းသွင်၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ လောင်းကစားမှုများနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် အဆိုများ၊ မေးခွန်းများမေးမြန်း၍ ဆောင်ရွက်ခဲ့ သော်လည်း ယနေ့အထိ ကျေးရွာများစွာတွင် လောင်းကစားဝိုင်းများ ပြုလုပ်နေမြဲဖြစ်ပါသည်။ ပြည်သူ များမှ သတင်းပေးတိုင်ကြားသော်လည်း တိုင်ကြားသူများကို လောင်းကစားသမားများမှ ရန်မူလာကြသဖြင့် တိုင်ကြားမှုများမပြုလုပ်ရဲကြတော့ပါ။ သတင်းပေးတိုင်ကြားရသည်ကို စိတ်ပျက် လာကြပါသည်။

လက်ရှိနိုင်ငံတော်၏ အသွင်ကူးပြောင်းရေးကာလမှာ တရားဥပဒေစိုးမိုးမှုသည် အလွန် အရေးကြီးသည့် ကိစ္စတစ်ရပ်ဖြစ်သည့်အတွက် လက်ရှိတိုင်းဒေသကြီးအစိုးရအနေဖြင့် အထူး အလေးထားဆောင်ရွက်ရန်လိုအပ်ပါသဖြင့် မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ထိန်တောနယ်မြေရဲစခန်းတွင် ဝန်ထမ်းအိမ်ရာချထားပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။မိုးညိုမြို့နယ်၊ ထိန်တောနယ်မြေ ရဲစခန်းတွင် စခန်းမှူးအပါအဝင် ရဲတပ်ဖွဲ့ဝင်အင်အား (၃၅)ဦးခန့်ရှိပါသည်။ ၁၂၀ပေ×၃၀ပေ (၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာတစ်ခုသာ ခိုင်ခိုင်မာမာရှိပါသည်။ ရဲဝန်ထမ်းအများစုနေနေသော တန်းလျားများမှာ

နှစ်ပေါင်းများစွာက တည်ဆောက်ထားသော သစ်သားတန်းလျားများဖြစ်ပြီး ယခုအခါ အိုမင်းချည့်နဲ့ ယိုင်ရွဲ့နေသောအနေအထားကို တွေ့မြင်ရမှာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ထိန်တောနယ်မြေရဲစခန်းတွင် ဝန်ထမ်းအိမ်ရာတစ်လုံးကို အနီးစပ်ဆုံးဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန]။** ။ ဦးအုန်းသွင်၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"လောင်းကစားဝိုင်းများပြုလုပ်သော ရပ်ကွက်/ကျေးရွာအုပ်စုများမှ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာနယ်မြေခံရဲစခန်းများမှ နယ်ထိန်းများကို မည်သို့အရေးယူ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့နယ်မြေအတွင်း လောင်းကစားဖမ်းဆီးမှုအနေဖြင့် ၂၀၁၆ခုနှစ်တွင် (၄၁၀)မှု၊ တရားခံ ကျား(၆၂၇)ဦး၊ မ(၃၂၈)ဦး၊ ပေါင်း(၉၅၅)ဦး၊ လောင်းကြေးငွေ (၂၄၂၀၇၈၂၈)ကျပ်၊ ၂၀၁၇ခုနှစ်တွင် (၄၇၅)မှု၊ ကျား(၇၈၉)ဦး၊ မ(၃၆၇)ဦး၊ ပေါင်း(၁၁၅၆)ဦး၊ လောင်းကြေးငွေ (၂၆၇၄၂၁၄၀)ကျပ်၊ ၂၀၁၈ခုနှစ်တွင် (၃၂၈)မှု၊ ကျား(၄၆၂)ဦး၊ မ(၂၆၂)ဦး၊ ပေါင်း(၇၂၄)ဦး၊ လောင်းကြေးငွေ (၂၅၂၉၀၄၃၀)ကျပ် ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ပါသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ လောင်းကစားဖမ်းဆီးမှုမှာ (၁၄၈)မှု၊ ကျား(၁၈၅)ဦး၊ မ(၁၂၉)ဦး၊ ပေါင်း(၃၁၄)ဦး၊ လောင်းကြေးငွေ (၇၂၅၂၉၀၀)ကျပ် ဖမ်းဆီးအရေးယူခဲ့ပါသည်။ ပဲခူးတိုင်း ဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် လောင်းကစားမှုများ လျော့နည်းကျဆင်းစေရေးအတွက် နှစ်စဉ်နှစ်တိုင်း စီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိသည့်အပြင် ၁.၁.၂၀၁၉ ရက်နေ့မှစ၍ ရဲစခန်းအလိုက်၊ မြို့နယ် အလိုက်၊ ခရိုင်အလိုက် လောင်းကစားမှုများ လျော့နည်းကျဆင်းရေး စီမံချက်များအားရေးဆွဲ၍ လောင်းကစားမှု တိုးမြှင့်ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တိုင်း/ပြည်နယ်အလိုက် လောင်းကစားမှုပပျောက်ရေးစီမံချက်အား အကောင်အထည်ဖော် ဆောင်ရွက် ရာတွင် တစ်နိုင်ငံလုံးအနေဖြင့် ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့သည် ဇန်နဝါရီလတွင်(၃၄)မှုဖြင့် တတိယ၊ ဖေဖော်ဝါရီလတွင် (၅၀)မှုဖြင့် ဒုတိယ၊ မတ်လတွင် (၂၈)မှုဖြင့် စတုတ္ထအများဆုံး ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် ရဲစခန်းများအလိုက် နယ်ထိန်းတပ်ဖွဲ့ဝင်များအား တာဝန် ခွဲဝေချထားပေးပြီး အပိုင်နယ်မြေများ သတ်မှတ်ပေးထား၍ မိမိအပိုင်နယ်မြေအလိုက် လောင်းကစားမှု သတင်းများအား နယ်ထိန်းတပ်ဖွဲ့ဝင်တစ်ဦးချင်းဖြစ်စေ၊ အမာခံသတင်းပေးများ၏

သတင်းပေးချက်အရ ဖြစ်စေ၊ တိုင်ကြားချက်အရဖြစ်စေ၊ အထက်ဌာနမှ ချပြသတင်းအရဖြစ်စေ သက်သေများနှင့်အတူ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဖမ်းဆီးအရေးယူဆောင်ရွက်ပြီး ရဲလုပ်ငန်းများ ပြည့်စုံအောင် ဆောင်ရွက်၍ ဥပဒေအကြံပြုချက်နှင့်အညီ တရားစွဲတင်ပို့ခြင်းများ ဆောင်ရွက်လျက် ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် မြို့နယ်/ရဲစခန်းများအလိုက် လစဉ်လောင်းကစားမှုများ ဖမ်းဆီးမှုမရှိသော မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲစခန်းမှူး၊ နယ်ထိန်းခေါင်းဆောင်များအား ခရိုင်ရဲတပ်ဖွဲ့မှူးမှခေါ်ယူ၍ မှတ်တမ်းဝင်သတိပေးလတ်မှတ်ရေးထိုးစေခြင်းများ ဆောင်ရွက်လျက်ရှိပြီး မိမိအပိုင်နယ်မြေများအတွင်း အထက်ဌာနမှသတင်းအရဖြစ်စေ၊ တိုင်ကြားချက်အရဖြစ်စေ ဝင်ရောက်ဖမ်းဆီးရမိခဲ့ပါက သက်ဆိုင်ရာအပိုင်ရဲစခန်းမှူး၊ နယ်ထိန်းခေါင်းဆောင်နှင့် အပိုင်နယ်ထိန်းတို့အား ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈ခုနှစ်အတွင်း မိမိရဲစခန်းအပိုင်နယ်မြေအတွင်း အထက်ဌာနများမှ လောင်းကစားမှုဖမ်းဆီးရမိခဲ့သဖြင့် သက်ဆိုင်ရာအပိုင်စခန်းများမှ ရဲတပ်ဖွဲ့ဝင်များအား အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရာ အရာရှိ(၄)ဦး၊ အခြားအဆင့် (၂)ဦးတို့အား ရဲတရားရုံးဖြင့် အရေးယူခြင်း၊ အရာရှိ(၃)ဦး အား မှတ်တမ်းဝင်သတိပေးရေးထိုးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၉ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ မိမိရဲစခန်းအပိုင်နယ်မြေအတွင်း အထက်ဌာနများမှ လောင်းကစားမှု ဖမ်းဆီးရမိခဲ့သဖြင့် သက်ဆိုင်ရာ အပိုင်စခန်းများမှ ရဲတပ်ဖွဲ့ဝင်များအား အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရာ အရာရှိ (၂) ဦး၊ အခြားအဆင့် (၁)ဦးတို့အား ရဲတရားရုံးဖြင့်အရေးယူခြင်း၊ အရာရှိ(၄)ဦးအား မှတ်တမ်းဝင် သတိပေးရေးထိုးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထို့အတူ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် လောင်းကစားဝိုင်းများ ပြုလုပ်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံးများ၌ ကျင်းပပြုလုပ်သည့် လဝက်/ လကုန်အစည်းအဝေးများတွင် အခါအားလျော်စွာ ချပြရှင်းလင်းပြောကြားပြီး ရပ်ကွက်/ ကျေးရွာအုပ်စုအတွင်း လောင်းကစားဝိုင်းများ ဆောင်ရွက်မှုမရှိစေရေး တားမြစ်ကြပ်မတ်ရန် ညွှန်ကြားကြပ်မတ်လျက်ရှိပါသည်။

ရပ်ကွက်/ကျေးရွာအုပ်စုများအတွင်း လောင်းကစားဝိုင်းများ ပြုလုပ်ဆောင်ရွက်နေပါက ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ တာဝန်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေ အခန်း(၇)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဠ)အရ အများပြည်သူဆိုင်ရာနေရာတွင် လောင်းကစားလုပ်ခြင်းကို ဖမ်းဆီးခြင်း၊ အရေးယူနိုင်ရန် အကြောင်းကြားခြင်းမရှိပါက စုံစမ်းစိစစ်၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် သက်ဆိုင်ရာနယ်မြေရဲစခန်းမှ နယ်ထိန်းများကိုလည်း မိမိတာဝန်ကျနယ်မြေအတွင်း လောင်းကစားဝိုင်း ပြုလုပ်ဆောင်ရွက်နေကြောင်း စုံစမ်းထောက်လှမ်း၍

ပေါ်ပေါက်ပါက ရဲစည်းကမ်း ထိန်းသိမ်းရေး ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန]။** ။ဆက်လက်ပြီး ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ထိန်တောနယ်မြေရဲစခန်းတွင် ဝန်ထမ်းအိမ်ရာ ချထားပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ထိန်တောနယ်မြေရဲစခန်းတွင် ဖွဲ့စည်းပုံအင်အား (၈+၃၇=၄၅)ဦးရှိပြီး လက်ရှိ အင်အားမှာ (၂+၃၄=၃၆)ဦး တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ထိန်တောနယ်မြေရဲစခန်းတွင် ၂၀၀၀ခုနှစ်က နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောက်လုပ်ထားသည့် (သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း) ရဲစခန်းရုံး အဆောက်အဦ(၁)လုံး၊ ၁၉၆၅ခုနှစ်က ဆောက်လုပ်ခဲ့သော (သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း) လုံးချင်း အဆောက်အဦ(၁)လုံး၊ ၁၉၆၅ခုနှစ်က ဆောက်လုပ်ခဲ့သော (သွပ်မိုး၊ ပျဉ်ကာ၊ပျဉ်ခင်း) ၄ ခန်းတွဲ ၁ ထပ် အဆောက်အဦ(၃)လုံး၊ ၂၀၁၆ခုနှစ်က ဆောက်လုပ်ခဲ့သော (သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း) (၆)ခန်းတွဲ ၁ထပ် အဆောက်အဦ(၁)လုံးတို့ရှိပါသည်။

ထိန်တောနယ်မြေရဲစခန်းတွင် တပ်ဖွဲ့ဝင်(၃၆)ဦးတာဝန်ထမ်းဆောင်လျက်ရှိရာ လူပျို (၆)ဦးမှာ ရဲစခန်းဝင်းတွင်နေထိုင်ပြီး အိမ်ထောင်သည် (၃၀)ဦးအနက်၊ (၁၁)ဦးမှာ ရဲစခန်းဝင်း အတွင်း နေထိုင်ကြပါသည်။ ကျန် (၁၉)ဦးမှာ ပြင်ပတွင် နေထိုင်ကြပါသည်။

သို့ဖြစ်ပါ၍ ထိန်တောနယ်မြေရဲစခန်း၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် (၄)ခန်းတွဲ ၂ ထပ် ၁ လုံး၊ (၆)ခန်းတွဲ ၂ ထပ် ၁ လုံး၊ လူပျိုဆောင် ၁ လုံး ဆောက်လုပ်ခွင့်ရရှိရေးအတွက် ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၏ ၁၈.၁.၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၁၈၂၀(၁၁)/၉၀၇/ထောက် ၃ ဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ တင်ပြတောင်းခံထားရှိပါကြောင်းနှင့် ဆောက်လုပ်ခွင့်ရရှိပါက ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရေးဆွဲထားသော နည်းဥပဒေ(၃)ခုနှင့် စပ်လျဉ်း၍ ပြင်ဆင်ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ပြင်ဆင်ချက်အဆိုတင်သွင်း နိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ရေးဆွဲထားသော ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းနည်းဥပဒေ၊ ပဲခူးတိုင်းဒေသကြီး

စည်ပင်သာယာရေးအဖွဲ့များ၏ ပစ္စည်းခွန်စည်းကြပ်ကောက်ခံခြင်းဆိုင်ရာနည်းဥပဒေနှင့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ၏ စားသောက်ဖွယ်ရာများဆိုင်ရာနည်းဥပဒေတို့ကို ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ အခန်း(၁၇) နည်းဥပဒေ ၁၅၇ အရ ၂၀၁၉ခုနှစ် မေလ ၂၀ ရက်နေ့တွင် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈ အရ ဖြန့်ဝေတင်ပြထားသည့် ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းနည်းဥပဒေ၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ၏ ပစ္စည်းခွန်စည်းကြပ်ကောက်ခံခြင်းဆိုင်ရာနည်းဥပဒေနှင့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး အဖွဲ့များ၏ စားသောက်ဖွယ်ရာများဆိုင်ရာ နည်းဥပဒေတို့နှင့် စပ်လျဉ်းပြီး ပြင်ဆင်ဆွေးနွေး လိုသူများသည် ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအတိအကျဖော်ပြ၍ ဖြန့်ဝေသည့် ရက်မှ ရက်ပေါင်း(၉၀)အတွင်း ၂၀၁၉ခုနှစ် ဩဂုတ်လ (၁၇)ရက် (စနေနေ့)နောက်ဆုံးထားပြီး ပဲခူးတိုင်းဒေသကြီး လွှတ်တော်တွင် ပြင်ဆင်ချက်အဆိုတင်သွင်းနိုင်ပါတယ်။ ယင်းသို့ ပြင်ဆင်ချက် အဆိုတင်သွင်းခြင်းမရှိပါက ပဲခူးတိုင်းဒေသကြီးရေချိုငါးလုပ်ငန်း နည်းဥပဒေ၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ၏ ပစ္စည်းခွန်စည်းကြပ် ကောက်ခံခြင်းဆိုင်ရာနည်းဥပဒေနှင့် ပဲခူးတိုင်း ဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ၏ စားသောက်ဖွယ်ရာများဆိုင်ရာ နည်းဥပဒေတို့အား အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)ကို (၁၁:၁၀) နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ၂၀၁၉ ခုနှစ်၊ မေလ(၂၁)ရက် (အင်္ဂါနေ့) နံနက်(၁၀:၀၀) နာရီအချိန်မှ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်**
**(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**
**ဒုတိယနေ့ မှတ်တမ်း**
**၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်**
**၂၀၁၉ခုနှစ်၊ မေလ ၂၁ ရက်**
**(အင်္ဂါနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀:၀၀နာရီအချိန်၌ စတင် ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၆.၈၄ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ (ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက် ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူရမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ [ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ညွန့်ညွန့်ငွေ [ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]၊ ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်ပွယ်စေး [ဝန်ကြီး၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန]၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်

ကိုယ်စားလှယ် ဦးကျော်ဇေယျ၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လွင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညဏ်ဝင်းနှင့် ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် (၂၁.၅.၂၀၁၉)ရက်နေ့ အစည်းအဝေးသို့မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၁၀)ဦး၏ ကိုယ်စားလေးစားစွာ ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ ပဲခူးတိုင်း ဒေသကြီး လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၇၆)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၀)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ ခုနှစ်၊ ပဲခူတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ (ခ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြ ချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စား လှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခုလွှတ်တော် ကိုယ်စားလှယ် (၂)ဦးက မေးမြန်းသည့် မေးခွန်း(၃)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်

နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ထန်းတပင်မြို့နယ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးအတွက် လိုအပ်သော မော်တော်ယာဉ်တစ်စီးနှင့် ကင်းလှည့်မော်တော်ယာဉ်တစ်စီး ချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တရားမဝင် လိုင်စင်မဲ့ ဖမ်းဆီးရမိသော ယာဉ်များအား ပျောက်ပျက်မှုမရှိစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကြပ်မတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း (၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင် မြို့နယ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းမှ မြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေးအတွက် အချိန်နှင့် တပြေးညီထိရောက်စွာဆောင်ရွက်နိုင်ရန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးအတွက် လိုအပ်သော မော်တော်ယာဉ်တစ်စီးနှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ကင်းလှည့်ရန်နှင့် အရေးပေါ် အခင်းဖြစ်ပွားရာနေရာသို့ ရဲတပ်ဖွဲ့ဝင်များ အလျင်အမြန်သွားလာနိုင်ရန် မော်တော်ယာဉ်တစ်စီး ချထားပေးနိုင်ခြင်းရှိ/မရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့အား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တရားမဝင်လိုင်စင်မဲ့ဖမ်းဆီးရမိသော ယာဉ်များအား ယာဉ်အမျိုးအစားအလိုက် ယာဉ်တွင်တပ်ဆင်အသုံးပြုသော စက်ပစ္စည်းများကို ဖမ်းဆီးရမိချိန်တွင် အချိန်နှင့်တပြေးညီ စာရင်းဇယားဖြင့် မှတ်တမ်းတင်သိမ်းဆည်းခဲ့ခြင်းရှိ/မရှိနှင့် တရားရုံးမှပြစ်မှုစီရင်ပြီး (သို့) ပိုင်ရှင်မဲ့ ဖမ်းဆီးရမိသော ယာဉ်များအား သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းရာတွင် ဖမ်းဆီးရမိချိန်တွင် ယာဉ်အမျိုးအစားအလိုက် မှတ်တမ်းယူထားသော စက်ပစ္စည်းများလျော့နည်းပျောက်ပျက်မှုမရှိစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကြပ်မတ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးခင်မောင်ဝင်း မေးမြန်းသည့် မေးခွန်း(၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန] (ကိုယ်စား) ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]**။ ။ ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ထန်းတပင်မြို့နယ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးအတွက် လိုအပ်သော မော်တော်ယာဉ်တစ်စီးနှင့် ကင်းလှည့်မော်တော်ယာဉ်တစ်စီးချထားပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်ရဲတပ်ဖွဲ့နယ်မြေအတွင်း မြို့နယ်ရဲတပ်ဖွဲ့မှူးအနေဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် သွားလာလှုပ်ရှားရာတွင် အသုံးပြုနိုင်ရန်အတွက် နိုင်ငံတော်အစိုးရမှ ၃၀-၄-၂၀၁၁ဖြစ်ရက်နေ့တွင် ချပေးထားသော 7B/1730 TOYOTA HILUX DOUBLE CABယာဉ်(၁)စီးဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်လျက်ရှိပါသည်။

ထန်းတပင်မြို့နယ် ရဲတပ်ဖွဲ့လက်အောက်ရှိ မြို့မရဲစခန်း၊ နယ်မြေရဲစခန်းများအနေဖြင့် နေ့/ည လှည့်ကင်းတာဝန်များ ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့ဝင်များသည် မိမိတို့၏ ကိုယ်ပိုင်မော်တော်ဆိုင်ကယ်များဖြင့်သာ သွားရောက်လှုပ်ရှားဆောင်ရွက်လျက်ရှိပါသည်။

ထန်းတပင်မြို့မရဲစခန်းအပိုင် နယ်မြေအတွင်း အရေးပေါ်မှုခင်းများ ဖြစ်ပွားသည့်နေရာများ၊ ယာဉ်တင်လှည့်ကင်းအသုံးပြုရာနေရာများ၊ အရေးပေါ်ဆူပူအုံကြွမှုဖြစ်စေသည့် နေရာများသို့ ရဲတပ်ဖွဲ့ဝင်များ အချိန်နှင့်တပြေးညီ တစ်စုတစ်စည်းတည်း သွားရောက်ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့ဝင်များသည် မိမိတို့၏ ကိုယ်ပိုင်မော်တော်ဆိုင်ကယ်များဖြင့်သာ သွားရောက်လှုပ်ရှားဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ထန်းတပင်မြို့နယ်နှင့် မြို့မရဲစခန်းအပိုင်နယ်မြေအတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် မြို့ပေါ်လှည့်ကင်းသုံး မော်တော်ယာဉ်(၁)စီး လိုအပ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ လိုအပ်လျက်ရှိသော မော်တော်ယာဉ်(၁)စီး ထုတ်ပေးနိုင်ရေးအတွက် တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။

**ဗိုလ်မှူးကြီးလှမျိုးဆွေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန] (ကိုယ်စား) ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]။** ။ ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တရားမဝင် လိုင်စင်မဲ့ ဖမ်းဆီးရမိသော ယာဉ်များအား ပျောက်ပျက်မှုမရှိစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကြပ်မတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့် ပတ်သက်၍ ဖမ်းဆီးရမိသည့် မော်တော်ယာဉ်များနှင့်ပတ်သက်၍ အမှုစစ်အရာရှိများအနေဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေများနှင့်အညီ ရှာဖွေပုံစံ/ ယာဉ်စစ်ဆေးချက်ပုံစံများဖြင့် စနစ်တကျသိမ်းဆည်းခြင်း၊ ရဲစခန်းမှတ်ပုံတင်၃၂ (သက်သေခံပစ္စည်း မှတ်ပုံတင်)တွင် ရေးသွင်းစေလျက် ရဲစခန်းရှိ ရဲစခန်းမှူး၏ ကြီးကြပ်မှုဖြင့် တပ်ကြပ်ကြီး (မှုခင်း)မှ ရဲစခန်းဝန်းအတွင်း သီးခြားနေရာများ သတ်မှတ်ကာ ပျောက်ပျက်ဆုံးရှုံးမှုမရှိစေရန်အတွက် စနစ်တကျထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။

ဖမ်းဆီးရမိသည့် မော်တော်ယာဉ်များနှင့်ပတ်သက်၍ ယာဉ်လိုင်စင်ရှိ/မရှိ ကုန်းလမ်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာနသို့ မေးမြန်းခြင်း၊ ကုန်းလမ်းပို့ဆောင်ရေးနှင့်ညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်နှင့်ပတ်သက်၍ ယာဉ်မှတ်ပုံတင်ထားခြင်းမရှိကြောင်း ပြန်ကြားလာပါက ပိုင်ရှင်/ မောင်းနှင်သူအား ပို့ကုန်/ သွင်းကုန် ဥပဒေပုဒ်မ ၈ ဖြင့် သီးခြားအမှုဖွင့်လျက် တရားစွဲတင်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ပိုင်ရှင်မဲ့/ လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့်ပတ်သက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ သက်သေခံပစ္စည်း စီမံခန့်ခွဲမှုတင်ပြတောင်းခံခြင်း၊ ပိုင်ရှင်မဲ့ယာဉ်နှင့်ပတ်သက်၍ ပိုင်ရှင်စုံစမ်းခြင်း၊ လိုင်စင်မဲ့ယာဉ်အား နိုင်ငံတော်ဘဏ္ဍာတော်အဖြစ် သိမ်းဆည်းနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် အတည်ပြုဆုံးဖြတ်ခြင်း၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ သက်သေခံယာဉ်အား အပ်နှံခွင့်တင်ပြတောင်းခံခြင်း၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ သက်ဆိုင်ရာရဲစခန်းများသို့ လာရောက်၍ သက်သေခံယာဉ်အား စတင်သိမ်းဆည်းစဉ်က ယာဉ်စစ်ဆေးချက်ပုံစံအတိုင်း စနစ်တကျ စစ်ဆေး၍ လွှဲပြောင်းလက်ခံခြင်းများ ဆောင်ရွက်လျက် ရှိပါသည်။

ထိုသို့ အပ်နှံခြင်းမပြုမီ အဆိုပါသက်သေခံယာဉ်များအား ပျောက်ပျက်ဆုံးရှုံးမှုမရှိစေရန် အတွက် ရဲစခန်းရှိ ဗဟိုကင်းတပ်ဖွဲ့ဝင်များမှ မိမိတို့တာဝန်ကျရာ ကင်းချိန်များ၌ စနစ်တကျ စောင့်ကြပ်ခြင်း၊ အမိုးအကာအောက်တွင်ထားရှိပြီး အဆိုပါသက်သေခံယာဉ်များရှိ တံခါးများအား လုံခြုံစွာပိတ်ထားစေခြင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက ရဲစခန်းများသို့ရောက်ရှိ စစ်ဆေးသည့်အခါတိုင်း သက်သေခံပစ္စည်း မော်တော်ယာဉ်များနှင့် ပတ်သက်၍ လုံခြုံကောင်းမွန်ခြင်းရှိ/မရှိ စစ်ဆေးကြပ်မတ်ခြင်းများဖြင့် တရားမဝင်လိုင်စင်မဲ့ဖမ်းဆီးရမိသော ယာဉ်

များအား ပျောက်ပျက်မှုမရှိစေရေးအတွက် ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ **"ပဲခူးတက္ကသိုလ်အနီး ယာဉ်စစ်ဆေးရေးဂိတ်ထားရှိခြင်းအတွက် အသုံးပြုသော ဝန်ထမ်းဦးရေ၊ စစ်ဆေးတွေ့ရှိချက်များ၊ လာဘ်ပေးလာဘ်ယူကိစ္စများ မဖြစ်ပေါ်စေရေး ဆောင်ရွက်ထားရှိမှုများအား သိရှိလိုပါကြောင်းနှင့် ယာဉ်စစ်ဆေးရေးဂိတ်အား စည်းကမ်းစနစ်တကျ ဆောင်ရွက်ပေးသွားရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)** ။ ။ ဒီကနေ့ ကျွန်တော်မေးတဲ့ မေးခွန်းအပေါ်မှာ သက်ဆိုင်ရာဝန်ကြီးက တက်ရောက်ဖြေကြားနိုင်ခြင်း မရှိသည့်အတွက် Power Point တွေသုံးပြီးတော့ စီစဉ်ထားပါတယ်။ ဒါပေမဲ့ မမေးတော့ပါဘူး။ သက်ဆိုင်ရာဝန်ကြီးက မတက်ရောက်နိုင်ဘဲ ကိုယ်စားဖြေကြားပေးရတဲ့အတွက် တော်တော်တော့ မေးခွန်းမေးရမှာ စိတ်ပျက်အားနည်းမှုတွေရှိပါတယ်။ ပဲခူးတက္ကသိုလ်အနီး ယာဉ်စစ်ဆေးရေး ဂိတ်ထားရှိကာ ဖြတ်သန်းသွားလာနေသော ယာဉ်ကြီး၊ နယ်ကျော်တက္ကစီယာဉ်များ၊ အခြား မသင်္ကာသည့်ယာဉ်များအား စစ်ဆေးလျက်ရှိပါသည်။ ထိုသို့စစ်ဆေးခြင်းနှင့်ပတ်သက်၍ အသုံးပြုသော ဝန်ထမ်းဦးရေ၊ စစ်ဆေးတွေ့ရှိချက်များ၊ လာဘ်ပေးလာဘ်ယူကိစ္စများ မဖြစ်ပေါ် စေရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်ထားရှိမှုများအား သိရှိလိုပါ သည်။

ယာဉ်စစ်ဆေးရေးဂိတ်မှာလည်း ယာယီဆောက်လုပ်ထားပြီး အစစ်ဆေးခံရသည့် ယာဉ်များ အနေဖြင့် အစစ်ဆေးခံရန် သီးခြားယာဉ်ကြော၊ အစစ်ဆေးခံရမည့်နေရာ သီးခြားထားရှိမှုမရှိဘဲ အနေးယာဉ်များ အသုံးပြုရန် လမ်းကြောင်းပေါ်တွင် ရန်တန့်၍ အစစ်ဆေးခံနေရပါသည်။ ယင်းယာဉ် စစ်ဆေးရေးဂိတ်ထားရှိခြင်းမှာ အမှန်တကယ်အရေးပါမည်ဆိုပါက ယာဉ်စစ်ဆေးရေး ဂိတ်၊ အစစ်ဆေးခံ ရမည့် ယာဉ်များအတွက် ယာဉ်ရပ်နားရန်နေရာ၊ လမ်းကြောင်းများ စည်းကမ်း စနစ်တကျ သတ်မှတ်ဆောင်ရွက်ပေးသွားရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးအောင်ကိုမင်း မေးမြန်းသည့် မေးခွန်းအား လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန] (ကိုယ်စား) ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]**။ ။ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတက္ကသိုလ် အနီး ယာဉ်စစ်ဆေးရေးဂိတ် ထားရှိခြင်းအတွက် အသုံးပြုသော ဝန်ထမ်းဦးရေ၊ စစ်ဆေးတွေ့ရှိချက်များ၊ လာဘ်ပေးလာဘ်ယူ ကိစ္စများ မဖြစ်ပေါ်စေရေး ဆောင်ရွက်ထားရှိမှုများအား သိရှိလိုပါကြောင်းနှင့် ယာဉ်စစ်ဆေးရေးဂိတ်အား စည်းကမ်းစနစ်တကျ ဆောင်ရွက်ပေးသွားရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ပဲခူးတက္ကသိုလ်အနီးရှိ ယာဉ်စစ်ဆေးခြင်းအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးရုံးတွင် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၀) ရက်နေ့ ၁၄:၀၀ နာရီတွင် ပြုလုပ်သည့် အစည်းအဝေးဆုံးဖြတ်ချက်အရ ပဲခူးမြို့အတွင်း(၃)တန်အထက် ကုန်တင်ယာဉ်များ ဝင်ရောက်မှုမရှိစေရေးအတွက် အရာရှိ(၁)ဦး၊ အခြားအဆင့်(၃)ဦး၊ တိုင်းအကူတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင် (၂)ဦးဖြင့် ဆောင်ရွက်လျက်ရှိပါ သည်။

ပဲခူးတက္ကသိုလ်အနီး ယာဉ်စစ်ဆေးရာတွင် ၁၇-၁-၂၀၁၈ ရက်နေ့တွင် လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး၊ ၎င်းယာဉ်ပေါ်ပါ တရားမဝင် ပျဉ်းကတိုးသစ်(၁.၃၂၀)တန်အား ဖမ်းဆီးရမိပြီး အမှတ်(၃)နယ်မြေ ရဲစခန်းတွင်(ပ)၇၄၀/၂၀၁၈၊ပို့ကုန်/သွင်းကုန်ဥပဒေပုဒ်မ ၈ ဖြင့်လည်းကောင်း၊ (ပ)၇၄၁/၂၀၁၈၊ သစ်တော ဥပဒေပုဒ်မ ၄၂ (ခ) ဖြင့်လည်းကောင်း၊ ၁၇-၆-၂၀၁၈ရက်နေ့တွင် လိုင်စင်မဲ့ မော်တော်ယာဉ်(၁)စီးအား ဖမ်းဆီးရမိပြီး ပဲခူးမြို့၊ အမှတ်(၃)နယ်မြေရဲစခန်းတွင် (ပ)၈၃၅/၂၀၁၈၊ ပို့ကုန်/ သွင်းကုန်ဥပဒေပုဒ်မ ၈ ဖြင့် လည်းကောင်း၊ ၉-၇-၂၀၁၈ ရက်နေ့တွင် လိုင်စင်မဲ့မော်တော် ယာဉ်(၁)စီးအား ဖမ်းဆီးရရှိပြီး ပဲခူးမြို့၊ အမှတ်(၃)နယ်မြေရဲစခန်းတွင် (ပ)၉၉၇/၂၀၁၈၊ ပို့ကုန်/ သွင်းကုန်ဥပဒေ ပုဒ်မ ၈ အရ အရေးယူခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၇-၂-၂၀၁၉ ရက်နေ့တွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်မီးပွိုင့်အနီးတွင် တာဝန်ကျ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်မှ 1K/4050 CROWN အဖြူရောင်မော်တော်ယာဉ်အား စစ်ဆေးရာတွင် ယာဉ်ထိန်း တပ်ဖွဲ့ဝင်နှင့် ယာဉ်မောင်းတို့၏ အခြေအတင်ဖြစ်ပွားမှုအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ၎င်းမော်တော်ယာဉ် သည် မိမိနယ်မြေအတွင်း ရှိ/မရှိ၊ ဝင်/ထွက်သွားလာမှုတို့အား စိစစ်တင်ပြရန် ညွှန်ကြားလာမှုအပေါ် တက္ကသိုလ်ယာဉ်စစ်ဆေးရေးအဖွဲ့မှ CCTV မှတ်တမ်းများအား ကြည့်ရှု စစ်ဆေးပြီး ၎င်းမော်တော်ယာဉ်သည် ပဲခူးမြို့အတွင်းသို့ ဝင်ရောက်သွားကြောင်း စိစစ်တွေ့ရှိရသဖြင့် အမှတ်(၁၁)ယာဉ်ထိန်း ရဲတပ်ဖွဲ့စုမှူးနှင့်အဖွဲ့မှ ပဲခူးမြို့အတွင်း ပိတ်ဆို့ရှာဖွေခဲ့ရာ ပဲခူးမြို၊ JADE GARDEN HOTEL တွင် ယာဉ်မောင်းနှင့် ယာဉ်အား ဖမ်းဆီးရမိပြီး သက်ဆိုင်ရာရဲစခန်းသို့ လွှဲပြောင်းပေးအပ်ခဲ့ရာ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြို့မရဲစခန်းတွင် (ပ)၂၃၁/၂၀၁၉၊ ပို့ကုန်/ သွင်းကုန်ဥပဒေပုဒ်မ ၈၊ (ပ)၂၃၂/၂၀၁၉၊ ရာဇသတ်ကြီးပုဒ်မ ၄၂၀/၄၆၈ ဖြင့် လည်းကောင်း အမှုဖွင့် ဆောင်ရွက်ထားရှိခဲ့ပါသည်။ ယာဉ်များစစ်ဆေးရာတွင် မော်တော်ယာဉ်ဥပဒေအရ အသက်ကယ်

ခါးပတ်ပတ်ထားခြင်းမရှိမှု(၂)မှု၊ သတ်မှတ်လိုင်စင်မောင်းနှင်မှုမရှိခြင်း(၅၀)မှု၊ ယာဉ်နောက်လိုက်လိုင်စင်မပါရှိခြင်း(၆၀)မှု၊ ယာဉ်လိုင်စင်သက်တမ်းလွန်ခြင်း(၃)မှု၊ သတ်မှတ်လုပ်ငန်း လိုင်စင်မပါရှိခြင်း(၇)မှုတို့အား စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ပဲခူးမြို့တွင်း ယာဉ်ကြောကျပ်တည်းမှုမရှိစေရေးအတွက် နေ့စဉ် (၀၆:၀၀)နာရီမှ (၁၈:၀၀)နာရီထိ (၃)တန် အထက်ကုန်တင်ယာဉ်များဝင်ရောက်မှု မရှိစေရေး စနစ်တကျစစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

လာဘ်ပေးလာဘ်ယူကိစ္စများ မပေါ်ပေါက်စေရေးအတွက် အရာရှိ(၁)ဦး၊ အခြားအဆင့် (၃)ဦး၊ တိုင်းအကူတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်(၂)ဦးအား တာဝန်ချထားဆောင်ရွက်ရာတွင် နေ့စဉ်ပြောင်းလဲတာဝန်ချထား ဆောင်ရွက်၍ ကြပ်မတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ သက်ဆိုင်ရာယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူး၊ ယာဉ်ထိန်းတပ်ဖွဲ့စုမှူးတို့မှ မကြာမကြာသွားရောက်စစ်ဆေး ကြပ်မတ်မှုများဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ စစ်ဆေးရေးဂိတ်ထားရှိခြင်းဖြင့် ပဲခူးမြို့တွင်း ယာဉ်ကြောကျပ်တည်းမှုများကိုလျှော့ချနိုင်ခဲ့ပြီး (၃)တန်အထက်မော်တော်ယာဉ်များကို မြို့ရှောင်လမ်းမှတစ်ဆင့် ဖြတ်သန်းမောင်းနှင်သွားလာစေရေး ကြပ်မတ်ဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့ရာတွင် လက်ရှိအခြေအနေအရယာဉ်စစ်ဆေးရန်အတွက် ရပ်တန့်ရန်နေရာ၊ သတ်မှတ်လမ်းကြောင်းများ စနစ်တကျဆောင်ရွက်သတ်မှတ်ပေးရန်မရှိသေးသော်လည်း မိမိတပ်ဖွဲ့ဝင်များအနေဖြင့် ယာဉ်စစ်ဆေးဆောင်ရွက်ရာတွင်လည်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေး/ ယာဉ်အန္တရာယ်မဖြစ်ပေါ်စေရေးအတွက် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခုလွှတ်တော်ကိုယ်စားလှယ် (၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာနဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပွင့်လင်းမြင်သာမှုကို အကောင်အထည်ဖော်ဆောင်ရန် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကဥပဒေပြုပြဋ္ဌာန်းပေးခဲ့သော ၂၀၁၇-၂၀၁၈ / ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်ပူးတွဲပြီး ငွေလုံးငွေရင်းအသုံးစရိတ်နှင့် သာမန်အသုံးစရိတ်များကို အများပြည်သူများ သိရှိလေ့လာနိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**Official Website တွင် ဖော်ပြပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ သာမန်ရသုံးစာရင်းများနှင့် ဝန်ထမ်းအချို့ တာဝန်ထမ်းဆောင်နေသော်လည်း ခရီးစရိတ်မည်မျှရသည်ကို သိရှိမှု အားနည်းသည့် အပြင် မိမိမြို့နယ်အတွင်း သာမန်အသုံးစရိတ်တွင် မည်သည့်လုပ်ငန်းပါဝင်ကြောင်း မသိရှိခြင်းများ ကြုံတွေ့နေရပါသည်။ ထို့ကြောင့် ဝန်ထမ်းများအားလုံးနှင့် ပြည်သူများလေ့လာနိုင်ရန် ပွင့်လင်းမြင်သာမှုကို ဖော်ဆောင်နိုင်ရန် ဖော်ပြပေးစေလိုပါသဖြင့် မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“အသုံးမပြုဘဲ ထားရှိသော ကုန်လှောင်ရုံများအား မည်သို့စီမံဆောင်ရွက်သွားမည့် အစီအစဉ်အား သိရှိလိုပါကြောင်း”**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။တောင်ငူမြို့တွင် ယခင်ကုန်သွယ်လယ်ယာက ပိုင်ဆိုင်သည့် ကုန်လှောင်ရုံအဆောက်အဦများစွာရှိပြီး ယခုအခါ တစ်ချို့ကိုတော့ ကုမ္ပဏီအချို့ထံ ငှားရမ်းထား၍ အသုံးပြုလျက်ရှိနေသည်ကို သိရှိရပါသည်။ အသုံးမပြုဘဲ ကျန်ရှိနေသော ကုန်လှောင်ရုံများလည်းရှိပါသည်။ ဥပမာ(၁၈)ရပ်ကွက်အတွင်းရှိ ကုန်လှောင်ရုံအဆောက်အဦများမှာ ယခင်အတိုင်း တည်ရှိနေပြီး ယခုအချိန်အထိ ဘာမှအသုံးမပြုဘဲ ထားရှိထားခြင်းမှာ အချိန်ကာလကြာမြင့်နေပြီဖြစ်ပါသည်။ အခြားမြို့နယ်များတွင်လည်း အလားတူကုန်လှောင်ရုံများရှိနေသည်ကို သိရှိရပါသည်။

သို့ပါ၍ ဘာမှအသုံးပြုခြင်းမရှိသော ကုန်လှောင်ရုံများကို မည်သို့စီမံဆောင်ရွက်သွားမည့် အစီအစဉ်အား သိရှိလိုပါသဖြင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန] (ကိုယ်စား) ဒေါက်တာစောညိုဝင်း [ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာ ရေးဝန်ကြီးဌာန]။** ။ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပွင့်လင်းမြင်သာမှုကို အကောင်အထည်ဖော်ဆောင်ရန် ပဲခူးတိုင်းဒေသကြီးလွှတ်တော်က ဥပဒေပြုပြဋ္ဌာန်း**

**ပေးခဲ့သော ၂၀၁၇-၂၀၁၈ / ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် ပူးတွဲပြီး ငွေလုံးငွေရင်းအသုံးစရိတ်နှင့် သာမန်အသုံးစရိတ်များကို အများပြည်သူများ သိရှိလေ့လာနိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ Official Website တွင် ဖော်ပြပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရ၏ ပွင့်လင်းမြင်သာမှုကို အကောင်အထည်ဖော်ဆောင်ရန် ပဲခူးတိုင်းဒေသကြီးလွှတ်တော်က ဥပဒေပြုပြဋ္ဌာန်းပေးခဲ့သော ၂၀၁၇-၂၀၁၈/၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်ပူးတွဲပြီး ငွေလုံးငွေရင်းအသုံးစရိတ်နှင့် သာမန်အသုံးစရိတ်များကို အများပြည်သူများ သိရှိလေ့လာနိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ Official Website တွင် ဖော်ပြပေးရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်၍ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းတာဝန်အလျောက် သွားလာရသည့် ခရီးစရိတ်များအား ၎င်းတို့၏ သက်ဆိုင်ရာဌာနများမှ သာမန် အသုံးစရိတ်ခေါင်းစဉ်များတွင် ခန့်မှန်းတွက်ချက်၍ တင်ပြတောင်းခံထားမှသာ သုံးစွဲနိုင်မည်ဖြစ်ပါသည်။ သက်ဆိုင်ရာဌာနများမှ မိမိမြို့နယ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများအား ဌာနအလိုက်သာ တင်ပြ တောင်းခံခြင်းဖြစ်ပြီး အသေးစိတ်စာရင်းများမှာ သက်ဆိုင်ရာဌာနများတွင်သာ ရှိမည်ဖြစ်သဖြင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်က ဥပဒေပြုပြဋ္ဌာန်းပေးခဲ့သော ၂၀၁၇-၂၀၁၈ /၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကိုသာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ Official Website တွင် ဖော်ပြပေးနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန] (ကိုယ်စား) ဒေါက်တာစောညိုဝင်း [ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာ ရေးဝန်ကြီးဌာန]။** ။ ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“အသုံးမပြုဘဲထားရှိသော ကုန်လှောင်ရုံများအား မည်သို့စီမံဆောင်ရွက်သွားမည့် အစီအစဉ်အား သိရှိလိုပါကြောင်း”**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ယခင်ကုန်သွယ်လယ်ယာ၊ ယခု စားသုံးသူရေးရာဦးစီးဌာနပိုင် တောင်ငူမြို့တွင်ရှိသော သိုလှောင်ရုံစာရင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| မူလအရေအတွက် | - | ၁၅ လုံး |
| စစ်ထောက်ချုပ်ရုံးလွှဲ | - | ၇ လုံး |
| ပုဂ္ဂလိကရောင်း | - | ၆ လုံး |
| လက်ကျန် | - | ၂ လုံး |

စားသုံးသူရေးရာဦးစီးဌာနပိုင် တောင်ငူမြို့၌ရှိသော လက်ကျန်သိုလှောင်ရုံ(၂)လုံးမှာ တောင်ငူမြို့၊ ကြာနီကန်လမ်း၊ (၁၈)ရပ်ကွက်ရှိ တပ-၁၅ သိုလှောင်ရုံ(၁)လုံးအား တစ်လလျှင် ၂၄၅၀၀၀ ကျပ်ဖြင့် လည်းကောင်း၊ တောင်ငူမြို့၊ သီတာလမ်း၊ (၁၉)ရပ်ကွက်ရှိ ဆန်သိုလှောင်ရုံ (၁/၂)

သိုလှောင်ရုံ(၁)လုံး အား တစ်လလျှင် ၁၆၀၀၀၀၀ ကျပ်ဖြင့်လည်းကောင်း နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်နှင့်အညီ ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ပုဂ္ဂလိကသို့ ငှားရမ်းထားရှိပြီး ငှားရမ်းခ ရငွေအား နိုင်ငံတော်သို့ အပြည့်အဝပေးသွင်းလျက်ရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ မိမိတို့ရဲ့ သက်ဆိုင်ရာ ကြယ်ပွင့်ပြမေးခွန်းများနဲ့ ဥပဒေကြမ်းများကို တင်သွင်းဖို့ အခမ်းအနားအစီအစဉ်များကို တစ်ပတ်၊ နှစ်ပတ်ကြိုတင်ပြီးတော့ အစိုးရအဖွဲ့ကို အကြောင်းကြား ထားပြီး ဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ သက်ဆိုင်ရာဝန်ကြီးများက ကိုယ်တိုင် လာရောက်ပြီးတော့ တိတိကျကျပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန် ဖြေကြားပေးဖို့ လိုပါတယ်။ ကြယ်ပွင့်ပြမေးခွန်းဆိုတာ ကိုယ်တိုင်ဖြေရတဲ့ မေးခွန်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် များဟာ ပြည်သူကိုကိုယ်စားပြုပြီးတော့ အရေးကြီးတဲ့ မေးခွန်းတွေကို မေးမြန်းနေခြင်းဖြစ်ပါတယ်။ ကြယ်ပွင့်မပြမေးခွန်း မေးသကဲ့သို့ ဖြစ်နေတယ်။ ဒါကြောင့် နောက်နောင်မှာ ဒီလို ခွင့်ပျက်ကွက် တာတွေကို ခွင့်တိုင်တာတော့ ကိုယ်စားဖြေခွင့်ရှိတယ်။ သို့သော် လွှတ်တော်က အမြင့်ဆုံးတာဝန်ရှိ၍ တာဝန်ရှိတဲ့ သက်ဆိုင်တဲ့ ဝန်ကြီးများကိုယ်တိုင် မပျက်မကွက် လွှတ်တော်မှာ လာရောက်ပြီးတော့ ဖြေကြားဖို့ မှာကြားလိုပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဆက်စပ်မေးခွန်း မေးမြန်း ခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဆက်စပ်မေးခွန်း မေးရ မှာတော့ ဝန်ကြီးကိုယ်တိုင်မလာတော့ ပြန်ဖြေတဲ့ ဝန်ကြီးအနေနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု အပိုင်းတွေတော့ အားနည်းနိုင်လိမ့်မယ်လို့ ကျွန်တော်တို့အနေနဲ့ မြင်ပါတယ်။ ဒါပေမဲ့ ဆက်စပ်မေးခွန်းအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီ မမေးမြန်းလိုက်လို့ရှိရင် ကျွန်တော်တို့ရဲ့ လစ်ဟာမှု၊ ပြည်သူတွေရဲ့ ထောက်ပြမှုတွေများစွာ ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ ဒီ့အပြင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက ဒီလောက်လေးပဲ သိလားကွာ၊ ဒီလောက်ပဲ နားလည်လားကွာ ဆိုတဲ့ ပြည်သူတွေရဲ့ အကဲဖြတ်မှု တွေကို ပူးတွဲခံရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ ပြန်လည်ဖြေကြားချက်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရက လွှတ်တော်က ဥပဒေပြဋ္ဌာန်းခဲ့တဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရသုံးဆိုင်ရာဥပဒေ၊ ဒီရသုံးဆိုင်ရာ ဥပဒေရဲ့ အစိတ်အပိုင်းတွေဖြစ်တဲ့ ဌာနတစ်ခုချင်းစီ အလိုက် အသုံးစရိတ်တွေကို ဒီ Official Website မှာ

တင်ပြထားမယ်ဆိုရင် ဘဏ္ဍာရေးပွင့်လင်းမြင်သာမှုကို ပိုမိုအကောင်အထည်ဖော်ရာရောက်သလို ကျွန်တော်တို့ ပြည်သူများသည်လည်း ပဲခူးတိုင်းဒေသကြီးအစိုးရရဲ့ Official Website သည် ငါတို့တွေအတွက် ဘယ်လိုအခွင့်အလမ်းတွေရှိတယ်၊ ငါတို့ ပြည်သူတွေအတွက် ဘယ်လိုဂန်ဆောင်မှုတွေကို ပေးထားတယ်၊ ငါတို့ပြည်သူတွေအတွက် ဘယ်ဌာနကဘယ်လိုတွေ ဆောင်ရွက်ပေးထားတယ်ဆိုတာကို ပြည်သူတွေ စိတ်ဂင်တစားနဲ့ ဒီ Official Website ကို ပြည်သူတွေစိတ်ဂင်တစားကြည့်ရှုလာမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ပဲခူးတိုင်းဒေသကြီး Official Website အနေနဲ့ အများပြည်သူသိရှိမှု အင်မတန်ကို အားနည်းနေတာ တွေ့ရှိရပါတယ်။ ပြည်သူတွေ ဒီဌာနက ဖော်ပြတဲ့၊ ဒီ Website ကဖော်ပြတဲ့ အချက်အလက်တွေနဲ့ပတ်သက်ပြီးတော့ ပြည်သူများက ကိုယ့်အစိုးရ ဘယ်လိုလုပ်နေတယ်ဆိုတာကို စိတ်ဝင်စားနိုင်ဖို့အတွက် ဒီ Website ကို အများပြည်သူစိတ်ဝင်စားဖို့ လိုအပ်တဲ့ Website ဖြစ်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူတွေရဲ့အခွင့်အလမ်းတွေ ဘာတွေရှိလဲ၊ သိသင့်သိထိုက်တာတွေ ဘာတွေရှိလဲဆိုတာကို ဖော်ပြနိုင်မှသာ ဒီတိုင်းဒေသကြီးအစိုးရရဲ့ ဖွင့်ထားတဲ့ Website ကို များသောအားဖြင့် ပြည်သူတွေ လေ့လာမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ဒီဂန်ထမ်းတွေရဲ့ ခရီးစရိတ်နဲ့ အခြားစရိတ်တွေ၊ ဆီဖိုးတွေ ဒါတွေကိုလည်း သိရှိလာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဓါတ်အားခတွေ ဘယ်လိုတောင်းထားလဲ၊ ပုံနှိပ်ခတွေ ဘယ်လို တောင်းထားလဲ၊ စက်ပစ္စည်းပြင်ဆင်စရိတ်တွေ ဘယ်လိုတောင်းထားလဲ၊ ကားပြင်ဆင်စရိတ်တွေ ဘယ်လိုတောင်းထားလဲဆိုတာကို ပြည်သူက ဘတ်ဂျက်ကိုသိလို့ရှိရင် ပိုမိုပြီးတော့ ဘတ်ဂျက်လေလွင့်ပြုန်းတီးမှုတွေကို ပြည်သူများများသိလေ၊ ဒီလေလွင့်ပြုန်းတီးမှု လျော့သွားလေလေဖြစ်မှာ ဖြစ်ပါတယ်။ ပြည်သူများများမသိလေ လေလွင့်ဆုံးရှုံးမှုများလာ လေလေဖြစ်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့အစိုးရကို ပြည်သူများ ပိုမိုပွင့်လင်းမြင်သာမှုကို အကောင်အထည်ဖော်တဲ့ အစိုးရဆိုတာကို ဆောင်ရွက်နိုင်ဖို့အတွက် ဌာနတစ်ခုချင်းအလိုက် သာမန်အသုံးစရိတ်တွေ၊ ငွေလုံး အသုံးစရိတ်တွေကို ထည့်သွင်းဖော်ပြပေးဖို့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ဒီဖြေကြားချက်အနေနဲ့ကတော့ သာမန်အသုံးစရိတ် ပွင့်လင်းမြင်သာမှုရှိရန် ဘယ်လိုအကောင် အထည်ဖော်ပေးမလဲဆိုတဲ့ ဆက်စပ်မေးခွန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကို မေးမြန်းလိုပါတယ်။ သာမန်အသုံးစရိတ် ပွင့်လင်းမြင်သာမှုကို ဘယ်လိုအကောင်အထည်ဖော်ပေးမလဲဆိုတာကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စားသော်လည်းကောင်း၊ တာဂန်ခံပြီး ဖြေကြားမဲ့သူ ကိုသော်လည်းကောင်း ဖြေကြားပေးနိုင်ရန်အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင် မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း [ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပထမမေးခွန်းတွေမှာလည်း အစိုးရအဖွဲ့ကိုယ်စား လွှတ်တော်တစ်ခုလုံးကို ကျွန်တော်တောင်းပန်ပြီးပါပြီခင်ဗျာ။ အခုလည်းတောင်းပန်ပါတယ်ခင်ဗျာ၊ လွှတ်တော်ဥက္ကဋ္ဌကြီး အမိန့်ရှိသလို လွှတ်တော်က အမြင့်ဆုံးဖြစ်ပါတယ်။ တိုင်းဒေသကြီးအဆင့်မှာ၊ အဲ့ဒီအတွက်ကြောင့် ဖြေကြားတဲ့ မေးခွန်းတွေနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ အစိုးရအဖွဲ့က အခုထက်ပို ပြီးတော့ ကိုယ်စားဖြေတာမျိုးတွေ မဖြစ်ရအောင် တတ်နိုင်သမျှ အစိုးရအဖွဲ့ကို တင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကလည်း အစိုးရအဖွဲ့မှ လွှတ်တော်နဲ့ချိတ်ဆက်ဖို့ တာဝန်ပေးထားတဲ့အတွက်ကြောင့် တာဝန်ပေးတဲ့အတိုင်း အစိုးရအဖွဲ့ကိုယ်စား တာဝန်ယူလုပ်ဆောင်ရတာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဦးရဲလင်းနိုင် ပြောသွားတဲ့ဆက်စပ်မေးခွန်းဟာ ဒါဟာလိုအပ်ပါတယ်ခင်ဗျာ၊ တကယ်လို့ သက်ဆိုင်ရာဝန်ကြီးမရှိလို့ ဆက်စပ်မေးခွန်း မမေးလိုက်ရဘူးဆိုရင် ကျွန်တော်ပြည်သူ့အတွက် တကယ်အရေးကြီးတဲ့ မေးခွန်းတွေ ဆက်ပြီးတော့မရလိုက်ဘူး၊ ပြည်သူ့အတွက် အဖြေတွေမရလိုက်ဘူး ဖြစ်ပါလိမ့်မယ်။ အဲ့ဒီမေးခွန်းတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ လတ်တလောမဖြေကြားနိုင်ရင်တောင်မှ သက်ဆိုင်ရာဝန်ကြီးတွေကို အကြောင်းကြားပြီးတော့ စာနဲ့လွှတ်တော်ကို လေးစားစွာဖြေကြားဖို့ အစိုးရအဖွဲ့ကို တင်ပြပါမယ်။ ဦးရဲလင်းနိုင်မေးတဲ့ Government Website ကောင်းမွန်ဖို့အတွက် ပြည်သူများစိတ်ပါဝင်စားလာစေရန် ကျွန်တော်တို့ လွှတ်တော်နဲ့ အစိုးရအဖွဲ့ရဲ့ လုပ်ငန်းဆောင်တာတွေကိုသိဖို့အတွက် ဒါဟာအရေးတကြီးလိုအပ်တဲ့အချက်ဖြစ်ပါတယ်။ အဲ့ဒီတော့ သာမန်အသုံး စရိတ်များ ပြည်သူများသိဖို့ လေလွှင့်ဆုံးရှုံးမှုနည်းဖို့ ပွင့်လင်းမြင်သာဖို့အတွက် ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ဘယ်လိုစနစ်တွေနဲ့ ဘယ်လိုအကောင်အထည်ဖော်မလဲ၊ Website မှာ E Government စနစ်တွေအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဝန်ကြီးချုပ်ကိုယ်တိုင်က ဘယ်လိုထည့်သွင်း ဆောင်ရွက်မလဲဆိုတာ အစိုးရအဖွဲ့ကို တင်ပြပြီးတော့ စာနဲ့ပြန်လည် ဖြေကြားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။သက်ဆိုင်ရာ ဝန်ကြီးမှစာနှင့် ဖြေကြားမည့် ဆက်စပ်မေးခွန်း ဖြေကြားချက်ကို တစ်ပါတ်အတွင်း လွှတ်တော်သို့ ပြန်လည်ပေးပို့ရန် တိုက်တွန်းပါတယ်။

**ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]။** ။စာဖြင့် ပြန်လည်ဖြေကြားမှုမှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လွှတ်တော်လုပ်ဆောင်ချက်များ၊ ပြည်သူအများစိတ်ပါဝင်စားသည့် အသုံးစရိတ်များကို ပြည်သူများအား ပွင့်လင်းမြင်သာစွာ သိရှိလေ့လာနိုင်စေရန် ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ ပဲခူးတိုင်းဒေသကြီး၏ နိုင်ငံသားဘတ်ဂျက် (Citizen's Budget) စာအုပ်များကို ထုတ်ဝေ၍ လွှတ်တော်ကိုယ်စားလှယ်များထံလည်း ဖြန့်ဝေခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၈-

၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ လက်ကမ်းစာစောင်ကိုပါ ထုတ်ဝေခဲ့သည့်အပြင် ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးဆောင်၍ ဘတ်ဂျက်ဆိုင်ရာ ကိစ္စများကို မြို့နယ်(၂၈)မြို့နယ်သို့ သွားရောက်ရှင်းလင်းပွဲများ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]။** ။ စာဖြင့် ပြန်လည်ဖြေကြားမှုမှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပွင့်လင်းမြင်သာမှုကို အကောင်အထည်ဖော်ဆောင်ရန် ပဲခူးတိုင်း ဒေသကြီးလွှတ်တော်က ဥပဒေပြုပြဋ္ဌာန်းပေးခဲ့သော ၂၀၁၇-၂၀၁၈/၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် ပူးတွဲပြီး ငွေလုံးငွေရင်းအသုံးစရိတ်နှင့် သာမန်အသုံးစရိတ်များကို အများပြည်သူများ သိရှိလေ့လာနိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ Official Website တွင် ဖော်ပြပေးရန် အစီအစဉ် ရှိ/မရှိနှင့်ပတ်သက်၍ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ၎င်းတို့၏ လုပ်ငန်း တာဝန်အလျောက် သွားလာရသည့် ခရီးစရိတ်များအား ၎င်းတို့၏ သက်ဆိုင်ရာ ဌာနများမှ သာမန်အသုံးစရိတ်ခေါင်းစဉ်များတွင် ခန့်မှန်းတွက်ချက်၍ တင်ပြတောင်းခံထားမှသာ သုံးစွဲနိုင်မည်ဖြစ်ပါ သည်။ သက်ဆိုင်ရာဌာနများမှ မိမိမြို့နယ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများအား ဌာနအလိုက်သာ တင်ပြတောင်းခံခြင်းဖြစ်ပြီး အသေးစိတ်စာရင်းများမှာ သက်ဆိုင်ရာ ဌာနများတွင်သာရှိမည်ဖြစ်သဖြင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်က ဥပဒေပြုပြဋ္ဌာန်းပေးခဲ့သော ၂၀၁၇-၂၀၁၈/၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကိုသာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ Official Website တွင် ဖော်ပြပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု လွှတ်တော်ကိုယ်စားလှယ်ဒေါ်ဇင်မိုးထိုက်က မေးမြန်းသည့် မေးခွန်းသည် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က ဖြေကြားရမည့် မေးခွန်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ဒေါ်ဇင်မိုးထိုက်က သက်ဆိုင်ရာ မေးခွန်းကို မေးမြန်းပြီးမှ တိုင်းဒေသကြီးစာရင်းစစ်ချုပ်က ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။သို့ပါ၍ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပန်းတောင်းမြို့နယ်၊ စာရင်းစစ်ရုံးအား အန္တရာယ်ရှိနေသဖြင့် ဖျက်သိမ်း၍ အသစ်အမြန်ဆုံး တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ပန်းတောင်းမြို့နယ် စာရင်းစစ်ရုံး မြေနေရာနှင့်အဆောက်အဦအား၂၉.၃.၂၀၀၂ ခုနှစ်တွင် ၁၅၅၀၀၀၀/-(ကျပ်တစ်ဆယ့်ငါးသိန်းငါးသောင်း တိတိ)ဖြင့် ဝယ်ယူခဲ့ပါသည်။ မြေ နေရာအကျယ်အဝန်းမှာ (၁၁၆' ×၄၀') ဖြစ်ပြီး အဆောက်အဦမှာ (၄၀' ×၃၆' ×၂၀') မြေညီထပ် အုတ်ကာကွန်ကရစ်ခင်းအပေါ်ထပ် ပျဉ်ခင်းပျဉ်ကာ သွပ်မိုးဖြစ်ပါသည်။ ဝယ်ယူစဉ်ကပင် အဆောက်အဦမှာ အဟောင်းဖြစ်ပြီး စာရင်းစစ်ရုံးအဖြစ် (၁၇)နှစ်ကျော် ကြာသည့်အခါ သစ်သားတိုင်နှင့် အုတ်နေရာ ကြားဟနေခြင်း၊ ထိုဟနေသည့် နေရာမှနံရံများမှာ အချိန်မရွေးပြိုကျနိုင်ပြီး အန္တရာယ်ရှိနေပါသည်။ အမိုးမှာ မိုးယိုသည့်အပြင် အောက်ခြေသံဖိနပ်များမှာလည်း ပြတ်နေပြီး သစ်သားများမှာ ခြစားနေပါသည်။ သို့ပါ၍ ပန်းတောင်းမြို့နယ် စာရင်းစစ်ရုံးသည် အန္တရာယ်ရှိနေသဖြင့် ဖျက်သိမ်း၍ အသစ်အမြန်ဆုံး တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဒေါ်ဇင်မိုးထိုက် မေးမြန်းသည့် မေးခွန်းအား တိုင်းဒေသကြီးစာရင်းစစ်ချုပ်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်သန်းသန်းဝင်း [ တိုင်းဒေသကြီးစာရင်းစစ်ချုပ် ]။** ။ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ပန်းတောင်းမြို့နယ်၊ စာရင်းစစ်ရုံးအား အန္တရာယ်ရှိနေသဖြင့် ဖျက်သိမ်း၍ အသစ် အမြန်ဆုံးတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် ပတ်သက်၍ ပန်းတောင်းမြို့နယ် စာရင်းစစ်ရုံးမြေနေရာအကျယ်မှာ (၁၁၆' ×၄၀')ဖြစ်ပြီး အဆောက်အဦမှာ (၄၀' ×၃၆' ×၂၀') မြေညီထပ် အုတ်ကာကွန်ကရစ်ခင်းအပေါ်ထပ် ပျဉ်ခင်းပျဉ်ကာ သွပ်မိုးဖြစ်ပါသည်။ (၂၉.၃.၂၀၀၂)ခုနှစ်တွင် ကျပ် ၁၅၅၀၀၀၀ ဖြင့် ဝယ်ယူခဲ့ပါသည်။ ဝယ်ယူစဉ်ကပင် အဆောက်အဦမှာ အဟောင်းဖြစ်ပြီး စာရင်းစစ်ရုံးအဖြစ် (၁၇)နှစ်ကျော်ကြာ သုံးစွဲခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၆ခုနှစ်၊ ရေကြီးစဉ် ရုံးအောက်ထပ် မှာ ၃' ခန့် ရေနစ်မြုပ်ခဲ့ပါသည်။ ၎င်းအဆောက်အဦကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်မှ (၁၃.၂.၂၀၁၉)နေ့တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ သစ်သားတိုင်နှင့် အုတ်နေရာကြားဟနေခြင်း၊ ထိုဟနေသည့်နေရာမှ နံရံများမှာ အချိန်မရွေးပြိုကျနိုင်ပြီး အန္တရာယ်ရှိနေပါသည်။ အမိုးမှာ မိုးယိုသည့်အပြင် အောက်ခြေ သံဖိနပ်များမှာလည်း ပြတ်နေပြီး သစ်သားများမှာ ခြစားနေသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် ရုံးနောက်ဘက်ရှိ ဝန်ထမ်းအိမ်ရာ အုတ်ညှပ်တစ်ထပ်နှစ်ခန်းတွဲ (၃၀' ×၂၅' ×၁၈')မှာလည်း မူလက ပျဉ်အဟောင်းများနှင့် ဆောက်လုပ်ခဲ့ပြီး (၂၀၁၅-၂၀၁၆)ခုနှစ်တွင် ပြင်ဆင်စရိတ်ဘတ်ဂျက် ခွင့်ပြုငွေ ကျပ်သိန်း (၄၂.၈၆၀)ဖြင့် အုတ်နံရံကာရံခြင်း၊ သန့်စင်ခန်းနှင့် မီးဖိုခန်းများ ပြင်ဆင်ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအဆောက်အဦမှာလည်း ၂၀၁၆ခုနှစ်တွင် ၃'ခန့် ရေကြီးနစ်မြုပ်ခဲ့သဖြင့် အုတ်နံရံများမှာ

အက်ကွဲယိမ်းယိုင်နေပြီး အချိန်မရွေးပြိုကျနိုင်သဖြင့် အန္တရာယ်ရှိသော အဆောက်အဦ ဖြစ်နေပါသည်။ ပြင်ဆင်ပါကလည်း အားလုံးပြိုကျနိုင်သည့်အနေအထားဖြစ်သဖြင့် အသစ်ပြန်လည်ဆောက်လုပ်ရန် လိုအပ်ကြောင်း တွေ့ရပါသည်။ ရုံးအသစ်နှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နိုင်ရေးအတွက် ခန့်မှန်းခြေ ရေးဆွဲတင်ပြရန် လမ်းညွှန်မှာကြားခဲ့ပြီး ဖြစ်ပါသည်။

သို့ပါ၍ ပန်းတောင်းမြို့နယ်စာရင်းစစ်ရုံးနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အဦမှာ အချိန်မရွေးပြိုကျနိုင်ပြီး အန္တရာယ်ရှိနေပါသဖြင့် (၂၀၂၀-၂၀၂၁)ဘဏ္ဍာရေးနှစ်တွင် ခန့်မှန်းခြေစာရင်းနှင့်အတူ ခွင့်ပြုရန်ပုံငွေတင်ပြတောင်းခံမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက အဆောက်အဦအသစ် တည်ဆောက်ပေးမည်ဖြစ်ပါကြောင်း မေးမြန်းချက်ကို ပြန်လည်ဖြေကြားပါသည်။

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီးက ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန] (ကိုယ်စား) ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]။** ။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးကိုယ်စား ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့တင်သွင်းမှာ ဖြစ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)

**(၂၀၁၉ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ်- )**

**၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော်    ရက်**

**(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ    ရက်)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ဤဥပဒေကို **ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)တွင် ပါရှိသော “ဇန်နဝါရီလ (၃၁)ရက်နေ့”ဆိုသည့် စကားရပ်ကို “ဇူလိုင်လ (၃၁)ရက်နေ့” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၂ တွင် ပါရှိသော “ဖေဖော်ဝါရီလ (၂၀)ရက်နေ့”ဆိုသည့် စကားရပ်ကို “ဩဂုတ်လ (၂၀)ရက်နေ့” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄ တွင်ပါရှိသော “မတ်လ (၁၀)ရက်နေ့”ဆိုသည့် စကားရပ်ကို “စက်တင်ဘာလ (၁၀)ရက်နေ့”ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၅ တွင် ပါရှိသော “မတ်လ (၃၁)ရက်နေ့”ဆိုသည့် စကားရပ်ကို “စက်တင်ဘာလ (၃၀)ရက်နေ့” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဝင်းသိန်း

ဝန်ကြီးချုပ်

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနက တင်သွင်းသည့် ပဲခူးတိုင်းဒေသကြီးဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆု ပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်း ဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက တင်သွင်းသည့် ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေး လိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ (၂၄.၅.၂၀၁၉) ရက် (သောကြာနေ့) နောက်ဆုံးထားပြီး ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံးဝန်ထမ်း အကြီးအမှူးထံ အမည် စာရင်း တင်သွင်းကြရန်ဖြစ်ကြောင်း ကြေညာပါတယ်။

**ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ က အစီရင်ခံစာ တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း များ ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်ပြပေးမယ့် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး

ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးလင်းလင်းကျော်ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေတွင် ဥပဒေပုဒ်မ(၅)ခု ပါရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

ပုဒ်မ(၁)သည် ပဲခူတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၏ အမည်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

ပုဒ်မ(၂)သည် ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ (၈) ပုဒ်မခွဲ (က) တွင် ပါရှိသော ဇန်နဝါရီလ (၃၁) ရက်နေ့ဆိုသည့် စကားရပ်ကို ဇူလိုင်လ(၃၁)ရက်နေ့ဆိုသည့် စကားရပ်ဖြင့် အစားထိုးထားခြင်း ဖြစ်ကြောင်း စိစစ်တွေ့ ရှိရပါသည်။ မူလဥပဒေပုဒ်မ (၈) ပုဒ်မခွဲ (က)မှာ **“ဤဥပဒေပုဒ်မ (၄)၊ ပုဒ်မ (၅)နှင့် ပုဒ်မ (၆)ပါ ထူးချွန်မှု ဂုဏ်ထူးဆောင်ဆုချီးမြှင့်ထိုက်သူများကို အကျိုးအကြောင်း ပြည့်စုံစွာ ဖော်ပြစေလျက် နှစ်စဉ်ဇန်နဝါရီလ (၃၁)ရက်နေ့ နောက်ဆုံးထားပြီးဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များထံမှ တောင်းခံရန်”** ဖြစ်ပါသည်။ ယခင် ဘဏ္ဍာရေးနှစ်ကာလမှာ ဧပြီလ (၁)ရက်နေ့မှ စတင်ပြီး မတ်လ (၃၁)ရက်နေ့တွင် ကုန်ဆုံးကာ ဂုဏ်ထူးဆောင်ဆုချီးမြှင့်ထိုက်သူများ၏ စာရင်းကို သုံးလကြိုတင်တောင်းခံထားခြင်း ဖြစ်ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ စတင်၍ ဘဏ္ဍာ ရေးနှစ်ကာလကို အောက်တိုဘာလ(၁)ရက်နေ့မှစတင်ပြီး စက်တင်ဘာလ (၃၀)ရက်နေ့တွင် အဆုံးသတ်သည့်ကာလကို ပြောင်းလဲပြင်ဆင်သတ်မှတ်ခဲ့သဖြင့် ဂုဏ်ထူးဆောင်ဆုချီးမြှင့်ထုက်သူ များ၏စာရင်းကို ဘတ်ဂျက်နှစ်မကုန်မီ သုံးလကြိုတင် တောင်းခံနိုင်ရန်အတွက် မူလ ဥပဒေတွင် ပါရှိသော ဇန်နဝါရီလ (၃၁)ရက်နေ့ဆိုသည့် စကားရပ်ကို ဇူလိုင်လ (၃၁)ရက်နေ့ ဆိုသည့် စကား ရပ်ဖြင့် အစားထိုးပြင်ဆင်ခြင်းမှာ သင့်လျော်မှန်ကန်မှုရှိကြောင်း သုံးသပ် တွေ့ရှိရပါသည်။

ပုဒ်မ (၃) သည် ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆု ပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ (၁၂) တွင် ပါရှိသော ဖေဖော်ဝါရီလ (၂၀) ရက်နေ့ဆိုသည့် စကားရပ်ကို သြဂုတ်လ (၂၀) ရက်နေ့ဆိုသည့် စကားရပ်ဖြင့် အစားထိုးထားခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မူလဥပဒေပုဒ်မ (၁၂)တွင် **“ စိစစ်ရေးကော်မတီသည် စိစစ်တင်ပြခြင်းကို နှစ်စဉ် ဖေဖော်ဝါရီလ (၂၀)ရက်နေ့ နောက်ဆုံးထားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြရမည်။”** ဖြစ်ပါသည်။ ယခင် ဘဏ္ဍာရေးနှစ်ကာလတွင် စိစစ်ရေးကော်မတီမှ စိစစ်တင်ပြခြင်းကို ဘဏ္ဍာနှစ် ကာလမကုန်မီ ရက်ပေါင်း (၄၀)ခန့် ကြိုတင်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြစေခြင်း ဖြစ်ပါသည်။ ဘဏ္ဍာရေးနှစ်ကာလကို ပြောင်းလဲပြင်ဆင်သတ်မှတ်ခဲ့သဖြင့် ဂုဏ်ထူးဆောင်ဆု ချီးမြှင့်ထိုက်သူများ၏ စာရင်းကို စိစစ်ရေးကော်မတီမှ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဘတ်ဂျက် နှစ်မကုန်မီ ရက်ပေါင်း (၄၀)ခန့်ကြိုတင်၍ တင်ပြစေရန်အတွက် မူလဥပဒေတွင်ပါရှိသော

ဖေဖော်ဝါရီလ (၂၈) ရက်နေ့ ဆိုသည့် စကားရပ်ကို ဩဂုတ်လ (၂၈)ရက်နေ့ ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်ခြင်းမှာ သင့်လျော်မှန်ကန်မှုရှိ ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ပုဒ်မ(၄)သည် ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေပုဒ် (၁၄) တွင် ပါရှိသော မတ်လ (၁၀)ရက်နေ့ဆိုသည့် စကားရပ်ကို စက်တင်ဘာလ (၁၀)ရက်နေ့ဆိုသည့် စကားရပ်ဖြင့် အစားထိုးထားခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါ သည်။ မူလဥပဒေ ပုဒ်မ (၁၄)တွင် **"တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းအမည်စာရင်းကို နှစ်စဉ် မတ်လ (၁၀) ရက်နေ့ မတိုင်မီ အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာရမည်။"** ဖြစ်ပါသည်။ ယခင်ဘဏ္ဍာရေးနှစ်ကာလတွင် ဂုဏ်ထူးဆောင်ဆုချီးမြှင့်ခြင်းခံရသည့် ပုဂ္ဂိုလ်အမည်စာရင်းကို ဘဏ္ဍာရေးနှစ်ကာလမကုန်မီ ရက်ပေါင်း (၂၀)ခန့် ကြိုတင်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြေညာနိုင်ရန် ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။ ဘဏ္ဍာရေးနှစ်ကာလကို ပြောင်းလဲပြင်ဆင်သတ်မှတ်ခဲ့သဖြင့် ဂုဏ်ထူးဆောင်ဆုချီးမြှင့် ထိုက်သူများ၏ အမည်စာရင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဘတ်ဂျက်နှစ်မကုန်မီ ရက်ပေါင်း (၂၀)ခန့် ကြိုတင်၍ ကြေညာရန်အတွက် မူလဥပဒေတွင် ပါရှိသော မတ်လ (၁၀)ရက်နေ့ ဆိုသည့် စကားရပ်ကို စက်တင်ဘာလ (၁၀) ရက်နေ့ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်ခြင်းမှာ သင့်လျော်မှန်ကန်မှုရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ပုဒ်မ (၅) သည် ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ (၁၅) တွင် ပါရှိသော မတ်လ (၃၁) ရက်နေ့ဆိုသည့် စကားရပ်ကို စက်တင်ဘာလ (၃၀) ရက်နေ့ဆိုသည့် စကားရပ်ဖြင့် အစားထိုးထားခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါ သည်။ မူလဥပဒေပုဒ်မ (၁၅) တွင် **" ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းကို နှစ်စဉ် မတ်လ (၃၁) ရက်နေ့တွင် ချီးမြှင့်ရမည်။"** ဖြစ်ပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဂုဏ်ထူးဆောင်ဆုချီးမြှင့်ခြင်းကို ဘဏ္ဍာရေးနှစ်ကာလအကုန် မတ်လ (၃၁)ရက်နေ့တွင် ချီးမြှင့်နိုင်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ ဘဏ္ဍာရေးနှစ်ကာလကို ပြောင်းလဲပြင်ဆင်သတ်မှတ်ခဲ့သဖြင့် ဂုဏ်ထူး ဆောင်ဆုချီးမြှင့်ခြင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဘတ်ဂျက်နှစ်ကုန်ဆုံးသည့် နောက်ဆုံးရက်ဖြစ်သော စက်တင်ဘာလ (၃၀)ရက်နေ့တွင် ချီးမြှင့်နိုင်ရန်အတွက် မူလဥပဒေတွင်ပါရှိသော မတ်လ (၃၁)ရက်နေ့ဆိုသည့် စကားရပ်ကို စက်တင်ဘာလ (၃၀)ရက်နေ့ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်ခြင်းမှာ သင့်လျော်မှန်ကန်မှုရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေကို

ပြင်ဆင်သည့် ဥပဒေသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ကာလမှ စတင်၍ ဘဏ္ဍာရေးနှစ်ကာလ ပြောင်းလဲခဲ့သဖြင့် ဂုဏ်ထူးဆောင် ဆုချီးမြှင့်ထိုက်သူများ၏ အမည်စာရင်းတောင်းခံခြင်း၊ စိစစ်ရေးကော်မတီမှ စိစစ်တင်ပြခြင်း၊ ချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို အမိန့် ကြော်ငြာစာ ထုတ်ပြန်ခြင်းနှင့် ဂုဏ်ထူးဆောင် ဆုချီးမြှင့်ခြင်းစသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက် နိုင်ရန်အတွက် ဘဏ္ဍာရေးနှစ်ကာလကုန်သည့် နေ့ရက်နှင့် ပြောင်းလဲချိန်ညှိပြင်ဆင်ထားခြင်း ဖြစ်သဖြင့် ပြင်ဆင်ချက်ဥပဒေပါအတိုင်း အတည်ပြုသင့်ပါကြောင်း စိစစ်သုံးသပ်အစီရင်ခံ တင်ပြ အပ်ပါသည်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တွင် တင်သွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်း ကော်မတီအစီရင်ခံစာ(၁/၂၀၁၉)အပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး အဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်း ကော်မတီအစီရင်ခံစာ (၁/၂၀၁၉)အပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**ဦးအုန်းမြင့် [တိုင်းဒေသကြီး ဥပဒေချုပ်]**။ ။ ဤအစည်းအဝေးခန်းမသို့ တက်ရောက် လာကြသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင်များ၊ စာရင်းစစ်ချုပ်နှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား- အားလုံးကိုယ်ကျန်းမာ စိတ်ချမ်းသာပါစေလို့ ဆုတောင်းမေတ္တာ ပို့ပါတယ်။ ဒီအစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့ တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ (၁/၂၀၁၉)ကို အစီရင်ခံတင်ပြခဲ့ပါတယ်။ တင်တဲ့အခါမှာဆိုရင် များသောအားဖြင့် အစီရင်ခံစာ တင်တဲ့အချိန်မှာ ကျွန်တော်ကိုယ်တိုင် ကြားနာခဲ့တယ်၊ သိရပါတယ်။ အစီရင်ခံစာနဲ့ ပတ်သက်လို့ရှိရင်တော့ ဘာမှပြုပြင်စရာမရှိပါဘူးဆိုပြီး ကျွန်တော်တို့ဌာနကို ပြောတဲ့အတွက် မိမိတို့က စာပြန်ခဲ့ပါတယ်။ သို့သော်ငြားလည်း ပြည့်ပြည့်စုံစုံ တင်ပြရမယ်ဆိုရင်တော့ ဒီဥပဒေကြမ်း ကော်မတီရဲ့ တင်ပြထားတဲ့နေရာမှာဆိုရင် ဥပဒေနဲ့အညီ တင်ပြထားတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၈၈ ဇယား(၂)မှာ ပါတဲ့ တိုင်းနဲ့ပြည်နယ်တွေက ဥပဒေပြုရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်နဲ့ အညီ ပြုပြင်ထားတာ တွေ့ရပါတယ်။ တွေ့ရတဲ့အပြင် ဆောင်ရွက်တဲ့ ဆောင်ရွက်ချက်တွေကို

ပြန်ပြီးကြည့်တဲ့အခါမှာ တော်တော်အသေးစိတ် ဆောင်ရွက်ထားတာတွေ့ရတယ်။ အစီရင်ခံစာအရ ပထမ နိဒါန်းပိုင်းမှာက ပြင်ဆင်ပြီးဖြစ်တဲ့ ဥပဒေများကို လေ့လာပြီးတော့ သုံးသပ်တယ်။ နောက်တစ်ခါ ခေတ်နဲ့လျော်ညီတဲ့ ဥပဒေကို ပြင်ဆင်သင့်တာ ပြင်ဆင်ဖို့ အသစ်ရေးဆွဲတဲ့ ပြဋ္ဌာန်းသင့်တဲ့ ဥပဒေများကို ရေးဆွဲဖို့ ဌာနဆိုင်ရာများနဲ့လည်း ခွင့်ပြု ဘဏ္ဍာငွေအမှန်သုံးစွဲခြင်းရှိ/မရှိနဲ့ ပတ်သက်ပြီးတော့လည်း တင်ပြထားတာတွေ့ရတဲ့အတွက် ပြည့်ပြည့်စုံစုံ တင်ပြထားတာ တွေ့ရပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာအနေနဲ့ဆိုရင်တော့ ဒီအစီရင်ခံစာပါ ဥပဒေများကို ပြဋ္ဌာန်းတဲ့အခါမှာ ပြဋ္ဌာန်းမယ်ဆိုတဲ့ မြေယာခွန်ဥပဒေတို့၊ စိုက်ပျိုးရေးစနစ်တို့၊ စည်ပင်သာယာရေးဥပဒေ၊ ရေချိုငါးလုပ်ငန်းဥပဒေတွေကို အခုလိုရေးဆွဲတော့မယ်ဆိုတဲ့အခါမှာ ပဲခူးတိုင်း ဥပဒေချုပ်ရုံးကို ရောက်ပါတယ်။ အကြံဉာဏ်တောင်းပါတယ်။ အကြံဉာဏ်တောင်းတဲ့ အခါမှာလည်း အကြံဉာဏ်ပေးပါတယ်။ ကျွန်တော်တို့ရဲ့ အကြံဉာဏ်နဲ့ ဥပဒေကော်မတီနဲ့ စုပေါင်းပြီးတော့ လွှတ်တော်ကို တင်ပြထားတဲ့အတွက် သူတို့ရဲ့ တင်ပြချက်ဟာဆိုလို့ရှိရင် ကျွန်တော်တို့အနေနဲ့ ပြောစရာမရှိ လောက်အောင် ကောင်းတယ်ဆိုတာ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ အထူးသဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ ဆောင်ရွက်ပြီးတဲ့ အခါမှာကျတော့လည်း ဒီဥပဒေကြမ်းကော်မတီ တရားဥပဒေစိုးမိုးရေး ကဏ္ဍအနေနဲ့လုပ်တဲ့ ဒီကော်မတီဟာဆိုလို့ရှိရင် ဥပဒေနဲ့အညီ ဆောင်ရွက်ထားတာ တွေ့တဲ့အတွက် ကျွန်တော်အနေနဲ့ အထူးပြောစရာမရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို (၁၁:၁၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့) ကို ၂၀၁၉ ခုနှစ်၊ မေလ(၂၂)ရက် (ဗုဒ္ဓဟူးနေ့) နံနက် (၁၀:၀၀) နာရီအချိန်မှ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**[ဩဘာသံများ]**

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်**
**(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**
**တတိယနေ့ မှတ်တမ်း**
**၁၃၈၁ခုနှစ်၊ ကဆုန်ပြည့်ကျော် ၄ ရက်**
**[ ၂၀၁၉ခုနှစ်၊ မေလ ၂၂ ရက် ]**
**(ဗုဒ္ဓဟူးနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀း၀၀နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်ကဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်း ဒေသကြီး လွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယ အကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့မှာ အစည်း အဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၄.၂၁ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော် ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင် သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော် သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့) အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း [ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လွင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်၊

သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်အောင်၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်းနှင့် ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် (၂၂.၅.၂၀၁၉)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၁၂)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၁၂ ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက မေးမြန်းသည့် မေးခွန်း(၇)ခုသည် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့ အစည်းဝင်များက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ။ပထမဦးစွာ ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ဝါးတောကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ဥပဒေမဲ့ သစ်မှောင်ခိုခိုးထုတ်ခြင်းနှင့် ၎င်းသစ်မှောင်ခိုစက်လှေအား ဖမ်းဆီး ပြီး ငွေတောင်းကာလွှတ်ပေးလိုက်သော အမှုအား အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ဝါးတောကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် (၉.၃.၂၀၁၉)ရက်နေ့မှာ စစ်တောင်းမြစ်ဝမှာ သောင်တင်နေတဲ့ သစ်မှောင်ခို စက်လှေကြီးအားဖမ်းဆီးပြီး ငွေသိန်းပေါင်းများစွာယူပြီး လွှတ်ပေးလိုက်ကြောင်း ဒေသခံပြည်သူများမှ တင်ပြလာပါတယ်။ ထိုဖြစ်ရပ်ကို တာဝန်သိပြည်သူများအနေဖြင့် မှတ်ပုံတင်နံပါတ်၊ ဖုန်းနံပါတ် အတိအလင်းဖော်ပြပြီးတော့ သက်ဆိုင်ရာဌာနအသီးသီးကို တိုင်ကြားပေးပို့ထားသော်လည်း ယခုအချိန်အထိ အရေးယူဆောင်ရွက်ထားခြင်း တစ်စုံတစ်ရာ မရှိသေးပါ။ သို့ပါသောကြောင့် တရားဥပဒေစိုးမိုးရေးကိုရှေးရှုကာ အထက်တင်ပြခဲ့သော သစ်မှောင်ခိုခိုးထုတ်သည့်အမှုနှင့် သစ်မှောင်ခိုစက်လှေကြီးအား ငွေတောင်းကာ လွှတ်ပေးလိုက်သော ဝါးတောကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့အား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ဖော်ထုတ်အရေးယူဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း လေးစားစွာမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးခိုင်မေးမြန်းသည့် မေးခွန်းအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးဆွေ [ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝါးတောကျေးရွာ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ဥပဒေမဲ့ သစ်မှောင်ခိုခိုးထုတ်ခြင်းနှင့် ၎င်းသစ်မှောင်ခိုစက်လှေအား ဖမ်းဆီးပြီး ငွေတောင်းကာလွှတ်ပေး လိုက်သောအမှုအား အရေးယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံး၏ ၂၄.၄.၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၁၇၃(၂၃၉)/၈/ ၂၀၁၉(၁၃၉၈)ဖြင့် ကဝမြို့နယ်၊ ဝါးတောကျေးရွာနေ ဦးကျော်တင်စိုးမှ ဝါးတောကျေးရွာ အုပ်ချုပ်ရေးမှူးအား တိုင်ကြားသည့်စာအား ပဲခူးတိုင်းဒေသကြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ ဆက်လက်ဆောင်ရွက်ပေးနိုင်ရန်အတွက် ပေးပို့ထားပြီးဖြစ်ပါသဖြင့် ပဲခူးတိုင်း ဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သည့် စုံစမ်းစစ်ဆေး ဆောင်ရွက်မှုများပြုလုပ်၍ စစ်ဆေးတွေ့ရှိချက်အပေါ်မူတည်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ၊ နည်းဥပဒေများ၊ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခြင်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဖရုံကားအုပ်စု၊ ဖရုံကားကျေးရွာအား တရားဝင် အမည်ပေါက်ထည့်သွင်းပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **"ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဖရုံကားအုပ်စု၊ မြောက်ဘက်ခုံကျေးရွာအား တရားဝင် အမည်ပေါက်ထည့်သွင်းပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း သည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဖရုံကားအုပ်စုအတွင်းရှိ ပြည်ထဲရေးအမည်ပေါက်သော ဖရုံကားကျေးရွာသည် လွန်ခဲ့သောနှစ်ပေါင်း(၁၀၀)ခန့်ကပင် တည်ရှိပြီးတော့ အိမ်ထောင်စုများစွာနေထိုင်ခဲ့ကြောင်းကိုလည်း သိရှိရပါတယ်။ ဖရုံကားအုပ်စုအမည်ပေါက်သော်လည်း ဖရုံကားကျေးရွာဟု ပြည်ထဲရေး အမည်ပေါက်မရှိခဲ့ပါ။ ကျေးရွာအမည်မပေါက်သောကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ကျေးရွာနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာ လွန်စွာခက်ခဲ အားနည်းနေတာကိုလည်း တွေ့ရှိ ရပါတယ်။ ယခုအခါမှာ ဖရုံကားကျေးရွာဟာ အိမ်ခြေ(၄၆)လုံးနဲ့ အိမ်ထောင်စု(၅၂)စု၊ လူဦးရေစုစုပေါင်း (၁၇၉)ဦး နေထိုင်လျက်ရှိပါတယ်။ သို့ပါသောကြောင့် ဖရုံကားအုပ်စု၊ ဖရုံကားကျေးရွာဟု တရားဝင်အမည်ပေါက်ထည့်သွင်းပေးရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးသို့ မေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဖရုံကားအုပ်စုအတွင်းရှိ မြောက်ဘက်ခုံကျေးရွာသည် ပြည်ထဲရေးအမည် မပေါက်သော ကျေးရွာတစ်ရွာဖြစ်ပါသည်။ မြောက်ဘက်ခုံကျေးရွာသည် လွန်ခဲ့သောနှစ်ပေါင်း (၄၀)ခန့်ကစပြီး လယ်၊ ကိုင်း၊ တောင်ယာစသဖြင့် လုပ်ကိုင်နေကြသူများလည်းဖြစ်ပါတယ်။ ကျေးရွာအမည် မပေါက်တဲ့အတွက် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ကျေးရွာနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာလည်း လွန်စွာခက်ခဲအားနည်းနေပါတယ်။ ယခုအခါမှာ အိမ်ခြေ(၈၀)၊ အိမ်ထောင်စု(၁၀၅)၊ လူဦးရေစုစုပေါင်း(၃၃၃)ဦးနေထိုင်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ဖရုံကားအုပ်စု၊ မြောက်ဘက်ခုံကျေးရွာဟု တရားဝင်အမည်ပေါက်ထည့်သွင်းပေးရန် အစီအစဉ်ရှိ/ မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးသို့ မေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဒေါ်ပပဟန် မေးမြန်းသည့် မေးခွန်း(၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့မေးခွန်း(၂)ခုဟာ ကျေးရွာအုပ်စုတစ်ခုတည်းဖြစ်ပြီးတော့ မေးခွန်းချင်း ဆက်စပ်နေတာဖြစ်တဲ့အတွက် ကျွန်တော်တစ်ဆက်တစ်စပ်တည်း ဖြေကြားသွားမှာဖြစ်ကြောင်း ဦးစွာတင်ပြလိုပါတယ်။ ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဖရုံကားအုပ်စု၊ ဖရုံကားကျေးရွာအား တရားဝင်အမည်ပေါက်ထည့်သွင်းပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဖရုံကားကျေးရွာအုပ်စုတွင် လက်ရှိ ကျေးရွာခွဲ (၄)ရွာဖြင့် ဖွဲ့စည်းထားရှိပြီး အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကျေးရွာအုပ်စု | ကျေးရွာ | အိမ်ခြေ | အိမ်ထောင်စု | လူဦးရေ | | |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း |
| ၁ | ဖရုံကားအုပ်စု | ကျောက်ဇကွဲ | ၆၅ | ၆၅ | ၁၄၉ | ၁၅၄ | ၃၀၃ |
| ၂ | ။ | ဖလုံ | ၁၁၂ | ၁၁၉ | ၂၆၅ | ၂၅၄ | ၅၁၉ |
| ၃ | ။ | မသုံ | ၆၉၄ | ၇၁၂ | ၁၈၈၆ | ၁၇၀၁ | ၃၅၈၇ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄ | ။ | ကျားခြေရာ | ၁၄၀ | ၁၄၅ | ၃၄၇ | ၃၁၈ | ၆၆၅ |
| **စုစုပေါင်း** | | | **၁၀၁၁** | **၁၀၄၁** | **၂၆၄၇** | **၂၄၂၇** | **၅၀၇၄** |

ပန်းတောင်းမြို့နယ်၊ ဖရုံကားကျေးရွာအုပ်စုအတွင်းရှိ ဖရုံကားကျေးရွာသည် မသုံကျေးရွာနှင့် ချောင်းသာခြားပြီး အလှမ်းမကွာဝေးသည့်နေရာတွင် တည်ရှိသောကျေးရွာတစ်ရွာဖြစ်ပါသည်။ အဆိုပါ ဖရုံကားကျေးရွာတွင် အိမ်ခြေ(၄၆)၊ အိမ်ထောင်စု(၅၂)စု၊ လူဦးရေ ကျား(၈၅)ဦး၊ မ(၉၄)ဦး၊ စုစုပေါင်း (၁၇၉)ဦး နေထိုင်လျက်ရှိပါသည်။ ဖရုံကားကျေးရွာမှာ လွန်ခဲ့သော (၂၀၀၀)ခုနှစ်မှစ၍ တောင်ယာလုပ်ကိုင်သည့် ယာယီတဲများမှ သီးနှံစိုက်ပျိုးလုပ်ကိုင်၍ တဖြည်းဖြည်း တိုးချဲ့နေထိုင်လာခဲ့ခြင်း ဖြစ်ပါသည်။ ဖရုံကားကျေးရွာ၏ အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေစာရင်းများအား မသုံကျေးရွာတွင် ပေါင်းစည်းထားရှိပါသည်။

ဖရုံကားကျေးရွာအုပ်စု၊ ဖရုံကားကျေးရွာသည် မသုံကျေးရွာ၏ အရှေ့မြောက်ဘက်အရပ်တွင် တည်ရှိ၍ မသုံကျေးရွာနှင့် ချောင်းသာခြားပြီး အလှမ်းမကွာဝေးသည့် ကျေးရွာဖြစ်ပြီး ပေ(၇၀၀) ခန့်သာ ကွာဝေးခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုမရှိခြင်း၊ မသုံကျေးရွာနှင့် ပေါင်းစည်းထားရှိခြင်းကြောင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင်လည်း စုစုစည်းစည်းဆောင်ရွက်နိုင်ခြင်း၊ ကျေးရွာသီးသန့် သတ်မှတ်ပေးပါက ကျေးရွာသူ/ကျေးရွာသားများ စိတ်ဝမ်းကွဲပြားမှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ ယခု လက်ရှိ အချိန်တွင်လည်း ကျေးရွာသူ/သားများမှာ စုစုစည်းစည်း ညီညွတ်စွာ နေထိုင်လျက်ရှိခြင်းတို့ကြောင့် ဖရုံကားကျေးရွာအား တရားဝင်အမည်ပေါက် ထည့်သွင်းပေးရန် မသင့်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ ဒေါ်ပပဟန်၊ ပန်းတောင်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဖရုံကားအုပ်စု၊ မြောက်ဘက်ခုံ ကျေးရွာအား တရားဝင်အမည်ပေါက်ထည့်သွင်းပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဖရုံကားကျေးရွာအုပ်စုတွင် လက်ရှိကျေးရွာခွဲ (၄)ရွာဖြင့် ဖွဲ့စည်းထားရှိပြီး အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| **စဉ်** | **ကျေးရွာ အုပ်စု** | **ကျေးရွာ** | **အိမ်ခြေ** | **အိမ်ထောင်စု** | **လူဦးရေ** | | |
|---|---|---|---|---|---|---|---|
| | | | | | **ကျား** | **မ** | **ပေါင်း** |
| ၁ | ဖရုံကားအုပ်စု | ကျောက်ဇကွဲ | ၆၅ | ၆၅ | ၁၄၉ | ၁၅၄ | ၃၀၃ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂ | ။ | ဖလုံ | ၁၁၂ | ၁၁၉ | ၂၆၅ | ၂၅၄ | ၅၁၉ |
| ၃ | ။ | မသုံ | ၆၉၄ | ၇၁၂ | ၁၈၈၆ | ၁၇၀၁ | ၃၅၈၇ |
| ၄ | ။ | ကျားခြေရာ | ၁၄၀ | ၁၄၅ | ၃၄၇ | ၃၁၈ | ၆၆၅ |
| **စုစုပေါင်း** | | | **၁၀၁၁** | **၁၀၄၁** | **၂၆၄၇** | **၂၄၂၇** | **၅၀၇၄** |

ပန်းတောင်းမြို့နယ်၊ ဖရုံကားကျေးရွာအုပ်စုအတွင်းရှိ မြောက်ဘက်ခုံကျေးရွာသည် မသုံကျေးရွာနှင့် ချောင်းသာခြားပြီး အလှမ်းမကွာဝေးသည့်နေရာတွင်တည်ရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ အဆိုပါမြောက်ဘက်ခုံကျေးရွာတွင်အိမ်ခြေ(၈၀)၊ အိမ်ထောင်စု(၁၀၅)စု၊ လူဦးရေကျား(၁၅၀)ဦး၊ မ(၁၈၃)ဦး၊ စုစုပေါင်း(၃၃၃)ဦး နေထိုင်လျက်ရှိပါသည်။ မြောက်ဘက်ခုံကျေးရွာမှာ လွန်ခဲ့သော (၂၀၀၀) ခုနှစ်ခန့်မှစ၍ တောင်ယာလုပ်ကိုင်သည့် ယာယီတဲများမှ သီးနှံစိုက်ပျိုးလုပ်ကိုင်၍ တဖြည်းဖြည်း တိုးချဲ့နေထိုင်လာခဲ့ခြင်းဖြစ်ပါသည်။ မြောက်ဘက်ခုံကျေးရွာ၏ အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေစာရင်းများအား မသုံကျေးရွာတွင် ပေါင်းစည်းထားရှိပါသည်။

ဖရုံကားကျေးရွာအုပ်စု၊ မြောက်ဘက်ခုံကျေးရွာမှာ မသုံကျေးရွာ၏ မြောက်ဘက်အရပ်တွင်တည်ရှိ၍ မသုံကျေးရွာနှင့် ချောင်းသာခြားပြီး အလှမ်းမကွာဝေးသည့် ကျေးရွာဖြစ်ပြီး ပေ(၇၀၀)ခန့်သာကွာဝေးခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုမရှိခြင်း၊ မသုံကျေးရွာနှင့် ပေါင်းစည်းထားရှိခြင်းကြောင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင်လည်း စုစုစည်းစည်း ဆောင်ရွက်နိုင်ခြင်း၊ ကျေးရွာသီးသန့်သတ်မှတ်ပေးပါက ကျေးရွာသူ/ကျေးရွာသားများမှာ စိတ်ဝမ်းကွဲပြားမှုများဖြစ်ပေါ်လာနိုင်ခြင်း၊ ယခုလက်ရှိအချိန်တွင်လည်း ကျေးရွာသူ/ကျေးရွာသားများမှာ စုစုစည်းစည်း ညီညွတ်စွာနေထိုင်လျက်ရှိခြင်းတို့ကြောင့် မြောက်ဘက်ခုံကျေးရွာအား တရားဝင်အမည်ပေါက်ထည့်သွင်း ပေးရန် မသင့်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးရှင့်- ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။ ဖရုံကားအုပ်စုအနေဖြင့် အခုအချိန်တွင် ကျေးရွာအမည်ပေါက်သော်လည်း ပြည်ထဲရေးအမည်မပေါက်ပါဘူး။ အခုဝန်ကြီးဖြေတဲ့ထဲမှာပါတာက မြောက်ဘက်ခုံပဲဖြစ်ဖြစ်၊ ဖရုံကားပဲဖြစ်ဖြစ် နှစ်ခုစလုံးက အတူတူပုံစံတူပါပဲ။ အဲ့တော့တစ်ခုတည်းပဲ ကျွန်မဆက်စပ်ပြီးတော့ မေးပါမယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း(၂၀၀၀) ခုနှစ်ခန့်မှစ၍ တောင်ယာလုပ်ကိုင်သည့် ယာယီတဲများလို့ အဖြေထဲမှာပါတယ်။ သို့သော်လည်းပဲ ဖရုံကားကျေးရွာဟာ ရွာမရှိဘဲနဲ့ဘာဖြစ်လို့ အမည်တွေပေါက်နေရတာလဲ။ ရွာမရှိဘဲနဲ့ ဘာလို့အုပ်စုအတွင်းမှာလည်း ပါနေတာလဲ။ နောက်တစ်ခုက ကျွန်မတို့က (၂၀၀၀)မှာ တောင်ယာ လုပ်ကိုင်တယ်လို့ပြောတယ်။ ကျွန်မမေးခွန်းထဲမှာ ပါပြီးသားပါ။ နှစ်ပေါင်း(၁၀၀)ခန့်ကစပြီး လူတွေစုပြီး နေထိုင်လာခဲ့ကြတာပါ။ နောက်တစ်ခုကတော့ နှစ်ပေါင်း

(၄၀)ခန့်ကစပြီး နေထိုင်ခဲ့တာဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးအနေနဲ့ကတော့ အခက်အခဲ မရှိသွားလာနိုင်ပါတယ်ဆိုပြီး ဝန်ကြီးကဖြေထားပါတယ်။ သို့သော်လည်းပဲ ကျွန်မတို့အုပ်စုတွင်းမှာ နေတဲ့ ပြည်သူတွေဟာ စစ်တပ်နှစ်တပ်အတွင်း ကနေပြီး ဖြတ်သန်းသွားလာရတဲ့သူများဖြစ်ပါတယ်။ အဲ့လိုသွားရတဲ့အချိန်မှာလည်း တစ်စုံတစ်ရာဖြစ်ခဲ့ရင် အမျိုးသမီးကိစ္စဖြစ်တဲ့အချိန်ပဲဖြစ်ဖြစ်၊ ကျန်းမာရေးမကောင်းလို့ပဲဖြစ်ဖြစ်၊ ပိုးထိလို့ပဲဖြစ်စေသွားတဲ့အခါမှာ ဒီဘက်ကနေ သပ်သပ်လမ်း မပေါက်ပါဘူး။ လမ်းမရှိတဲ့အတွက် တပ်တွင်းကနေ ဖြတ်သန်းပြီးတော့ သွားလာရတာဖြစ်ပါတယ်။ အဲ့လိုမျိုးသွားရတဲ့ထဲမှာလည်း ဂိတ်တွေကို အဆင့်ဆင့် ဖြတ်သန်းနေရတာဖြစ်တဲ့အတွက် ပြည်သူတွေအနေနဲ့ ခက်ခက်ခဲခဲသွားခဲ့ရတာမျိုးတွေ အများကြီးကြုံရပါတယ်။ နောက်တစ်ခုက ပေ(၇၀၀)ခန့်သာ ကွာဝေးတယ်လို့ ဝန်ကြီးအဖြေထဲမှာပါပါတယ်။ ကျွန်မတို့ မြေပုံအရတိုင်းတာ တဲ့အခါမှာ ပေ(၁၅၀၀)လောက်ရှိပါတယ်။ နောက်တစ်ခုက ရွာတွေကိုသွားလာရတဲ့အခါမှာ အခက်အခဲမရှိ သွားလာရတယ်ဆိုသော်လည်းပဲ ချောင်းတွေခြားတဲ့အတွက် ကျွန်မတို့ဒေသက လူတွေက ဒီဘက်ရွာကို ပညာရေးအနေနဲ့ လာမယ်ဆိုရင်တောင်မှ ဒီချောင်းဟာ မိုးတွင်းကာလမှာ ဖြစ်ရင် လှေနဲ့သပ်သပ်သွားရတဲ့အပိုင်းတွေ အများကြီးကြုံတွေ့ရပါတယ်။ ကလေးတွေဟာ ပညာရေး အနေနဲ့ရော ကျန်ခဲ့ရတဲ့အပိုင်းတွေ ကျန်းမာရေးအနေနဲ့ရော လူမှုစီးပွားဘဝအထွေထွေဟာ အင်မတန်နောက်ကျပြီး ခက်ခဲနေတဲ့အတွက်ကြောင့် ကျွန်မအနေနဲ့ တရားဝင်အမည်ပေါက် ပေးနိုင်ခြင်းရှိ/မရှိဆိုပြီး ဝန်ကြီးကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ဝန်ကြီးအနေနဲ့လည်း ဒီလိုမျိုး ရွာတွေကို သေသေချာချာ ဂဃနဏ ဆင်းပြီးတော့ မေးပြီးတော့ကြည့်စေချင်ပါတယ်။ နောက်တစ်ခု ကတော့ ကျွန်မတို့ ပေ(၇၀၀)ဆိုတာဟာ မြေပုံအရ(၁၅၀၀)ဖြစ်တဲ့အတွက် အောက်ခြေအဆင့်ကနေ ဖြေဆိုခြင်းများသည်လည်း ဘာကြောင့်ဒီလိုတွေ ဖြေဆိုနေတဲ့အပိုင်းတွေကို ဝန်ကြီးအနေနဲ့ စိစစ်ကြပ်မတ်ပေးဖို့ လိုအပ်ပါတယ်။ တစ်ဆက်တစ်စပ်တည်းပြောချင်တာကတော့ ကျွန်မတို့ မေးခွန်းတွေ မေးတဲ့အချိန်မှာ ပြည်ထဲရေးအမည်ပေါက်လို့မေးတဲ့အချိန်မှာ တတိယအကြိမ် လွှတ်တော်မှာတုန်းက ကျွန်မမေးခွန်းတစ်ခုမေးခဲ့တာ ရှိပါတယ်။ သို့သော်လည်း ယနေ့အချိန်အထိ ကတိကဝတ်ဝင်ပါလျက်နဲ့ ဖိုးလေးကုန်းအုပ်စုမှာလည်း တိုင်းတာခြင်းတွေမရှိဘူး။ ဒါတွေကိုလည်းပဲ ဝန်ကြီးတို့အနေနဲ့ ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ပေးဖို့ လိုတယ်ဆိုတဲ့အကြောင်းကိုလည်း ကျွန်မ အနေနဲ့ ဆက်စပ်ပြီးမေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ပပဟန်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ အမှတ်စဉ်(၂)တို့နှင့် ပတ်သက်သော ဆက်စပ်မေးခွန်းများကို လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ ရှေးဦးစွာ တင်ပြလိုတာတော့ မေးခွန်းမေးမြန်းထားတဲ့ကိစ္စများသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ လုပ်ငန်းတာဝန်များဖြစ်ပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ၂၀၁၈ခုနှစ် ဒီဇင်ဘာလ အတွင်းမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ လက်အောက်ကိုထည့်သွင်းပြီး လုပ်ငန်းများ ဆောင်ရွက် နေတာဖြစ်ပါတယ်။ လက်ရှိမှာဝန်ကြီးဌာနကိုယ်စား ကျွန်တော်က လာရောက်ဖြေကြားခြင်း ဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးပြောသလို ဝန်ကြီးအားနည်းချက်တွေကိုလည်း ဆက်လက်ပြီးတော့ တင်ပြသွားပေးပါမယ်။ ကျွန်တော်လည်း ကိုယ်စားလာဖြေတာဖြစ်တဲ့အတွက် ဒီနေရာမှာ အားနည်း သွားတာကိုလည်း ကျွန်တော့်အနေနဲ့ ရှေးဦးစွာဝန်ခံလိုပါတယ်။ ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးကိုတင်ပြပြီးတော့ စာဖြင့်ပြန်လည် ဖြေကြားပေးမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးအုန်းသွင်၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ရပ်ကွက် (သို့)ကျေးရွာအုပ်စုများ အတွင်းရှိ ဖွား/သေမှတ်ပုံတင်စာရင်းနှင့် ပုံစံ(၆၆/၆) အိမ်ထောင်စုစာရင်းများ မှန်ကန်မှုရှိစေရန်အတွက် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ နှင့် ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်နိုင်စေရန် မည်သို့ ကြီးကြပ်လမ်းညွှန်ထားသည်ကို သိရှိလိုပါကြောင်း”** နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအုန်းသွင်၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ရပ်ကွက်(သို့)ကျေးရွာအုပ်စုများ အတွင်းရှိ ဖွား/သေမှတ်ပုံတင်စာရင်းနှင့် ပုံစံ(၆၆/၆) အိမ်ထောင်စုစာရင်းများ မှန်ကန်မှုရှိစေရန် အတွက် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်နိုင်စေရန် မည်သို့ကြီးကြပ်လမ်းညွှန် ထားသည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တွေက မဲဆန္ဒရှင်ပြည်သူများနှင့် မကြာခဏတွေ့ဆုံပွဲတွေလုပ်ပါတယ်။ အဲ့ဒီလို လုပ်တဲ့အခါမှာ ပြည်သူအများစုရဲ့တင်ပြချက်တွေကတော့ မှတ်ပုံတင်တွေမရှိတဲ့အကြောင်း၊ ပျက်စီးတဲ့ အကြောင်း၊ အိမ်ထောင်စုစာရင်းတွေမရှိတဲ့အကြောင်း၊ ပျက်စီးတဲ့အကြောင်း ဒါ့အပြင် အိမ်ထောင်စု စာရင်းတွေရှိသော်လည်းပဲ မှန်ကန်မှုမရှိတာတွေကို တင်ပြလာတာကိုတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီမေးခွန်း ကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အချို့ဆိုရင် လွန်ခဲ့တဲ့ ၁၄နှစ်၊ ၁၅နှစ်တည်းက အိမ်ထောင်စုဇယားတွေက ဒီတိုင်းပဲရှိနေပါတယ်။ ဖွားတဲ့သူတွေကလည်း အိမ်ထောင်စုဇယားထဲမှာ မပါဝင်ပါဘူး။ ကလေးတွေဆိုရင် မူလတန်း၊ အလယ်တန်းအဆင့်ထိ ရောက်နေပါပြီ။ အိမ်ထောင်စုဇယားထဲမှာမပါပါဘူး။ ကျောင်းစအပ်ကတည်းက ကျန်းမာရေး ဌာနက မွေးစာရင်းနဲ့ပဲ အပ်သွားတဲ့အတွက် အိမ်ထောင်စုဇယားထဲမှာ မပါတာကိုလည်း တွေ့ရ ပါတယ်။

ဒ့ါအပြင် လွန်ခဲ့တဲ့ ၁၄နှစ်၊ ၁၅နှစ်က သေဆုံးတဲ့သူတွေဟာလည်း ဒီအိမ်ထောင်စု စာရင်းထဲမှာ ပါဝင်နေတာကို တွေ့ရပါတယ်။ အဲ့ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီအိမ်ထောင်စု စာရင်းတွေ မှန်ကန်ဖို့ဆိုရင် ရပ်/ကျေးအုပ်ချုပ်ရေးဆိုင်ရာ နည်းဥဒေပုဒ်မ ၂၀၊ အပိုဒ်ခွဲ (က) (ခ) (ဂ) (ဃ) တို့မှာလည်းပဲ ဖွား/သေစာရင်း၊ မှတ်ပုံတင်စာရင်းတွေ ပြုစုရန်နှင့် ပုံစံ ၆၆/၆ အိမ်ထောင်စု စာရင်းများ ပြုစုခြင်းများနှင့်ပတ်သက်လို့ ပြဌာန်းထားပြီးလည်းဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအနေဖြင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ ကျန်းမာရေးဌာနများနှင့် ပူးပေါင်းပြီးတော့ လုပ်ဆောင်ဖို့အတွက်ကို တိုင်းဒေသကြီးအစိုးရအနေဖြင့် ဘယ်လိုလမ်းညွှန်ကြီးကြပ်ထားတယ်ဆိုတာကို သိရှိလို၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးအုန်းသွင် မေးမြန်းသည့် မေးခွန်းအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ ဦးအုန်းသွင်၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ရပ်ကွက်(သို့)ကျေးရွာအုပ်စုများအတွင်းရှိ ဖွား/သေ မှတ်ပုံတင် စာရင်းနှင့် ပုံစံ(၆၆/၆) အိမ်ထောင်စုစာရင်းများ မှန်ကန်မှုရှိစေရန်အတွက် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်နိုင်စေရန် မည်သို့ ကြီးကြပ်လမ်းညွှန်ထားသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်တင်ပြသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ပုံစံ (၆၆/၆)ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ရပ်ကွက်/ကျေးရွာနေ အိမ်ထောင်စုအလိုက် ထုတ်ပေးထားသည့် အိမ်ထောင်စုလူဦးရေစာရင်းဖြစ်ပါသည်။ ထိုသို့ ထုတ်ပေးရာတွင် ကျေးရွာတွင် အမှန်တကယ်နေထိုင်သည့် အိမ်ထောင်စုများကိုသာ ပုံစံ(၆၆/၆) စိစစ်ထုတ်ပေးခြင်းဖြစ်ပြီး ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းမှ ပြောင်းရွှေ့ထွက်ခွာသွားသူများ၊ လစဉ်မွေးဖွားမှုများနှင့် သေဆုံးမှု များအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သူများကိုသာ ပုံစံ(၆၆/၆) ထုတ်ပေးခြင်း၊ ပယ်ဖျက်ပေးခြင်းများကို ဆောင်ရွက်ပေးပြီး လာရောက်မဆောင်ရွက်သည့် အိမ်ထောင်စုများအား မူလပုံစံ(၆၆/၆)စာရင်းမှ ပယ်ဖျက်ခြင်းမပြုပါ။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများအတွင်းရှိ ဖွား/သေမှတ်ပုံတင်စာရင်းနှင့် ပုံစံ(၆၆/၆) အိမ်ထောင်စုစာရင်းများ မှန်ကန်မှုရှိစေရန်အတွက် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာကာယကံရှင်ပြည်သူများမှ ပူးပေါင်းပါဝင်မှုတို့ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာနမှ စိစစ်ဆောင်ရွက်ပေးခြင်းဖြင့် ပြည့်စုံမှန်ကန်မှုရှိမည်ဖြစ်ပါသည်။ ထိုသို့

ဆောင်ရွက်ရာတွင် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများမှ လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်သွားရန် ညွှန်ကြားထားရှိပါသည်။

ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် မိမိတို့ ရပ်ကွက်/ကျေးရွာအုပ်စု အတွင်းရှိ လူဦးရေအတိုး/အလျော့စာရင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေနှင့်အညီ ပြဋ္ဌာန်းထားသော အ/ပုံစံ-၁(က)၊ အ/ပုံစံ-၁(ခ)၊ အ/ပုံစံ-၁(ဂ)၊ အ/ပုံစံ-၂၊ အ/ပုံစံ-၃၊ အ/ပုံစံ-၄ တို့ဖြင့် ပြုစုထိန်းသိမ်းပြီး လစဉ်အိမ်ခြေ/အိမ်ထောင်စု လူဦးရေစာရင်းတို့ကို သတ်မှတ်ပုံစံများဖြစ်သည့် အသက်အပိုင်းအခြားအလိုက် လူဦးရေစာရင်းမွေးဖွားမှု/သေဆုံးမှု ပြောင်းရွှေ့ရောက်ရှိမှု၊ ပြောင်းရွှေ့ထွက်ခွာမှု လူဦးရေစာရင်းများကို မြို့နယ်သို့ ပေးပို့ဆောင်ရွက်လျက်ရှိပါသည်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ-၁၉(ဂ)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများအနေဖြင့် မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့် အိမ်ထောင်စုပြောင်းရွှေ့ထွက်ခွာခြင်း၊ ပြောင်းရွှေ့ရောက်ရှိခြင်းတို့ကို သတင်းပေးပို့ရမည့်အပြင် မိမိတို့ကိုင်ဆောင်ထားသော အိမ်ထောင်စုစာရင်း(ဖဖ/၆)တွင် လူဦးရေအတိုး/အလျော့အတိုင်း သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတွင် သွားရောက်၍ ပြောင်းလဲဆောင်ရွက်မှသာလျှင် မှန်ကန်မှုရှိသော အိမ်ထောင်စုစာရင်းများ ဖြစ်လာမည်ဖြစ်ပါကြောင်းနှင့် ယင်းကိစ္စရပ်နှင့်ပတ်သက်၍ ပြည်သူလူထုသိရှိလိုက်နာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အသိပေးဆောင်ရွက်လျက်ရှိပါသည်။

ရပ်ကွက်/ကျေးရွာအုပ်စုများအတွင်း မွေးဖွားမှုနှင့် သေဆုံးမှုများအား သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှ မှတ်ပုံတင်ထိန်းသိမ်း ဆောင်ရွက်ကြပြီး အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(ဖဖ/၆)တွင် မွေးဖွားသူအမည်စာရင်းတိုးရန်နှင့် သေဆုံးသူအမည်စာရင်း ပယ်ဖျက်ရန်အတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှထုတ်ပေးသည့် မွေးစာရင်း/သေစာရင်း အထောက်အထားလက်မှတ်များနှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ ထောက်ခံချက်များဖြင့် သက်ဆိုင်ရာမြို့နယ် လ.ဝ.က ရုံးများတွင် လာရောက်လျှောက်ထားခြင်းဖြင့်လည်းကောင်း၊ မြို့နယ်ရုံးများမှ စီမံချက်များဖြင့် ရပ်ကွက်/ကျေးရွာအုပ်စုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင်လည်းကောင်း ဆောင်ရွက်သွားရမည်ဖြစ်သော်လည်း အများအားဖြင့် ရပ်ကွက်/ကျေးရွာများရှိ ပြည်သူလူထုသည် အိမ်ထောင်စုလူဦးရေစာရင်းတွင် မွေးတိုးဆောင်ရွက်မှုနှင့် သေဆုံးပယ်ဖျက်ဆောင်ရွက်မှုလုပ်ငန်းများအား ၎င်းတို့၏ စီးပွားရေး၊ လူမှုရေးအခြေအနေများ ဦးစားပေးဆောင်ရွက်နေမှုများကြောင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်ကာလအတွင်း ဆောင်ရွက်ခြင်းမရှိကြဘဲ ၎င်းတို့၏ ကိုယ်ရေးကိုယ်တာ အကြောင်းကိစ္စရှိမှသာ လာရောက်ဆောင်ရွက်ကြသည်ကို တွေ့ရှိရပါသည်။

ရပ်ကွက်/ကျေးရွာအုပ်စုများရှိ အချို့ပုံစံ(၆၆/၆) အိမ်ထောင်စုစာရင်းများတွင် လွန်ခဲ့သော (၁၀)နှစ် ကျော်ကတည်းက အိမ်ထောင်စုစာရင်းများအတိုင်းရှိနေခြင်း၊ မွေးဖွားသူများသည် မူလတန်းမှအလယ်တန်း အဆင့်အထိ ရောက်ရှိနေသော်လည်း အိမ်ထောင်စုစာရင်းတွင် အမည် ပါဝင်မှုမရှိခြင်း၊ ယခင်နှစ်များစွာကတည်းက ကွယ်လွန်ခဲ့သောသူများပင်လျှင် အိမ်ထောင်စု စာရင်းတွင် အမည်ပါဝင်နေခြင်းများ တွေ့ရှိရ ခြင်းဖြစ်ပါသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အိမ်ထောင်စု၊ လူဦးရေ စာရင်းလုပ်ငန်း ဆောင်ရွက်မှုနှင့်ပတ်သက်၍ အိမ်ထောင်စုစာရင်းလက်ကျန်များ စိစစ်ခြင်း၊ ထုတ်ပေးခြင်းများ စိစစ်ဆောင်ရွက်ပေးလျက်ရှိပြီး ဖွား/သေ လက်ကျန်စာရင်းများ ကျန်ရှိနေပါက ရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် မွေးဖွားကြောင်း အထောက်အထားလက်မှတ် ပုံစံ ထွေ-၁(က)၊ သေဆုံးကြောင်း အထောက်အထားလက်မှတ်ပုံစံ ထွေ-၂(က)တို့အား လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးတွင်ထုတ်ယူပြီး ဖွား/သေ ထောက်ခံ ချက်နှင့်အတူ အိမ်ထောင်ဦးစီးမှ ကိုယ်တိုင်လျှောက်ထားစေပြီး အိမ်ထောင်ဦးစီး မလာရောက် နိုင်ပါက အသက်(၁၈)နှစ်ပြည့်ပြီး မိသားစုဝင်တစ်ဦးဦးမှ ကိုယ်စားလှယ်လွှဲစာနှင့်အတူ အိမ်ထောင်စု လူဦးရေ စာရင်း(၆၆/၆)မူရင်း/မိတ္တူ လာရောက်လျှောက်ထားမှုများအား ဆောင်ရွက်ပေးနေခြင်းအပြင် ပြည်သူလူထုလွယ်ကူသက်သာ မြန်ဆန်စေရန် စီမံချက်များဖြင့် ရပ်ကွက်/ကျေးရွာအုပ်စုများသို့ ကွင်းဆင်း၍ ဆောင်ရွက်ပေးမှုများ ပြုလုပ်ခဲ့ပါသည်။

အိမ်ထောင်စုလူဦးရေစာရင်းတွင် မွေးဖွားသူကလေးအမည်စာရင်း ထည့်သွင်းရန်ကိစ္စနှင့် ပတ်သက်၍ ၁၉၅၁ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေများ အပိုဒ် ၂၈(၂)တွင် အုပ်ထိန်းသူမှ ကလေးမွေးဖွားပြီးနောက်(၇)ရက်အတွင်း ကလေး မှတ်ပုံတင်ရန်လိုအပ်သော အကြောင်းအရာများဖော်ပြလျက် ဆိုင်ရာစာရင်းထိန်းထံ တိုင်ကြား ရမည်ဟု သတ်မှတ်ပြဋ္ဌာန်းပြီး ဖြစ်ပါသည်။ ဝန်ကြီးဌာနအနေဖြင့်လည်း အိမ်ထောင်စုစာရင်းတွင် မွေးဖွားသူအမည်စာရင်းတိုးခြင်း၊ သေဆုံးသူအမည် စာရင်းပယ်ဖျက်ခြင်းများ ဆောင်ရွက်ရန် အတွက် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း လိုအပ်ချက်အထောက်အထားများအား မြို့နယ်ရုံး များတွင် ရေးသားထားခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စုများသို့ လက်ကမ်းစာစောင်များ ဖြန့်ဝေ ဆောင်ရွက်ထားခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စုများသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဌာနများနှင့်ပူးပေါင်း၍ ပြည်သူများအား အသိပညာပေးဟောပြောခြင်းများ ထည့်သွင်းဆောင်ရွက် လျက်ရှိပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ နယ်မြေတာဝန်ခံဆရာများနှင့် ပူးပေါင်း၍လည်း လစဉ် မွေးဖွားမှု/သေဆုံးမှုစာရင်းများအား ပြုစုဆောင်ရွက်လျက်ရှိပါသည်။

မြို့နယ်များတွင် ရပ်ကွက်/ကျေးရွာအုပ်စုများအတွင်းရှိ ဖွား/သေမှတ်ပုံတင်စာရင်းနှင့်ပုံစံ (၆၆/၆) အိမ်ထောင်စုစာရင်းများ မှန်ကန်မှုရှိစေရန်အတွက် ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း မွေးဖွား ခြင်းနှင့် သေဆုံးခြင်းကိစ္စရပ်များ ပေါ်ပေါက်လာပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု

အုပ်ချုပ်ရေး နည်းဥပဒေအပိုဒ် ၂၀(က)၊ (ခ)၊ (ဂ)တို့နှင့်အညီ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ တိုင်ကြားစေပြီး မွေးစာရင်းမှတ်ပုံတင်တွင်လည်းကောင်း၊ သေစာရင်းမှတ်ပုံတင်တွင်လည်းကောင်း ရေးသွင်းခြင်း၊ သက်ဆိုင်ရာ ကျန်းမာရေးဌာနသို့အကြောင်းကြားရန် ကြီးကြပ်ဆောင်ရွက်ခြင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသို့ ပုံစံ(၆၆/၆)၊ အိမ်ထောင်စု စာရင်းများအား သွားရောက်ပြင်ဆင်ရန် သက်ဆိုင်ရာ အိမ်ထောင်စုအား ထောက်ခံချက်ထုတ်ပေးရန် လမ်းညွှန်စေခြင်းတို့ ဆောင်ရွက်လျက် ရှိပါသည်။

ထို့အပြင် ရပ်ကွက်/ကျေးရွာအုပ်စုများအတွင်း ပုံစံ(၆၆/၆)အိမ်ထောင်စုစာရင်းများ ပိုမိုပြည့်စုံမှန်ကန်မှုရှိစေရေး၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနတို့နှင့် အခါအားလျော်စွာ ညှိနှိုင်းပေါင်းစပ် ကွင်းဆင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအုန်းသွင်၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးအုန်းသွင်၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ အခုလိုဖြေကြားပေးတဲ့အတွက် ဝန်ကြီး ကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။ ဖြေကြားရတဲ့ အဖြေလွှာကလည်း အင်မတန်မှ ရှည်လျားပါတယ်။ ကျွန်တော်သိချင်တာက ညွှန်ကြားချက်တွေ၊ လုပ်ထုံးလုပ်နည်းတွေကို ရှည်လျားစွာပြောမယ့်အစား ဒီစာရင်းကိုမှန်ကန်အောင် သက်ဆိုင်ရာမြို့နယ်တွေ အဆင့်တွေကို လ.ဝ.က လူဝင်မှုကြီးကြပ်ရေးတွေ၊ အမျိုးသားမှတ်ပုံတင်ရေးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန စတဲ့ဌာနတွေကို ဒီလုပ်ငန်းမှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်ဖြစ်ဖို့အတွက် ဘယ်လိုတွေ လမ်းညွှန်ထားတယ်ဆိုတာကို ကျွန်တော်သိချင်တာပါ။ ဒီ Process တွေကတော့ ဌာနဆိုင်ရာတွေရဲ့ Process တွေဖြစ်တဲ့အတွက် ကျွန်တော်သိချင်တာက ဒီ Process တွေမဟုတ်ပါဘူး။ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ဘယ်လိုတွေလမ်းညွှန်ထားတယ်ဆိုတာကို သိချင်တာပါ။ ဒါလေးကိုကျွန်တော်သိချင်တာပါ။

**ဥက္ကဋ္ဌ။** ။ဦးအုန်းသွင်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ ဒီနေရာမှာ ကျွန်တော်တို့ မေးခွန်းကိုရှည်ရှည်လျားလျား ဖြေကြားရခြင်းအကြောင်းကလည်း လက်ရှိစာရင်းတွေ ဘာကြောင့်မှားနေတယ်။ ဒီဥစ္စာတွေကိုမှန်ဖို့အတွက် ဘယ်သူတွေကတာဝန်ရှိတယ်ဆိုတာကို ပေါ်လွင် စေဖို့အတွက် ကျွန်တော်တို့ ရှင်းရှင်းလင်းလင်းဖြေကြားထားခြင်းဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ အဖြေလွှာထဲမှာလည်း ပါတာလေးရှိပါတယ်။ သက်ဆိုင်ရာအိမ်ထောင်စုတွေမှာ မွေးဖွားခြင်း၊ သေဆုံးခြင်းတွေကို စာရင်းတိုးဖို့အတွက်ကို မွေးဖွားတယ်ဆိုရင်လည်း မွေးဖွားပြီး(၇)ရက်အတွင်း သက်ဆိုင်ရာကျန်းမာရေး ဌာနမှာ ထောက်ခံချက်ယူပြီး လာရောက်ဆောင်ရွက်ရမယ်ဆိုတာကို ဥပဒေပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ကိုယ်တိုင်ကလည်း လာရောက်ဆောင်ရွက်ဖို့ တာဝန်ရှိပါတယ်။ ဖြေကြားတဲ့ထဲမှာလည်းပါပါတယ်။ ပြည်သူများကလည်း သူ့ရဲ့စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေး ကိုယ်တာကိစ္စတွေကြောင့် ဒီလိုမျိုး လာရောက် ဆောင်ရွက်ခြင်းမရှိတဲ့အတွက်လည်း လက်ရှိအချိန်မှာ ပြီးခဲ့တဲ့(၁၀)နှစ်ကျော်ကတည်းက သေသွားတဲ့လူတွေ စာရင်းတွေပါနေတာ လက်ရှိမူလတန်း အဆင့်ထိရောက်နေတဲ့ အလယ်တန်းအဆင့်ထိ ရောက်နေတဲ့ကျောင်းသားတွေ အိမ်ထောင်စု စာရင်းထဲမှာ မပါသေးတာတွေဖြစ်ပေါ်နေတာ ဖြစ်ပါတယ်။ အဲ့လိုမျိုးအတွက်ကို ကျွန်တော်တို့ ပြည်သူတွေကလည်း လာရောက်ဆောင်ရွက်ဖို့ တာဝန်ရှိသလို သိရှိ နိုင်ဖို့အတွက်ကိုလည်း လ.ဝ.က ကဆောင်ရွက်ရမယ့် လုပ်ထုံးလုပ်နည်း၊ နည်းလမ်းတွေကိုလည်း ရုံးတွေမှာ စာတွေနဲ့ကပ်ပေး ထားပါတယ်။ ထို့အတူပဲ ရပ်ကွက်၊ ကျေးရွာတွေကို ဆင်းတဲ့အချိန်မှာလည်း လက်ကမ်းစာစောင်တွေ ဖြန့်ဝေတာတွေ၊ ပညာပေးလုပ်ငန်းတွေကိုလည်း ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ဒါကြောင့် မို့လို့ ဒီလိုမျိုးစာရင်းတွေ မှန်ကန်ဖို့အတွက်ဆိုရင် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ၊ ကျန်းမာရေးဌာနတွေ၊ လ.ဝ.က တွေနဲ့ ပြည်သူတွေပူးပေါင်းပြီးတော့ ကိုယ့်ရဲ့တာဝန် တွေကို အားလုံးထမ်းဆောင်မှ ဖြစ်မှာဖြစ်ပါတယ်။ လ.ဝ.က အနေနဲ့ကတော့ အုပ်ချုပ်ရေးမှူးတွေနဲ့ ပေါင်းပြီးတော့ ပြည်သူတွေကိုသိအောင် ဟောပြောပေးသလို ရုံးတွေမှာလည်း လာရောက်ဆောင်ရွက် တဲ့အချိန်မှာ ဆောင်ရွက်ပေးသလို မြန်ဆန်အောင်လည်း သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာတွေကိုလည်း လိုက်လံပြီး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“ထန်းတပင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လိုအပ်သောသန့်စင်ခန်း (၂)ခန်းတွဲ (၂)လုံး၊ အဝီစိတွင်းနက်နှင့် ရေစင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်

(၂) **"ထန်းတပင်မြို့နယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မြို့နယ်အဆင့်မီခန်းမအသစ် တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ကျွန်တော့်ရဲ့ မေးခွန်းကတော့ ထန်းတပင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လိုအပ်သော သန့်စင်ခန်း(၂)ခန်းတွဲ (၂)လုံး၊ အဝီစိတွင်းနက်နှင့်ရေစင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ ရုံးဝန်ထမ်းပေါင်း (၆၄)ဦးရှိပါတယ်။ လစဉ် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် အစည်းအဝေးတွေ လုပ်တယ်။ အထူးအစည်းအဝေးတွေ လုပ်တဲ့အချိန်မှာ ထန်းတပင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှာ သန့်စင်ခန်း(၁)လုံးရှိပါတယ်။ အဲ့ဒီသန့်စင်ခန်းကလည်း နှစ်ပေါင်းကြာလာတဲ့အခါမှာ အသုံးပြုဖို့ အဆင်မပြေတော့ပါဘူး။ ဒါကြောင့် သန့်စင်ခန်း(၂)ခန်းတွဲ (၂)လုံး၊ အဝီစိတွင်းနက်နှင့် ရေစင်တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဒုတိယမေးခွန်းကတော့ ထန်းတပင်မြို့နယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မြို့နယ်အဆင့်မီခန်းမ အသစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းဖြစ်ပါတယ်။ ထန်းတပင်မြို့နယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနပိုင်ခန်းမဟာ နှစ်ပေါင်း(၅၀)ကျော်ကနေ သစ်သားတွေနဲ့ တည်ဆောက်ထားတဲ့ အဆောက်အဦကြီးလည်းဖြစ်ပါတယ်။ အခုအချိန်မှာ ဟောင်းနွမ်းဆွေးမြေ့ လာပြီဖြစ်တဲ့အတွက် အန္တရာယ်ရှိတဲ့အနေအထားအထိ ယိုယွင်းလာတာတွေ့ရှိရပါတယ်။ ဒါကြောင့် ထန်းတပင်မြို့နယ်အတွက် မြို့နယ်အဆင့်မီခန်းမအသစ်(၁)လုံး တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးခင်မောင်ဝင်း မေးမြန်းသည့် မေးခွန်း(၂)ခုအား သက်ဆိုင်ရာ တိုင်းဒေသကြီး အဆင့်အဖွဲ့အစည်းဝင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ထန်းတပင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနတွင် လိုအပ်သော သန့်စင်ခန်း (၂)ခန်းတွဲ (၂)လုံး၊ အဝီစိတွင်းနက်နှင့် ရေစင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်၌ မြို့နယ်ဦးစီးအရာရှိနေအိမ် အဟောင်းပြင်ဆင်ရန်

အတွက် ငွေကျပ် (၃၀၀၀၀၀၀)နှင့် ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ်၌ မြို့နယ်ရုံးမျက်နှာကျက်ပြင်ဆင်ရန်အတွက် ငွေကျပ် (၃၀၀၀၀၀၀)တို့အား သာမန်အသုံးစရိတ်ဖြစ်သော အဆောက်အဦပြင်ဆင်စရိတ် ငွေစာရင်းခေါင်းစဉ်မှ ရန်ပုံငွေများ ခွဲဝေချထားရရှိပြီးဖြစ်ပါသည်။

၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်တွင် ထန်းတပင်မြို့နယ် မြို့နယ်ရုံးဆေးသုတ်ခြင်းလုပ်ငန်းအတွက် ငွေကျပ်(၃၀၀၀၀၀၀)အား ၀၄၀၂-အဆောက်အဦငွေစာရင်းခေါင်းစဉ်မှ တင်ပြတောင်းခံခဲ့သော်လည်း (၉.၅.၂၀၁၉)ရက်နေ့ (၁၄:၀၀)အချိန်တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီနှင့်ပြုလုပ်သော အစည်းအဝေး၌ စိစစ်လျှော့ချခဲ့ပါကြောင်းနှင့် ယခုလိုအပ်သော သန့်စင်ခန်း(၂)ခန်းတွဲ (၂)လုံး၊ အဝီစိတွင်းနက်နှင့်ရေစင်အား ဘဏ္ဍာငွေလျာထားမှုတွင်မပါဝင်သဖြင့် တည်ဆောက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားအပ်ပါသည်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ထန်းတပင်မြို့နယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တွင် မြို့နယ်အဆင့်မီ ခန်းမအသစ် တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်း၍ ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ်တွင်လည်း တင်ပြခဲ့ခြင်းမရှိပါကြောင်းနှင့် ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်တွင်လည်း လျာထားတင်ပြထားခြင်းမရှိပါ၍ ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် နောင်ဘဏ္ဍာရေးနှစ်များ၌ ခွဲဝေရာတွင် သက်ဆိုင်ရာမိမိတို့၏ခရိုင်/မြို့နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာနသို့ ဦးစွာတင်ပြပြီး စီမံကိန်းစာရင်းဝင်ဖြစ်မှသာ ဘတ်ဂျက်တွင်တင်ပြတောင်းခံရန် ဘဏ္ဍာငွေခွဲဝေရရှိမှသာ ဆောင်ရွက်ပေး နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)** ။ ။ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။ နံပါတ်(၁)ပါ။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ကျွန်တော်တို့ တိုင်းဒေသကြီးလွှတ်တော်ဆိုရင် ဘတ်ဂျက်အနေအထားအရ ခွဲဝေပြီးတော့ (၂)ဘီလီယံနီးပါး တစ်မြို့နယ်စီကို ခွဲဝေပေးခဲ့ပါတယ်။ သို့သော်လည်း ပေးလိုက်တဲ့မြို့တွေမှာ ဘယ်လုပ်ငန်းတွေကိုတော့ အဓိကထားလုပ်ပါ။ သဘောကကျေးလက်လမ်းဦးစီးလုပ်ပါ။ လမ်းဦးစီးလုပ်ပါ။ လျှပ်စစ်လုပ်ပါ။ ဒီလိုရုံးတွေရဲ့ သာမာန်အသုံးစရိတ်ကို ကျွန်တော်တို့ ထည့်သွင်းလျာပြီးတော့ ပေးလိုက်ပါတယ်။ ဒီရုံးအသုံးစရိတ်တွေနဲ့ပတ်သက်လို့ ထည့်သွင်းလျာထားခဲ့တာ ရှိပါတယ်။ အမှန်တကယ်လိုအပ်တဲ့ ရန်ပုံငွေတွေကို ထည့်သွင်းရေးဆွဲတယ်။ အတည်ပြုတယ်။ သို့သော် ကျွန်တော်တို့က ဒီမေးခွန်းတွေကို အစိုးရအဖွဲ့

ဆီကတောင်းရမှာလား။ သက်ဆိုင်ရာရေးရာကော်မတီတွေကို မေးခွန်းမေးပြီးတောင်းရမှာလား ကျွန်တော်တို့ မခွဲခြားတတ်သလို ဖြစ်နေပါတယ်။ ဒါကြောင့် တကယ်လိုအပ်မှုရှိ/မရှိ သက်ဆိုင်ရာ မြို့နယ်ကိုယ်စားလှယ်တွေကို မေးသင့်ပါတယ်။ ဒီလိုမှမဟုတ်ဘဲ ထင်ရာစိုင်းပြီးတော့ ဖြတ်မယ် ဆိုရင် သက်ဆိုင်ရာမြို့နယ်တွေမှာ များစွာအခက်အခဲရှိပါတယ်။ ဒါကြောင့် ဒီမေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်တို့က နောက်နောင် ဒီသာမန်အသုံးစရိတ်တွေကို ရေးရာကော်မတီတွေဆီမှာ မေးခွန်း မေးပြီး တောင်းရမှာလား။ သက်ဆိုင်ရာအစိုးရအဖွဲ့ဆီမှာ တောင်းရမှာလား ဒါလေးကို ဖြေကြား ပေးစေလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးခင်မောင်ဝင်းမေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား- ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့မေးခွန်းကို သေသေချာချာ မရှင်းလိုက်တဲ့အတွက် ထပ်မံပြီးမေးမြန်းခွင့်ပြုပါလို့ တင်ပြပါတယ်။ တစ်ခေါက်လောက်ပြန်ပြီး မေးစေချင်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ခုန ကျွန်တော်တို့ ဆွေးနွေးခဲ့တာ ရှိပါတယ်။ သက်ဆိုင်ရာကိုယ်စားလှယ်တွေကို မြို့နယ်အလိုက် 2 ဘီလီယံစီ ခွဲဝေလျာထားပေးခဲ့ပါတယ်။ သို့သော် ဒီ 2 ဘီလီယံက သက်ဆိုင်ရာမြို့နယ်တွေက လျာခိုင်းတဲ့ အချိန်မှာ ကျေးလက်လမ်းဦးစီးလျာပါ။ လမ်းဦးစီးကိုလျာပါ။ ဆည်မြောင်းလျာပါ။ လျှပ်စစ်လျာပါ။ ဒီလိုခေါင်းစဉ်တွေတပ်တယ်။ ငွေလုံးတွေနဲ့သာ လျာခိုင်းလိုက်တယ်။ သာမန် အသုံးစရိတ်တွေကို ထည့်သွင်းလျာခွင့်မပေးလိုက်ပါဘူး။ အဲ့ဒီတော့ ငွေလုံးကိုသာ အဓိကထား လျာပြီးတော့ သာမန် အသုံးစရိတ်ကို သက်ဆိုင်ရာဌာနတွေက သူ့ဌာနအလိုက် တောင်းခံကြပါတယ်။ သို့သော် ကျွန်တော်တို့မြို့နယ်တွေက လိုအပ်ချက်တွေကို သာမန်တွေကို ထည့်သွင်းလျာလိုက်တဲ့အချိန်မှာ သက်ဆိုင်ရာက ဖြတ်ချတယ်ဆိုတော့ ကျွန်တော်တို့က အမှန်တကယ် ကျွန်တော်တို့ မြို့နယ်တွေမှာ လိုအပ်တာက ဒီခေါင်းစဉ်ကို အစိုးရအဖွဲ့ဆီမှာတောင်းရမှာလား။ အစိုးရအဖွဲ့ဆီမှာ လွှတ်တော်က မေးခွန်းမေးမြန်းပြီးတောင်းရမှာလားဆိုတာ သက်ဆိုင်ရာလွှတ်တော်ရဲ့ ရေးရာကော်မတီတွေကို မေးခွန်းမေးပြီးတောင်းရမှာလားဆိုတာ ကျွန်တော်မသိလို့ ဒါလေးကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ ကျွန်တော်တို့ ဒီမှာ ဖြေတာကတော့ ၂၀၁၇-၂၀၁၈ ၊ ၂၀၁၉-၂၀၂၀ ဘတ်ဂျက်နှစ်တွေမှာ လျာထားတင်ပြတာတွေ မရှိတဲ့ အတွက် သက်ဆိုင်ရာ မိမိတို့၏ခရိုင်/မြို့နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာနသို့ ဦးစွာတင်ပြပြီး စီမံကိန်း စာရင်းဝင်ဖြစ်မှသာ ဘတ်ဂျက်တွင်တင်ပြတောင်းခံရန်ဆိုတဲ့ အဓိပ္ပာယ်ကတော့ မြို့နယ်မှာ မြို့တော် အဆင့်မီခန်းမလိုတယ်ဆိုရင် ဥပမာ- ထန်းတပင်မြို့နယ်လိုနေတယ်ဆိုရင် ထန်းတပင် မြို့နယ်ကနေပြီးတော့ သူ့မြို့နယ်မှာလိုအပ်ချက်တွေကို ဘတ်ဂျက်တွေကို သူ့ရဲ့တိုင်းကိုတင်ပြီးတော့ တိုင်းကနေပြီးတော့ ထည့်ပြီးတော့ရေးဆွဲဖို့ကို ကျွန်တော်တို့ကတင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော် တို့က ကော်မတီတွေကို ဆက်စပ်ပြီးဖြေကြားခြင်းမဟုတ်ဘဲနဲ့ မြို့နယ်မှာလိုချင်တယ်ဆိုရင် မြို့နယ် ထွေ/အုပ်ကနေပြီးတော့ သူ့မြို့နယ်မှာ ဒီအဆောက်အဦတွေလိုနေပါတယ်။ ဒါတွေလိုနေပါတယ် ဆိုရင် သူ့ရဲ့လိုအပ်ချက်တွေကို တိုင်းကိုတင် တိုင်းကနေမှတစ်ခါထည့်ဆွဲမှာဖြစ်ပါတယ်။ ဒါပေမယ့် အခုလက်ရှိမှာ ကိုယ်စားလှယ်ကြီး မေးခွန်းမေးမြန်းတဲ့ အဝီစိတွင်း(၂)တွင်းတို့ သန့်စင်ခန်း(၂)ခန်းတွဲ (၂)လုံးတို့ မြို့တော်ခန်းမတို့ဆိုတာကို မြို့နယ်ထွေ/အုပ်ကနေပြီးတော့ သူ့ရဲ့စီမံကိန်းထဲမှာ တင်ပြတဲ့အခါမှာ လျာထားချက်ကို တင်ပြတောင်းခံတဲ့ထဲမှာ ပါဝင်ခြင်းမရှိတဲ့အတွက် ဘတ်ဂျက် တွေမှာ ပါဝင်ခြင်းမရှိသေးပါဘူးဆိုတာကို ကျွန်တော်က ပြန်လည်ဖြေကြားခြင်းဖြစ်ပါတယ်။ တကယ်လို့ ဒီလိုမျိုးပါချင်ပါတယ်ဆိုရင်တော့ မြို့နယ်ထွေ/အုပ်ကို တိုက်တွန်းပြီးတော့ မြို့နယ် ထွေ/အုပ်ကနေပြီးတော့ လာမယ့်ဘတ်ဂျက်ကိုတင်တောင်းတဲ့အခါကျရင် ဒီဥစ္စာတွေကိုထည့်ပေးပါ။ ထည့်ပေးပြီးတော့ တိုင်းကိုတင်လိုက်ရင် တိုင်းကနေပြန်ပြီးတော့ စိစစ်ရွေးချယ်ပြီးတော့ တင်ပြ တောင်းခံရင် ဘတ်ဂျက်ထဲမှာပါမှာဖြစ်ပါတယ်ဆိုတဲ့အကြောင်းကို ကျွန်တော်က ဖြေကြားခြင်း ဖြစ်ပါတယ်။ ဆောက်လုပ်ပေးနိုင်ခြင်းမရှိသေးပါဘူးဆိုတာကတော့ မြို့နယ်ကနေ တင်ပြ တောင်းခံခြင်း မရှိသေးတဲ့အတွက် ဘတ်ဂျက်မှာပါဝင်ခြင်းမရှိသေးတဲ့အတွက် ဆောက်လုပ်ပေး နိုင်ခြင်း မရှိသေးပါဘူးဆိုတာကို ကျွန်တော့်အနေနဲ့ ဖြေကြားခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ခဏလေးပြောခွင့်ပြုပါ။ ဝန်ကြီး ဖြေသွားတာမှန်ပါတယ်။ ဒါပေမယ့် မေးခွန်းကလွဲနေပါတယ်။ ကျွန်တော်မေးတာက မေးခွန်းနံပါတ်(၁) ရဲ့ ဒုတိယအပိုဒ်ကိုပါ။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ ပြုလုပ်သောအစည်းအဝေး၌ စိစစ်လျှော့ချခဲ့ပါသည်။ ဒီဟာက ဘဏ္ဍာ ရန်ပုံငွေမှာ စီမံကိန်းမှာပါဝင်ပြီး သားဖြစ်ပါတယ်။ အဲ့ဒါကိုဖြတ်တာကို ကျွန်တော်ကပြောတာပါ။

**ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ စိစစ်လျှော့ချ တာကတော့ တိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီနှင့်

ပြုလုပ်သော အစည်းအဝေးမှာ စိစစ်လျှော့ချခဲ့တယ်ဆိုတဲ့အတွက် ဒီဥစ္စာကို စိစစ်လျှော့ချခဲ့တယ်ဆိုတာနဲ့ပတ်သက်ပြီးတော့ မေးမြန်းမယ်ဆိုရင်တော့ လျှော့ချခဲ့တာက ပဲခူးတိုင်းဒေသကြီးလွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီနှင့် ပြုလုပ်သောအစည်းအဝေးမှာ လျှော့ချခဲ့တာဖြစ်တဲ့အတွက် ဘယ်သူလျှော့ချခဲ့လဲ မေးမြန်းမယ်ဆိုရင် ကော်မတီကလျှော့ချခဲ့တာဖြစ်လို့ကော်မတီကို မေးမြန်းရမှာဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ဖြေကြားလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ထိန်တောကျေးရွာ အုပ်စုအား ထိန်တောမြို့အဖြစ် အဆင့်မြှင့်ပြင်ဆင်ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ထိန်တောကျေးရွာအုပ်စုအားထိန်တောမြို့အဖြစ် အဆင့်မြှင့်ပြင်ဆင်ဖွဲ့စည်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကိုမေးမြန်းအပ်ပါသည်။ မိုးညိုမြို့နယ်မှာရှိတဲ့ ထိန်တောကျေးရွာအုပ်စုကို ထိန်တောမြို့အဖြစ်အဆင့်မြှင့်ပြင်ဆင်ဖွဲ့စည်းပေးပါရန် ၂၀၁၄ခုနှစ် နိုဝင်ဘာလ (၁၅)ရက်နေ့မှာ တင်ပြလျှောက်ထားခဲ့ပါတယ်။ ထိန်တော၊ စစ်ကွင်း၊ အိုးသည်ကုန်း၊ တာပွန်၊ ကျွဲပွဲမြို့များကို ဖွဲ့စည်းခွင့်ပြုခဲ့ပါတယ်။ သို့သော်၂၀၁၅-၂၀၁၆ခုနှစ်မှာ မိုးညိုမြို့နယ်ဟာ ကမ္ဘာ့ဘဏ်လူထုဗဟိုပြုစီမံကိန်းကြောင့် ထိန်တောမြို့အဖြစ်အဆင့်မြှင့်ပြင်ဆင်ဖွဲ့စည်းခြင်းကို ဆိုင်းငံ့ခံခဲ့ရပါတယ်။ ယခုအခါ မိုးညိုမြို့နယ်ကမ္ဘာ့ဘဏ် လူထုဗဟိုပြုစီမံကိန်းဟာ စတုတ္ထနှစ်စက်ဝန်း နောက်ဆုံးနှစ်ကို ရောက်ရှိလာပါပြီ။ သို့ဖြစ်ပါ၍ ထိန်တောကျေးရွာအုပ်စုအား အထက်တွင်တင်ပြခဲ့သော မြို့များကဲ့သို့ ထိန်တောမြို့အဖြစ် အဆင့်မြှင့်တင်ဖွဲ့စည်းပေးပါရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးဝင်းကို မေးမြန်းသည့် မေးခွန်းအား သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ထိန်တောကျေးရွာအုပ်စုအား ထိန်တောမြို့အဖြစ် အဆင့်မြှင့်ပြင်ဆင်ဖွဲ့စည်းပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ထိန်တောကျေးရွာအုပ်စုသည် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်တွင်ပါဝင်ပြီး တရားဝင်အမည်ပေါက်သော ထိန်တော

ကျေးရွာ၊ ထောက်ကြံ့ကျေးရွာ၊ သက္ကယ်ကွင်းကျေးရွာ၊ ရေသပြာကျေးရွာ၊ ဥတိုကျေးရွာ၊ စုစုပေါင်း ကျေးရွာ(၅)ရွာ ဖြင့် ဖွဲ့စည်းထားသော ကျေးရွာအုပ်စုဖြစ်ပါသည်။

၂၀၁၄ခုနှစ်တွင် ထိန်တောကျေးရွာအုပ်စုအား မြို့အဖြစ် အဆင့်မြှင့်ပြင်ဆင်ဖွဲ့စည်းနိုင်ရေး အတွက် အမှုတွဲဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ကမ္ဘာ့ဘဏ်လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းများကို သက်ဆိုင်ရာကျေးရွာများမှ ဆောင်ရွက်လိုသည့်အတွက် ဒေသခံပြည်သူများ၏ သဘောဆန္ဒအရ ထိန်တောမြို့အဖြစ် အဆင့် မြှင့်ပြင်ဆင်ဖွဲ့စည်းခြင်းလုပ်ငန်းများ ရပ်ဆိုင်းထားခဲ့ပါသည်။

ထိန်တောကျေးရွာအုပ်စုကို ထိန်တောမြို့အဖြစ် အဆင့်မြှင့်ပြင်ဆင်ဖွဲ့စည်းရန် အစီအစဉ် ရှိ/မရှိ နှင့်ပတ်သက်၍ ဒေသခံပြည်သူများ၏ သဘောဆန္ဒဖြင့် ပြန်လည်တင်ပြလာပါက လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းခဲ့သည့် တိုင်းဒေသကြီး လွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ အစီရင်ခံစာ(၁/၂၀၁၉)ပါ အကြံပြုချက်များအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းခဲ့သည့် တိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီအစီရင်ခံစာ(၁/၂၀၁၉)ပါ အကြံပြုချက်များအပေါ် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွန့်ညွန့်ဌေး [ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]**။ ။ကျွန်မအနေနဲ့ (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေးသို့ တင်သွင်းခဲ့သည့် ရေးရာကော်မတီအစီရင်ခံစာရဲ့ အကြံပြုချက်တွေအပေါ်မှာ ဆောင်ရွက် ထားမှုတွေကို ပြန်လည်ရှင်းလင်းမှာဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ကျွန်မ ပြောချင်တာက ဒီအစီရင်ခံစာအပေါ်မှာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အလုပ်သမား ရေးရာဆိုတဲ့ ခေါင်းစဉ်တွေအများကြီးပါပါတယ်။ အဲ့ဒီမှာ ပါတဲ့ခေါင်းစဉ်တွေအရ ကြည့်မယ်ဆိုရင် ပညာရေး၊ ကျန်းမာရေးဆိုတဲ့ ကိစ္စဖြစ်ပါတယ်။ လူမှုရေးဆိုတဲ့အပိုင်းမှာ အလုပ်သမားရေးရာ အပိုင်းဆိုရင် ကျွန်မဌာနအောက်မှာမရှိပါဘူး။ ကျွန်မဌာနအောက်မှာရှိတဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ကိစ္စ(၂)ခုကို ပြန်လည်ရှင်းလင်းဖြေကြားပါမယ်။

နံပါတ်(၁)အချက်က အကြံပြုချက် ၅(ခ)မှာပါဝင်တဲ့ ဖြူးမြို့နယ်အုပ်ချုပ်ရေးမှူးမှ ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုကျော်လွန်၍ ပညာရေးလုပ်ငန်းများကိုစွက်ဖက်သည့် ကိစ္စနှင့် စပ်လျဉ်းပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကော်မတီမှ ပူးပေါင်းပြီးတော့ ဆောင်ရွက်ကြမယ် ဆိုရင် ပြေလည်သွားမယ့် အနေအထားတွေရှိတယ်။ ဖွံ့ဖြိုးတိုးတက်မှုတွေဖြစ်လာမယ်ဆိုတဲ့ အကြံပြုချက်ကိုပေးထားပါတယ်။ အဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်မတို့ စုံစမ်းထောက်လှမ်းတဲ့ အခါမှာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီရဲ့ အကြံပြုချက်ကို လိုက်နာဆောင်ရွက်ပြီးတော့ ဝင်ရောက် စွက်ဖက်မှုတွေမရှိတော့ဘဲနဲ့ ပူးပေါင်းဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ် ပါတယ်။

နံပါတ်(၂)ကတော့ အကြံပြုချက်များ ၅(စ)မှာပါဝင်တဲ့ ပဲခူးတက္ကသိုလ်ဆေးရုံသည် ဆေးရုံ အဆောက်အအုံ ပြည့်စုံကောင်းမွန်ပါသော်လည်း ကျန်းမာရေးဝန်ထမ်းမရှိသဖြင့် အသုံးမပြုနိုင်ခြင်း အတွက် ဆရာဝန်၊ ကျန်းမာရေးဝန်ထမ်းများ ရရှိရေးမှာ အရေးကြီးဆောင်ရွက်ရမည့်ကိစ္စ ဖြစ်ကြောင်း အကြံပြုချက် နှင့်ပတ်သက်ပြီးတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာနက ၂၈.၂.၂၀၁၉ ရက်စွဲပါစာအမှတ် ၀၇၅၂၊ လူမှု ၂၀၁၉ ဖြင့် တိုင်းဒေသကြီးကုသရေးဦးစီးဌာနသို့ လည်းကောင်း၊ ၂၈.၂.၂၀၁၉ ရက်စွဲပါစာအမှတ် ၀၇၅၁၊ လူမှု ၂၀၁၉ဖြင့် ပါမောက္ခချုပ်၊ ပဲခူးတက္ကသိုလ်သို့လည်းကောင်း မိမိတို့နှင့်သက်ဆိုင်သော ဝန်ကြီးဌာနအသီးသီးသို့ တင်ပြ တောင်းခံရန် ညွှန်ကြားထားရာ တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ ၈.၃.၂၀၁၉ ရက်စွဲပါစာအမှတ် ၁၀၅၉/ပခတ ကုသရေး၊ ထွေ ၂၀၁၉ဖြင့် ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန နေပြည်တော်သို့ လည်းကောင်း၊ ပဲခူးတက္ကသိုလ်မှ ၄.၄.၂၀၁၉ ရက်စွဲပါစာအမှတ် ၇၄၄/ပခတ/ပါချုပ်/ တက္ကသိုလ် ဆေးရုံ/၂၀၁၉ဖြင့် ညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြ တောင်းခံထားပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ညွှန်ကြားထားပြီးဖြစ်တဲ့ အကြောင်းကြားစာ မိတ္တူတွေကိုလည်း ပူးတွဲပြီးတော့ ကော်မတီကို ပေးအပ်ထားပါတယ်။ ဒီ(၂)ခုပဲ ကျွန်မအနေနဲ့ ဖြေကြားရမှာ ဖြစ်တဲ့အကြောင်းကို ပြောကြားရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီအစီရင်ခံစာကို ရေးရာကော်မတီ အတွင်းရေးမှူး ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီး လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီအစီရင်ခံ စာကို ရေးရာကော်မတီအတွင်းရေးမှူး ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့တင်သွင်းသည့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီမှ တင်သွင်းသောအစီရင်ခံစာ

**နိဒါန်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် လွှတ်တော်လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇ အပိုဒ်(က)၊ (ခ)၊ (ဂ)အရလည်းကောင်း၊ ၂၀၁၃ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆အရလည်းကောင်း၊ ၂၀၁၄ခုနှစ် တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ နည်းဥပဒေခွဲ (က)၊ (ခ)အရ ရေးရာကော်မတီ (၁၀)ခုဖွဲ့စည်းထားရှိသည့်အနက် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည်လည်း အပါအဝင်ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် တပ်မတော်သားလွှတ်တော်ကိုယ်စားများ အပါအဝင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် များသည် မိမိတို့ မြို့နယ်အလိုက်ကိုယ်စားပြု၍ သော်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တစ်ခုလုံးကို ကိုယ်စားပြု၍သော်လည်းကောင်း၊ ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ဥပဒေပြုရေးစသည့် ကဏ္ဍပေါင်းစုံအတွက် ဥပဒေပြုရေးတာဝန်၊ အပြန်အလှန်ထိန်းကျောင်းရေးတာဝန်၊ ပြည်သူများ ကိုယ်စားပြုရေးတာဝန်များအရ လိုအပ်သော ဥပဒေများပြုစုပြဋ္ဌာန်းခြင်း၊ ပြဋ္ဌာန်းပြီးသော ဥပဒေများမှ လိုအပ်ချက်များအား ပြင်ဆင်ဖြည့်စွက်ခြင်း၊ အဆို၊ မေးခွန်းများအား တင်သွင်း မေးမြန်းခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီအနေဖြင့် တိုင်းဒေသကြီးလွှတ်တော်တွင် တင်သွင်းသော ဥပဒေကြမ်း၊ ဆုံးဖြတ်ချက်၊ အဆို (သို့မဟုတ်)အစီရင်ခံစာများ၊ တိုင်းဒေသကြီးလွှတ်တော်တွင် ဖြေကြားခဲ့သည့် အချေများ၊ အဖြေများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က ကတိပြုခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ ကို စိစစ်ခြင်းလုပ်ငန်းအား အဓိကတာဝန်ယူဆောင်ရွက်နေပါသည်။

**ရည်ရွယ်ချက်**

ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီမှ ကော်မတီ၏လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများအား အစီရင်ခံတင်ပြရန်ဖြစ်ပါသည်။

**အစီရင်ခံသည့်ကာလအတွင်း ကော်မတီ၏ ဆောင်ရွက်ချက်များ**

အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများအား အောက်ပါနေ့ရက်များအတိုင်း ကျင်းပဆောင်ရွက်ခဲ့ ပါသည်-

- **လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၁၉)**။ (၄.၂.၂၀၁၉)ရက်နေ့မှ (၈.၂.၂၀၁၉) ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းမည့် ကော်မတီအစီရင်ခံစာ တင်ပြနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊ ဒုတိယပုံမှန် အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးအထိ လက်ကျန်ကတိကဝတ်ပြု အဆို၊ မေးခွန်းများအား အသေးစိတ်စာရင်းပြုစုခြင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးဌာနများလက်အောက်ရှိ ဦးစီးဌာနများ၏ ကတိကဝတ်ပြုအဆို၊ မေးခွန်းများအား ဦးစီးဌာနတစ်ခုချင်းစီအလိုက် ခွဲထုတ်၍ စာရင်းပြုစုခြင်းများ ဆောင်ရွက်ခဲ့ပါသည်။
- **လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၁၉)**။ (၁၈.၃.၂၀၁၉)ရက်နေ့မှ(၂၉.၃.၂၀၁၉) ရက်နေ့ ဆောင်ရွက်ခဲ့ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်း မေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများအား ကတိကဝတ်ဖြစ်/မဖြစ် စိစစ်ခြင်းများ၊ ကတိကဝတ်ပြု အဆို၊ မေးခွန်းများအား ဦးစီးဌာနအလိုက် ခွဲထုတ်စာရင်းပြုစု ခြင်းများ၊ (၁၁)ကြိမ်မြောက်ပုံမှန်အစည်း အဝေး၏ ကတိကဝတ်ပြု အဆို၊ မေးခွန်းများစာရင်းကို တိုင်းဒေသကြီးလွှတ်တော်ရုံးသို့ ပေးပို့ခြင်းများ ဆောင်ရွက် ခဲ့ပါသည်။
- **လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၄/၂၀၁၉)**။ (၁.၄.၂၀၁၉)ရက်နေ့မှ (၅.၄.၂၀၁၉) ရက်နေ့ထိ လည်းကောင်း၊ (၂၉.၄.၂၀၁၉)ရက်နေ့မှ (၃.၅.၂၀၁၉)ရက်နေ့ထိ လည်းကောင်း ဆောင်ရွက်ခဲ့ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှ နဝမပုံမှန်အစည်းအဝေး အထိ ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ရန်ကျန်သည့် လက်ကျန်ကတိကဝတ်များနှင့် ဒသမပုံမှန်အစည်းအဝေးမှ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ ကတိကဝတ် ပြုခဲ့သည့် အဆို၊ မေးခွန်းများ အားပေါင်းစပ်၍ လက်ကျန်ကတိကဝတ်စာရင်း များအား ဦးစီးဌာနအလိုက် ခွဲထုတ်၍ စာရင်းပြုစုခြင်း၊ အသေးစိတ်စာရင်းရေးဆွဲခြင်း၊ ကတိကဝတ်စာရင်းချုပ်အား ရေးဆွဲခြင်းများဆောင်ရွက်ပြီး ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ကော်မတီမှ တင်သွင်းမည့် အစီရင်ခံစာနှင့်ပတ်သက်၍လည်းကောင်း၊ ကော်မတီမှ ဆက်လက် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေး တိုင်ပင်ခဲ့ပါသည်။

**ကော်မတီ၏ စိစစ်သုံးသပ်တွေ့ရှိချက်များ**

ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များမှ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ ကြယ်ပွင့်ပြမေးခွန်း၊ ကြယ်ပွင့်မပြမေးခွန်းများအပေါ် ဝန်ကြီးဌာနအလိုက် ကတိကဝတ်ဖြစ်မှု၊ ကတိ ကဝတ်မှပယ်ဖျက်နိုင်မှုနှင့် လက်ကျန်ကတိကဝတ်အခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနအား အဆို၊ မေးခွန်း (၁၉၈)ခု တင်သွင်းမေးမြန်းခဲ့ရာ ကတိကဝတ်ဖြစ်မှု (၁၂၈)ခုရှိပြီး ပယ်ဖျက်နိုင်မှုမှာ (၈၃)ခုဖြစ်၍ လက်ကျန်ကတိကဝတ်မှာ (၄၅)ခု ကျန်ရှိပါသည်။
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနအား အဆို၊ မေးခွန်း(၄၉၅)ခု တင်သွင်းမေးမြန်းခဲ့ရာ ကတိကဝတ်ဖြစ်မှု (၃၀၁)ခု ရှိပြီး ပယ်ဖျက်နိုင်မှုမှာ(၂၁၄)ခုဖြစ်၍ လက်ကျန်ကတိကဝတ်မှာ (၈၇)ခု ကျန်ရှိ ပါသည်။
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာနအား အဆို၊ မေးခွန်း(၉၆)ခု တင်သွင်းမေးမြန်းခဲ့ရာ ကတိကဝတ်ဖြစ်မှု (၇၄)ခုရှိပြီး ပယ်ဖျက်နိုင်မှုမှာ(၂၅)ခုဖြစ်၍ လက်ကျန်ကတိကဝတ် မှာ (၄၉)ခု ကျန်ရှိပါသည်။
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနအား အဆို၊ မေးခွန်း(၄၀၅)ခု တင်သွင်းမေးမြန်းခဲ့ရာ ကတိကဝတ်ဖြစ်မှု (၂၈၆)ခုရှိပြီး ပယ်ဖျက်နိုင်မှုမှာ(၂၀၁)ခုဖြစ်၍ လက်ကျန်ကတိကဝတ်မှာ (၈၅)ခု ကျန်ရှိပါသည်။
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာနအား အဆို၊ မေးခွန်း(၅၀၅)ခု တင်သွင်း မေးမြန်းခဲ့ရာ ကတိကဝတ်ဖြစ်မှု (၃၉၃)ခုရှိပြီး ပယ်ဖျက်နိုင်မှုမှာ (၃၁၀)ခုဖြစ်၍ လက်ကျန်ကတိကဝတ်မှာ (၈၃)ခုကျန်ရှိပါသည်။
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအား အဆို၊ မေးခွန်း (၇၀)ခု တင်သွင်းမေးမြန်းခဲ့ရာ ကတိကဝတ်ဖြစ်မှု (၃၃)ခုရှိပြီး ပယ်ဖျက် နိုင်မှုမှာ (၂၃)ခု ဖြစ်၍ လက်ကျန်ကတိကဝတ်မှာ (၁၀)ခုကျန်ရှိပါသည်။
- ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊ တရားသူကြီးချုပ်အား မေးခွန်း(၁၂)ခုမေးမြန်း ခဲ့ရာ ကတိကဝတ်ဖြစ်မှု(၅)ခုရှိပြီး ပယ်ဖျက်နိုင်မှုမှာ (၂)ခုဖြစ်၍ လက်ကျန် ကတိကဝတ်မှာ (၃)ခုကျန်ရှိပါသည်။

- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စာရင်းစစ်ချုပ်အား မေးခွန်း(၂)ခုမေးမြန်းခဲ့ပြီး လက်ကျန်ကတိကဝတ်မရှိပါ။
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ်အား မေးခွန်း(၃)ခု မေးမြန်းခဲ့ပြီး လက်ကျန်ကတိကဝတ်မရှိပါ။
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနအား အဆို၊ မေးခွန်း (၈)ခု တင်သွင်းမေးမြန်းခဲ့ရာ ကတိကဝတ်ဖြစ်မှု (၆)ခုရှိပြီး ပယ်ဖျက်နိုင်မှုမှာ(၁)ခုဖြစ်၍ လက်ကျန်ကတိကဝတ်မှာ (၅)ခုကျန်ရှိပါသည်။

ဒုတိယပုံမှန်အစည်းအဝေးမှ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ အဆို၊ ကြယ်ပွင့်ပြမေးခွန်းနှင့် ကြယ်ပွင့်မပြမေးခွန်းများ၏ အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- အဆိုစုစုပေါင်း (၂၅)ခုတင်သွင်းခဲ့ရာ အဆို(၂၀)ခုအတည်ပြုနိုင်ခဲ့ပြီး အဆို(၈)ခုအား ပယ်ဖျက်နိုင်ခဲ့၍ ဆောင်ရွက်ရန်ကျန်သည့်အဆို (၁၂)ခုရှိပါသည်။
- ကြယ်ပွင့်ပြမေးခွန်း(၉၈၆)ခုမေးမြန်းခဲ့ရာ ကတိကဝတ်အဖြစ် (၆၉၉)ခုရှိပြီး ပယ်ဖျက်နိုင်ခဲ့သည်မှာ (၄၇၇)ခုဖြစ်၍ ဆောင်ရွက်ရန်လက်ကျန်ကတိကဝတ် (၂၂၂)ခုရှိပါသည်။
- ကြယ်ပွင့်မပြမေးခွန်း(၇၈၃)ခုမေးမြန်းခဲ့ရာ ကတိကဝတ်အဖြစ်(၅၀၇)ခုရှိပြီးပယ်ဖျက်နိုင်ခဲ့သည်မှာ (၃၇၄)ခုဖြစ်၍ ဆောင်ရွက်ရန်လက်ကျန်ကတိကဝတ် (၁၃၃)ခုရှိပါသည်။
- ဒုတိယပုံမှန်အစည်းအဝေးမှ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ အဆို၊ ကြယ်ပွင့်ပြမေးခွန်း၊ ကြယ်ပွင့်မပြမေးခွန်းစုစုပေါင်း (၁၇၉၄)ခုတင်သွင်းမေးမြန်းခဲ့ရာ ကတိကဝတ် ဖြစ်မှု(၁၂၂၆)ခုရှိပြီး ပဥ္စမအကြိမ်ကြားနာခြင်း တစ်စိတ်တစ်ပိုင်းဖြစ်သော မေးမြန်းဆွေးနွေးခြင်းကျင်းပပြုလုပ်ပြီးသည့်နောက် ကတိကဝတ်မှ(၈၅၉)ခု ပယ်ဖျက်နိုင်ခဲ့ သဖြင့် ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်သော ကတိကဝတ် (၃၆၇)ခုရှိပါသည်။ ထို့ကြောင့် ကတိကဝတ်မှ (၇၀.၀၇)% ပယ်ဖျက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန်သော ကတိကဝတ်မှာ (၂၉.၉၃)% ကျန်ရှိနေကြောင်း စိစစ်တွေ့ရှိရပါသည်။
- ဝန်ကြီးဌာနများနှင့် ဝန်ကြီးဌာနများလက်အောက်ရှိ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းမှုများကြောင့် လက်ကျန်ကတိကဝတ်စာရင်းများကိုလည်း လိုက်လံ ပြင်ဆင်ရပါသည်။

**(နောက်ဆက်တွဲဇယားများဖြင့်အသေးစိတ်ဖော်ပြထားပါသည်။)**

**ကော်မတီ၏အကြံပြုချက်များ**

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီအနေဖြင့် အောက်ပါ အတိုင်းအကြံပြုတင်ပြအပ်ပါသည်-

- ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် အတည်ပြု ပြီးသော အဆိုများအား အကောင်အထည်ဖော်ဆောင်ရွက်မှု အားနည်းကြောင်း စိစစ်တွေ့ရှိရ၍ အလေးထားအကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း၊
- လွှတ်တော်ကိုယ်စားလှယ်များ၏ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများအပေါ် ကိုယ်စားပြုတာဝန်ယူဖြေကြားပေးသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ အနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိပြီး ပိုမိုတိကျမှန်ကန်သည့် စာရင်းဇယားများဖြင့် ဖြေဆိုသင့်ပါကြောင်းနှင့် ကတိကဝတ်ပြုပြီး အဆို၊ မေးခွန်းများအား လျှင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း၊
- အဆို၊ မေးခွန်းများနှင့်ပတ်သက်၍ ကတိကဝတ်ဖြစ်မှု၊ ကတိကဝတ်မဖြစ်မှုကို ရှင်းလင်းစွာ ခွဲခြားသတ်မှတ်နိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လွှတ်တော်၌ မေးခွန်းများကို လာရောက်ဖြေဆိုရာတွင် တိကျရှင်းလင်းစွာဖြေဆို သင့်ပါကြောင်း၊ အဆုံးသတ် ဖြေရှင်းချက်၌ သိသာထင်ရှားသည့် အကြောင်းပြချက် ပါရှိရအောင် ထည့်သွင်းဖြေဆိုသင့်ပါကြောင်းနှင့် လတ်တလော ဆောင်ရွက်နိုင်မှုမရှိ ပါကလည်း အကျိုးအကြောင်းခိုင်လုံစွာဖြင့် ဖြေဆိုသင့်ပါကြောင်း အကြံပြုတင်ပြ အပ်ပါသည်။

## ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များ

အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ ထပ်မံ ဆောင်ရွက်ရန် ကျန်ရှိသောလုပ်ငန်းများ၊ ဆောင်ရွက်သင့်သည့်ကိစ္စရပ်များနှင့် အရေးကြီးလုပ်ငန်း စဉ်များ ကျန်ရှိမှုမရှိစေရေးအတွက် အောက်ပါလုပ်ငန်းစဉ်များအား ဆက်လက်စီမံဆောင်ရွက် သွားမည် ဖြစ်ပါသည်-

- ကော်မတီသည် တိုင်းဒေသကြီးလွှတ်တော်တွင်တင်သွင်းသော ဥပဒေကြမ်း၊ ဆုံးဖြတ်ချက်၊ အဆို သို့မဟုတ် အစီရင်ခံစာနှင့်စပ်လျဉ်း၍ လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်တွင် ဖြေကြားသောမေးခွန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ကတိပြုခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စိစစ်ဆောင်ရွက်ရန်၊
- ကတိကဝတ်ပြုပြီးသော အဆို၊ ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများ အကောင် အထည် ဖော်ဆောင်ရွက်မှုအား စိစစ်ရန်အတွက် ကြားနာခြင်းများဆောင်ရွက်ပြီး လွှတ်တော် ဥက္ကဋ္ဌထံတင်ပြအစီရင်ခံရန်၊
- တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လွှတ်တော်တွင် ကတိကဝတ်ပြုထားသည့် လုပ်ငန်းများအပေါ် အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ

နှင့် သတ်မှတ်ဘဏ္ဍာရေးနှစ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ တို့အား ကွင်းဆင်း စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

- ကတိကဝတ်ပြုခဲ့သော မေးခွန်းများ၊ အဆို၊ အချေများနှင့် သက်ဆိုင်သည့်လုပ်ငန်းများ စိစစ်ခြင်း၊ သက်ဆိုင်ရာမဲဆန္ဒနယ်မှ ဒေသခံလွှတ်တော်ကိုယ်စားလှယ်များနှင့် ထိတွေ့ ဆွေးနွေးခြင်း၊ လိုအပ်သည့်အကြံဉာဏ်များရယူခြင်းနှင့် တွန်းအားပေး ဆောင်ရွက်ခြင်းများဆောင်ရွက်ရန်၊
- လက်ကျန်ကတိကဝတ်များအား အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပြီး ကတိကဝတ်မှ ပယ်ဖျက်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီး လွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၊ အခြားရေးရာ ကော်မတီများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန်၊

**နိဂုံး**

အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီအနေဖြင့် လွှတ်တော်၏ ဆောင်ပုဒ်ဖြစ်သည့် **"ပြည်သူ့အသံ-လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ-လွှတ်တော်ဆန္ဒ၊ ပြည်သူများ၏ မျှော်လင့်ချက်-လွှတ်တော်ကဖော်ဆောင်ရွက်"** ဟူသော ဆောင်ပုဒ်နှင့်အညီ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏အကျိုး၊ တိုင်းဒေသကြီး၏အကျိုးနှင့် နိုင်ငံတော် အကျိုးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ဒုတိယပုံမှန် အစည်းအဝေးမှ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်း များအား ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ပြုလုပ်၍လည်းကောင်း၊ ကြားနာခြင်း တစ်စိတ်တစ်ပိုင်းဖြစ်သော မေးမြန်းဆွေးနွေးခြင်းများ ပြုလုပ်၍လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် မေးမြန်းဆွေးနွေး၍လည်းကောင်း စိစစ်ခဲ့ပြီး ဤအစီရင်ခံစာအား ပြုစုခဲ့ခြင်းဖြစ်၍ အတည်ပြုပေးနိုင်ပါရန် တင်သွင်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ယနေ့(၁၆:၀၀) နာရီထက် နောက်မကျစေဘဲ အမည်စာရင်းတင်သွင်းကြဖို့ ဖြစ်ပါတယ်။

# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို (၁၁:၁၅)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၉ခုနှစ် မေလ(၂၃)ရက် (ကြာသပတေးနေ့) နံနက် (၁၀:၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# စတုတ္ထနေ့ မှတ်တမ်း
# ၁၃၈၁ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
# [ ၂၀၁၉ခုနှစ်၊ မေလ ၂၃ ရက်]
# (ကြာသပတေးနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀:၀၀နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၉.၄၇ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံ ဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။– ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှုသာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါ တယ်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (စတုတ္ထနေ့) အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လွင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲဝင်းထွန်းတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်

ကိစ္စရှိပါသဖြင့် (၂၃.၅.၂၀၁၉)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်းတို့(၈)ဦး၏ကိုယ်စား လေးစားစွာခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ တက်ရောက် ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၆၈ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၈ ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြ ချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စား လှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခုလွှတ်တော် ကိုယ်စားလှယ် (၂)ဦးက မေးမြန်းသည့် မေးခွန်း(၅)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့်မေးခွန်းများဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းကို မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒအမှတ်(၁)၏

(၁) **"ပဲခူးမြို့နယ်အတွင်း မြေဂရန်ကိစ္စများအား သေချာစွာ စိစစ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် တမင်ဖန်တီးပေးသူများအား အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **"ပဲခူးတိုင်းဒေသကြီးအတွင်း ပလပ်မြေ/ မြေလွတ်မြေရိုင်း ဧကမည်မျှရှိသည်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်လျှောက်ထားသူများအား ခွင့်ပြုချက်ချပေးပြီး/ မပြီးနှင့် စိုက်ပျိုးလုပ်ကိုင်နေသူ မူလလက်ငုတ် တောင်သူများရှိပါက မည်သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ယနေ့ ကျွန်တော် တင်ပြမေးမြန်းမယ့် မေးခွန်းအမှတ်(၁)ကတော့ ပဲခူးမြို့နယ်အတွင်း မြေဂရန်ကိစ္စများအား စိစစ်ဆောင်ရွက်တဲ့နေရာမှာ တစ်ချို့ မြေယာချထားပေးတဲ့ မြေဂရန်တွေဟာ နှစ်ခုထပ်လျက်ရှိပါတယ်။ အဲဒီလို ထပ်လျက်ရှိတဲ့ ကိစ္စများဖြစ်ပေါ်တဲ့အတွက်ကြောင့် မလိုလားအပ်တဲ့ အငြင်းပွားမှုများရှိနေတာကို တွေ့ရှိရပါတယ်။ ဒီလို မြေဂရန်များကို နှစ်ခုထပ်အောင် တမင်ဖန်တီးဆောင်ရွက်ခဲ့တာတွေလည်း တွေ့နေရပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုဖန်တီးတဲ့သူတွေဟာ ဂရန်အတုဖန်တီးထားသလိုဖြစ်နေပါတယ်။ နှစ်ခုစလုံးဟာလည်း တရားဝင်တယ်/ မဝင်ဘူးဆိုတာကို သေချာစွာ စိစစ်ဆောင်ရွက်ပေးရန်နှင့် ထိုသို့တမင်ဖန်တီးသူတွေကို မည်သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်ပြမေးမြန်း အပ်ပါသည်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဒုတိယမေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီးအတွင်း ပလပ်မြေ/ မြေလွတ်မြေရိုင်းဧက မည်မျှရှိသည်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်လျှောက်ထားသူများအား ခွင့်ပြုချက်ချပေးပြီး/မပြီးနှင့် စိုက်ပျိုးလုပ်ကိုင်နေသူ မူလလက်ငုတ်တောင်သူများရှိပါက မည်သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုသည့်အတွက်ကြောင့် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ ယခုအချိန်မှာ မြေလွတ်မြေရိုင်းနှင့် ပလပ်မြေများကို စိုက်ပျိုးလုပ်ကိုင်ခွင့် ခွင့်ပြုချက်များခေါ်ယူနေပြီး လျှောက်ထားကြသူများ အများအပြားရှိနေပါတယ်။ တစ်ချို့တလေကိုလည်း လုပ်ပိုင်ခွင့်ချပေးထားပြီလို့ သိရှိရပါတယ်။ ခွင့်ပြုမိန့်ချပေးထားပြီး မူလလက်ငုတ်တောင်သူတွေအနေနဲ့လည်း အဲဒီအထဲမှာ ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုကိစ္စတွေကို မည်သို့ဆောင်ရွက်အရေးယူမည်ကို သိရှိလိုသည့်အတွက် ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် တင်ပြမေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးညွန့်ရွှေ မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ပဲခူးမြို့နယ် မဲဆန္ဒအမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ မေးမြန်းသည့် မေးခွန်းအမှတ် စဉ်(၁)နှင့် ပတ်သက်၍ **"ပဲခူးမြို့နယ်အတွင်း မြေဂရန်ကိစ္စများအား သေချာစွာ စိစစ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် တမင်ဖန်တီးပေးသူများအား အရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်း သည့်မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ပဲခူးခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် မြေငှား ဂရန်လျှောက်ထားခြင်းများနှင့်ပတ်သက်၍ အမှုတွဲဖွင့်လှစ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပေးပို့လျှောက်ထားရမည်ဖြစ်ပါသည်။ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနများမှ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ မြေခွန် ငွေတွက်ချက်ရန်နှင့် မြေရာဇဝင်စိစစ်ရန်၊ မြေယာလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန် ဆက်လက်ပေးပို့ပါသည်။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ စိစစ်ပြီး ပြန်လည်ပေးပို့လာသော အမှုတွဲအား ကန့်ကွက်လွှာ(၁၅)ရက်ခေါ်ကာ ကန့်ကွက်စာ ဗီနိုင်းဖြင့် (၁၅)ရက် ကြော်ငြာစေခဲ့ပြီး မြေပြင်ကွင်းဆင်းစိစစ်၍ သက်ဆိုင်ရာမြေပိုင်ဆိုင်မှု အထောက် အထားများ၊ သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်များ၊ သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းချက်များနှင့် ညီညွတ်ပါက မြို့နယ်အုပ်ချုပ်ရေးမှူးအစီရင်ခံစာနှင့်အတူ ဤရုံးသို့ တင်ပြခြင်း၊ ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် မြေငှားဂရန်လျှောက်ထားမှုများ အပေါ် မြေယာ ဥပဒေ လုပ်ထုံးလုပ်နည်း များနှင့်အညီ စိစစ်၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပဲခူးမြို့နယ်အတွင်း မြေငှားဂရန်များ မြေကွက်တစ်ကွက်တည်း ဂရန်နှစ်ခုထပ်လျက်ချထားပေး ထားသော ကိစ္စရပ်များကို ကာယကံရှင်များက တင်ပြလာပါက မြေယာဥပဒေလုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ မေးမြန်းသော **"ပဲခူးမြို့နယ်အတွင်း မြေဂရန်ကိစ္စရပ်များအား သေချာစွာစိစစ်ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် တမင်ဖန်တီးပေးသူ များအား အရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ/ မရှိ"** နှင့်ပတ်သက်ပြီး ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် မြေဂရန်ငှားရမ်းထားမှု များအား စနစ်တကျစစ်ဆေးထုတ်ပေးလျက်ရှိပါကြောင်းနှင့် တမင်ဖန်တီးပေးသူများအား စစ်ဆေး တွေ့ရှိပါက အထောက်အထားနှင့်အညီ၊ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဒုတိယမေးခွန်းဖြစ်တဲ့ **"ပဲခူးတိုင်းဒေသကြီးအတွင်း ပလပ်မြေ/ မြေလွတ်မြေရိုင်း ကေမည်မျှရှိသည်၊**

**စိုက်ပျိုးလုပ် ကိုင်ခွင့်လျှောက်ထားသူများအား ခွင့်ပြုချက်ချပေးပြီး/ မပြီးနှင့် စိုက်ပျိုးလုပ်ကိုင်နေသူ မူလလက်ငုတ် တောင်သူများရှိပါက မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း”** နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသော မေးခွန်းနှင့်ပတ်သက်ပြီး စည်းကမ်းချက် သတ်မှတ်ကာလ(၄)နှစ် ပြီးမြောက်ပြီးချိန်အထိ မြေပြင်မှာ အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်မှုမရှိသော လုပ်ကိုင်ခွင့်ချထားသည့် မြေများအား ခွင့်ပြုမိန့် ပြန်လည်ရုပ်သိမ်းခြင်းနှင့် တစ်စိတ်တစ်ပိုင်းလုပ်ကိုင်ထားရှိသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အတွက် လုပ်ကိုင်ခွင့်ပြုသော ခွင့်ပြုမိန့်လက်မှတ်အသစ် ပြောင်းလဲထုတ်ပေးနိုင်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ (၁၇.၇.၂၀၁၈) ရက်စွဲပါစာအမှတ်၊ ၁၂/မလရ-၁(၂၅၄/၂၀၁၈)ဖြင့် သိမ်းဆည်းခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါသိမ်းဆည်းပြီးမြေဧရိယာများမှာ ပဲခူးမြို့နယ်အတွင်းတွင် ဧရိယာ(၇၅၉၄.၉၇)ဧက၊ သနပ်ပင်မြို့နယ်တွင် ဧရိယာ (၃၁၆.၀၆)ဧက၊ ကဝမြို့နယ်တွင် ဧရိယာ (၂၁၆၆)ဧက၊ ညောင်လေးပင်မြို့နယ်တွင် ဧရိယာ (၁၅၀၀.၆၆)ဧက၊ ကျောက်တံခါးမြို့နယ်တွင် ဧရိယာ (၁၃၇.၈၀) ဧက၊ ရွှေကျင်မြို့နယ်တွင် ဧရိယာ (၂၆၇၈၈.၅၀)ဧက၊ ပဲခူးခရိုင်အနေဖြင့်စုစုပေါင်းဧရိယာ (၃၈၅၀၃.၉၉) ဧကအားလည်းကောင်း၊ တောင်ငူမြို့နယ်တွင် ဧရိယာ (၁၁၀၄၁.၅၉)ဧက၊ ရေတာရှည်မြို့နယ်တွင် ဧရိယာ (၆၉၃၇.၃၁)ဧက၊ ဖြူးမြို့နယ်တွင် ဧရိယာ (၁၁၅.၁၁)ဧက၊ အုတ်တွင်းမြို့နယ်တွင် ဧရိယာ (၈၀၇၄.၇၃) ဧက၊ တောင်ငူခရိုင်အနေဖြင့် စုစုပေါင်းဧရိယာ (၂၆၁၆၈.၇၄)ဧကအားလည်းကောင်း၊ ပြည်မြို့နယ်တွင် ဧရိယာ (၆၃၀၉.၄၁) ဧက၊ ပေါက်ခေါင်း မြို့နယ်တွင် ဧရိယာ (၂၉၃.၁၉)ဧက၊ ပန်းတောင်းမြို့နယ်တွင် ဧရိယာ (၅၀၉၄.၈၁) ဧက၊ ရွှေတောင် မြို့နယ်တွင် ဧရိယာ (၁၂၂၈.၀၇)ဧက၊ ပြည်ခရိုင်အနေဖြင့် စုစုပေါင်းဧရိယာ (၁၂၉၂၅. ၄၈) ဧက အားလည်းကောင်း၊ သာယာဝတီမြို့နယ်တွင် ဧရိယာ(၅၇၄၄.၂၁) ဧက၊ မင်းလှမြို့နယ်တွင် ဧရိယာ (၁၆၅၃.၆၃)ဧက၊ အုတ်ဖိုမြို့နယ်တွင် ဧရိယာ (၉၁၉၉.၈၆)ဧက၊ သာယာဝတီမြို့နယ်ခရိုင်အနေဖြင့် စုစုပေါင်းဧရိယာ (၁၆၅၉၇.၇၀)ဧကအားလည်းကောင်း ပြန်လည်သိမ်းဆည်းခဲ့ပြီးဖြစ်ရာ ပဲခူးတိုင်း ဒေသကြီးချုပ်အနေဖြင့် စုစုပေါင်းဧရိယာ(၉၄၁၉၅.၉၁)ဧကကို ဗဟိုကော်မတီမှ ဥပဒေနှင့်အညီ ပြန်လည်သိမ်းဆည်းအမိန့်ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

မြေလွတ်မြေရိုင်းလုပ်ပိုင်ခွင့် လျှောက်ထားလာမှုများနှင့်စပ်လျဉ်းပြီး စိုက်ပျိုးရေးလုပ်ငန်း အတွက် အသုံးပြုရန်လျှောက်ထားလိုပါက လျှောက်လွှာပုံစံ(၁)ဖြင့်လည်းကောင်း၊ မွေးမြူရေး လုပ်ငန်း လုပ်ကိုင်ရန်လျှောက်ထားလိုပါက လျှောက်လွှာပုံစံ(၂)ဖြင့်လည်းကောင်း လျှောက်ထား ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲ ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၂၀၁၈ အရ စိုက်ပျိုးရေး/မွေးမြူရေးလုပ်ငန်းများအတွက် လျှောက်ထားရမည့် လျှောက်လွှာပုံစံသစ်များကို မည်သူမဆို သက်ဆိုင်ရာမြို့နယ်ရုံးများတွင်စုံစမ်းပြီး လွယ်ကူစွာ လျှောက်ထားဆောင်ရွက်နိုင်ရေး မြို့နယ်အားလုံးသို့ လျှောက်လွှာပုံစံသစ်များအား အလုံအလောက်

ဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာမြို့နယ်များမှ စိုက်ပျိုးရေး လုပ်ငန်းအတွက် လျှောက်ထားသည့် လျှောက်လွှာပုံစံ(၁) စောင်ရေ (၁၆၂၆)စောင်နှင့် မွေးမြူရေး လုပ်ငန်းအတွက် လျှောက်ထားသည့် လျှောက်လွှာ ပုံစံ(၂)စောင်ရေ (၁၇)စောင်အား ပဲခူးတိုင်း ဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီထံ ပေးပို့တင်ပြ ထားရှိပြီးဖြစ်ကြောင်း၊ ထိုသို့ လျှောက်ထားလာမှုအပေါ် တိုင်းဒေသကြီးကော်မတီမှ ဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ လုပ်ငန်းစာတွဲဖွင့်လှစ်ထားရှိ၍ စိစစ်ဆောင်ရွက်လျက်ရှိပြီး မည်သူတစ်ဦး တစ်ယောက်ကိုမျှ ခွင့်ပြုချထားပေးခြင်းမရှိသေးပါကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၂၀၁၈ ဥပဒေပုဒ်မ ၂၆ တွင် ဒေသခံ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးထမ်းအစဉ်အလာအရ သတ်မှတ်မြေများကို စီမံခန့်ခွဲခြင်း မရှိစေရဟု ပြဋ္ဌာန်းထားရှိသည့်အတွက် ဒေသခံတောင်သူများ ပိုင်ဆိုင်လုပ်ကိုင်သည့်မြေများကို လျှောက်ထား၍ မရပါကြောင်း၊ လက်ရှိမြေပြင်ပေါ်တွင် စိုက်ပျိုးလုပ်ကိုင်ထားသူများအနေဖြင့်လည်း ဥပဒေနှင့်အညီ လျှောက်ထားဆောင်ရွက်နိုင်ရေး တိုင်းဒေသကြီးကော်မတီအနေဖြင့် သက်ဆိုင်ရာ ခရိုင်/မြို့နယ် များသို့ အကြောင်းကြားထားရှိပြီးဖြစ်ပါသည်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား စိုက်ပျိုးရေးလုပ်ငန်းအတွက် လျှောက်ထားလာသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၂၀၁၈ ဥပဒေ ပုဒ်မ ၁၅ အရ တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီမှ ဧက (၃၀၀) အထိ ခွင့်ပြုပေးနိုင်ပြီး၊ ပုဒ်မ ၁၄ အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီမှ ဧက(၃၀၀)နှင့်အထက် ခွင့်ပြုနိုင်ကြောင်း ပြဋ္ဌာန်းထားရှိပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးအတွင်း ဥပဒေနှင့်အညီ သိမ်းဆည်းပြီးဖြစ်သည့် မြေလွတ် မြေရိုင်းများအား လျှောက်ထားလာသည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးကော်မတီ အနေဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဥက္ကဋ္ဌကြီးခင်ဗျာ- မေးခွန်း(၂)ခုလုံးကို ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။နံပတ်(၁)အနေနဲ့ မြေဂရန်ချထား ပေးတဲ့ နေရာတွေမှာ ကျွန်တော်တို့ လက်ရှိမြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွေမှာလည်း ပြဿနာ တက်နေတာ တွေ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်ဦးကို မြို့ကွက်ဖော်ထုတ်ချိန် ၁၉၉၅

ကတည်းက မြေဂရန်ချထားပေးပြီးတဲ့ မြေနေရာတွေကို ၂၀၁၆ မှာလည်း နောက်တစ်ဦးကို ထပ်ချပေးထားတာတွေ့ရပါတယ်။ လက်ရှိတော့ မြို့နယ်မှာ စိစစ်ပေးနေတာတွေ့ရပါတယ်။ ဒီလိုချထားပေးတာ ပေါ်ပေါက်မယ်ဆိုရင် ဒီလိုဖန်တီးထားတဲ့ သက်ဆိုင်ရာ မြေစာရင်းနဲ့ သက်ဆိုင်ရာ ပါဝင်ပတ်သက်သူတွေကို ဘယ်လိုအရေးယူ မလဲဆိုတာ ကျွန်တော့်အနေနဲ့ သိချင်လို့ တင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော့်ရဲ့ ဆက်စပ်မေးခွန်းအမှတ်စဉ် (၁) ဖြစ်ပါတယ်။ ဆက်စပ်မေးခွန်း(၂)ကတော့ ဝန်ကြီးဖြေသွားတဲ့အထဲမှာ ပလပ်မြေ၊ မြေလွတ်မြေရိုင်းနဲ့ မည်သူတစ်ဦးတစ်ယောက်ကိုမှ ချပေးခြင်းမရှိပါဘူးလို့ ဖြေသွားပါတယ်။ ပဲခူးမြို့နယ်အတွင်းက လှော်ကားကျေးရွာအုပ်စုမှာဆိုရင် Belga Myanmar ဆိုတဲ့ ကုမ္ပဏီကို မြေလွတ် မြေရိုင်း (၄၃.၅၀) ဧက ချပေးထားတာ တွေ့ရပါတယ်။ အဲဒီမှာ မူလလက်ငုတ်ရှိနေတဲ့ လူတွေကို မြေယာ လျော်ကြေး ပေးတယ်လို့ ဆိုသော်လည်းပဲ မူလလက်ငုတ်လူ(၂)ဦးဟာ မြေယာလျော်ကြေးမရတဲ့အတွက် တိုင်တန်းတင်ပြလာတာတွေလည်း ရှိပါတယ်။ အဲဒီတော့ မည်သူတစ်ဦးတစ်ယောက်ကိုမှ မချပေးဘူးဆိုတာလည်း မမှန်ပါဘူး။ ပြန်လည်သိမ်းဆည်းထားတဲ့နေရာမှာ ဒေါ်တင့်တင့်ဆိုတဲ့ အမျိုးသမီးထံက ပြန်လည်သိမ်းဆည်းထားတာဖြစ်ပြီးတော့ ၂၀၁၈ ဒီဇင်ဘာ၂၆ ရက်နေ့မှာ ကျွန်တော်တို့ သက်ဆိုင်ရာမြေစာရင်းဦးစီးဌာနကနေ ပလပ်မြေ၊ မြေလွတ်မြေရိုင်းနဲ့ ဒီနေရာကို Belga Myanmar ကုမ္ပဏီကိုပေးမှာ ဖြစ်တဲ့အတွက် ကန့်ကွက်လိုသူများရှိရင် ကန့်ကွက်နိုင်ပါတယ် ဆိုပြီး ဒီဇင်ဘာကတည်းက ခေါ်ထားပြီး ဖြစ်ပါတယ်။ ယခုလည်း အဲဒီစက်ရုံက ဝင်ရောက် ဆောက်လုပ်နေပြီဖြစ်ပါတယ်။ အဲဒီမှာ လျော်ကြေး မရသေးတဲ့ လက်ငုတ်တောင်သူ (၂)ဦးလည်း တင်ပြတိုင်ကြားထားတာရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့က မြေလွတ်မြေရိုင်းတွေကို ချပေး နေပြီလို့ပဲ ယူဆပါတယ်။ အဲ့ဒီအတွက် ကျွန်တော် ရှင်းရှင်းလင်းလင်း သိလိုပါကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးညွန့်ရွှေ မေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၁)၊ အမှတ်စဉ်(၂)နှင့် စပ်လျဉ်းသည့် ဆက်စပ်မေးခွန်းတို့ကို တစ်ပိုဒ်ချင်းအလိုက် သက်ဆိုင်ရာဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ မေးခွန်း အမှတ်စဉ်(၁)နှင့် ပတ်သက်ပြီးတော့ ဆက်စပ်မေးခွန်းဖြစ်တဲ့ မြေငှားဂရန်ချထားပေးခြင်းမှာ ၁၉၉၅ ခုနှစ်ကတည်းက ချထားတဲ့မြေကို ၂၀၁၆ ခုနှစ်မှာ ချထားတယ်လို့ ထပ်ဆင့်မေးခွန်းအပေါ်မှာ ကျွန်တော်တို့ ဘယ်လိုအရေးယူဆောင်ရွက်မလဲလို့ မေးမြန်းထားပါတယ်။ မြေငှားဂရန်လျှောက်ထား ရယူခြင်းဟာ ဦးစွာဖြေကြားခဲ့တဲ့ လုပ်ထုံးလုပ်နည်းစဉ်ကို အဆင့်ဆင့်အတိုင်း ဆောင်ရွက်ပေးလျက် ရှိပြီးတော့ တကယ်လို့ ကျွန်တော်တို့ မြေငှားဂရန် (၂)ခုထပ်ချထားတဲ့အပေါ်မှာ စိစစ်ပြီးတော့

အထောက်အထားနဲ့ တင်ပြလာတယ်ဆိုရင် တည်ဆဲဥပဒေများနှင့်အညီ တရားရုံးရဲ့ အဆုံးအဖြတ်ကို ခံယူပြီးတော့ စိစစ်အရေးယူဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြားလိုပါတယ်။

ဆက်စပ်မေးခွန်း(၂)ကတော့ Belga Myanmar ကုမ္ပဏီကို ထပ်ချပေးထားတယ်ဆိုတဲ့ကိစ္စမှာ မြေလွတ်မြေလပ်မြေရိုင်းနဲ့ ပတ်သက်ပြီးတော့ မြေလွတ်မြေလပ်နဲ့ မြေရိုင်းများကော်မတီက ဒေါ်တင့်တင့် ထံမှနေပြီး ပြန်လည်အပ်နှံတဲ့ မြေဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က Belga Myanmar ကို ချတယ်၊ မချဘူးဆိုတာကို စာနဲ့ပဲ ပြန်ဖြေကြားသွားမှာဖြစ်ပြီးတော့ လက်ရှိဖြစ်နေတဲ့ မြေယာပိုင်ဆိုင်မှု အထောက်အထားနဲ့ ပတ်သက်ပြီးတော့ အငြင်းပွားတဲ့ကိစ္စမှာ သက်ဆိုင်ရာ မြေလွတ်မြေလပ်ဥပဒေနှင့်အညီ ခေါ်ယူညှိနှိုင်းဆောင် ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာဖြင့် ပြန်လည်ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာမြေများ အခြားနည်းသုံးစွဲခွင့်ရထားသူများစာရင်းနှင့် အခြားနည်းသုံးစွဲခွင့် မရရှိဘဲ သုံးစွဲနေသူများကို မည်သို့ အရေးယူဆောင်ရွက်ထားသည်များကို အသေးစိတ်စာရင်းနှင့်တကွ သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာမြေများ အခြားနည်းသုံးစွဲခွင့်ရထားသူများစာရင်းနှင့် အခြားနည်းသုံးစွဲခွင့်မရရှိဘဲ သုံးစွဲနေသူများကို မည်သို့ အရေးယူဆောင်ရွက်ထားသည်များကို အသေးစိတ်စာရင်းနှင့်တကွ သိရှိလိုပါကြောင်း တင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ လယ်ယာမြေများ အခြားနည်းသုံးစွဲခွင့်မရဘဲနဲ့ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနေတာကိုလည်းတွေ့ရှိရပါတယ်။ အဲဒီလို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲတဲ့သူတွေကို အရေးယူဆောင်ရွက်နေလင့်ကစား ယုတ်လျော့သွားခြင်းမရှိဘဲနဲ့ ထပ်မံတိုးပွားပြီးတော့ အတင့်ရဲပြီးဆောင်ရွက်နေတာတွေ့ရှိရပါတယ်။ လယ်ယာမြေများ အခြားနည်းသုံးစွဲခွင့်မရဘဲနဲ့ သုံးစွဲနေတဲ့သူတွေကို မည်သို့ ထိရောက်စွာ အရေးယူမည်ကို သိရှိလိုကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာမြေများ အခြားနည်းသုံးစွဲခွင့်ရထားသူများစာရင်းကို သိရှိလိုတဲ့အတွက်ကြောင့် ယခုလိုတင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးညွန့်ရွှေ မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးညွှန့်ရွှေ မေးမြန်းသည့် **"ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာမြေများ အခြားနည်းသုံးစွဲခွင့်ရထားသူများ စာရင်းနှင့် အခြားနည်း သုံးစွဲခွင့်မရရှိဘဲ သုံးစွဲနေသူများကို မည်သို့အရေးယူဆောင်ရွက်ထားသည် များကို အသေးစိတ်စာရင်းနှင့်တကွ သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာမြေဥပဒေ ပုဒ်မ-၁၂(ဆ)ပါ စည်းကမ်းချက်ကို ဖောက်ဖျက် ကျူးလွန်၍ လယ်ယာမြေပေါ် ခွင့်ပြုချက်မရှိဘဲ အခြားနည်းသုံးစွဲထားသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး လယ်ယာမြေဥပဒေပုဒ်မ (၁၉)အရ သတ်မှတ်သည့် ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ သတ်မှတ်သည့် နည်းလမ်းအတိုင်း လယ်ယာမြေကို ဆောင်ရွက်စေခြင်း၊ လယ်ယာမြေပေါ်မှ နှင်ထုတ်ထိုက်သူများကို နှင်ထုတ်ခြင်း၊ လယ်ယာမြေပေါ်ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသော အဆောက်အဦများကို ဖယ်ရှားခြင်းစသည်ဖြင့် ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ လယ်ယာမြေဥပဒေပုဒ်မ ၂၀ အရ ပုဒ်မ ၁၉ ပါ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ယင်းပုဒ်မအရ ချမှတ်သောအမိန့်ကို လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက လိုက်နာခြင်းမရှိလျှင် ယင်းအမိန့်ပါ သတ်မှတ် ရက်ကျော်လွန်ပါက သက်ဆိုင်ရာတရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုနိုင်သည်ဟု ပြဋ္ဌာန်းထားရှိပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာမြို့နယ်အလိုက် လယ်ယာမြေဥပဒေ ပုဒ်မ ၁၂ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်မှုများနှင့် စပ်လျဉ်းပြီးအရေးယူဆောင်ရွက်နိုင်ရန် အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လက်ရှိဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ ဖွဲ့စည်းထားပြီးဖြစ်သည့် သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များကို ခန့်အပ် တာဝန်ပေးအပ်နိုင်ပါရန် ပဲခူးတိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၇.၃.၂၀၁၉) ရက်စွဲပါ စာအမှတ်၊ ၁၄၆/ လယ်-စီ (တိုင်းဒေသကြီး) (၀၆)(ခ)ဖြင့် ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ တင်ပြထားရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါကိစ္စနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီးဌာနမှ သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များကို ခန့်အပ် တာဝန်ပေးအပ်ပြီးပါက လယ်ယာမြေပေါ် ခွင့်ပြုချက်မရှိဘဲ ကျူးလွန်အသုံးပြုမှုများကို ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ပဲခူးမြို့နယ်အတွင်း လယ်ယာမြေကို ခွင့်ပြုချက်မရှိ အခြားနည်းအသုံးပြုထားခြင်းများနှင့် စပ်လျဉ်းပြီး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ဥပဒေနှင့်အညီ အချိန်နှင့်တပြေးညီ တားမြစ် ဆောင်ရွက်လျက်ရှိပြီး၊ လိုက်နာမှုမရှိသည့်ကိစ္စရပ်များအား ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေပုဒ်မ ၂၀ နှင့်အညီ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ တရားစွဲဆို ဆောင်ရွက်လျက် ရှိပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်းမေး ခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ယခုဝန်ကြီးဖြေကြားသွားတဲ့အထဲမှာ လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်ရရှိတဲ့ လူတွေရဲ့စာရင်းကို သိချင်ပါတယ်။ ခွင့်ပြုထားပြီးသား စာရင်းကို ဝန်ကြီးအနေနဲ့ စာဖြင့် ပေးပို့နိုင်မည်/ မပို့နိုင်မည်ကို သိရှိလိုပါကြောင်း မေးမြန်း အပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးညွန့်ရွှေ မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဆက်စပ်မေးမြန်းတဲ့ ခွင့်ပြုထားပြီးစာရင်းများကို စာဖြင့်ပြန်လည်ပေးပို့ ဖြေကြားပေးနိုင်ရေး အတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နဲ့ ချိတ်ဆက်ပြီး ပဲခူးတိုင်းဒေသကြီးအတွင်းမှာ ဆောင်ရွက်ထားတဲ့အခြေအနေကို စိစစ်ပြီး စာဖြင့် ပြန်လည်ပေးပို့တင်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။စာဖြင့် ဖြေကြားရမည့် ဖြေဆိုချက်များကို အမြန်ဆုံး လွှတ်တော်သို့ ပြန်လည် ပေးပို့ရန်နှင့် တစ်ပတ်အတွင်း ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကိုလည်း တစ်ပတ်အတွင်း ပေးပို့ရန် တိုက်တွန်းပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ၏ ဆက်စပ် မေးခွန်းအပေါ် စာဖြင့် ဖြေကြားချက်များ။

အထက်ပါ မေးခွန်း(က)နှင့် စပ်လျဉ်းပြီး Belga Myanmar Limited မှ ပဲခူးမြို့နယ်၊ လှော်ကားကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၈၀-ခ)၊ မြေရိုင်းဧရိယာ (၄၃.၅၀) ဧကအား ကြက်မွေး မြူရန် လျှောက်ထားလာမှုနှင့် ပတ်သက်ပြီး (၂၃.၃.၂၀၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်သော ပဲခူးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၉)တွင် တင်ပြဆွေးနွေးခဲ့ရာ အစည်းအဝေးဆုံးဖြတ်ချက်အပိုဒ်-၃၄

(က)အရ Belga Myanmar limited မှ ပဲခူးမြို့နယ်၊ လှော်ကားကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၈၀-ခ)၊ မြေရိုင်းဧရိယာ (၄၃.၅၀)ဧကအား ကြက်မွေးမြူရန် လျှောက်ထားလာမှုနှင့် ပတ်သက်ပြီး ၂၀၁၂ ခုနှစ်၊ မြေလွတ်မြေရိုင်း ဥပဒေပုဒ်မ-၇ အရ ဗဟိုကော်မတီသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် မြေလွတ်မြေရိုင်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားလာသည့် လုပ်ငန်းများကို မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားရှိချက်အရ တိုင်းဒေသကြီးမြေလွတ်မြေရိုင်းကော်မတီ၏ ထောက်ခံမှုဖြင့် အစိုးရအဖွဲ့ သဘောထားရယူပြီး ဗဟိုကော်မတီသို့ ဆက်လက်ထောက်ခံ တင်ပြသွားရန် ဆုံးဖြတ်ခဲ့ပါသည်။

ထိုသို့ဆုံးဖြတ်ခဲ့မှုအပေါ် ပဲခူးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီ၏ (၃၀.၄.၂၀၁၉) ရက်စွဲပါ စာအမှတ် -၀၂၁/ မြေလွတ်မြေရိုင်း/၂၀၁၈-၂၀၁၉ဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြခဲ့ကြောင်း၊ ထိုသို့တင်ပြခဲ့မှုအပေါ် (၉.၅.၂၀၁၉) ရက်နေ့တွင် ကျင်းပပြုလုပ်သော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ cabinet အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၉) ဆုံးဖြတ်ချက်အပိုဒ် -၇ (ည) အရ ဗဟိုကော်မတီသို့ တင်ပြရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့မှု အပေါ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၀.၅.၂၀၁၉) ရက်စွဲပါ စာအမှတ် - ၅/၆-၅/ရေး၃ (၅၁၄၁)ဖြင့် တိုင်းဒေသကြီးမြေလွတ်မြေရိုင်းကော်မတီသို့ အကြောင်းကြားခဲ့ကြောင်း၊ ထို့သို့ အကြောင်းကြားခဲ့မှုအပေါ် တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီ၏ (၂၀.၅.၂၀၁၉) ရက်စွဲပါ စာအမှတ်-၀၂၅/မြေလွတ်မြေရိုင်း/၂၀၁၉ ဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟို ကော်မတီထံ တင်ပြထားရှိပြီးဖြစ်ပါသည်။

အထက်ပါ မေးခွန်း(ခ)နှင့် စပ်လျဉ်းပြီး ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာမြေအပေါ် ခွင့်ပြုချက် မရှိဘဲ ကျူးလွန်အသုံးပြုမှုများနှင့် စပ်လျဉ်းပြီး ကျူးလွန်မှုတစ်ခုချင်းအလိုက် ခွဲခြား၍ မြို့နယ်/ခရိုင် လယ်စီ အဖွဲ့များမှ စာရင်းပြုစုတင်ပြလာမှုအရ ပဲခူးခရိုင်အတွင်း ကျေးရွာအုပ်စုပေါင်း (၉၈)အုပ်စု၊ ကျူးလွန် အသုံးပြုသူဦးရေ (၆၇၄)ဦး၊ ဧရိယာ (၃၃၄၅.၄၁)ဧက၊ တောင်ငူခရိုင်အတွင်း ကျေးရွာအုပ်စုပေါင်း (၆၄)အုပ်စု၊ ကျူးလွန်အသုံးပြုသူဦးရေ (၄၆၂)ဦး၊ ဧရိယာ (၁၅၉.၂၁)ဧက ပြည်ခရိုင်အတွင်း ကျေးရွာအုပ်စုပေါင်း (၁၀၁)အုပ်စု၊ ကျူးလွန်အသုံးပြုသူဦးရေ (၄၀၀)ဦး၊ ဧရိယာ (၅၅၇.၂၀)ဧက၊ သာယာဝတီခရိုင်အတွင်း ကျေးရွာ အုပ်စုပေါင်း (၈၉)အုပ်စု၊ ကျူးလွန်အသုံးပြုသူ ဦးရေ (၆၃၃)ဦး၊ ဧရိယာ (၁၉၁.၉၅)ဧက၊ ပဲခူးတိုင်းဒေသကြီးချုပ် အနေဖြင့် ကျေးရွာအုပ်စုပေါင်း (၃၅၂)အုပ်စု၊ ကျူးလွန်အသုံးပြုသူဦးရေ (၂၁၆၉)ဦး၊ ဧရိယာ(၄၂၅၃.၇၇)ဧက ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာမြို့နယ်အလိုက် လယ်ယာမြေဥပဒေပုဒ်မ- ၁၂ပါ စည်းကမ်းချက်များကိုလိုက်နာရန် ပျက်ကွက်မှုများနှင့် စပ်လျဉ်းပြီး အရေးယူဆောင်ရွက်နိုင်ရန် အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လက်ရှိဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ ဖွဲ့စည်းထားပြီးဖြစ်သည့် သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များကို ခန့်အပ် တာဝန်ပေးအပ်နိုင်ရန် အဆိုပါကျူးလွန်အသုံးပြုမှုစာရင်းနှင့်အတူ ပဲခူးတိုင်းဒေသကြီး လယ်ယာမြေ

စီမံခန့်ခွဲမှုအဖွဲ့၏ (၇.၃.၂၀၁၉) ရက်စွဲပါစာအမှတ် -၁၄၆/လယ်-စီ (တိုင်းဒေသကြီး)(ဝ၆)(ခ)ဖြင့် ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ တင်ပြထားရှိပြီး ဖြစ်ကြောင်း၊ အဆိုပါကိစ္စနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီးမှ သက်ဆိုင်ရာလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များကို ခန့်အပ်တာဝန်ပေးအပ်ပြီးပါက လယ်ယာမြေပေါ်ခွင့်ပြုချက်မရှိဘဲ ကျူးလွန် သုံးပြုမှုများကို ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“ပဲခူးတိုင်းဒေသကြီး၊ ခရိုင်(၄)ခရိုင်၊ မြို့နယ် (၂၈)မြို့နယ်တွင် နိုင်ငံတကာ အဆင့် စိုက်ပျိုးရေးလုပ်ငန်းများစွာ၌ အထောက်အကူဖြစ်စေရန် မြေစမ်းသပ် စက်များ ချထားပေးနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်

(၂) **“လက်ပံတန်းမြို့နယ်၊ ညောင်ဝိုင်းအုပ်စု၊ အောက်ဘက်တစ်နေရာ၌ ရေတံခါးတစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ခရိုင် (၄)ခရိုင်၊ မြို့နယ်(၂၈)မြို့နယ်၌ နိုင်ငံတကာအဆင့် စိုက်ပျိုးရေးလုပ်ငန်းများစွာ၌ အထောက်အကူ ဖြစ်စေရန် မြေစမ်းသပ်စက်များ ချထားပေးနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရနှင့် ချိတ်ဆက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အဓိကထားပြီး လုပ်တယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒီလိုစိုက်ပျိုးရေးကိုအခြေခံပြီး ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ လက်ရှိလုပ်နေတဲ့ စိုက်ပျိုးရေး လုပ်ငန်းတွေဟာ ပြောရမယ်ဆိုရင် တစ်နိုင်တစ်ပိုင် ရမ်းထိုးမှန်းထိုးတွေက များနေပါတယ်။ များနေတော့ ကျွန်တော်တို့ ထွက်တဲ့ ထွက်ကုန်တွေဟာ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်ပြီး ဈေးကွက်မှာ ရောင်းချနေရတာဖြစ်ပါတယ်။ အဲ့လိုနိုင်ငံတကာနဲ့ယှဉ်ပြီး ရောင်းချတဲ့အခါမှာ ကျွန်တော်တို့ရဲ့ ထွက်ကုန်တွေဟာ နိုင်ငံတကာအဆင့်မှာ ဘယ်အဆင့်မှာဆိုတာ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များထက် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ပိုပြီးသိလိမ့်မယ်လို့ ယူဆမိပါတယ်။ သိလည်းသိသင့်ပါတယ်။ အဲ့ဒီအတွက်ကြောင့် နိုင်ငံတကာကို ယှဉ်ပြိုင်ရတော့မယ်ဆိုရင် နိုင်ငံတကာအဆင့်မီနည်းပညာတွေ လိုအပ်ပါတယ်။ နိုင်ငံတကာကို ယှဉ်မယ်ပြောပြီး ဘိုးတော် ဘုရားလက်ထက်ကနည်းတွေနဲ့ သွားနေမယ်ဆိုရင် နိုင်ငံတကာကို ယှဉ်နိုင်ဖို့ကိုဝေးလို့ ကြာရင် ကျွန်တော်တို့ နိုင်ငံအတွင်းမှာ ဒီစနစ်တွေဟာ ပပျောက်သွားမယ့်အခြေအနေတွေ ဖြစ်နေပါတယ်။

မြေစမ်းသပ်စက်ဆိုတာ သူမျှားနိုင်ငံမှာ ဘယ်လိုသုံးနေလဲဆိုတာမသိဘူး။ မြေတစ်ခုကို စက်ကလေး တစ်လုံးထဲ ထည့်ပြီး အင်တာနက်နဲ့ တိုက်ရိုက်ချိတ်ဆက်ပြီးတော့ အဖြေကို တိုက်ရိုက်ထုတ်ယူတဲ့ စနစ်မျိုးတွေ နိုင်ငံတကာမှာ ဆောင်ရွက်နေတာ လေ့လာသိရှိရပါတယ်။ မနှစ်က တိုင်းဒေသကြီး ဘတ်ဂျက်မှာ အထောက်အကူရှေ့တန်းစခန်းတွေဖွင့်တယ်။ မြေဓါတ်ခွဲခန်းတွေ ဖွင့်တယ်။ ဒီဟာတွေကလည်း ဓါတ်ခွဲခန်းတွေသွားပြီး စမ်းသပ်စစ်ဆေးနေရမယ်။ ကျွန်တော်တင်ပြတဲ့ စနစ်က ဓါတ်ခွဲခန်းတွေ သွားပြီး စစ်စရာမလိုပါဘူး။ ကိုယ်စစ်ချင်တဲ့မြေကို စက်ကလေးအထဲထည့်ပြီး တီစူပါ ဘယ်လောက်ပါသလဲ၊ ပိုတက်ဘယ်လောက်ပါသလဲ။ နိုက်ထရိုဂျင် ဘယ်လောက်ပါသလဲ။ အနည်းငယ်လို ဒြပ်စင်တွေဟာ ဘယ်လောက်ပါသလဲဆိုတာကို ဒီစက်ကလေးထဲထည့်ပြီး ဒီအဖြေကို နိုင်ငံတကာမှာ နော်ဝေတို့လို ဒိန်းမတ်တို့လို နိုင်ငံတကာ ဓါတ်ခွဲခန်းတွေကို လှမ်းပို့လိုက်တဲ့အတွက် အဲဒီဓါတ်ခွဲခန်းကြီး တွေဆီက Result အဲဒီအဖြေကို လယ်ကွင်းထဲ အရောက် software ဖုန်းထဲကနေ Append work ဖုန်းတွေထဲ တိုက်ရိုက်ရောက်တဲ့ စနစ်တွေ နိုင်ငံတကာမှာ ကျင့်သုံးနေပါတယ်။ အဲဒီတော့ ဒီဓါတ်ခွဲခန်းတွေကို မြေကြီးတွေကို အထုပ်ကြီးတွေနဲ့ သယ်ပြီးသွားစရာမလိုသလို ပညာရပ်တစ်ခုကို ဆည်းပူးတဲ့အခါမှာ ခေတ်မီလာတဲ့နည်းတွေ၊ ဖုန်းလေးတစ်ခုကို ဖွင့်လိုက်ရုံနဲ့ နိုင်ငံတကာပညာရှင်တွေနဲ့ ချိတ်ဆက်နိုင်မယ်။ မြန်မာပညာရှင် တွေနဲ့ ချိတ်ဆက်နိုင်မယ်။ Telephone လေးတစ်ခုကနေပြီး နည်းပညာတွေလေ့လာနေတဲ့အချိန်မှာ ရှေ့တန်းစခန်းကြီးတွေဖွင့်ပြီး ငွေအမြောက်အမြား ကုန်ကျစရာ မလိုဘဲနဲ့ နည်းပညာပိုင်းလေးကိုပဲ ဦးစားပေးပြီး တိုင်းဒေသကြီးအစိုးရနဲ့ မလုံလောက်ရင် ပြည်ထောင်စု အစိုးရနဲ့ ချိတ်ဆက်ပြီးတော့ ဒီလိုစက်မျိုးတွေသုံးပြီး တောင်သူလယ်သမားတွေ လိုအပ်နေတဲ့ အခြေခံ လိုအပ်ချက်ကိုသိမယ် ဆိုရင် ဥပမာ စပါးအထွက်နှုန်းကို တစ်ရာ လိုချင်လား၊ နှစ်ရာလိုချင်လား၊ အဲ့ဒီအထွက်နှုန်းကိုသိရင် တီစူပါ ဘယ်လောက်ထည့်ရမယ်၊ ပိုတက်ဘယ်လောက်ထည့်ရမယ်၊ နိုက်ထရိုဂျင် ဘယ်လောက် ထည့်ရမယ်၊ အနည်းငယ်သော ဒြပ်စင်တွေကို ဘယ်လောက်ထည့်ရမယ်ဆိုတဲ့နှုန်းတွေကို ဒီစက်ကလေးတစ်လုံးတည်းနဲ့ နိုင်ငံတကာအဆင့်မီဆောင်ရွက်နိုင်တာဖြစ်တဲ့အတွက် အဲဒီလို အဆင့်ကို ဆောင်ရွက်ပေးဖို့ ကျွန်တော်တို့ တင်ပြရခြင်းဖြစ်ပါတယ်။ အဲဒီအတွက်နဲ့ ဝန်ကြီးအနေနဲ့ ဘယ်လိုစီမံဆောင်ရွက်ထားသလဲဆိုတာကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား တင်ပြရခြင်း ဖြစ်ပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဒုတိယမေးခွန်းအနေနဲ့ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ ညောင်ဝိုင်းအုပ်စု၊ အောက်ဘက်တစ်နေရာ၌ ရေတံခါးတစ်ခု တည်ဆောက်ပေးရန် ကိစ္စပဲဖြစ်ပါတယ်။ အဲဒီကိစ္စကလည်း ညောင်ဝိုင်းကျေးရွာအုပ်စု အောက်ဘက်တွင် တည်ဆောက်လျှင် ရပါတယ်။ အဘယ်ကြောင့်ဆိုသော် မင်းလှမြို့နှင့် လက်ပံတန်းမြို့အထက်ပိုင်းမှလာသော ရေတွေဟာ အဲဒီကိုစုဆင်းပါတယ်။ စုဆင်းတဲ့ အခါမျိုးမှာ

အောက်ဘက်မှာ အဲဒီရေတွေကို ထွက်ပေါက်က ဖိုးကတိုးရေထွက်ပေါက်ရှိပါတယ်။ မနှစ်ကတုန်းက မြစ်ရေက ထင်သလောက်မတက်ပေမယ့် (၇)ချပ်ရှိတဲ့ ရေတံခါးက (၇)ချပ်လုံး အလုပ်မလုပ်သည်က တစ်ကြောင်း၊ မင်းလှတစ်နယ်လုံးက စီးလာတဲ့ရေတွေရယ်၊ လက်ပံတန်းမြို့ အထက်ပိုင်းက စီးလာတဲ့ ရေတွေရယ်၊ ညောင်ဝိုင်းနဲ့ အုတ်တွင်း အောက်ဘက်ပိုင်းမှာ ရေတွေကသွားပြီးစုတယ်။ ဖိုးကတိုး ရေထွက်ပေါက်တစ်ခုတည်းနဲ့ မလုံလောက် တဲ့အခါမှာ မနှစ်က ဧက (၁၀၀၀)လောက် ပျက်စီးတယ်ဆိုတာ ခန့်မှန်းခြေပဲဖြစ်ပါတယ်။ တကယ်တမ်း စေ့စေ့ပေါက်ပေါက်ကြည့်လိုက်တဲ့ အခါ (၁၅၀၀) နဲ့ (၂၀၀၀) လောက်ရှိပါတယ်။ အဲဒီတော့ ဒီကိစ္စက ဥက္ကဋ္ဌကြီးလည်း သိပါတယ်။ ဥက္ကဋ္ဌကြီး မဲဆန္ဒနယ်လည်း ဖြစ်ပါတယ်။ ပြောရမယ်ဆိုရင် ရေမကြီးဘဲနဲ့ ရေနစ်မြုပ်တာက ကိုယ့်ရေနဲ့ကို ကိုယ်ပြန်ပြီးကြီးသလိုဖြစ်နေပါတယ်။ အောက်ဖိုးကတိုး ရေကာတာကလည်း အလုပ်မလုပ်တာကတစ်ကြောင်း၊ ရေထွက်ပေါက်က အရမ်းရှည်ပြီး အောက်ဆုံးမှာ သွားထွက် တာကတစ်ကြောင်း၊ မင်းလှအထက်ပိုင်းက လက်ပံတန်းက ရေတွေဟာ အသားလွတ် အထက် ပိုင်းက ဧက (၂၀၀၀)လောက်က ပျက်စီးတာ ပြောင်ထွက်သွားတယ်။ ကောက်ပင်တောင် မရှိ တော့တဲ့ အနေအထားဖြစ်နေတယ်။ ရေက နှစ်လလောက်ကြာသွားတဲ့အခါမှာ ကောက်ပင်တွေက ရိပြီးတော့ ပြတ်ကျသွားတဲ့ အနေအထားဖြစ်သွားတယ်။ ဒီလိုရေတံခါးတည်ဆောက်ပေးမယ်ဆိုရင် ကျွန်တော်တို့ လက်ပံတန်းမြို့နယ်အောက်ဘက်ပိုင်းက ဧက(၂၀၀၀)ဝန်းကျင်လောက် ဖွံ့ဖြိုးမှာ ဖြစ်တဲ့အတွက် တိုင်းပြည် စီးပွားရေးကိုလည်း အထောက်အကူပြုမှာဖြစ်ပါတယ်။ ပြည်သူတွေရဲ့ စားဝတ်နေရေးကိုလည်း တိုးတက်လာမှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပြည်သူများကိုယ်စား လွှတ်တော်မှာ မေးမြန်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးမျိုးအောင် မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ လက်ပံတန်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင် မေးမြန်းတဲ့ **"ပဲခူးတိုင်းဒေသကြီး၊ ခရိုင်(၄)ခရိုင်၊ မြို့နယ် (၂၈)မြို့နယ်တွင် နိုင်ငံတကာအဆင့် စိုက်ပျိုးရေးလုပ်ငန်းများစွာဖြင့် အထောက်အကူဖြစ်စေရန် မြေစမ်းသပ်စက်များ ချထားပေးနိုင်ရန် အတွက် ပြည်ထောင်စု အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးကိုအဓိကထားနေသော ပဲခူးတိုင်း ဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများနှင့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရန် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ မြေဆီလွှာဖွံ့ဖြိုး တိုးတက်ရေး၊ ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး၊ အရည်အသွေးကောင်းသည့် သီးနှံ

ထုတ်ကုန်များ ထုတ်လုပ်ရေးနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများကို တောင်သူလယ်သမားများ သိရှိနားလည်လိုက်နာကျင့်သုံးလာစေရေးအတွက် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

ထိုသို့ ပညာပေးဆောင်ရွက်ရာတွင် နည်းပညာဆွေးနွေးပွဲသင်တန်းများဖွင့်လှစ်ခြင်း၊ သရုပ်ပြ စိုက်ကွက်များ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ မြေဆီလွှာဓါတ်ခွဲခြင်းဖြင့် သီးနှံပင်များအတွက် အာဟာရ ဓါတ်များ မြေဆီလွှာအတွင်း ပါဝင်မှုအခြေအနေကိုသိရှိစေပြီး သီးနှံအလိုက် မျှော်မှန်းအထွက်နှုန်းရရှိ စေရန် ထည့်သွင်းသုံးစွဲရမည့် မြေသြဇာနှုန်းထားများကို ထောက်ခံချက်ပေးခြင်း၊ မြေဆီလွှာဓါတ်ခွဲ ရရှိသည့် ဓါတ်ခွဲအဖြေများအားစိစစ်ပြီး အဓိပ္ပာယ်ဖော်ပြချက်များအား ရှင်းလင်းပေးခြင်း၊ တောင်သူ များကို လိုက်နာဆောင်ရွက်သင့်သည်များအား သုံးသပ်အကြံပြုခြင်းနှင့်အတူ ပညာပေးဆောင်ရွက် ပေးလျက်ရှိပါသည်။

သီးနှံကာကွယ်ရေးဓါတ်ခွဲခန်းတွင် သီးနှံအလိုက်ရောဂါကျရောက်သည့် အစိတ်အပိုင်းများကို မွေးမြူ၍ ရောဂါလက္ခဏာခွဲခြားဖော်ထုတ်ပေးခြင်း၊ သီးနှံမျိုးစေ့ဆောင်ရောဂါရှိ/မရှိ သီးနှံအလိုက် မျိုးစေ့ များအား ဓါတ်ခွဲစိစစ်ပေးခြင်းတို့ ဆောင်ရွက်ပြီး သီးနှံအလိုက်ကာကွယ် နှိမ်နင်းနည်းများကို တောင်သူ များအား နည်းပညာများ ဖြန့်ဝေပညာပေးဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခေတ်နှင့်အညီ လျှင်မြန်လွယ်ကူစွာ ရှာဖွေ တွေ့ရှိသောနည်းပညာများ၊ တောင်သူများထံရောက်ရှိရေးအတွက် Mobile Phone application များ ဖြစ်သော DOA,PPDနှင့် DOA website www.doa.gov.mm နှင့် Myanmar.org နည်းပညာနှင့် စိုက်ပျိုးရေးဆိုင်ရာအခက်အခဲများ ဖြေရှင်းပေးရန် DOA call Centerများ ဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယနေ့ ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ Mobile Net နဲ့ပတ်သက်ပြီး ကြိုဆိုပါတယ်။ အလွန်အင်မတန်လည်း နည်းပညာဆိုင်ရာအတွက် အထောက်အပံ့ ဖြစ်နိုင်ပါတယ်။ နိုင်ငံတကာ အဆင့်မီ မြေစမ်းသပ်စက်စခန်းများ၊ ဖုန်းဆော့ဝဲများ အသုံးပြုနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)သို့ ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဆက်လက်ပေးပို့သွားမည် ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဒုတိယမေးခွန်းဖြစ်တဲ့ **"လက်ပံတန်းမြို့နယ်၊ ညောင်ပိုင်းအုပ်စု၊ အောက်ဘက်တစ်နေရာ၌ ရေတံခါး တစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်း ဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ ဘီးလင်းအုပ်စုအတွင်းရှိ ဖိုးကတိုးတာပေါ်တွင် စပယ်တင်ရိုးရေတံခါးတစ်ခုသာရှိပြီး လုံလောက်မှုမရှိသဖြင့် ထပ်မံ၍

လက်ပံတန်းမြို့နယ်အပိုင်းရှိ ဖိုးကတိုးတာပေါ်တွင် ရေတံခါးတစ်ခု တည်ဆောက်ပေးရန် တင်ပြခြင်း အခြေအနေဖြစ်ပါသည်။

ညောင်ဝိုင်းအုပ်စုအောက်ဘက်တွင် (၄'x၆')အရွယ်အစားရှိ ရေတံခါး(၄)ပေါက် တည်ဆောက်ခြင်း လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် (၂၀၀)သန်း ကုန်ကျမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ (၂၀၁၉-၂၀၂၀)ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ စိစစ်ပြီးစာရင်း တင်ပြပြီးဖြစ်ပါ၍ အဆိုပါလုပ်ငန်းမှာ တင်ပြပါ အဆိုပြုလုပ်ငန်းတွင် ပါဝင်ခြင်းမရှိပါသဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးခင်ဗျား- မေးခွန်းနံပါတ်(၂)ကို ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျာ၊ ကျွန်တော်တင်ပြတဲ့အထဲမှာ အပြည့်အစုံပါဝင်ပြီးဖြစ်ပါတယ်။ တောင်သူတွေကလည်း တကယ်နစ်နာပြီး အရင်းအနှီးများကို တကယ်ရင်းနှီးမြုပ်နှံတဲ့အခါမှာ မအောင်မြင်တဲ့အတွက် ဒီရေတံခါး မရှိတဲ့အတွက် များစွာဆုံးရှုံးပါတယ်။ ကျွန်တော်တို့ လက်ပံတန်းမြို့နယ်မှာ ပြီးခဲ့တဲ့လတုန်းက ခမုံဆိပ် ကျေးရွာအုပ်စု၊ အထက်တန်းကျောင်းကို ဝန်ကြီးချုပ် လာတုန်းက ရေတံခါးကို လူထုတွေ့ဆုံပွဲမှာ ကြိုပြီး တော့တောင် လုပ်ခိုင်းတာပါ၊ ဒါပေမယ့်လည်း ဒီဘတ်ဂျက်မှာ ဒီရေတံခါးက မပါဝင်ပါဘူး။ မပါဝင်ပေမယ့်လည်း ဝန်ကြီးက ကျွန်တော်တို့ကို လုပ်ပေးမယ်လို့ ဖြေမထားပါဘူး။ ပါဝင်ခြင်းမရှိသဖြင့် ဆောင်ရွက်ရန် အစီအစဉ်မရှိဘူးလို့ပဲ ဖြေထားပါတယ်။ အဲ့ဒီတော့ ကျွန်တော်တင်ပြချင်တာက ပထမတစ်ချက်က (4'x6') ရေတံခါးကို (၄)ပေါက်ပဲလုပ်မှာ သိန်း(၂၀၀၀)မကုန်နိုင်ပါဘူး၊ သိန်း(၁၀၀၀) လောက်နဲ့ ရပါတယ်။ ဒါကတစ်ချက်၊ နောက်တစ်ချက်က ဝန်ကြီးချုပ်ကိုယ်တိုင် လူထုတွေ့ဆုံပွဲမှာ ပြောသွားတာ၊ ဝန်ကြီးက လုပ်မပေးဘူးဆိုတော့ လူထုကို ဝန်ကြီးချုပ်ကြီး ပြောတာကိုပဲ အတည်ပြုပြီး ပြောရမလား။ ဒီမှာ ဖြေတာကိုပဲ အတည်ပြုပြီး ပြောရမလား။ အစိုးရအဖွဲ့ဝင် ဝန်ကြီးတွေက Cabinet အစည်းအဝေးမှာ ကိုယ့်အချင်းချင်း ဒီကိစ္စတွေကို အကျေအလည်ဆွေးနွေးပြီးမှ လွှတ်တော်မှာ လာဖြေစေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စတွေက တရားဝင် တင်ပြနေတာဖြစ်တဲ့အတွက် အစိုးရရဲ့ ဂုဏ်သိက္ခာကို ညှိုးနွမ်းမှာစိုးတဲ့အတွက် တင်ပြရခြင်းဖြစ်ပါတယ်။ နောက်တစ်ခုက သိန်း(၁၀၀၀)လောက်ပဲ ကုန်မယ် ဧက က (၂၀၀၀)လောက်ရမယ်။ ပြောရမယ်ဆိုရင် လယ်တစ်ဧကမှ (၅၀၀၀၀)လောက်ပဲ

ရင်းနှီးမြှုပ်နှံတာ၊ အခုဘတ်ဂျက်တွေမှာ ဆောင်ရွက်နေတာ၊ လုပ်ငန်းတစ်ခုကို ဆောင်ရွက်တဲ့ အခါမှာ ငွေဒီလောက် ကုန်တယ်၊ ဘယ်လောက်ကေ အကျိုးပြုတယ်ဆိုတာ ဘတ်ဂျက်ထဲမှာ တင်ပြနိုင်ခြင်းမရှိပါဘူး။ ကုန်ကျမယ့်ငွေရယ်၊ ရမယ့်အကျိုးအမြတ်တွေရယ်၊ ဝန်ကြီးချုပ် ကိုယ်တိုင်လည်း ပြောထားပြီးသား ဖြစ်တဲ့အတွက် ဒီနှစ်မလုပ်ပေးနိုင်ရင် ရရာဘတ်ဂျက်တစ်ခုခုနဲ့ ရရာအသုံးစရိတ်တစ်ခုခုနဲ့ အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ဆောင်ရွက်ပေးပါလို့လည်း အနူးအညွတ် မေတ္တာရပ်ခံပါတယ်။ ဒါကလည်း ကျွန်တော်တို့ လိုအပ်လို့ လွှတ်တော်မှာ ဆွေးနွေး ရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးအောင် မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)နှင့် စပ်လျဉ်းသည့် ဆက်စပ် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ရေတံခါးတည်ဆောက်တဲ့အကြောင်းနဲ့ ပတ်သက်တဲ့ ဆက်စပ်မေးခွန်းကို ဖြေကြားပေးမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အစိုးရ စတင်ဖွဲ့စည်းစဉ် ကတည်းက ဝန်ကြီးဌာနက ဆောင်ရွက်ရမယ့် မူဝါဒ၊ လမ်းစဉ်များ ရေးဆွဲပြီးတော့ ရွေးကောက်ပွဲ ကြေညာစာတမ်းပါ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအချက်များကို ကောက်နုတ်ပြီးတော့ တိုင်းဒေသကြီးလွှတ်တော်ကို ပေးပို့ထားပြီးလည်းဖြစ်ပါတယ်။ အဲ့ဒီအထဲ မှာလည်း ကျွန်တော်တို့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် ထုတ်လုပ်တိုးတက်မှုအတွက် လယ်ယာမြေကောင်းတွေ ဖြစ်ပေါ်လာဖို့အတွက် အထွက်နှုန်း တိုးရင်းတိုး၊ မတိုးရင် စိုက်ဧက တိုးဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီနေရာမှာ ကျွန်တော်တို့ လုပ်ငန်းစဉ်တစ်ခုဖြစ်တဲ့ ရေကြီးရေလျှံမှု လျော့ပါးစေရေးအတွက် ချောင်းတွေ၊ မြစ်တွေ၊ တာတွေပြန်ပြီး အဆင့်မြှင့်တင် တာတွေ၊ အသစ်တည်ဆောက်တာတွေ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်ခြင်း အားဖြင့် ရလာနိုင်တဲ့အကျိုးဆက်တွေကတော့ အဲဒီဒေသတွေမှာ ရေကြီးနစ်မြုပ်တဲ့ လယ်ယာမြေ တွေကို ရေကြီးမှုမှ ကာကွယ်ပြီးတော့ ရေတော် မိုးတော်စိုက်ဧကတွေ တိုးတက်လာမှာဖြစ်ပါတယ်။ တိုးတက်လာခြင်းအားဖြင့် တောင်သူများ တစ်သီးကနေနှစ်သီး စိုက်ပျိုးလာနိုင်ပြီးတော့ လယ်ယာ ကုန်ထုတ်လုပ်ငန်းတွေ တိုးတက်လာပြီး နိုင်ငံတော်ရဲ့ GTB တိုးတက်လာမှာဖြစ်ပါတယ်။ အဲဒီအတွက် မူဝါဒလုပ်ငန်းစဉ်တစ်ခုအနေနဲ့ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ခုနက တင်ပြတဲ့ ဒီကိစ္စကို ဆောင်ရွက်ပေးဖို့အတွက် ဒီနှစ် ဘဏ္ဍာငွေစီမံခန့်ခွဲခွင့်ဟာ ဝန်ကြီး တစ်ဦးအနေနဲ့ သီးခြားအနေနဲ့ မရှိပါဘူး။ သိရှိပြီးဖြစ်တဲ့အတိုင်းပဲ ဒီနေ့ဆိုရင် Citizen ဘတ်ဂျက်မှာ ဒေသရဲ့ လိုအပ်ချက်ကို စိစစ်ရေးဆွဲပြီး တင်ပြတဲ့အခြေအနေမျိုးမှာ ဒီလိုလုပ်ငန်းမျိုး မဖြစ်မနေ ဆောင်ရွက်ဖို့

လိုတယ်ဆိုရင် ထည့်သွင်းပြီးတော့ ရေးဆွဲလို့လည်းရနိုင်တဲ့ အခြေအနေလည်းရှိပါတယ်။ ကျွန်တော်တို့က ဒီလုပ်ငန်းက ဆောင်ရွက်သင့်တယ်/မသင့်ဘူး ဘယ်လောက်ကုန်ကျမယ်ဆိုတာ သက်ဆိုင်ရာဌာနတွေရဲ့ Physicality study ဖြစ်နိုင်ချေရှိတာတွေကို လေ့လာဆန်းစစ်ပြီး တွက်ချက်ပေးပါတယ်။ အဲဒီနေရာမှာ (4'x 6') သိန်း၂၀၀၀ ဆိုပြီးတော့ ဒါတွေက ကျွန်တော်တို့တွေ နိုင်ငံတော်ဘတ်ဂျက်ကို အလွဲသုံးစားလုပ်လို့မရပါဘူး။ လက်ရှိ ဆောင်ရွက်တဲ့လုပ်ငန်းနဲ့ ကုန်ကျစရိတ်ဟာ စာရင်းစစ်ကနေ စစ်ဆေးဖြတ်တောက်ပြီး ဥပဒေနဲ့အညီ ပြန်လည်ပေးသွင်းစေခြင်း၊ အရေးယူဆောင်ရွက်ခြင်းတွေရှိတာဖြစ်တဲ့အတွက်ကြောင့် ဒီပေါ်မှာတော့ ကျွန်တော်တို့က ယုံမှားသံသယမရှိပါဘူး။ သုံးစွဲတဲ့ပစ္စည်းတွေအပေါ်မှာ မူတည်ပြီးတော့ ဖြစ်တန်ခြေအခြေအနေတွေကို သက်ဆိုင်ရာဌာနတွေက တည်ဆောက်ဆောင်ရွက်ပေးနေကြောင်းကို လေးစားစွာဖြင့် ပြန်လည်ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ယခုလွှတ်တော်ကိုယ်စားလှယ် (၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းကို မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပေါင်းတည် မြို့နှင့် ဝေးကွာသော ရွှေလေးတောင်ပေါ်ဒေသရှိ စာသင်ကျောင်းများတွင် လစ်လပ်နေသော ဆရာ/ ဆရာမနေရာများအား စနစ်တကျ အမြန်ဆုံးချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် မည်သည့်အချိန်တွင် ဖြည့်စွက် ချထားပေးနိုင်မည်ကို တိကျစွာ သိရှိလိုပါကြောင်း”**နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ကျွန်တော်မေးမြန်းသွားမယ့်မေးခွန်းကတော့ ပေါင်းတည်မြို့နှင့် ဝေးကွာသော ရွှေလေးတောင်ပေါ်ဒေသရှိ စာသင်ကျောင်းများနှင့် ဆရာ/ ဆရာမတွေရဲ့ အခက်အခဲကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်ရှိ အခြေခံပညာဦးစီးဌာနလက်အောက်မှာ ပေါင်းတည်မြို့နယ်နဲ့ အလှမ်းကွာတဲ့ ရွှေလေးတောင်ပေါ်ဒေသမှာ မူလတန်း၊ မူလွန်၊ အလယ်တန်း စာသင်ကျောင်းများမှာ ဆရာ/ဆရာမလိုအပ်ချက် လွန်စွာများပြားနေပါတယ်။ ဒီတောင်ပေါ်ဒေသရဲ့ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား/ ကျောင်းသူ အင်မတန်နည်းပါးတာကိုလည်း တွေ့ရမှာပဲ ဖြစ်ပါတယ်။ ပညာသင်ရန် အခက်အခဲမျိုးစုံကို ကျော်ဖြတ်ပြီးမှ တက္ကသိုလ်ဝင်တန်းကို အောင်မြင်ရတာ

ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး အင်မတန်ခက်ခဲတာကြောင့် ဆရာ/ဆရာမတွေလည်း သွားရောက်တာဝန်ထမ်းဆောင်ဖို့အတွက် ခက်ခဲသလို ကျောင်းသား/ ကျောင်းသူတွေအနေနဲ့ ပညာသွားရောက်သင်ကြားဖို့အတွက် လွန်စွာအခက်အခဲတွေနဲ့ ကြုံတွေ့နေရပါတယ်။ ဒါကြောင့် ပညာသင်သွားရောက်ဖို့ အခက်အခဲရှိတဲ့အတွက် ပညာသင်ကြားရေးမှာလည်း များစွာအနှောင့်အယှက်ဖြစ်နေရပါတယ်။ ဒ့ါအပြင် ယခုလက်ရှိ တာဝန်ထမ်းဆောင်နေတဲ့ ဆရာ/ဆရာမများကိုလည်း ကျေးဇူးတင်ရမှာဖြစ်ပါတယ်။ လက်ရှိ တာဝန်ထမ်းဆောင်နေတဲ့ ဆရာ/ဆရာမများဟာ ဆရာ/ဆရာမ (၅)ဦး ထမ်းဆောင်ရမယ့်နေရာမှာ (၂)ဦးနဲ့ သင်ကြားနေရတဲ့အတွက် မနိုင်ဝန်ထမ်းနေရသကဲ့သို့ ဖြစ်နေပါတယ်။ စာသင်ကြားနေတဲ့ ကျောင်းသား/ ကျောင်းသူတွေအနေနဲ့လည်း ဆရာ/ဆရာမ(၅)ဦး သင်ကြားရမယ့်နေရာမှာ (၂)ဦးနဲ့ အချိန်ခွဲပြီး သင်ကြားနေရတဲ့အတွက် ပညာသင်ကြားခွင့် အခွင့်အရေးလည်း ဆုံးရှုံးနေပါတယ်။ အခြေခံပညာမူလတန်းကျောင်းမှာဆိုရင် လက်ရှိအနေအထားအရ ဆရာ/ဆရာမခန့်ထားပြီး တစ်ဦးမှ မရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆရာ/ဆရာမ အင်အား ဦးရေ(၇၀)လောက် လိုအပ်နေပါတယ်။ ဒါကြောင့်မို့ မြို့နဲ့ ဝေးကွာနေတဲ့ ရွှေလေးတောင်ပေါ်ဒေသမှာ လစ်လပ်နေသော ဆရာ/ဆရာမနေရာများအား စနစ်တကျ အမြန်ဆုံး ခွဲဝေချထားပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် မည်သည့် အချိန်တွင် ဖြည့်စွက်ချထားပေးနိုင်မည်ကို တိကျစွာသိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးဉာဏ်ဝင်း၊ ဖားကန့်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ဖားကန့်မြို့နယ် နဂါးချောင်းအလယ်တန်းကျောင်းနှင့် ထန်းတပင်အလယ်တန်းကျောင်းတို့တွင် ကျောင်းဆောင်သစ် (၉၀'× ၃၀') တစ်လုံးစီဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးထူးခိုင်၊ ဖားကန့်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ မေးခွန်းရှင်ဖြစ်တဲ့ ဖားကန့်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း ခွင့်ယူထားသဖြင့် ၎င်း၏ကိုယ်စား ကျွန်တော် ဖားကန့်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်က ကိုယ်စားမေးမြန်းမှာ ဖြစ်ပါတယ်။ မေးခွန်းကတော့ ပညာရေးနှင့် ပတ်သက်တဲ့မေးခွန်း ဖြစ်ပါတယ်။ ဖားကန့်မြို့နယ်၊ နဂါးချောင်း အလယ်တန်းကျောင်းနှင့် ထန်းတပင်အလယ်တန်းကျောင်းတို့တွင် ကျောင်းသားနဲ့ ရှိရင်းကျောင်းဆောင် မမျှတပါသဖြင့် ၂၀၁၈ မီနီဘတ်ဂျတ်မှာ ကျောင်းဆောင်သစ် (၉၀'×၃၀') တစ်လုံးစီ ချထားပေးရန် တင်ပြခဲ့ပါတယ်။ သို့ပါသော်လည်း ၂၀၁၈ မီနီဘတ်ဂျတ်မှာ တစ်ဝက်လောက်ရောက်တော့ ကျောင်းဆောင်သစ်ကတော့ (၂)ဆောင်ချထားပေးပြီးဖြစ်ပါတယ်။

တရားဝင်လည်း ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ဒါပေမယ့်လို့ ၂၀၁၈ ဘဏ္ဍာနှစ် တစ်ဝက်လောက်မှာ ဘဏ္ဍာငွေမလုံလောက်ခြင်း၊ အချိန်ကာလ မလုံလောက်ခြင်းတို့ကို ဖော်ပြပြီးတော့ ကျောင်းဆောင်သစ်ကို ရရှိခြင်းမရှိပါဘူး။ ၂၀၁၈ မှာ လျာထား ပါသော်လည်း မရတဲ့အတွက် ၂၀၁၈-၂၀၁၉ ဘတ်ဂျတ်မှာလည်း ပြန်လည်ပေးအပ်ခြင်းမရှိပါဘူး။ သို့ပါ၍ ၂၀၁၉-၂၀၂၀ ဘတ်ဂျတ်မှာ သက်ဆိုင်ရာ ပညာရေးမှူးက တင်ပြတောင်းခံသော်လည်း ဘတ်ဂျတ်တွင် ပါဝင်လာခြင်းမရှိပါဘူး။ သို့ပါ၍ ၂၀၁၈ မီနီဘတ်ဂျက်ကာလမှာ ဆက်လုပ်ရန် ပါဝင်ပြီးဖြစ်တဲ့ အဆိုပါ ကျောင်း(၂)ကျောင်းကို အစားထိုးပြီး ပြန်လည်ခွင့်ပြုမိန့်ကို ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်မှာ ပါဝင်ခြင်းမရှိတဲ့အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မဖြစ်မနေဆောက်လုပ်ခွင့် ပြန်လည်လျာထားပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ယခုကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့်မေးခွန်း(၂)ခုအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွန့်ညွန့်ဌေး(ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန)။** ။ပထမဦးစွာ ကျွန်မဖြေရမယ့် မေးခွန်းကတော့ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင် မေးမြန်းတဲ့ **"ပေါင်းတည်မြို့နှင့် ဝေးကွာသော ရွှေလေးတောင်ပေါ်ဒေသရှိ စာသင်ကျောင်းများတွင် လစ်လပ်နေသော ဆရာ/ ဆရာမနေရာများအား စနစ်တကျ အမြန်ဆုံးချထားပေးရန် အစီအစဉ် ရှိ/ မရှိနှင့် မည်သည့်အချိန်တွင် ဖြည့်စွက်ချထားပေးနိုင်မည်ကို တိကျစွာ သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ ရွှေလေးတောင်ပေါ် ဒေသရှိ စာသင်ကျောင်းများတွင် လစ်လပ်နေသော ဆရာ/ ဆရာမများနေရာတွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပညာရေးကောလိပ်(တန်းပြဆင်း) ဆရာ/ ဆရာမများကို သင်ကြားရေး အဆင်ပြေစေရန်အတွက် အလှည့်ကျစေလွှတ်ပြီး သင်ကြားစေခဲ့ပါသည်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် လစ်လပ်နေရာများ၌ (DTEdနှင့် PPTT) သင်တန်းဆင်းများအား ခန့်ထားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဒေါ်ညွန့်ညွန့်ဌေး(ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန)။** ။ ဒုတိယမေးခွန်းဖြစ်တဲ့ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း မေးမြန်းတဲ့ **"ဇီးကုန်းမြို့နယ် နဂါးချောင်းအလယ်တန်းကျောင်းနှင့် ထန်းတပင်အလယ်တန်းကျောင်းတို့တွင် ကျောင်းဆောင်သစ် (၉၀'× ၃၀') တစ်လုံးစီဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားရမယ်ဆိုရင် ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်၊ နဂါးချောင်း အခြေခံပညာအလယ်တန်း

ကျောင်း(ခွဲ)တွင် အလယ်တန်းဆင့် ကျောင်းသား(၆၁)ဦး၊ မူလတန်းဆင့် ကျောင်းသား(၆၁)ဦး၊ စုစုပေါင်း (၁၂၂)ဦး ရှိပါသည်။ ဆရာအင်အားမှာကျောင်းအုပ်(၁)ဦး၊ လယ်ပြ (၆)ဦး၊ မူပြ(၄)ဦး၊ စုစုပေါင်း (၁၁)ဦး ရှိပါသည်။ စာသင်ဆောင်အနေဖြင့် (၆၀x၃၀)ပေအုတ်ညှပ် (၁)ထပ်ဆောင် ရှိပါသည်။

အဆိုပါကျောင်းတွင် (၉၀x၃၀)ပေ Steel Structure (၁)ထပ်ဆောက်လုပ်နိုင်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် (အောက်တိုဘာမှစက်တင်ဘာ)အတွင်း ငွေလုံးငွေရင်းခေါင်းစဉ်ဖြင့် တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

၎င်းမေးခွန်းနှင့် တစ်ဆက်တည်းပါနေတဲ့ ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်၊ ထန်းတပင်အခြေခံပညာအလယ်တန်းကျောင်းတွင် အလယ်တန်းဆင့်ကျောင်းသား(၈၂)ဦး၊ မူလတန်းဆင့်ကျောင်းသား(၄၈)ဦး၊ စုစုပေါင်း(၁၃၀)ဦး ရှိပါသည်။ ဆရာအင်အားမှာကျောင်းအုပ်(၁)ဦး၊ လယ်ပြ (၈)ဦး၊ မူပြ(၄)ဦး၊ စုစုပေါင်း(၁၃)ဦး ရှိပါသည်။ စာသင်ဆောင်အနေဖြင့် (၉၀x၃၀)ပေအုတ်ညှပ် (၁)ထပ်ဆောင် ရှိပါသည်။

အဆိုပါကျောင်းတွင် ကျောင်းသားဦးရေအရ လုံလောက်မှုရှိသော်လည်း တန်းခွဲအရ (၉၀x၃၀)ပေ Steel Structure (၁)ထပ်ဆောက်လုပ်ရန် လိုအပ်နေတဲ့အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် (အောက်တိုဘာ မှ စက်တင်ဘာ)အတွင်း ငွေလုံးငွေရင်းခေါင်းစဉ်ဖြင့် တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီအစီအရင်ခံစာကို ရေးရာကော်မတီအတွင်းရေးမှူး ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအတွင်းရေးမှူး ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီမှ (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့်အစီရင်ခံစာ(၂/၂၀၁၉)

**နိဒါန်း**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီသည် တိုင်းဒေသကြီးလွှတ်တော်မှ ပေးအပ်သော တာဝန်များကို လေးစားလိုက်နာလျက် လွှတ်တော်အတွင်း လွှတ်တော်ကိုယ်စားလှယ်များအားလုံး စည်းကမ်းကျနရေး၊ ပျက်ကွက်မှု၊ ခွင့်တိုင်ကြားမှု၊ တက်ရောက်မှုများအား စနစ်တကျမှတ်တမ်းတင်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးများ၊ ပြည့်ဝစွာခံစားနိုင်ရေးအတွက် ရေးရာကော်မတီအစည်းအဝေးများကျင်းပပြီး သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြအစီရင်ခံခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

**ရည်ရွယ်ချက်**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ တင်ပြတောင်းဆိုသော အချက်အလက်များနှင့် အခွင့်အရေးများကို ပြည့်ဝစွာဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါသည်။

**အစီရင်ခံသည့်ကာလအတွင်း ကော်မတီ၏ဆောင်ရွက်ချက်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၉)တွင် အောက်ပါတို့ကို ဆောင်ရွက်ခဲ့ပါသည်–

- (၆.၅.၂၀၁၉)ရက်နေ့တွင် ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးငွေးလွင်အပေါ် တိုင်ကြားချက်အား နှစ်ဖက်ခေါ်ယူတွေ့ဆုံ၍ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ရန်အတွက် မေးမြန်းစိစစ်ခြင်း၊
- (၇.၅.၂၀၁၉)ရက်နေ့တွင် ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆန်းဦးအပေါ် တိုင်ကြားချက်အား နှစ်ဖက်ခေါ်ယူတွေ့ဆုံ၍ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ရန်အတွက် မေးမြန်းစိစစ်ခြင်း၊
- (၉.၅.၂၀၁၉)ရက်နေ့တွင် ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်အပေါ် တိုင်ကြားထားသူပုဂ္ဂိုလ်များအား ခေါ်ယူတွေ့ဆုံ၍ စစ်ဆေးမေးမြန်းခြင်း၊
- (၁၀.၅.၂၀၁၉)ရက်နေ့တွင် နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင်အပေါ် တိုင်ကြားထားသူပုဂ္ဂိုလ်များအား ခေါ်ယူတွေ့ဆုံ၍ စစ်ဆေးမေးမြန်းခြင်း၊

**ကော်မတီ၏တွေ့ရှိချက်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီသည် အောက်ပါအတိုင်း စိစစ်တွေ့ရှိခဲ့ပါသည်–

- ကော်မတီသို့ တင်ပြလာသော တိုင်ကြားစာများကို လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်များနှင့်အညီ စိစစ်ဆောင်ရွက်ခြင်း၊ ကြားနာခြင်း၊ အကြံပြုချက်များကို ဆောင်ရွက်ခြင်း၊
- လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးဆိုင်ရာကိစ္စရပ်များကိုလည်း လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြတောင်းဆိုချက်အတိုင်း လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြတောင်းဆိုပြီး လုပ်ငန်းများ အောင်မြင်သည်အထိ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**အကြံပြုချက်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ၏ အကြံပြုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် Smart Card အမြန်ရရှိရေးအတွက် အစီရင်ခံစာတင်ပြခဲ့သော်လည်း ယခုအချိန်ထိ လွှတ်တော်ကိုယ်စားလှယ်များရရှိခြင်း မရှိသည်ကို တွေ့ရှိရပါသဖြင့် ဆောင်ရွက်ပေးရန်၊
- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ဘတ်ဂျက်စိစစ်ရေးလုပ်ငန်းများကို အခြားကော်မတီများနည်းတူ တာဝန်ခွဲဝေပေးရန် အစီရင်ခံတင်ပြသော်လည်း (၂၀၁၉–၂၀၂၀)ဘတ်ဂျက်တွင်လည်း တာဝန်ခွဲဝေပေးမှုမရှိသည့်အတွက် တာဝန်ခွဲဝေပေးအပ်သင့်ပါကြောင်း၊
- အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များသို့ လေ့လာရေးခရီးသွားရောက်နိုင်ရန် ဆောင်ရွက်ပေးသင့်ပါကြောင်း၊

**ကော်မတီ၏ရှေ့လုပ်ငန်းစဉ်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

- လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီသည် တိုင်းဒေသကြီးလွှတ်တော်၏ ပုံမှန်အစည်းအဝေး၊ ရေးရာကော်မတီအစည်းအဝေးများအတွင်း စည်းကမ်းတကျကျင်းပနိုင်ရေး၊ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ခံစားထိုက်သော အခွင့်အရေးများ ပြည့်ဝစွာရရှိနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

- ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ ဆောင်ရွက်ရန်ရှိသော တာဝန်များနှင့် ပေးအပ်ထားသော တာဝန်များကို စနစ်တကျလုပ်ငန်းများ အောင်မြင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**နိဂုံး**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီသည် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ တိုးတက်ဖွံ့ဖြိုးရေး၊ လွှတ်တော်ကိုယ်စားလှယ်များ၏လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိထိမိမိဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီပြီး ရည်ရွယ်ချက်များ ပေါ်ပေါက်အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း လေးစားစွာ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ လွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူးထံ ယနေ့(၁၆:၀၀)နာရီထက် နောက်မကျစေဘဲ အမည် စာရင်း တင်သွင်းကြဖို့ ဖြစ်ပါတယ်။

**ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ရပ်နား ကြောင်းနှင့် အစည်းအဝေး(ပဉ္စမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို (၁၁:၁၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၉ခုနှစ် မေ (၂၄)ရက် (သောကြာနေ့) နံနက် (၁၀:၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်**
**(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**
**ပဉ္စမနေ့ မှတ်တမ်း**
**၁၃၈၁ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်**
**၂၀၁၉ခုနှစ်၊ မေလ ၂၄ ရက်**
**(သောကြာနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)ကို နံနက် (၁၀:၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်ကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယ အကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၆ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၆.၈၄ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့လွှတ်တော်ကိုယ်စားလှယ် ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ၄(ခ)အရ ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့) အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူရမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့) အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး လှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးဌာန]၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း [ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန]၊ ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်ပွယ်စေး [ဝန်ကြီး၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန]၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လွင်၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း၊ ပြည်မြို့နယ်

မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ ဖြူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်းနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲဝင်းထွန်းတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် (၂၄.၅.၂၀၁၉)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့ (၁၀)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား–ဒီကနေ့ ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၇၆)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ (၁၀)ဦး ဖြစ်ပါ တယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စား လှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ယခု လွှတ်တော် ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၃)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်သည့်အတွက်

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝေါမြို့နယ်အတွင်းရှိ တပ်သိမ်းစွန့်လွှတ်မြေများကို မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ရီရီထိုက် ၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ဝေါမြို့နယ်အတွင်းရှိ တပ်မတော်မှ သိမ်းဆည်းမြေများနှင့်ပတ်သက်၍ ပြန်လည်စွန့်လွှတ်ခဲ့သော ကျေးရွာ အုပ်စု(၇)ခုရှိခဲ့ပါသည်။ ၎င်းတပ်စွန့်မြေများကို (၂၀၁၆)ခုနှစ် (၄)လပိုင်းမှ စတင်၍ တပ်မတော်အဖွဲ့များနှင့် ဝန်ကြီးဌာနများမှ ပြန်လည်စွန့်လွှတ်ခဲ့ပါသည်။ ၎င်းကျေးရွာအုပ်စုများမှာ ကွေ့ကြီးကျေးရွာအုပ်စု တပ်မ(၇၇)မှ ဧက (၃၀၀) ပြန်လည်စွန့်လွှတ်ခဲ့ပြီး၊ မြစ်ကျိုးကျေးရွာအုပ်စု ခလရ (၃၀)၊ ခမရ (၇)၊ ခမရ (၁၀၅)၊ အပတ (၁)၊ အမှတ်(၉၀၁) စုစုပေါင်း ၇၇၄.၉၁ဧက စွန့်လွှတ်ခဲ့ပါသည်။ ကေရာဇ်ကျေးရွာ ခမရ (၃၉၁)၊ ခမရ (၃၁၁)၊ ခမရ (၁၀၅)၊ ခလရ (၆) ခမရ (၁၀၆)၊ ခမရ (၈) တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး စုစုပေါင်း (၈၅၀)ဧက စွန့်လွှတ်ပြီး ညောင်ကိုင်းကျေးရွာအုပ်စု ခလရ (၅၉)၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန (စစစ) တိုင်းရဲတပ်ဖွဲ့ စုစုပေါင်းဧက (၅၂၉)ဧက စွန့်လွှတ်ခဲ့ပါသည်။ ထိန်တပင်ကျေးရွာ ခမရ (၇) (၁၅၀)ဧက၊ ကျုံရဲ့ကျေးရွာ ခမရ (၈) (၉၀)ဧက ပန်းညိုကျေးရွာ ခမရ (၁၀၁) ၂၃၆ဧကတို့ဖြစ်ပါသည်။ ၎င်းစွန့်လွှတ်မြေများနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးမြေ/စစ်အဖွဲ့မှ မည်သို့စီမံဆောင်ရွက်ထားသည်ကို ဒေသခံပြည်သူများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"သက္ကလမြို့အား မြို့ကွက်များ၏ စံချိန်စံညွှန်းများနှင့်အညီဖြစ်ပေါ်စေရေး တာဝန်ရှိသူများမှ ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/ မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကိုမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးခိုင် ၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၊ သက္ကလစံပြကျေးရွာအား (၃၀.၈.၂၀၁၃)ရက်နေ့တွင် နိုင်ငံတော်အစိုးရက ရွာမြေမှမြို့မြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးခဲ့ပါသည်။ ထို့နောက် သက္ကလမြို့၏ (၆)ရပ်ကွက်တွင် မှီတင်းနေထိုင်ကြသော ပြည်သူအားလုံးမှ မြို့၏ ကွက်ကျဲ၊ ကွက်စိပ်တိုင်းတာရေးတွင် အကြံဉာဏ်ပေးကူညီကြရန် မြို့မြေတိုင်းတာရေးကော်မတီဝင်(၄၉)ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်တိုင် (၂.၂.၂၀၁၇)နေ့တွင် ဖွဲ့စည်းပေးခဲ့ပါသည်။ ပထမဦးစွာ ကဝမြို့နယ်မြေစာရင်းရုံးမှ တာဝန်ရှိဝန်ထမ်းများနှင့် မြို့မြေ

တိုင်းတာရေးကော်မတီဝင်အချို့တို့မှာ မူလရွာမြေနှင့် ဆက်စပ်လျက်ရှိသော လယ်မြေများအပါအဝင် မြို့မြေ၏ ဘောင်ဒရီ(Boundary)အား သတ်မှတ် ခဲ့ပါသည်။

ဆက်လက်၍ မြို့တွင်းရှိ လမ်းမကြီးများ၊ လမ်းသွယ်များ၊ လမ်းကြားများ၊ ကွက်ကျဲ၊ ကွက်စိပ် တိုင်းတာသတ်မှတ်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်အတွင်း မှီတင်းနေထိုင်ကြသော ရပ်ကွက်နေ ပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကဝမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိ ဝန်ထမ်းများမှာ သက္ကလမြို့ မြို့အုပ်ချုပ်ရေးမှူးရုံးတွင်လည်းကောင်း၊ အောင်မင်္ဂလာရပ်ကွက်ရှိ စိုက်ပျိုးရေးရုံးတွင်လည်းကောင်း (၄)ကြိမ်တိုင်တိုင် ရပ်ကွက်နေပြည်သူများ၏ သဘောထားနှင့် အညီ တွေ့ဆုံဆွေးနွေး ညှိနှိုင်းခဲ့ကြပါသည်။ ထိုသို့တွေ့ဆုံခဲ့ကြရာတွင် ရပ်ကွက်အသီးသီးတွင် မှီတင်းနေထိုင်ကြသော ပြည်သူလူထု၏ အနီးစပ်ဆုံးမှန်ကန်သော ဥပစာပိုင်နက်နှင့် ၎င်းတို့၏ အိုးအိမ်၊ စည်စိမ်များအား အထိအခိုက် အနည်းဆုံးနည်းလမ်းများမှ စဉ်းစားညှိနှိုင်းကြ၍ လမ်းမကြီးများ၊ လမ်းသွယ်များ၊ လမ်းကြားများ၏ "ပေ"အကျယ် သတ်မှတ်မှုအတိုင်းအတာအား သတ်မှတ်ခဲ့ကြပါသည်။ နောင်ဖြစ်လတ္တံ့သော မြို့ဖွံ့ဖြိုး တိုးတက်လာမည့် အခြေအနေများနှင့် များပြားလာမည့်အိမ်ထောင်စု၊ လူဦးရေများမှအစ၊ မီးရေး၊ ထင်းရေးအတွက် မီးသတ်ကားဝင်/ထွက် သွားလာနိုင်ရေးအဆုံး အစစအရာရာဆွေးနွေးညှိနှိုင်းကြပြီး လမ်းဧရိယာများအား သတ်မှတ်ခဲ့ ကြခြင်းဖြစ်ပါသည်။

ထိုသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မြေတိုင်းတာရေးကော်မတီဝင်များ၊ ကဝမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာန၏ တာဝန်ရှိဝန်ထမ်းများနှင့်အတူ ပြည်သူလူထုအနေဖြင့် မိမိတို့မြို့ရွာရပ်ကွက်အရေးကိစ္စအတွက် ၎င်းတို့ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့မှုအပေါ် ယနေ့အချိန်ထိ တာဝန်ရှိသူများအနေဖြင့် အောင်မြင်အောင် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသေးပါ။ မူလကျေးရွာမြေနှင့် ဆက်စပ်နေသော မြို့မြေအတွင်း သွတ်သွင်းထားသည့် လယ်မြေများကိုလည်း မြို့ကွက်များ၏ စံချိန်စံညွှန်းများနှင့်အညီ တိတိပပဖော်ဆောင်ပေးခြင်း မရှိခဲ့ပါ။

သို့ပါသောကြောင့် "အခုရှုပ်မှနောင်ရှင်း" ဆိုသလို မိမိတို့မြို့ရွာသာယာလှပရေးနှင့် နောင်လာ နောက်သားများအတွက် ဆိုးမွေမခံထိုက်ရလေအောင် ပြည်သူ့ဆန္ဒနှင့်အညီ မိမိတို့မူလ သတ်မှတ်ထားသော လမ်းမကြီးများ၊ လမ်းသွယ်များ၊ လမ်းကြားများ၏ "ပေ" အကျယ်အား တရားဝင်ထုတ်ပြန်ပေးရေးနှင့် လယ်မြေအား မြို့မြေအတွင်းသွတ်သွင်းအပြီး မြို့ကွက်များ၏ စံချိန်စံညွှန်းများနှင့်အညီ ဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူများအား ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့အနေဖြင့် လမ်းညွှန်ကြီးကြပ်တာဝန်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်း ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအားစိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးကဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝေါမြို့နယ်အတွင်းရှိ တပ်သိမ်းစွန့်လွှတ်မြေများကို မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍ ဝေါမြို့နယ်အတွင်းရှိ တပ်မတော်မှ သိမ်းဆည်းမြေများနှင့်ပတ်သက်၍ ပြန်လည်စွန့်လွှတ်ခဲ့သော ကျေးရွာအုပ်စု(၇) အုပ်စုဖြစ်ပြီး စုစုပေါင်းဧရိယာ (၂၂၀၃.၁၀)ဧက၊ တောင်သူပေါင်း (၃၂၃)ဦးအား ၂၀၁၅ခုနှစ်၊ ဧပြီလတွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇) ထုတ်ပေးပြီးစီးခဲ့ပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ပြန်လည်စွန့်လွှတ် အပ်နှံမြေ(၁၀၅)ဧကအား ယာယီပုံစံ(၃) တောင်သူလက်ဝယ်ပေးအပ် နိုင်ရေး အတွက်လည်းကောင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံမြေ (၃၃၀.၀၀)ဧကအား ယာယီပုံစံ(၃) တောင်သူလက်ဝယ်ပေးအပ်နိုင်ရေးအတွက်လည်းကောင်း၊ မြို့နယ်မြေ/စစ်မှတင်ပြလာမှုအား ခရိုင်မြေ/စစ်မှ (၁၄.၉.၂၀၁၈) ရက်စွဲပါစာအမှတ် ၃၆၈/ ကော်မတီ/မြေ(ခရိုင်)/၂၀၁၈ဖြင့်လည်းကောင်း၊ (၁၄.၁၁.၂၀၁၈) ရက်စွဲပါစာအမှတ်၊ ၅၂၈/ကော်မတီ/ မြေ(ခရိုင်)/၂၀၁၈ဖြင့် တိုင်းဒေသကြီးမြေ/စစ်သို့ တင်ပြလာမှုအပေါ် တိုင်းဒေသကြီးမြေ/စစ်မှလည်း (၂၉.၄.၂၀၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉)တွင ဆွေးနွေး ခဲ့ပြီး မူလတောင်သူများသို့ ပုံစံ(၃)ပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် တပ်ရင်း/ တပ်ဖွဲ့များမှ ပြန်လည်စွန့်လွှတ်အပ်နှံထားမှုအား တစ်ပါတည်းရှင်းလင်းဖြေကြားအပ်ပါသည်။

**စွန့်လွှတ်အပ်နှံထားမှုအပေါ်**

| စဉ် | တပ်ရင်း/တပ်ဖွဲ့ | ပြန်လည်ပေးအပ်ထားသည့် | တောင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|
| | | (ဧက) | | |
| ၁ | ခလရ(၃၀) | ၇၀.၃၂ | ၁၀ | |
| ၂ | ခမရ(၇) | ၃၂၆.၁၁ | ၂၈ | |
| ၃ | ခမရ(၁၀၅) | ၃၉၈.၅၈ | ၆၂ | |
| ၄ | အပတ(၁) | ၂၄၁.၀၀ | ၂၇ | |
| ၅ | ခလရ(၉၀၁) | ၃၈.၄၆ | ၅ | |
| ၆ | တပ်မ(၇၇) | ၂၆၂.၂၂ | ၃၉ | |

| | | | |
|---|---|---|---|
| ၇ | ခမရ(၃၉၁) | ၈၅.၅၇ | ၁၆ |
| ၈ | ခမရ(၃၁၃) | ၇၆.၁၁ | ၂၀ |
| ၉ | ခလရ(၆) | ၉၂.၅၆ | ၁၆ |
| ၁၀ | ခမရ(၁၀၆) | ၉၇.၇၅ | ၂၄ |
| ၁၁ | ခမရ(၈) | ၂၁၂.၀၈ | ၂၆ |
| ၁၂ | ခလရ(၅၉) | ၁၄၉.၅၆ | ၂၁ |
| ၁၃ | ခမရ(၁၀၁) | ၁၅၂.၉၈ | ၂၉ |
| | **စုစုပေါင်း** | **၂၂၀၃.၁၀** | **၃၂၃** |

**ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"သက္ကလမြို့အား မြို့ကွက်များ၏ စံချိန်စံညွှန်းများနှင့် အညီ ဖြစ်ပေါ်စေရေး တာဝန်ရှိသူများမှ ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/ မရှိ"**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသောမေးခွန်းနှင့်ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သက္ကလစံပြကျေးရွာအား မြို့မြေအဖြစ်သတ်မှတ်ပေးနိုင်ရေး သက်ဆိုင်ရာမြို့နယ် စီမံခန့်ခွဲမှုကော်မတီမှ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ တင်ပြဆောင်ရွက်ရပြီး၊ ခွင့်ပြုချက် ရရှိပြီးပါက မြို့မြေအဖြစ်သတ်မှတ်မည့် ဧရိယာအတွင်း လယ်ယာမြေများပါဝင်ပါက ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ (၃၀)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့်ရရှိရေးဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် မြေလွတ်မြေရိုင်းမြေဖြစ်ပါက ၂၀၁၂ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ (၄)(ဃ)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေလွတ်၊ မြေရိုင်းများအား အခြားလုပ်ငန်းအတွက် အသုံးပြုခွင့်ရရှိရန် ဆောင်ရွက်သွားရမည့် ကိစ္စရပ်ဖြစ်ပါကြောင်းနဲ့ ကျွန်တော်တို့သက်ဆိုင်ရာ ကာယကံရှင်များမှ တင်ပြလာလို့ရှိရင် အစိုးရ အဖွဲ့အနေနဲ့ လိုအပ်တဲ့လုပ်ထုံး လုပ်နည်းအဆင့်ဆင့်နဲ့အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်းကို လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးရှင် ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးရှင့်- ညောင်ကိုင်းကျေးရွာမှာဆိုရင် တိုင်းရဲတပ်ဖွဲ့မှူးက ၂၀၁၆ ခုနှစ် (၅)လပိုင်းမှာ ပုံစံ(၇)ထွက်ပြီးမြေဆိုပြီး ဒါးပိန်စားကျက်ပုံစံ(၈၁၉)ပေ့ါ မူလရဲ့မြေဟာ အဲ့ဒီမှာကေ(၅၀)ကို ကျွန်တော်တို့ကိုပေးတဲ့စာရင်းအရဆောင်ရွက်ဆဲပေ့ါ ဒါတွေလည်းကျွန်တော်တို့ မြေစစ်အဖွဲ့က မစိစစ်ကဘူး။ ဒါတစ်ချက်ပေ့ါနော်။ ၂၀၁၆ (၅)လပိုင်းမှာ စွန့်လွှတ်ထားတာ ဒါးပိန်စားကျက်မြေအဖြစ် (၈၁၉) ဒါးပိန်စားကျက်မြေသူ့ရဲ့မြေကတော့ အခုဒါကို တိုင်းရဲတပ်ဖွဲ့က ပြန်စွန့်လွှတ်တယ်။ ပြန်စွန့်လွှတ်တဲ့အတွက် ဒါဟာနိုင်ငံတော်ရဲ့ Statlard ဖြစ်တယ်။ အစိုးရက စီမံကွပ်ကဲပေးရမှာ။ ဒါကို ပြန်စိစစ်ပေးရမှာ။ အဲ့ဒါလေးတွေလည်း စိစစ်ပေးစေချင်ပါတယ်။ ကေရစ်ကျေးရွာမှာဆိုရင် (၆၈၉) (က) ဂဏန်းကုန်းကွင်းက အဲ့ဒါဆိုရင် ကေ (၁၀၀) ဒါလည်း ၂၀၁၆ (၅)လပိုင်းက ဒီဥစ္စာက ပြန်စွန့်လွှတ်တာ။ ဒီအစိုးရလက်ထက်မှာ ဒါတွေကျွန်တော်တို့ မသိရှိရဘူး။ ဒါလည်း ဒီမှာသူတို့ပြထားတာ ပုံစံ(၇) ထွက်ပြီးမြေဆောင်ရွက်ဆဲတဲ့။ စာရင်းပေးတဲ့ မြေစာရင်းက ရရှိတာပေ့ါ။ ဒါတွေက အစိုးရက စီမံကွပ်ကဲပေးရမယ်။ အစိုးရကနိုင်ငံတော်ရဲ့မြေတွေ ပြည်သူတွေတရားမျှတမှုရှိအောင် အစိုးရအနေနဲ့မြေစစ်အဆင့်ဆင့် ဒါမှမဟုတ် သက်ဆိုင်ရာ မြေစာရင်း၊ ထွေအုပ်၊ လွှတ်တော်ကိုယ်စားလှယ်တို့ကို မေးမြန်းပြီးတော့ ကျွန်တော်တို့အခု ဒီအစိုးရတက်လာတဲ့အခါမှာ လယ်ယာမြေနဲ့အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကနေပြီးတော့ ကော်မတီအဆင့်ဆင့်ဖွဲ့စည်းထားတာ တာဝန်ကျေဖို့ ဒီအဖွဲ့အစည်းကိုဖွဲ့စည်းထားတာ တာဝန်ကျေပွန်အောင် ပြည်သူလူထုကိုတရားမျှတမှုရှိအောင် ဆောင်ရွက်ပေးရမယ်။ ဒါလေးတွေကို ဆောင်ရွက်ပေးစေချင်ပါတယ်။ နောက်တစ်ချက်က ပုံစံ(၇)ထွက်ရှိပြီးတဲ့ ဥစ္စာကိုဖြေကြားသွားပါတယ်။ အဲ့ဒီမှာ ကျွန်တော်တို့ (၂၀၀၃)ကေ ဒါလည်း ဥက္ကဋ္ဌကြီးရှင့် ပုံစံ(၇)တွေက ကျွန်တော်တို့ အစိုးရတက်တဲ့အခါမှာ စွန့်လွှတ်တယ်ဆိုပြီး စွန့်လွှတ်မြေစာရွက်ပေးတဲ့အချိန်မှာ ပုံစံ(၇)တွေက ရရှိနေတယ်။ ခုနက ကျွန်တော် မေးခွန်းမေးမြန်းတဲ့ထဲမှာလည်း ပါပါတယ်။ ဘာလို့လည်းဆိုတော့ ဒါတွေကမူလက စားကျက်မြေတပ်ကသိမ်းတယ်။ ပယ်ဖျက်မိန့်ကျတယ်။ ပုံစံ(၇)ထွက်ရှိတယ်။ ထွက်ရှိတဲ့အခါမှာ မူလတောင်သူတွေကို အမျိုးတွေခွဲဝေပြီးယူထားတာ ဒါတရားမျှတမှုမရှိပါဘူး။ ဒါတွေစိစစ်ဖို့ မြေစစ်ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းထားတာပါ။ ဒါကြောင့်မို့လို့ ထွက်ရှိတဲ့အပေါ်မှာလည်း ပြန်လည်စိစစ်ပေးစေလိုပါတယ်။ ပုံစံ(၇)တွေ ထွက်ရှိတဲ့အပေါ်မှာလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ပြန်လည်စိစစ်ပေးစေချင်ပါတယ်။ ခုနကျွန်တော်ပြောပြထားပြီးပါပြီ။ ပုံစံ(၇)အဖွဲ့က အချက်(၃)ချက်ပဲ စစ်ရတယ်။ အဲ့ဒီအချက် (၃)ချက်စစ်တဲ့အပေါ်မှာ ပုံစံ(၇)လျှောက်တာလား။ ပုံစံ(၅)မှာ စာရင်းသွင်းထားတာလား။ ပုံစံ(၁၁)မှာ စာရင်းသွင်းထားတာလား။ ဒါပဲကျွန်တော်တို့ကြည့်ရတာ။ ကျန်တဲ့အချက်တွေက လုပ်ပိုင်ခွင့်မပေးထား ဘူး။ ဒါကြောင့်မို့လို့

ပုံစံ(၇)ထွက်ရှိထားတာ မူလတောင်သူတွေမဟုတ်ဘူး။ အကျိုးတူလူတွေရရှိထား တဲ့အပေါ်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ တိုင်းဒေသကြီးမြေစစ်အဖွဲ့အနေနဲ့ ပြန်လည်စိစစ်ပေးဖို့ ကျွန်တော်က ပြည်သူလူထုကိုယ်စား တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ နောက်ပုံစံ(၇)မထွက်ရသေး ဘဲနဲ့ ရှိနေတဲ့ခုန ကျွန်တော်တို့ညောင်ကိုင်း အထူးစုံစမ်းစစ်ဆေးရေးဌာနရဲ့ စွန့်လွှတ်တဲ့ကေ (၃၃၀)ရယ် ကေရစ်ကျေးရွာရယ် အဲ့ဒါတွေလည်း ကျွန်တော်တို့ ပြန်လည်စိစစ်ပေးစေလိုပါတယ်။ ခုနပြောတဲ့ ကျွန်တော်တို့ တိုင်းရဲတပ်ဖွဲ့မှူးက စွန့်လွှတ်တဲ့ ကေရစ်ကျေးရွာအုပ်စုက ကေ(၁၀၀) နောက်ထပ် ညောင်ကိုင်းကျေးရွာအုပ်စုက ကေ(၅၀)အများကြီးပါအရင်တုန်းက။ ဒါစားကျက်တွေ အဆင့်ဆင့် ဒီလိုတွေဖြစ်နေတာ ဒီအချက်အလက်တွေ အကုန်လုံးကျွန်တော်တို့ဆီမှာ ရှိပါတယ်။ ဝန်ကြီးဆီမှာ လည်းရှိပါလိမ့်မယ်။ အစိုးရဆီမှာ ဒါတွေကမမှုတဘူးဖြစ်နေတယ် စိစစ်ရမယ့် အပိုင်းတွေ ကျွန်တော်တို့ ဒါတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ပြည်သူတွေကိုယ်စား ဆောင်ရွက် ပေးစေချင်ပါတယ်။ အခု ဥပမာ ပြောရမယ်ဆိုရင် မြစ်ကျိုးမှာဆိုရင် ဒါစားကျက်မြေ မဟုတ် တော့ဘူး။ ပယ်ဖျက်မိန့်ကျသွားပြီး ပုံစံ(၇) တွေရရှိထားတယ်။ ဒီအိမ်တန်းတွေက ကေ (၁၁၀)က စားကျက်မြေ၊ ဒါကိုတစ်ချို့လူတွေက နွားတွေ ဝင်ကျောင်းတာရှိတယ်။ ဒါစားကျက်မြေဆိုတော့ အမှုတွေလည်းဖြစ်နေတယ်။ ဒီအပေါ်တွေမှာ ဒါကို အစိုးရကမှန်ကန်စွာ စွန့်လွှတ်မြေတွေအပေါ်မှာ စိစစ်ဆောင်ရွက်မှ ဒီပြဿနာတွေကအေးချမ်းမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ကိုယ်စားလှယ်အဆင့် အနေနဲ့ ပူးပေါင်းဆောင်ရွက်လို့ပဲရပါတယ်။ ကျွန်တော်တို့က Decision Maker တွေမဟုတ်ပါဘူး။ ဒါလေးတွေကို ကျွန်တော့်ဒေသမှာရှိတဲ့ ဝေါမြို့နယ်ရဲ့ စွန့်လွှတ်မြေကိစ္စတွေကို တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ တိုင်းဒေသကြီးမြေစစ်ကော်မတီအဆင့်ဆင့်ကို ညွှန်ကြားပြီးတော့ စီမံ ဆောင်ရွက်ပေးဖို့ ဆက်စပ်မေးခွန်းအနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာအစိုးရအဖွဲ့ကို မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ရီရီထိုက်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ အားလုံးမင်္ဂလာပါ။ ဒီလွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ညောင်ကိုင်းကျေးရွာက ဒါးပိန် စားကျက်မြေကိစ္စနဲ့ ကေရစ်ကျေးရွာက ပြန်လည်စွန့်လွှတ်တဲ့မြေများနဲ့ ပတ်သက်ပြီးတော့ လက်ရှိကျွန်တော်တို့က ဥပဒေနဲ့အညီ စိစစ်ဆောင်ရွက်ထားရှိမှုကို ကျွန်တော်တို့ စာဖြင့် အကြောင်းပြန်ကြားပေးမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ဖြေကြားလိုတာက မြေစစ်ကော်မတီများဟာ ကျွန်တော်တို့ တိုင်းဒေသမြို့နယ်မှာလည်း ရပ်/ကျေးကစပြီးတော့ ဖွဲ့စည်းတဲ့အခါမှာ သက်ဆိုင်ရာဒေသက တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု

လွှတ်တော်ကိုယ်စားလှယ်များ အဆင့်ဆင့်ပါဝင်ဖွဲ့စည်းထားတဲ့ ကော်မတီများဖြစ်ပြီးတော့ ကျွန်တော်တို့ အဲ့ဒီစိစစ်ချက်တွေအပေါ်မှာလည်း တိုင်းဒေသကြီးမြေစစ်ကော်မတီကနေပြီးတော့ တိုင်းဒေသကြီးစီမံခန့်ခွဲခွင့်ရှိတဲ့ လုပ်ငန်းရပ်များဆိုလို့ရှိရင် တိုင်းဒေသကြီးကော်မတီကနေပြီးတော့ ဆုံးဖြတ်ချက်များ ပေးပြီး ပြည်ထောင်စုကနေပြီးတော့ စီမံခန့်ခွဲဆောင်ရွက်သင့်တဲ့ကိစ္စများကို ပြည်ထောင်စုဗဟိုမြေစစ်ကော်မတီကို တင်ပြဆောင်ရွက်လျက်ရှိပါတယ်။ သို့ပါ၍ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံလိုတာကတော့ ရပ်/ကျေးမြို့နယ်တွေကနေပြီးတော့ ကိုယ်စားလှယ်များကိုယ်တိုင် ပါဝင်စိစစ်တဲ့ ကျွန်တော်တို့မြေယာစစ်ဆေးရေးလုပ်ငန်းတွေမှာ မှန်ကန်စွာပဲ ထွက်ဆိုပြီးတော့ ထောက်ခံချက်ပေးမယ်ဆိုရင် တိုင်းဒေသကြီးကော်မတီအနေနဲ့ ဆုံးဖြတ်ရတာ ပိုပြီးတော့ မှန်ကန်တိကျလာနိုင်ဖွယ်ရှိပါတယ်။ အခုလည်း ကျွန်တော်တို့ လွှတ်တော်ကော်မတီကနေပြီးတော့ ပြည်ထောင်စုကနေ တာဝန်ပေးချက်အရ ပြည်ထောင်စုဗဟိုမြေစစ်ကော်မတီက တင်ပြတဲ့အမှုတွဲ (၇၄၈)စောင်ကို ဒီဇင်ဘာလအပြီးဆောင်ရွက်ဖို့ ညွှန်ကြားချက်အပေါ်မှာ အောင်မြင်အောင်ရာခိုင်နှုန်းပြည့်ဆောင်ရွက်ပေးနိုင်ခဲ့ပြီးတော့ တိုင်းဒေသကြီးမှာရှိတဲ့ အမှုတွဲပေါင်း(၅၀၀)ကျော်ကနေပြီးတော့ ဒီနေ့ဆိုလို့ရှိရင် ရာခိုင်နှုန်း(၆၀)ကျော်လောက် စိစစ်ဆောင်ရွက်ပြီးကြောင်းကိုလည်း တစ်ပါတည်း တင်ပြလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဒေါ်ရီရီထိုက်ရဲ့ မေးမြန်းမှုအပေါ် စာဖြင့်ဖြေကြားမှုမှာ–

**ဝေါမြို့နယ်၊ ညောင်ကိုင်းကျေးရွာ ၊ ဒါးပိန်စားကျက်မြေပြန်လည်စွန့်လွှတ်သည့်မြေများအား ဥပဒေနှင့် အညီ စိစစ်ဆောင်ရွက်ထားရှိမှုအခြေအနေ**

ဝေါမြို့နယ်၊ ညောင်ကိုင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၈၁၉)၊ ကွင်းအမည် ဒါးပိန်စားကျက်ကွင်း၊ ဧရိယာ(၁၄၅.၅၆)ကေအား ပဲခူးခရိုင်အုပ်ချုပ်ရေးမှူးထံ လက်ရောက်အပ်နှံခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ယာယီပုံစံ(၃)ထုတ်ပေးခဲ့ပြီး ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် အညီ (၁၈.၃.၂၀၁၅) ရက်နေ့တွင် ကျင်းပပြုလုပ်သော ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်–၂၃၉/လယ်စီ (ခရိုင်)အရ ဦးပိုင်(၂၁)ခု၊ တောင်သူ(၂၁)ဦး၊ ဧရိယာ(၁၄၉.၅၆) ကေအား (၂.၄.၂၀၁၅)ရက်နေ့တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ထုတ်ပေးပြီ ဖြစ်ပါကြောင်း စိစစ်တင်ပြအပ်ပါသည်။

**ဦးမျိုးခိုင် ၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဥက္ကဋ္ဌကြီး ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။**  ။ကျွန်တော့်အနေနဲ့ ကျွန်တော့်မေးခွန်းကို ဝန်ကြီးအနေနဲ့ သေချာမဖတ်တာလား ဒါမှမဟုတ် ဖတ်ထားသော်လည်း အဓိပ္ပါယ်ကောက်ယူလွဲတာလား မသိဘူးပေါ့နော် ဖြေထားတဲ့မေးခွန်းက ကျွန်တော့်မေးခွန်းနဲ့ သိပ်မသက်ဆိုင်ပါဘူး။ ကျွန်တော်မေးထားတာက ဒီစံပြကျေးရွာကို မြို့မြေအဖြစ်သတ်မှတ်ပေးတဲ့ လုပ်ထုံးလုပ်နည်းတွေ ဒီလယ်ယာမြေ စီမံခန့်ခွဲရေးလုပ်ထုံးလုပ်နည်းတွေကို မေးမြန်းထားခြင်းမဟုတ်ပါဘူး။ ဒီမှာမေးခွန်းမှာပါပြီးဖြစ်ပါတယ်။ (၃၀.၈.၂၀၁၃)ရက်နေ့မှာ နိုင်ငံတော်အစိုးရမှ ရွာမြေမှမြို့မြေအဖြစ် ပြောင်းပေးခဲ့ပြီး ဖြစ်ပါသည်လို့ မေးခွန်းမှာထဲက ပါပါတယ်။ နောက်မြို့မြေအဖြစ်ပြောင်းလဲ သတ်မှတ်တယ်ဆိုကတည်းက မြို့သည်တရားဝင်အခြားနည်းသုံးစွဲခွင့်လည်းရပြီးမြို့ ဖြစ်ပါတယ်။ မေးထားတဲ့မေးခွန်းက မြို့မြေတိုင်းတာရေးအဖွဲ့ (၄၉)ဦးက မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်တိုင် (၂.၂.၂၀၁၇) ရက်နေ့မှာ ဖွဲ့စည်း ပြီးတော့ ဒီအဖွဲ့အနေနဲ့ ပြည်သူလူထုနဲ့ ညှိနှိုင်းပြီးတော့ ရပ်ကွက်အတွင်းက ပြည်သူလူထုနဲ့ သူတို့ရဲ့ဦးစွာပိုင်နက်တွေ ၎င်းတို့ရဲ့ အိုးအိမ်စည်းစိမ်တွေ အထိခိုက်အနည်းဆုံးနည်းလမ်းနဲ့ ညှိနှိုင်းပြီးတော့ လမ်းမကြီးတွေ လမ်းသွယ်တွေ လမ်းကြားတွေပေအကျယ်တွေကို အများသဘောနဲ့အညီ သတ်မှတ်တိုင်းတာခဲ့ပါသည်။ ဒါပေမဲ့ အဲ့ဒီလုပ်ငန်းစဉ်က ယနေ့ထက်တိုင် မပြီးပြတ်နိုင်သေးဘဲလမ်းတွေရဲ့ အတိုင်းအတာတွေကို တရားဝင်ထုတ်ပြန်ပေးနိုင်ခြင်းလည်း မရှိဘူး။ နောက်တစ်ခုက မြို့နဲ့တစ်ဆက် တစ်စပ်တည်းရှိတဲ့ လယ်မြေတွေကို မြို့မြေအဖြစ် သွတ်သွင်းပြီးတော့ မြို့စံချိန်စံညွှန်းနဲ့ညီတဲ့ တိုင်းတာမှုနဲ့ လမ်းသွယ်၊ လမ်းမ၊ အဲ့ဒါတွေကို စနစ်တကျဖော်ဆောင်ပေးရေးအတွက်ကို မြို့မြေဖော်ဆောင်ရေးအဖွဲ့ (၄၉)ဦးက ဆက်လက်ဆောင်ရွက်ပေးနိုင်ဖို့ကို မေးထားတဲ့မေးခွန်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရွာမြေကနေ မြို့မြေကို ပြောင်းလဲသတ်မှတ်တဲ့ လုပ်ထုံးလုပ်နည်းတွေကို မေးတာမဟုတ်ပါဘူး။ အဲ့ဒီလုပ်ထုံးလုပ်နည်းတို့ကတော့ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေ မပြောနဲ့ အရပ်သားတွေတောင် သိပါတယ်။ ဒီလယ်ယာမြေဥပဒေထဲကပါတဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲရေး ဥပဒေ(၄)(ဃ) ပါအချက်တွေကတော့ သာမန်လူတောင်သိပါတယ်။ ဒါပေမဲ့ မြို့မြေ စီမံခန့်ခွဲရေးကော်မတီက ဆောင်ရွက်ထားတဲ့ဟာတွေက ရှေ့ဆက်မရောက်ဘဲနဲ့ Pending ဖြစ်နေတာပေါ့ အဲ့ဒါကို ဆက်ပြီးတော့ မြို့မြေအဖြစ် တရားဝင်သတ်မှတ်နိုင်ဖို့ စံချိန်၊စံညွှန်းနဲ့အညီ သတ်မှတ်နိုင်ရေးကို ဒီအဖွဲ့ကဆက်လက် ဆောင်ရွက်နိုင်အောင် အစိုးရအဖွဲ့အနေနဲ့ ဆက်လက်ကြိုးကြပ် လမ်းညွှန်ပေးနိုင်ခြင်းရှိ/မရှိကို မေးထားတာပါ။ အဲ့ဒါကြောင့်မို့လို့ ဒီဟာလေးကို ဖြစ်ပေါ်နိုင်အောင် အစိုးရအဖွဲ့အနေနဲ့ တာဝန်ရှိဝန်ကြီးအနေနဲ့ ဘယ်လိုဆက်လက်ဆောင်ရွက်ပေးနိုင်မလဲဆိုတာ ဆက်စပ်မေးခွန်းအဖြစ် မေးမြန်းအပ်ပါတယ် ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးခိုင်မေးတဲ့ မေးခွန်းကမြို့မြေဖြစ်နေတာကို မြို့မြေအကွက်ဖော်ဖို့ ညွှန်ကြားပေးဖို့ ဆက်လက်ဆောင်ရွက်ဖို့ စီမံမှုတွေကို မေးထားတာဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီး ဖြေကြားထားတာက မြို့မြေအဖြစ်လျှောက်ထားဖို့ ခွင့်ပြုချက်တောင်းခံဖို့လို့ ဖြေထားတဲ့အတွက် ကွဲလွဲနေတဲ့အတွက် သက်ဆိုင်ရာဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားဖို့လိုပါတယ်။ သို့ပါ၍ ဦးမျိုးခိုင် ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ အားလုံးပဲမင်္ဂလာပါ။ မှန်ပါတယ်။ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ ကျွန်တော်တို့ သက္ကလစံပြကျေးရွာကို မြို့မြေအဖြစ်သတ်မှတ်ပြီးတော့ လက်ရှိကျွန်တော်တို့ ဆောင်ရွက်ပြီးစီးမှုအပေါ်မှာ အမှုတွဲ Pending ဖြစ်နေတဲ့အပေါ် မြို့ကွက်မြေနေရာချထားမှု စနစ်တကျ ဆက်လက်ဆောင်ရွက်ပေးမဲ့ အစီအစဉ်ကို မေးမြန်းတယ်လို့ ကျွန်တော့်အနေနဲ့ မှတ်ယူပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လက်ရှိသက္ကလ ကျေးရွာမြို့မြေအဖြစ် ဆောင်ရွက်တဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ လက်ရှိ ဆောင်ရွက်နေတဲ့ အမှုတွဲကို တောင်းယူပြီးတော့ ကြည့်ရှုပြီးတဲ့အခါမှာ လက်ရှိဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ထံကို စာဖြင့်အကြောင်းပြန်ကြားပေးမှာဖြစ်ပြီးတော့ ဆက်လက်ဆောင်ရွက်သွားရမဲ့ အခြေအနေများကိုလည်း တစ်ပါတည်း ကျွန်တော်တို့ ဒီစာနဲ့ဖြေကြားတဲ့အထဲမှာ ထည့်သွင်းဖြေကြားပေးသွားမှာဖြစ်ကြောင်း လေးစားစွာဖြင့် ဖြေကြားအပ် ပါတယ်။

**ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးမျိုးခိုင်ရဲ့ မေးမြန်း မှုအပေါ် စာဖြင့်ဖြေကြားမှုမှာ–

**သက္ကလမြို့အား မြို့ကွက်များ၏ စံချိန်စံညွှန်းနှင့်အညီဖြစ်ပေါ်စေရေး ဆောင်ရွက်မှုအခြေအနေ**

- ကဝမြို့နယ်၊ သက္ကလစံပြကျေးရွာကို သက္ကလမြို့မြေအဖြစ် တိုးချဲ့ပြင်ဆင်မှုအား ပြည်ထဲရေးဝန်ကြီးဌာန၏ (၂၃.၅.၂၀၁၃)ရက်စွဲပါ ရုံးအမိန့်ကြော်ငြာစာအမှတ် (၄၄၄/၂၀၁၃)ဖြင့် ထုတ်ပြန်ကြော်ငြာခဲ့သဖြင့် မူလကျေးရွာမြေအား မြို့မြေအဖြစ် တိုးချဲ့ ပြင်ဆင်ခဲ့ပါသည်။
- သက္ကလကျေးရွာမှ သက္ကလမြို့မြေအဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းမှုအရ မြို့မြေအဖြစ် တိုင်းတာသတ်မှတ်နိုင်ရေးအတွက် ကွက်ကြဲ၊ ကွက်စိပ်မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကဝမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးအား နယ်နိမိတ်သတ်မှတ်ရေးအရာရှိ Boundary Officer အဖြစ်လည်းကောင်း၊ ကဝမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

မြို့နယ်ဦးစီးမှူးအား နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ Demarcation Officer အဖြစ် လည်းကောင်း၊ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးမှ (၂၇.၁၀.၂၀၁၆) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၁၆)အရ သတ်မှတ်တာဝန်ပေးအပ်ခဲ့ပါသည်။ ထိုသို့ ခန့်အပ်တာဝန်ပေးအပ်မှုကြောင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိနှင့် နယ်နိမိတ် သတ်မှတ်ရေးအရာရှိတို့မှ ပြည်ထဲရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော အကျယ်အဝန်း ဧရိယာ အတိုင်းသာမြို့မြေတိုင်းတာခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။

– သက္ကလမြို့မြေ မြို့ကွက်တိုင်းတာမှုအား ၂၀၁၆ခုနှစ် ဒီဇင်ဘာလမှစတင်၍ တိုင်းတာနိုင်ရန် ကွက်ကျဲကျောက်တိုင်များ စိုက်ထူခြင်းအတွက် ကျောက်တိုင်များစိုက်ထူခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ကွက်ကျဲတိုင်းတားရေးလုပ်ငန်းကို ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလတွင် အပြီးဆောင်ရွက်နိုင်ခဲ့ပါသည်။ မြို့ကွက်ကွက်ကျဲ၊ ကွက်စိပ်တိုင်းတာမှုအား မြေပြင်လက္ခဏာအရှိအတိုင်း တိုင်းတားခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်သဖြင့် (၁၆ လက္ခ ၁မိုင်) စကေးဖြင့် ကွက်ကျဲ၊ ကွက်စိပ်တိုင်းတာပြီးစီးမှု (Google Map) မြေပုံ၊ ကွက်စိပ်တိုင်းတာမှုမြေပုံအား ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

– သက္ကလမြို့၊ မြို့ကွက်တိုင်းတာပြီးစီးမှုအခြေအနေကို မြို့ကွက်အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် မြို့ကွက်မြေပုံများကို (၁၆လက္ခ ၁မိုင်) စကေးပုံ ထုတ်နိုင်ရေးအတွက် (A–3) မြေပုံနှင့် ရပ်ကွက်(၆)ရပ်ကွက် အကွက်(၁၂)ကွက်၊ မြေပုံချပ်ရေ (၂၀)တို့နှင့်အတူ မြို့မြေကွက်ပုံအား အတည်ပြုနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

– သက္ကလမြို့မြေကွက်မြေပုံအား အတည်ပြုချက်ရရှိပြီးပါက ရပ်ကွက်အလိုက် တိကျမှန်ကန်သော အိမ်ထောင်စုစာရင်းကောက်ယူနိုင်ရေးအတွက် တစ်ဦးချင်းစာရင်းကောက်ယူနိုင်ရေး (1A, 1B) ထူထောင်နိုင်ရေးအတွက် စာရင်းကောက်ယူနိုင်ရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ပါသဖြင့် စာရင်းမှန်ရရှိရေး စာရင်းကောက်ယူသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

–

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးရှင့် ဝန်ကြီးဖြေကြားထားတာက–

**ဥက္ကဋ္ဌ။** ။ဒေါ်ရီရီထိုက် ရပါပြီနော် တစ်ကြိမ်ပဲ ဆက်စပ်မေးခွန်းမေးခွင့်ရပါတယ်။ သူက စာနဲ့ဖြေမယ်ပြောပါတယ်။ သက်ဆိုင်ရာဝန်ကြီးက စာနဲ့ဖြေကြားရမယ့် ဆက်စပ်မေးခွန်းများနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ကနေတစ်ဆင့် မေးခွန်းရှင်များထံကို တစ်ပတ်အတွင်း ပြန်လည် ဖြေကြားပေးဖို့ တိုက်တွန်းပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီးဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“ပဲခူးတိုင်းဒေသကြီးအတွင်းတိုင်း၊ မြို့နယ်၊ ရပ်/ကျေးတို့ရှိသမဝါယမ အသင်းများ ပိုင်ဆိုင်ခဲ့သော မြေနေရာ၊ အဆောက်အဦများစွာရှိခဲ့ရာလက်ရှိအချိန်တွင် မည်ကဲ့သို့ စီမံခန့်ခွဲထားသည်ကိုအသေးစိတ်သိရှိလိုပါကြောင်း”**နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်

(၂) **“၂၀၁၈ခုနှစ် ဒိုက်ဦးမြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် ကျိုးပေါက်ခဲ့သော ချောင်းဘောင်များ၏ ကျိုးပေါက်မှုများအားမိုးရာသီအမီပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကိုတစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** ။ ပဲခူးတိုင်းဒေသကြီးအတွင်း ခေတ် အဆက်ဆက်သမဝါယမအသင်းပိုင်မြေနေရာ အဆောက်အဦများ (တိုင်း၊ မြို့နယ်၊ ရပ်/ကျေး)တို့တွင် များစွာရှိခဲ့ပါသည်။ သို့သော်အချို့သောဒေသများတွင် အဆောက်အဦများ အသုံးမချသည်မှာ ကြာခဲ့သည့်အတွက် ပျက်စီးသွားသည်လည်းရှိပါသည်။ ထို့အပြင် အသင်းပိုင် မြေနေရာများအား လူတစ်စုမှ လက်လွှဲရယူခဲ့ခြင်း၊ ရောင်းချခဲ့ခြင်းလည်းရှိပါသည်။ လက်ရှိ အချိန်တွင် (တိုင်း၊ မြို့နယ်၊ ရပ်/ကျေး) သမဝါယမ အသင်းပိုင်မြေနေရာ အဆောက်အဦများ ငှားရမ်းထားသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ (တိုင်း၊ မြို့နယ်၊ ရပ်/ကျေး) သမဝါယမအသင်းပိုင် မြေနေရာအဆောက်အဦများအား တစ်ခုချင်းစီ အလိုက် မည်ကဲ့သို့သောပုံစံမျိုးဖြင့် စီမံခန့်ခွဲထားပြီး သက်ဆိုင်ရာဝန်ကြီးဌာနမှ မည်သို့ညွှန်ကြားဆောင်ရွက်ထားသည်ကို သိလိုပါ၍မေးမြန်းအပ်ပါသည်။

**ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဒိုက်ဦးမြို့နယ်အတွင်း ၂၀၁၈ခုနှစ် ရေကြီးရေလျှံမှုကြောင့် ကတုတ်ချောင်း၊ ဂုံညင်းတန်းချောင်း၊ ကောလိယချောင်းနှင့် ရဲနွယ်ချောင်းတို့တွင် ချောင်းဘောင်များ ကျိုးပေါက်ခြင်းဖြစ်ပေါ်ခဲ့ပါသည်။ ထိုကဲ့သို့ ချောင်းဘောင် ကျိုးပေါက်ခဲ့သည့်အတွက် လယ်သမားများ စပါးစိုက်ဧကများစွာ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ထို့ကြောင့် ချောင်းဘောင်ကျိုးပေါက်မှုများအား မိုးရာသီအမီ ပြုပြင်ပေးနိုင်ခြင်းမရှိလျှင် အဆိုပါ ချောင်းကျိုးပေါက်နှင့် ဆက်စပ်စပါးစိုက်ဧကများစွာတို့သည် စပါးစိုက်ပျိုးရနိုင်မည်မဟုတ်ပါ။

သို့ဖြစ်ပါ၍ အဆိုပါချောင်းများ၏ ချောင်းကျိုးပေါက်များ စပါးစိုက်ပျိုးချိန်ခါမီ ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/ မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးသန်းထိုက်အောင်မေးမြန်းသည့်မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်းတိုင်း၊ မြို့နယ်၊ ရပ်/ကျေးတို့ရှိသမဝါယမ အသင်းများပိုင်ဆိုင်ခဲ့သော မြေနေရာ၊ အဆောက်အဦများစွာရှိခဲ့ရာ လက်ရှိအချိန်တွင် မည်ကဲ့သို့ စီမံခန့်ခွဲထားသည် ကိုအသေးစိတ်သိရှိလိုပါကြောင်း"**နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများပိုင် မြေနေရာအဆောက်အဦများ ငှားရမ်းထားခြင်းလုပ်ငန်းများကို နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းထားသည့် သမဝါယမအသင်းဥပဒေ အခန်း(၆) ပုဒ်မ(၁၈) ပုဒ်မခွဲ (ခ)အရ အသင်းကပစ္စည်းများ (ရွှေ့ပြောင်း/မရွှေ့ပြောင်းနိုင်)အသင်း၏ လက်ထက်ပွားဖြစ်စေ၊ ခေတ်အဆက်ဆက်က လွှဲပြောင်းဆက်ခံခဲ့သည့်ပစ္စည်းများဖြစ်စေ၊ အခြား တစ်နည်းနည်းဖြင့်ဖြစ်စေ၊ ပစ္စည်းများ ပိုင်ဆိုင်ခွင့်ရရှိခြင်းဖြစ်ပါသည်။

ယင်း၏ပုဒ်မခွဲ(င)အရ ပုဂ္ဂလိကများနှင့် အကျိုးတူပေါင်းစပ်ဆောင်ရွက်နိုင်ခွင့်ကိုလည်း ဥပဒေအရ ပြဋ္ဌာန်းထားရာ အသင်း၏လုပ်ပိုင်ခွင့်များဆိုသည့် ပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာ သမဝါယမ အသင်းများက ဥပဒေနှင့်အညီ စီမံခန့်ခွဲလုပ်ကိုင်ခြင်းဖြစ်ပြီး ဝန်ကြီးဌာနအနေဖြင့်လည်း ဥပဒေ၊ နည်းဥပဒေ၊ သက်ဆိုင်ရာအသင်း၏ အသင်းစည်းကမ်းများနှင့်အညီအသင်းကို စီမံခန့်ခွဲခွင့်ပေးထားပြီး တိုက်ရိုက်ပါဝင်ပတ်သက်ပြီး ညွှန်ကြားဆောင်ရွက်ခြင်းမျိုးမရှိပါကြောင်းကို လေးစားစွာဖြင့် ဖြေကြား အပ်ပါသည်။

ဆက်လက်ပြီး တစ်ပါးတည်းတင်ပြလိုတာက သမဝါယမအသင်းဥပဒေ အခန်း(၆) ပုဒ်မ ၁၈ တွင် အသင်း၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

- ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့် စဉ်ဆက်မပြတ်ဆက်ခံ ဆောင်ရွက် ပိုင်ခွင့်၊ တရားစွဲဆိုခွင့်နှင့် တရားစွဲခံနိုင်ခွင့်များရှိခြင်း။
- ပစ္စည်းများပိုင်ဆိုင်ခွင့်ရှိခြင်း။
- ပဋိညာဉ်စာချုပ်ချုပ်ဆိုပိုင်ခွင့်ရှိခြင်း။
- အသင်းကရရန်ရှိသော ကြွေးမြီများကို အသင်းသား(သို့မဟုတ်) အသင်းဝင်များ၏ စုဆောင်းငွေ၊ ရင်းနှီးငွေနှင့် ပေးသွင်းရန်ရှိသော အကျိုးခံစားခွင့်များမှ ခုနှိမ်ခွင့်ရှိခြင်း။
- ပုဂ္ဂလိကများနှင့်အကျိုးတူပေါင်းစပ် ဆောင်ရွက်ပိုင်ခွင့်ရှိခြင်း။

- အစိုးရ၏ ပံ့ပိုးကူညီမှုကိုရယူခွင့်ရှိခြင်းဆိုပြီး ဖော်ပြထားပါကြောင်း လေးစားစွာဖြင့် ဆက်စပ် ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"၂၀၁၈ ခုနှစ်ဒိုက်ဦးမြို့နယ်အတွင်း ရေကြီး ရေလျှံမှုကြောင့် ကျိုးပေါက်ခဲ့သော ချောင်းဘောင်များ၏ ကျိုးပေါက်မှုများအား မိုးရာသီအမီပြန်လည် ပြုပြင်ပေးရန်အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ဒိုက်ဦးမြို့နယ်အတွင်း (၂၀၁၈)ခုနှစ် ရေကြီးရေလျှံမှုကြောင့် ချောင်းဘောင်များကျိုးပေါက်မှုအား ယာယီပိတ်ဆို့ ကာကွယ်ခြင်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ (၂၀၁၈)ခုနှစ်အတွင်းရေကြီးရေလျှံမှုကြောင့် ကျိုးပေါက်ခဲ့သော ချောင်းဘောင်များ၏အကျိုး အပေါက်များအား မိုးရာသီအမီပြန်လည် ပြုပြင် ပေးရန်အတွက်

- ကောလိယချောင်းအား ရေကြီးရေလျှံမှုလျော့နည်းစေရန် မိုးရာသီမတိုင်မီပြုပြင် ထိန်းသိမ်း ခြင်းလုပ်ငန်း။
- ဘိုင်းဒါးချောင်းအား ရေကြီးရေလျှံမှုလျော့နည်းစေရန် မိုးရာသီမတိုင်မီပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်း။
- ကတုတ်ချောင်း(အထက်ပိုင်း)အား ရေကြီးရေလျှံမှုလျော့နည်းစေရန် မိုးရာသီမတိုင်မီပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်း။
- ကတုတ်ချောင်း(အောက်ပိုင်း)အား ရေကြီးရေလျှံမှုလျော့နည်းစေရန် မိုးရာသီမတိုင်မီပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်း။
- ဂုန်ညင်းတန်းချောင်း(အထက်ပိုင်း)အား ရေကြီးရေလျှံမှုလျော့နည်းစေရန် မိုးရာသီမတိုင်မီ ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်း။
- ဂုန်ညင်းတန်းချောင်း(အောက်ပိုင်း)အား ရေကြီးရေလျှံမှုလျော့နည်းစေရန် မိုးရာသီမတိုင်မီ ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်း။
- မအူတန်းချောင်းအား ရေကြီးရေလျှံမှုလျော့နည်းစေရန် မိုးရာသီမတိုင်မီပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်း။
- ရဲနွယ်ချောင်းအား ရေကြီးရေလျှံမှုလျော့နည်းစေရန် မိုးရာသီမတိုင်မီပြုပြင် ထိန်းသိမ်းခြင်း လုပ်ငန်း။
- ရေနုတ်ချောင်းများအား ရေကြီးရေလျှံမှုလျော့နည်းစေရန် မိုးရာသီမတိုင်မီပြုပြင် ထိန်းသိမ်း ခြင်း လုပ်ငန်းတို့ဖြစ်ပါသည်။

အထက်ပါလုပ်ငန်းများအား မိုးရာသီမတိုင်မီပြန်လည်ပြုပြင်ဆောင်ရွက်ပေးနိုင်ရန်အတွက် အဆိုပါ လုပ်ငန်းများမှာ (၂၀၁၈-၂၀၁၉)ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေစာရင်းတွင်

ပါဝင်ခြင်းမရှိပါ။ သို့ရာတွင် အမှတ်စဉ်(၁)မှ(၇)အထိလုပ်ငန်းများမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိစစ်၍ (၂၀၁၉-၂၀၂၀) ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေစိစစ်တင်ပြမှု စာရင်းတွင်ပါဝင်ပြီး တိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီသို့ တင်ပြထားပြီးဖြစ်ပါကြောင်းနှင့် အမှတ်စဉ်(၈)နှင့် (၉)ပါ လုပ်ငန်းများမှာ ရန်ပုံငွေ စိစစ်ပြီးစာရင်းတွင် ပါဝင်ခြင်းမရှိပါ။

သို့ပါ၍ အဆိုပါလုပ်ငန်းများအား ယခုနှစ်မိုးရာသီအမီဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါ ကြောင်း လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ- ယခု လွှတ်တော် ကိုယ်စားလှယ်(၂)ဦးကမေးမြန်းသည့် မေးခွန်း(၃)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏

(၁) **“ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအောက်ရှိ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းရှိ အ.ထ.ကနှင့် အ.ထ.က(ခွဲ) ကျောင်း(၁၂)ကျောင်းသို့ Five Mascots Co,Ltd မှ ပေးသွင်းထားသည့် Water Supply Equipment ပစ္စည်းများအား အသုံးချနိုင်ရေးအတွက် ရေတွင်း တူးဖော်မှုကိုဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **“ရေတာရှည်မြို့နယ်၊ ဆင်ပွေကျေးရွာအုပ်စု၊ ဆင်ပွေရွာမအ.လ.က အလယ်တန်း ကျောင်းတွင် တိုးချဲ့ကျောင်းဆောင်သစ်တစ်ဆောင် အမြန်ဆုံးချထားပေးရန် အစီအစဉ်ရှိ/မ ရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ ၂၀၁၈ခုနှစ်၊ (၂)လပိုင်းမှစတင်၍ Five Mascots Co.,Ltd အားတာဝန် ပေးအပ်ခြင်းဖြင့် ပဲခူးတိုင်းအရှေ့ခြမ်းရှိကျောင်း(၁၂)ကျောင်းဖြစ်သည့် (၁) အထက-ကဝ (၂) အထက (၂)ဒိုက်ဦး (၃) အထက-၁-ပဲခူး (၄) အထက-ထန်းတောကြီး၊ ပဲခူး(၅) အထက(ခွဲ) တူမောင်း၊ ကျောက်တံခါး (၆) အထက(ခွဲ)၊ ဖြူးစု၊ ကျောက်တံခါး(၇)၊ အထက-၁ ညောင်လေးပင်၊ (၈) အထက(ခွဲ) စည်ပိုင်း၊ ရေတာရှည် (၉) အထက(ခွဲ) ရွှေကဇောင်း၊ ရေတာရှည်၊ (၁၀)

အထက(ခွဲ)ရွှေကဖောင်း၊ ရေတာရှည် (ကျောင်းထပ်၍ တောင်ငူခရိုင်ရုံးမှ သံတောင်ကြီးသို့လွှဲ) (၁၁) အထက(ခွဲ) သိုင်း၀၊ ရေတာရှည်၊ (၁၂) အထက-ဝေါတို့အား Water Supply Equipment ပစ္စည်းများအား လွှဲပြောင်း ပေးထားပြီးဖြစ်ပါသည်။ ၎င်းပစ္စည်းများသည် ကျောင်းများတွင်သောက်သုံးရေ ရရှိနိုင်ရန်အတွက် (၄-လက်မ) စက်ရေတွင်းပေ(၃၀၀)ခန့် တူးဖော်နိုင်ရေးဆက်စပ်ပစ္စည်းများ ဖြစ်ပါသည်။

ထိုပစ္စည်းများကို ၂၀၁၈ခုနှစ်၊ (၂)လပိုင်းမှ စတင်ပေးပို့ထားပြီးဖြစ်သည့်အတွက် ကာလအရ (၁)နှစ်ကျော်ပြီဖြစ်ပါသည်။ သို့သော် နိုင်ငံတော်မှ ကုန်ကျခံပေးပို့ထားသော ပစ္စည်းများ သည် ရေတွင်းတူးဖော်ရန် တာဝန်ပေးအပ်ထားသည့် အဖွဲ့မရောက်ရှိသည့်အတွက်ပစ္စည်းများကို လက်ခံ သိုလှောင်ထားရုံမှအပအသုံးဝင်မှုမရှိသေးပါ။ ထိုကဲ့သို့ ဖြစ်စဉ်မျိုးကိုအခြားကုမ္ပဏီတစ်ခုမှ ပဲခူး အနောက်ခြမ်းရှိ ကျောင်းများကိုလည်း ပေးပို့ထားသည်ဟုသိရှိရပါသည်။ သို့ဖြစ်ပါ၍ ပညာရေး ဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ထားသော (၄-လက်မ) စက်ရေတွင်း တူးဖော်မှု အောင်မြင်စွာပြီးမြောက်အောင် ဆောင်ရွက်နိုင်မှသာလျှင် အဆိုပါကျောင်းများသည် ကျောင်းသား/သူများအတွက် သောက်သုံးရေလုံလုံလောက်လောက်ရရှိမည်ဖြစ်ပြီး ဆက်စပ်ပစ္စည်း များအား အသုံးချနိုင်ရေးအတွက် ရေတွင်းတူးဖော်မှု ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်ရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းပါသည်။

**ပူးတွဲ**

- Five Mascots Co.,Ltd မှ ပေးပို့ထားသော Water Supply Equipment ပစ္စည်းများအားပေးပို့ထားသောပဲခူးတိုင်းအရှေ့ခြမ်းရှိကျောင်းများစာရင်း
- Five Mascots Co.,Ltd မှ ပေးပို့ထားသော Water Supply Equipment ပစ္စည်းများအားလက်ခံထားသောအ.ထ.က(ခွဲ) စည်ပိုင်း၊ ရေတာရှည်၏ လက်ခံမိတ္တူ

**ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ရေတာရှည်မြို့နယ်၊ ဆင်ဝှေကျေးရွာအုပ်စု၊ ဆင်ဝှေရွာမအ.လ.က အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပြီး ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်၏ လူထုတွေ့ဆုံပွဲတွင် ထိုကျေးရွာမှ ကျောင်းကော်မတီနှင့် ဆရာ/မများမှခေါ်ယူ၍ ကျောင်းအားဝင်ရောက်ကြည့်ရှုရန် တောင်းဆိုလာသည့်အတွက် ထိုအ.လ.က ဆင်ဝှေ ရွာမအားဝင်ရောက်ကြည့်ရှုစဉ် ဆင်ဝှေရွာမကျောင်းတွင် ကျောင်းသားဦးရေ (၂၂၀)အထက်ရှိ၍ ဆရာ/မ (၁၁)ဦးဖြင့် ပညာသင်ကြားနေသောကျောင်းဖြစ်ကြောင်းသိရှိရပါသည်။ ထိုကျောင်းသည် အလယ်တန်း အဆင့်တိုးမြှင့်ထားပြီးဖြစ်သော်လည်း ကျေးရွာမှဆောက်လုပ်ထားသော (၁၂၀x၃၀) ကျောင်းဆောင်ဟောင်း (၁)ဆောင်သာလျှင် ရှိပါသည်။ ထိုကျောင်းသည် ထုတ်၊ ယောက်၊ ဒိုင်း၊ မြွားများသည် ခြစားနေခြင်း ကြောင့် စိုးရိမ်ဖွယ်ရာအဆင့်တွင် ရှိနေပါသည်။ ၎င်းအဆောင်အား ပြင်ဆင်စရိတ်တင်ပြတောင်းခံ ထားသည်ဟုလည်းသိရှိရပါသည်။ သို့သော်

ကျောင်းဖွင့်ရာသီတွင် အလယ်တန်းကျောင်းဖြစ်ခြင်းကြောင့် ကျောင်းသားဦးရေနှင့် အတန်းလိုက် သင်ကြားနိုင်ရေး ကျောင်းဆောင်သစ်တစ်ဆောင် အရေးကြီးလိုအပ်မည်ဟုသုံးသပ်မိပါသည်။ သို့ဖြစ်ပါ၍ တိုးချဲ့ကျောင်းဆောင်သစ်တစ်ဆောင် အမြန်ဆုံးချထားပေးနိုင်ရေးအစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါက်တာကျော်ကျော်မေးမြန်းသည့် မေးခွန်း(၂)ခုအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]**။ ။ဒေါက်တာကျော်ကျော်၊ ရေတာရှည် မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအောက်ရှိ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းရှိ အ.ထ.ကနှင့် အ.ထ.က(ခွဲ) ကျောင်း(၁၂)ကျောင်းသို့ Five Mascots Co,Ltd မှ ပေးသွင်းထားသည့် Water Supply Equipment ပစ္စည်းများအား အသုံးချနိုင်ရေးအတွက် ရေတွင်းတူးဖော်မှုကို ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ပညာရေး ဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ ပဲခူးတိုင်းဒေသကြီး(အရှေ့)ရှိ ကျောင်း(၁၂)ကျောင်းအား Five Mascots Co.,ltdမှ Water Supply Equipment အတွက် ပူးတွဲပါပစ္စည်းများအား လွှဲပြောင်း ပေးပို့ထားသော်လည်း ရေတွင်းတူးဖော်ရန် အဖွဲ့မရောက်ရှိသဖြင့် ပစ္စည်းလက်ခံသိုလှောင်ထားခဲ့ ကြပါသည်။ အခြေခံပညာဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ထားသော (၄လက်မ) စက်ရေတွင်းတူးဖော်မှု အောင်မြင်ရန်အတွက် သက်ဆိုင်ရာ Five Mascots Co.,ltd နှင့် ဆက်သွယ်ကြည့်ရာ ၎င်းတို့ ကုမ္ပဏီအနေဖြင့် Water Supply Equipment ပစ္စည်းများ သက်ဆိုင်ရာကျောင်းများသို့ အရောက်ပို့ရန်သာ တာဝန်ရှိပါကြောင်း၊ ရေရရှိရေးအတွက် အခြေခံပညာဦးစီးဌာနမှ ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အခြေခံပညာကျောင်းများ လျာထားချက်တောင်းခံရာ၌ အန္တရာယ် ကျောင်း၊ တိုးချဲ့ကျောင်း၊ စာကြည့်တိုက်၊ သိပ္ပံခန်း၊ ဝန်ထမ်းအိမ်ရာ၊ အစည်းအဝေးခန်းမ၊ အားကစားခန်းမ ခေါင်းစဉ်များဖြင့်သာ တောင်းခံရန်အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားခဲ့သဖြင့် စက်ရေတွင်းတူးဖော်မှုအတွက် ရန်ပုံငွေခွင့်ပြုပေးခဲ့ခြင်းမရှိပါ။ သို့ပါ၍၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တွင်လည်း အခြေခံပညာဦးစီးဌာနမှ စီစဉ်ဆောင်ရွက်သည့် စက်ရေတွင်းတူးဖော်ရန် ကုန်ကျသည့် ရန်ပုံငွေအား လျာထားနိုင်ခဲ့ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ၂၀၂၀- ၂၀၂၁ဘဏ္ဍာရေးနှစ်၏ သာမန် အသုံးစရိတ်ရန်ပုံငွေမှ ယခု Water Supply Equipment ရရှိထားသည့် ကျောင်းများအား စက်ရေတွင်းတူးဖော်နိုင်ရေးအတွက် ဦးစားပေးပြီး လျာထားတင်ပြပေးမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဒေါ်ညွန့်ညွန့်ဌေး(ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန)**။ ။ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“ရေတာရှည်မြို့နယ်၊ ဆင်ဝွေကျေးရွာအုပ်စု၊ ဆင်ဝွေရွာမအ.လ.က အလယ်တန်း ကျောင်းတွင် တိုးချဲ့ကျောင်းဆောင်သစ်တစ်ဆောင် အမြန်ဆုံးချထားပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ဆင်ဝွေကျေးရွာအုပ်စု၊ ဆင်ဝွေရွာမအလကတွင် အလယ်တန်းဆင့်ကျောင်းသား(၈၃)ဦး၊ မူလတန်းဆင့် ကျောင်းသား (၁၃၉)ဦး၊ စုစုပေါင်း (၂၂၂)ဦး ရှိပါသည်။ ဆရာအင်အားမှာ ကျောင်းအုပ်(၁)ဦး၊ လယ်ပြ (၆)ဦး၊ မူပြ(၄)ဦး၊ စုစုပေါင်း (၁၁)ဦးရှိပါသည်။ စာသင်ဆောင်အနေဖြင့် (၁၂၀x၃၀)ပေသွပ်မိုးအုတ်ညှပ် (၁)ထပ်ဆောင်တစ်ဆောင်၊ (၃၈x၁၈)ပေသွပ်မိုး ထရံကာမြေစိုက် (၂)ဆောင်၊စုစုပေါင်း (၃)ဆောင် ရှိပါသည်။

အဆိုပါကျောင်းရှိ (၁၂၀x၃၀)ပေသွပ်မိုးအုတ်ညှပ် (၁)ထပ်ဆောင်တစ်ဆောင်ကို ၂၀၁၂ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပါသည်။ အဆိုပါ (၁၂၀x၃၀)ပေကျောင်းဆောင်အား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ် (၀၄၀၂)ရန်ပုံငွေဖြင့်သိန်း(၁၀၀)အောက်တွင် မြို့နယ်တန်းစီဇယားအမှတ်စဉ်(၁၃)ဖြင့် လျာထား တင်ပြထားပါသည်။

တိုးချဲ့ကျောင်းဆောင်သစ်ကို ၂၀၁၈-၂၀၁၉၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်များတွင် တင်ပြတောင်းခံခြင်းမရှိ၍ မြို့နယ်ပညာရေးမှူး၏ တန်းစီဇယားတွင် ထည့်သွင်းလျာထားလာခြင်း မရှိကြောင်းတွေ့ရှိရပါသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေမှ မြို့နယ်ဦးစားပေး အစီအစဉ်အတိုင်း ကျောင်းဆောင်သစ်တစ်ဆောင် တင်ပြတောင်းခံပေးမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါ သည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“Plinth Level မြင့်၍ တည်ဆောက်ရမည့် ကျောင်းများအတွက် မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း”** နှင့်စပ်လျဉ်းသည့်မေးခွန်းကိုမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီးအတွင်း ရေလွှမ်းမိုးမှုဖြစ်ပေါ်လေ့ရှိသောဒေသများရှိ အချို့သောစာသင်ကျောင်းများ တည်ဆောက်ရာတွင် **Plinth Level** မြင့်၍ တည်ဆောက်ရမည်ဖြစ်ပါသည်။ ယခု (၂၀၁၈ - ၂၀၁၉) ဘဏ္ဍာနှစ်တွင် တည်ဆောက်ရမည့် ကျောင်းများစာရင်း၌ **Plinth Level** မြင့်၍ တည်ဆောက်ရမည့် ကျောင်းများပါဝင်နေပါသော်လည်း တင်ဒါဖြင့်တည်ဆောက်ခွင့်ပြုခဲ့ရာတွင် မူလဒီဇိုင်းပါ Plinth Level ၃-ပေဖြင့်သာ တည်ဆောက်မည်ဆိုပါက နှစ်စဉ်ရေနစ်မြုပ်မှုကိုခံရမည်ဖြစ်ပါသည်။ ထို Plinth Level မြင့်၍ တည်ဆောက်ရမည့် ကျောင်းများအားဆောက်လုပ်မှုကို ရပ်ဆိုင်းထားခိုင်း

သော်လည်း မည်သို့ဆောင်ရွက်ရမည်ကို ဆက်လက်ညွှန်ကြားခြင်းမရှိပါသဖြင့် မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါသည်။

**ဥက္ကဋ္ဌ။** ။ဦးညီညီထွေးမေးမြန်းသည့် မေးခွန်းအား လူမှုရေးဝန်ကြီးဌာနဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွှန့်ညွှန့်ဌေး(ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန)။** ။ဆက်လက်ပြီး ဦးညီညီထွေး၊ ညောင်လေးပင် မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"Plinth Level မြှင့်၍ တည်ဆောက်ရမည့် ကျောင်းများအတွက် မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်း၍၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ရမည့်ကျောင်းများစာရင်း၌ Plinth Level မြှင့်၍ တည်ဆောက်ရမည့်ကျောင်းများအား မူလကျောင်းများလျာထားစဉ်က ကျောင်းအုပ်ကြီးများမှ တင်ပြခဲ့မှုမရှိခြင်း၊ မြို့နယ်ပညာရေးမှူးများမှ ကြီးကြပ်စိစစ်မှုအားနည်းခြင်းတို့ကြောင့် မူလ Plinth Level (၃)ပေဖြင့်သာ ဆောက်လုပ်ရန်တင်ပြခဲ့ကြပါသည်။ သို့သော်မြို့နယ်(၈)မြို့နယ်မှ ကျောင်း (၂၈)ကျောင်းသည်ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်သဖြင့် Plinth Level တိုးမြှင့်ရန်လိုအပ်ကြောင်း သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များမှ တင်ပြလာသည့်အတွက် အောက်ပါအတိုင်း စီမံဆောင်ရွက်ခဲ့ပါသည်။

- ပဲခူးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ (၅-၃-၂၀၁၉) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ထံသို့ Plinth Level (၂၈)ကျောင်းစာရင်းအားဌာနခွဲ (၂-က)/ ၁၂၀၈/ အဆအ (၁၉) ဖြင့်တင်ပြ၍လည်းကောင်း (ပူးတွဲ-၁)
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံသို့(၁၂-၃-၂၀၁၉) တွင် Plinth Level (၂၈)ကျောင်းတိုးမြှင့်ရန်လိုအပ်ပါကြောင်း စာအမှတ်၊ ၈/၃-၅/ဦး၆(၂၆၅၅) ဖြင့်ထောက်ခံတင်ပြ၍လည်းကောင်း (ပူးတွဲ-၂)
- ပဲခူးတိုင်းဒေသကြီးပညာရေးမှူးရုံးမှအခြေခံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ (၁၅-၃-၂၀၁၉) တွင်စာအမှတ်၊ဌာနခွဲ(၂-က)/ ၁၄၄၁/ အဆအ(၁၉)ဖြင့် Plinth Level တိုးမြှင့်၍ လိုအပ်သောရန်ပုံငွေပမာဏအား ခွင့်ပြုပေးနိုင်ပါရန် တင်ပြတောင်းခံခြင်းဖြင့် လည်းကောင်း (ပူးတွဲ-၃)
- ပဲခူးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူးချုပ်ထံသို့ (၉-၄-၂၀၁၉) ရက်စွဲပါ စာအမှတ်၊ ဌာနခွဲ(၂-က)/၁၉၂၅/ အဆအ(၁၉)ဖြင့် Plinth Level မြှင့်ရမည့်ကျောင်းများအတွက်ပုံစံပြောင်းဆောက်လုပ်ခွင့်ပြုပါရန်တင်ပြထားခြင်းဖြင့်လည်းကောင်း(ပူးတွဲ-၄)

- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးမှ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ထံသို့ (၉-၄-၂၀၁၉) ရက်စွဲပါစာအမှတ်၊၀၈၃၇/လူမှု/၂၀၁၉ဖြင့်ပုံစံပြောင်း ဆောက်လုပ်မှုကို ခွင့်ပြုပေးနိုင်ပါရန် ထောက်ခံတင်ပြခြင်းဖြင့်လည်းကောင်း (ပူးတွဲ-၅) တင်ပြခဲ့ပါသည်။

သို့ဖြစ်ပါ၍အခြေခံပညာဦးစီးဌာနမှ Plinth Level မြှင့်တင်ရမည့်ပုံစံပြောင်း အတည် ပြုချက်မပေးပို့မီ ကုမ္ပဏီမှဆောက်လုပ်လိုသည့်ပုံစံအတိုင်း ဆက်လက်ဆောင်ရွက်လျှင် ပုံစံပြောင်းခွင့်ပြုချိန်တွင် သတ်မှတ်ပုံစံဖြင့် မဆောက်လုပ်၍ပြန်လည်ပြင်ဆင်ဆောက်လုပ်ရပါက ကုမ္ပဏီတွင်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်သဖြင့် ရပ်ဆိုင်းထားခိုင်းခြင်းဖြစ်ပါသည်။ အခြေခံပညာ ဦးစီးဌာနမှ ပုံစံပြောင်းဆောက်လုပ်ခြင်းနှင့် ရန်ပုံငွေထပ်မံတောင်းခံခြင်းများအတွက် ခွင့်ပြုချက် ကျလျှင်ကျခြင်း သက်ဆိုင်ရာကုမ္ပဏီများသို့ အကြောင်းကြား၍ လုပ်ငန်းများဆက်လက် ဆောင်ရွက်ရန် စီစဉ်ပေးမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဝန်ကြီးတို့အနေနဲ့ ဒီမတ်လ ဝန်ကြီးချုပ်ကိုယ်စား ဝန်ကြီးအနေနဲ့မတ်လ(၁၂)ရက်မှာစတင်ပြီး တင်ပြထားပေးတဲ့ အတွက်လည်း ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော် အခုစာရင်းဇယားတွေ ကြည့်လိုက်တဲ့အချိန်မှာ အားလုံးမြို့နယ် (၅) မြို့နယ်ပါဝင်ပါတယ်။ ဒီကျောင်းပေါင်း(၂၃)ကျောင်းက သနပ်ပင်က (၁)ကျောင်း၊ တောင်ငူက (၁) ကျောင်း၊ ဝေါက(၁၂)ကျောင်း၊ ညောင်လေးပင်(၅)ကျောင်းနဲ့ ဒိုက်ဦး (၄)ကျောင်း ပါဝင်ပါတယ်။ အဲ့ဒီမှာ မူလခွင့်ပြုလျာထားတဲ့ ကျပ်သန်းက ၈၀၉.၇၄၅ သန်းဆိုတော့ ၈၁၀ လောက်ရှိပါတယ်။ အဲ့ဒီတော့ အခုမိုးကလည်းကျတော့မယ်။ တကယ်လို့မိုးကုန်တာနဲ့ ဘဏ္ဍာရေးနှစ်ကလည်းကုန်ပြီဆိုတဲ့အခါကျတော့ ဆောက်လုပ်မှုတွေမှာ ပြန်အပ်ရတဲ့ အခြေအနေတွေ ဖြစ်တဲ့အချိန်ကျရင် ကျွန်တော်တို့ တိုင်းအတွက် အများကြီးနစ်နာနိုင်ပါတယ်။ အဲ့ဒီအတွက်ကြောင့် ဒီကိစ္စနဲ့ပတ်သက်ပြီး ဆက်လက်ပြီးတော့ ဝန်ကြီးအနေနဲ့ တွန်းအားပေး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါ တယ်။

**ဥက္ကဋ္ဌ။** ။ဦးညီညီထွေး မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွှန့်ညွှန့်ဌေး(ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန)။** ။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်မတို့ တိုင်းပညာရေးမှူးနဲ့လည်း အကြိမ်ကြိမ်ညှိနှိုင်းပြီးတော့ တနေ့က ဝန်ကြီးချုပ်ဆီတင်ပြဖို့ ဆုံးဖြတ်ခဲ့ ပါတယ်။ ဆုံးဖြတ်ပြီးတော့ တစ်ခါတည်းချက်ချင်းဘဲ တင်ပြတယ်။ တင်ပြတဲ့အခါမှာ တည်ဆောက်ရေး ကော်မတီရဲ့ Print Level တိုးမြှင့်မယ့်အတွက် Estimate တွေကိုရေးဆွဲဖို့ သူ့ရဲ့ထောက်ခံချက် အဲ့ဒါတွေကို ထပ်မံတင်ပြရဦးမယ်လို့ ပြောပါတယ်။ အဲ့ဒီတော့ သူ့ဆီကို တင်ပြပြီးတော့မှ သူ့ရဲ့ခွင့်ပြုချက် ရရှိမှသာ ဒါဟာဆက်လက်ပြီးတော့ လုပ်ဆောင်မယ်ဆိုတဲ့ ဒီတိုင်းဒေသကြီးအနေနဲ့ လုပ်ဆောင်နေတဲ့ အပိုင်းပါ။ နောက်တစ်ခုက ပြည်ထောင်စုဝန်ကြီး ကိုလည်းဘဲ အခုနေပြည်တော်မှာသွားပြီး အစည်းအဝေးတက်ရောက်နေတဲ့ တိုင်းပညာရေးမှူး ကိုယ်တိုင် ဒီမေးခွန်းကို ဝန်ကြီးနဲ့တွေ့ဆုံမေးမြန်း လာခဲ့ဖို့ မှာကြားလိုက်တဲ့အခါမှာ ဒီနေ့ညနေမှ မေးဖို့အချိန်ရပါမယ်လို့ ပြောပါတယ်။ ဒါကြောင့်မို့လို့ အဲ့ဒီကသိလာတာနဲ့ တစ်ပြိုင်နက်တည်း ဆက်လက်ပြီးချက်ချင်း အကြောင်းကြားပေးမှာဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ရှင်။

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်အား တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်း ဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်အား တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးညွှန့်ရွှေ (ဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းဝေးသို့ တက်ရောက်လာကြတဲ့ ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်နှင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။

၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သော ဌာန/အဖွဲ့အစည်းများမှာ ဗဟိုအဖွဲ့အစည်း(၅)ခု၊ ဦးစီးဌာန(၁၉)ခု၊ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့ အစည်း (၁)ခု၊ စည်ပင်သာယာရေးအဖွဲ့(၁)ခု စုစုပေါင်း(၂၆)ဌာနရှိပါတယ်။ ဌာန/အဖွဲ့အစည်း

(၂၆)ခုရဲ့အရ အသုံးခန့်မှန်းခြေငွေစာရင်းများကို ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် ကြိုတင်စိစစ်ဆွေးနွေးနိုင်ရေးအတွက်ကိုလည်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၅.၄.၂၀၁၉ ရက်နေ့တွင် လွှတ်တော်ကို ကြိုတင်ပေးပို့တင်ပြထားပြီးလည်း ဖြစ်ပါတယ်။ လွှတ်တော်ကို တင်ပြထားတဲ့စာရင်းအရ ရငွေစုစုပေါင်း **ကျပ် ၃၉,၂၇၅.၇၅၇ သန်း**၊ သုံးငွေ **ကျပ် ၁၇၂,၃၉၁.၂၃၂ သန်း**ဖြစ်သဖြင့် လိုငွေမှာ **ကျပ် ၁၃၃,၁၁၅.၄၇၅ သန်း**ဖြင့် တင်ပြခဲ့ပါတယ်။

လွှတ်တော်သို့ အရအသုံးခန်မှန်းခြေငွေစာရင်းများ တင်ပြပြီးချိန်နောက်ပိုင်းမှ ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ ၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကြိုတင်မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်များကြောင့်ဖြစ်ပေါ်လာသည့် ကိစ္စရပ်များနှင့် ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင် မဖြစ်သည့် အရေးပေါ်ကိစ္စရပ်များအတွက် သုံးစွဲရန် အရေးပေါ်ရန်ပုံငွေကျပ် ၁,၀၀၀.၀၀၀သန်းကို ပြည်ထောင်စုမှထောက်ပံ့ငွေအပြင် ရငွေနှင့်အသုံးစရိတ်တွင် ထပ်မံထည့်သွင်းလျာထားရမှာ ဖြစ်ပါတယ်။ ရငွေနှင့်အသုံးစရိတ် ထည့်သွင်းလျာထားခြင်းဖြစ်တဲ့အတွက် လိုငွေပြောင်းလဲခြင်းမရှိပါ။ အဆိုပါအရေးပေါ် ရန်ပုံငွေ ကျပ်၁,၀၀၀.၀၀၀ သန်းကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် ထည့်သွင်းလျာထားရမှာ ဖြစ်ပါတယ်။ လိုငွေကျပ် ၁၃၃၁၁၅.၄၇၅ သန်းကိုလည်း ပြည်ထောင်စုမှ ထောက်ပံ့ပေးမှာ ဖြစ်ပါတယ်။

၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်ရဲ့ အသုံးစရိတ်များကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီမှ သာမန်နှင့်ငွေလုံးစုစုပေါင်း ကျပ် ၁၆,၁၂၁.၆၃၀ သန်းကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် သုံးစွဲရန်လိုအပ်ချက်များရှိတဲ့ ဌာနအချို့၏ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ပြန်လည်ခွဲဝေသုံးစွဲဖို့ကိုလည်း ၂၃.၅.၂၀၁၉ ရက်နေ့တွင်ကျင်းပသည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်နှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ညှိနှိုင်းအစည်းအဝေးမှ အောက်ပါအတိုင်းသုံးစွဲရန်သဘောတူခဲ့ပါတယ်–

- ကျေးလက်ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးဦးစီးဌာန ကျပ် ၂၂၆.၄၅၀ သန်း
- ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ကျပ် ၁၀၃၀.၄၁၅ သန်း
- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျပ် ၂၉.၅၀၀ သန်း
- စိုက်ပျိုးရေးဦးစီးဌာန ကျပ် ၁၀၇.၂၂၀ သန်း
- ငါးလုပ်ငန်းဦးစီးဌာန ကျပ် ၀.၄၀၀ သန်း
- လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ကျပ် ၁၄၆၉.၁၄၀ သန်း
- အားကစားနှင့်ကာယပညာဦးစီးဌာန ကျပ် ၁၆.၉၀၀ သန်း
- စီမံကိန်းရေးဆွဲရေးဦးစီးဌာန ကျပ် ၃၂.၉၃၀ သန်း
- လမ်းဦးစီးဌာန ကျပ် ၂၅၃.၅၀၀ သန်း
- ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ကျပ် ၁၀၆၈၅.၈၇၄ သန်း
- စည်ပင်သာယာရေးအဖွဲ့ ကျပ် ၂၂၆၉.၃၀၁ သန်း

ယခင်တင်ပြထားသည့် သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်များကို အသေးစိတ် စိစစ်ထားပြီးဖြစ်ပါ၍ ယနေ့မှာတော့ ထပ်မံသုံးစွဲရန် သဘောတူပြီးဖြစ်သည့်အတိုင်း ပြင်ဆင်ရေးဆွဲထားတဲ့ ပဲခူးတိုင်းဒေသကြီးအရအသုံးခန့်မှန်းခြေငွေစာရင်းများ ရငွေပေါင်းမှာ ကျပ် ၃၉,၂၇၅.၇၅၇ သန်းဖြစ်ပါတယ်။ အဆိုပါရငွေတွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေ ကျပ် ၂,၈၀၀.၀၀၀ သန်း နှင့် အခွန်ဝေစု ကျပ် ၆,၂၇၉.၉၀၁ သန်း ပါဝင်ပါတယ်။ သုံးငွေအနေဖြင့် သာမန်အသုံးစရိတ် ကျပ် ၆၃,၉၅၄.၀၆၈ သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၁၀၉,၄၃၇.၁၆၄ သန်း၊ စုစုပေါင်းအသုံးစရိတ်ကျပ် ၁၇၃,၃၉၁.၂၃၂ သန်းဖြစ်ပါ၍ လိုငွေကျပ် ၁၃၃,၁၁၅.၄၇၅ သန်းဖြစ်ပါတယ်။ သာမန်အသုံးစရိတ်မှ ညှိနှိုင်းပြောင်းလဲငွေအား ငွေလုံးငွေရင်း အသုံးစရိတ်တွင် ပြန်လည်လျာထားခြင်းဖြစ်တဲ့အတွက် လိုငွေ ပြောင်းလဲခြင်းမရှိပါ။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းအား အတည်ပြုပေးနိုင်ရေး အတွက် တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးကတင်သွင်းသည့် ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းလျာထားချက်အား ပြင်ဆင်ချက် အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်းရဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ (၂၇.၅.၂၀၁၉)ရက် (တနင်္လာနေ့) နောက်ဆုံးထားပြီး ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီအစီရင်ခံစာ(၁/၂၀၁၉)ပါ အကြံပြုချက်များအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်ကပြန်လည်ရှင်းလင်းဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့တင်သွင်းခဲ့သည့် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီအစီရင်ခံစာ(၁/၂၀၁၉)ပါ အကြံပြုချက်များအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၏ အကြံပြုချက်အစီရင်ခံစာအပေါ် ဆောင်ရွက်ချက်များအား ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ပါရန်နှင့် ပြန်လည်ရှင်းလင်းမည့် ရှင်းလင်းချက်များအား (၂၀-၅-၂၀၁၉) ရက်နေ့အရောက် တိုင်းဒေသကြီးလွှတ်တော်သို့ ပြန်လည်ပေးပို့နိုင်ပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းပေးပို့ အကြောင်းကြားလာပါသည်။

သို့ဖြစ်ပါ၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၏ အကြံပြုချက်များအပေါ် အောက်ပါအတိုင်း ရှင်းလင်းတင်ပြအပ်ပါသည်။

- ကော်မတီသည် ယခင်တင်ပြတိုက်တွန်းထားသော အစီရင်ခံစာများနှင့် ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ယခုအချိန်အထိ တင်ပြလာခြင်းမရှိသည့်အတွက် ဆောင်ရွက်ထားရှိမှုများအား အလေးထားလိုက်နာဆောင်ရွက်ရန် အကြံပြုချက်အပေါ် နိုင်ငံတော်၏ မူဝါဒနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပါသည်။
- ကော်မတီသို့ တင်ပြလာသော မြေယာတိုင်ကြားစာများနှင့်ပတ်သက်၍ လိုအပ်သော အထောက်အထားများနှင့် စာရွက်စာတမ်းများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ တောင်းခံရာတွင် သတ်မှတ်အချိန်မီပြန်လည်တင်ပြပေးရေး အလေးထားလိုက်နာဆောင်ရွက်ရန် အကြံပြုချက်အပေါ် သက်ဆိုင်ရာမြေယာကော်မတီအဆင့်ဆင့်ဖွဲ့စည်း၍ ဆုံးဖြတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။
- ကော်မတီမှပြုလုပ်သော ကြားနာပွဲ၊ တွေ့ဆုံညှိနှိုင်းပွဲများမှ ထွက်ပေါ်လာသော အစီရင်ခံစာများအား လွှတ်တော်သို့တင်ပြရာတွင် အလေးထားလိုက်နာဆောင်ရွက်သွားရန် အကြံပြုချက်အပေါ် လွှတ်တော်မှမေးမြန်းသော မေးခွန်းနှင့်အဆိုများအပေါ် အလေးထားဆောင်ရွက်လျက်ရှိပါသည်။
- စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်သော နည်းပညာပေးစိုက်စနစ်များတွင် နိုင်ငံတော်မှ ခွင့်ပြုထားသော ဘဏ္ဍာငွေများအား တောင်သူများထံသို့ အပြည့်အဝရရှိရေးကို အလေးထား ကြပ်မတ်ဆောင်ရွက်ရန် အကြံပြုချက်အပေါ် စမ်းသပ်ကွက်၊ စံပြကွက်များသည် တစ်ဦးတစ်ယောက်အား ထောက်ပံ့ပေးခြင်းမဟုတ်ဘဲ တောင်သူပိုင်လယ်ယာမြေပေါ်တွင် တောင်သူအများသိရှိနိုင်ရေး နည်းပညာသရုပ်ပြကွက်များဖြင့် ပညာပေးခြင်းသာဖြစ်၍ ခွင့်ပြုဘဏ္ဍာငွေပေါ်တွင် အပြည့်အဝသုံးစွဲအကောင်အထည်ဖော်လျက်ရှိပါသည်။
- ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာနက ဆောင်ရွက်သော လုပ်ငန်းများနှင့်ပတ်သက်၍ ခွင့်ပြုဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး အလေးထား

ဆောင်ရွက်ရန် အကြံပြုချက်အပေါ် (၁/၂၀၁၇)နှင့်အညီ တင်ဒါစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

– ရေခွန်၊ တာတမံခွန်များအား အပြည့်အဝစည်းကြပ်ကောက်ခံရရှိရေး အလေးထား ဆောင်ရွက်ရန် အကြံပြုချက်အပေါ် ရေခွန်/တာတမံခွန် ဥပဒေနှင့်အညီ အလေးထား၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဗိုလ်ကြီးကျော်မင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်က တိုင်းဒေသကြီးလွှတ်တော်သို့တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီအစီရင်ခံစာကိုရေးရာကော်မတီအဖွဲ့ဝင် ဗိုလ်ကြီးကျော်မင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဗိုလ်ကြီးကျော်မင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်**။ ။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီမှ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ

**နိဒါန်း**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီသည် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ အဓိကမဏ္ဍိုင်ဖြစ်သော ဥပဒေပြုရေးကိစ္စရပ်များ ပိုမိုအားကောင်းလာစေရန် ၂၀ဝ၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား(၂)တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော်၌ ပြဋ္ဌာန်းပြီးဖြစ်သော ဥပဒေများအား လေ့လာသုံးသပ်ခြင်း၊ ခေတ်ကာလနှင့်လျော်ညီမှုမရှိတော့သည့် ဥပဒေများအား ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်သောဥပဒေများအား အသစ်ပြဋ္ဌာန်းနိုင်ရေး ဆွေးနွေးသုံးသပ်ခြင်း၊ ပြည်သူများ၏တိုင်ကြားစာများ စိစစ်သုံးသပ်တွေ့ရှိချက်အစီရင်ခံစာအား လွှတ်တော်ဥက္ကဋ္ဌထံတင်ပြခြင်းနှင့် ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာန

တို့၏ ဘဏ္ဍာနှစ်အလိုက် ရသုံးခန့်မှန်းခြေငွေစာရင်း၊ သာမန်အသုံးစရိတ်လျာထားချက်များနှင့် ငွေလုံးငွေရင်းအသုံးစရိတ်လျာထားချက်များ၊ ဖြည့်စွက်ခွင့်ပြုရန်ပုံငွေစာရင်းများတွင် ဘဏ္ဍာငွေ အလေအလွင့် မရှိစေရေး စစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**ရည်ရွယ်ချက်**

ပဲခူးတိုင်းဒေသကြီးအတွက် အမှန်တကယ်လိုအပ်ပြီး ပြည်သူများ၏လူနေမှုဘဝဖွံ့ဖြိုး တိုးတက်စေ၍ ပြည်သူ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မြှင့်တင်နိုင်မည့် ခိုင်မာသည့် ဥပဒေများ ပေါ်ပေါက်လာစေရန်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးမှုရှိစေရန်။

**အစီရင်ခံသည့်ကာလအတွင်းကော်မတီ၏ဆောင်ရွက်ချက်များ**

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီတို့၏ ပူးပေါင်းအစည်းအဝေးအမှတ်စဉ်(၂/၂၀၁၉)ကို (၁၈-၃-၂၀၁၉)ရက်နေ့မှ (၂၂-၃-၂၀၁၉)ရက်နေ့အထိနှင့် (၁-၄-၂၀၁၉)ရက်နေ့မှ (၅-၄-၂၀၁၉)ရက်နေ့တို့တွင် ရေးရာကော်မတီ ပူးပေါင်းအစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော အသေးစားငွေချေးလုပ်ငန်းဥပဒေ(မူကြမ်း) အခန်း(၁)မှ အခန်း(၁၆)အထိ အသေးစိတ်စိစစ်သုံးသပ် ဆွေးနွေးခဲ့ကာ ဥပဒေ(မူကြမ်း)ပါ ဥပဒေအပိုဒ်တစ်ပိုဒ်ချင်းစီအလိုက် ပြင်ဆင်သင့်သည့် အချက် များအား ပြင်ဆင်ရေးဆွဲခြင်း၊ အသစ်ထပ်မံဖြည့်သွင်းသင့်သည့် အချက်များအား အသစ်ထပ်မံ ဖြည့်သွင်းခြင်းနှင့် ဒေသနှင့် ကိုက်ညီမှုမရှိဘဲ ပြည့်သူ့အကျိုးစီးပွားထိခိုက်စေသော အချက်များ၊ ဥပဒေကြောင်းအရ ပြည်သူကို အကာအကွယ်မပြုသော အချက်များအား စိစစ်ပယ်ဖျက်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ဥပဒေ(မူကြမ်း)အား ပိုမိုပြည့်စုံကောင်းမွန်ပြီး ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ပြည်သူများ အမှန်တကယ်အကျိုးဖြစ်ထွန်းစေပြီး ကာလဒေသနှင့် ကိုက်ညီသော ဥပဒေ ကောင်းတစ်ရပ် ပေါ်ထွန်းလာရေး၊ ဥပဒေဆိုင်ရာ အသုံးအနှုန်းများနှင့် ဥပဒေရေးထုံးများ မှန်ကန် စေရေး၊ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၏ လုပ်ငန်း ဆောင်ရွက်ရာတွင် လွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက် ဥပဒေ(မူကြမ်း)နှင့် တိုက်ရိုက် သက်ဆိုင်သော ဌာနဆိုင်ရာ အကြီးအကဲများ၊ ဥပဒေချုပ်ရုံးမှ ဥပဒေပညာရှင်များ၊ ပြင်ပဥပဒေ ပညာရှင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးနိုင်ရေး ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၉)ကို (၂၂-၄-၂၀၁၉)ရက်နေ့နှင့် (၂၃-၄-၂၀၁၉)ရက်နေ့တို့တွင် ရေးရာကော်မတီရုံးခန်း၌ ကျင်းပပြုလုပ် ခဲ့ပြီး ပြည်သူများမှ ကော်မတီသို့ ပေးပို့တိုင်ကြားလာသော တိုင်ကြားစာ(၄)စောင်အား စိစစ်သုံးသပ် ဆွေးနွေးကာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သက်ဆိုင်ရာ ဌာနများသို့ အကြောင်းကြားပေးနိုင်ရေး နှင့် တိုင်ကြားသူကာယကံရှင်များထံသို့ အကြောင်းပြန်ကြားပေးနိုင်ရေးအတွက် ကော်မတီ၏ စိစစ်တွေ့ရှိ သုံးသပ်ချက်အစီရင်ခံစာအား လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခဲ့ပါသည်။

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့၏ ပူးပေါင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၁၉)ကို (၂၄-၄-၂၀၁၉)ရက်နေ့မှ (၂၆-၄-၂၀၁၉) ရက်နေ့အထိ ရေးရာကော်မတီ ပူးပေါင်းအစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့ပြီး (၂၄-၄-၂၀၁၉)ရက်နေ့တွင် မြန်မာဥပဒေအထောက်အကူပြု ကွန်ယက် (MLAW)အဖွဲ့မှ ဥပဒေပညာရှင်များနှင့် တွေ့ဆုံကာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော အသေးစားငွေချေးလုပ်ငန်းဥပဒေ(မူကြမ်း)ပါ ဥပဒေဆိုင်ရာအချက်အလက်များ ပိုမိုပြည့်စုံ မှန်ကန်ကောင်းမွန်ရေးအတွက် အပြန်အလှန်ဆွေးနွေးကာ မြန်မာဥပဒေအထောက်အကူပြု ကွန်ယက် (MLAW)အဖွဲ့မှ ဥပဒေပညာရှင်များ၏ အကြံပြုချက်များ ရယူခဲ့ပါသည်။ (၂၅-၄-၂၀၁၉)ရက်နေ့နှင့် (၂၆-၄-၂၀၁၉)ရက်နေ့များတွင် မြန်မာဥပဒေအထောက်အကူပြု ကွန်ယက် (MLAW)အဖွဲ့မှ ဥပဒေပညာရှင်များ၏ အကြံပြုချက်များကို အသေးစိတ်စိစစ်သုံးသပ် ဆွေးနွေးခဲ့ပြီး ဥပဒေ(မူကြမ်း)ပါ ဥပဒေဆိုင်ရာ ရေးထုံးများ၊ ဥပဒေဆိုင်ရာ အချက်အလက်များအား ပုဒ်မ တစ်ခုချင်းစီအလိုက် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် အသစ်ထပ်မံဖြည့်သွင်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉)ကို (၂၉-၄-၂၀၁၉)ရက်နေ့တွင် ရေးရာကော်မတီရုံးခန်း၌ ကျင်းပပြုလုပ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းများချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ပါ ဥပဒေဆိုင်ရာ အချက်အလက်များကို စိစစ်သုံးသပ်ဆွေးနွေးကာ ကော်မတီ၏ သုံးသပ်ချက်အစီရင်ခံစာအား လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခဲ့ပါသည်။

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့၏ ပူးပေါင်းအစည်းအဝေး အမှတ်စဉ်(၄/၂၀၁၉)ကို (၂-၅-၂၀၁၉)ရက်နေ့နှင့် (၃-၅-၂၀၁၉) ရက်နေ့တို့တွင် ရေးရာကော်မတီ ပူးပေါင်းအစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့ပြီး (၂-၅-၂၀၁၉)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ဥပဒေပညာရှင်များနှင့်လည်းကောင်း၊ (၃-၅-၂၀၁၉)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနတို့မှ တိုင်းဒေသကြီးအဆင့်တာဝန်ရှိသူများနှင့်လည်းကောင်း အသီးသီးတွေ့ဆုံကာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော အသေးစားငွေချေးလုပ်ငန်း ဥပဒေ(မူကြမ်း)ပါ ဥပဒေဆိုင်ရာ အချက်အလက်များပိုမိုပြည့်စုံ ကောင်းမွန်ရေးအတွက် အသေးစိတ်စိစစ်သုံးသပ်ဆွေးနွေးခဲ့ကြပြီး ဥပဒေ(မူကြမ်း)၏ ပုဒ်မတစ်ခုချင်းစီအလိုက် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ထပ်မံဖြည့်သွင်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ်(၄/၂၀၁၉)ကို (၆-၅-၂၀၁၉)ရက်နေ့မှ (၁၀-၆-၂၀၁၉)ရက်နေ့အထိတို့တွင် ရေးရာကော်မတီရုံးခန်း၌ ပြုလုပ်ခဲ့ပြီး

ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့တွင် ၂၀၁၉–၂၀၂၀ဘဏ္ဍာနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း၊ သာမန်အသုံးစရိတ်လျာထားချက်များနှင့် ငွေလုံးငွေရင်းအသုံးစရိတ် လျာထားချက်များကို စိစစ်သုံးသပ်ကာ သက်ဆိုင်ရာ ဌာနများအား ခေါ်ယူတွေ့ဆုံစိစစ်၍ ကော်မတီ၏ စိစစ်သုံးသပ်တွေ့ရှိချက်များကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီသို့ ပေးပို့ခဲ့ပါသည်။

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့်မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီတို့၏ ပူးပေါင်းအစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉)ကို (၁၃–၅–၂၀၁၉)ရက်နေ့မှ (၁၇–၅–၂၀၁၉)ရက်နေ့အထိတို့တွင် ရေးရာကော်မတီပူးပေါင်း အစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော အကျိုးတူပူးပေါင်းလယ်ယာစိုက်ပျိုးရေးစနစ်ဥပဒေ(မူကြမ်း)ပါ ဥပဒေဆိုင်ရာ အချက်အလက်များအား အသေးစိတ်ထပ်မံစိစစ်သုံးသပ်ဆွေးနွေးခဲ့ကြပြီး ဥပဒေ(မူကြမ်း)၏ ပုဒ်မ တစ်ခုချင်းစီအလိုက် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ထပ်မံဖြည့်သွင်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ (၁၆–၅–၂၀၁၉)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများမှ တွေ့ဆုံဆွေးနွေးခဲ့ပြီး (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ဥပဒေ(မူကြမ်း)တင်သွင်းနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

**ကော်မတီ၏ တွေ့ရှိချက်များ**

၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ဥပဒေများမှာ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍတွင် (၁၈)ခု၊ စီးပွားရေးကဏ္ဍတွင် (၅)ခု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် (၁၂)ခု၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍတွင် (၁၁)ခု၊ စက်မှုလက်မှုကဏ္ဍတွင် (၃)ခု၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍတွင် (၈)ခု၊ လူမှုရေးကဏ္ဍတွင် (၁၃)ခုနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် (၅)ခု၊ စုစုပေါင်း (၇၅)ခုရှိကြောင်း တွေ့ရှိရပြီး ပုဒ်မ ၁၈၈ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်သည် ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံး အတွက် သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်စိတ်တစ်ဒေသအတွက်သော် လည်းကောင်း၊ အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိကြောင်း တွေ့ရှိရပါသည်။

**အကြံပြုချက်များ**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် ဖွဲ့စည်းထားသော ရေးရာကော်မတီများသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြု စာရင်းပါ ဥပဒေများအနက် ပဲခူးတိုင်းဒေသကြီးနှင့် အများပြည်သူတို့အတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေပြီး ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်လျက်ရှိသော ဥပဒေများရေးဆွဲခြင်းနှင့် ပဲခူးတိုင်း

ဒေသကြီးအစိုးရအဖွဲ့မှ ရေးဆွဲပေးပို့လာသော ဥပဒေ(မူကြမ်း)များအား လွှတ်တော်သို့ တင်သွင်းတည်ပြုနိုင်ရေးအတွက် ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

**ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များ**

ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

- စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီနှင့် ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီး အသေးစားငွေချေးလုပ်ငန်း ဥပဒေ(မူကြမ်း)ကို ဆက်လက်ဆွေးနွေးသုံးသပ်ပြီး ဥပဒေ(မူကြမ်း)တွင် ပြည်သူတို့၏ လိုလားချက်များ၊ ဆန္ဒသဘောထားများ ပါဝင်စေရေးအတွက် ပြည်သူ့အသံကြားနာပွဲများ ဆောင်ရွက်ကာ ပဲခူးတိုင်းဒေသကြီးလွှတ်တော် နီးစပ်ရာ ပုံမှန်အစည်းအဝေးသို့ ပြင်ဆင်ချက်အဆို တင်သွင်း၍ အတည်ပြုနိုင်ရေး ဆက်လက်ဆောင်ရွက်သွားပါမည်။
- စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီနှင့် ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီးအကျိုးတူပူးပေါင်းလယ်ယာစိုက်ပျိုးရေးစနစ် ဥပဒေ(မူကြမ်း)ကို ဆက်လက်ဆွေးနွေးသုံးသပ်ပြီး ဥပဒေ(မူကြမ်း)အား (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်သွင်းနိုင်ရေးနှင့် ဥပဒေ(မူကြမ်း)တွင် ပြည်သူတို့၏ လိုလားချက်များ၊ ဆန္ဒသဘောထားများ ပါဝင်စေရေးအတွက် ပြည်သူ့အသံကြားနာပွဲများ ဆောင်ရွက်ကာ ပဲခူးတိုင်းဒေသကြီးလွှတ်တော် နီးစပ်ရာ ပုံမှန်အစည်းအဝေးသို့ ပြင်ဆင်ချက်အဆို တင်သွင်း၍ အတည်ပြုနိုင်ရေး ဆက်လက်ဆောင်ရွက်သွားပါမည်။
- ကော်မတီသို့ ပေးပို့တိုင်ကြားလာသော ပြည်သူများ၏ တိုင်ကြားစာများနှင့် ပတ်သက်၍ သက်ဆိုင်သူများ နစ်နာမှုမရှိစေရေးအတွက် အလေးထားစိစစ် သုံးသပ်ဆွေးနွေးပြီး ကာယကံရှင်များနှင့် သက်ဆိုင်ရာဌာနများသို့ အမြန်ဆုံးအကြောင်းပြန်ကြားပေးနိုင်ရေး လွှတ်တော်ဥက္ကဋ္ဌထံ ကော်မတီ၏ စိစစ်သုံးသပ်တွေ့ရှိချက် အစီရင်ခံစာအား တင်ပြဆောင်ရွက်သွားပါမည်။
- တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာပါ ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များနှင့် အစည်းအဝေးမှတ်တမ်းများပါ အစည်းအဝေး ဆုံးဖြတ်ချက်များအား ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့်အညီ ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။

**နိဂုံး**

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီသည် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီနှင့် ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီး အသေးစားငွေချေးလုပ်ငန်း ဥပဒေ(မူကြမ်း)အား လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာ

ကော်မတီနှင့် ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီးအကျိုးတူပူးပေါင်းလယ်ယာစိုက်ပျိုးရေး စနစ် ဥပဒေ (မူကြမ်း)အား လည်းကောင်း ဆွေးနွေးသုံးသပ်လျက်ရှိပြီး ပြည်သူတို့လိုလားချက်များ၊ ဆန္ဒသဘောထားများ ပါဝင်စေပြီး ပြည်သူ့အသံကြားနာပွဲများဆောင်ရွက်ကာ အနီးစပ်ဆုံး ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးတွင် အတည်ပြုနိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။ ကော်မတီသည် ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ရသုံးခန့်မှန်းခြေငွေစာရင်း၏ သာမန်အသုံးစရိတ်များနှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို စိစစ်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ပြင် ကော်မတီသို့ တိုင်ကြားလာသော တိုင်ကြားစာများနှင့် ပတ်သက်၍ ကာယကံရှင်များနစ်နာမှု မရှိစေရေး အလေးထားစိစစ်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မတီအနေဖြင့် ကော်မတီ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့်အညီ နိုင်ငံတော်၊ ပြည်သူနှင့် ပဲခူးတိုင်းဒေသကြီးအကျိုးအတွက် ခေတ်ကာလနှင့် လျော်ညီသော ဥပဒေများပေါ်ပေါက်လာစေရန်၊ ကော်မတီ၏အစီရင်ခံစာများပါ ရှေ့လုပ်ငန်းများနှင့် အစည်းအဝေးဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ယနေ့ (၁၆:၀၀)နာရီထက် နောက်မကျစေဘဲအမည်စာရင်းတင်သွင်းကြဖို့ဖြစ်ပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ပဉ္စမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ဆဋ္ဌမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)ကို (၁၁:၃၅) နာရီတွင်ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ဆဋ္ဌမနေ့) ကို၂၀၁၉ခုနှစ် မေလ(၂၇)ရက် (တနင်္လာနေ့) နံနက်(၁၀:၀၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

[ **သြဘာသံများ** ]

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

**ဆဋ္ဌမနေ့ မှတ်တမ်း**

**၁၃၈၁ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်**

**[၂၀၁၉ခုနှစ်၊ မေလ ၂၇ ရက်]**

**(တနင်္လာနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ နံနက် ၁၀:၀၀နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယ အကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၅၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၇၃.၆၈ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန်လိုအပ်တဲ့ လွှတ်တော်ကိုယ်စားလှယ် သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ် များ၏ ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စား လှယ်များ စိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ညွန့်ညွန့်ငွေ [ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဇေယျ၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လွင်၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး

လွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်း၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းစံ၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦး၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင်၊ ကြို့ပင်ကောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက် မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မူမူခင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲဝင်းထွန်းနှင့် ဗိုလ်မှူးအောင်ကျော်မိုး တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် (၂၇.၅.၂၀၁၉)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက် နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၂၀)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၂၀ ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၄(ခ)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခုလွှတ်တော် ကိုယ်စားလှယ် (၄)ဦးကမေးမြန်းသည့် မေးခွန်း(၅)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့်မေးခွန်းများဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ဆည်မြောင်းလုပ်ငန်းများတွင် ပစ္စည်းတင်ဒါအောင်မြင်၍ တာဝန်ကျေပွန်သော ကုမ္ပဏီများငွေထုတ်ယူခွင့် ကြန့်ကြာရခြင်းကို အလျင်အမြန်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ" နှင့်** စပ်လျဉ်း သည့် မေးခွန်းနှင့်

(၂) **"ကျေးလက်ဒေသ သောက်သုံးရေရရှိရေးအစီအမံဖြင့် သဲကုန်းမြို့နယ်အပါအဝင် ပဲခူးတိုင်းဒေသကြီးအတွင်း တူးဖော်ခဲ့သော စက်ရေတွင်းတို့ ပြင်ဆင်ထိန်းသိမ်းခြင်း ပြန်လည်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။**"ဆည်မြောင်းလုပ်ငန်းများတွင် ပစ္စည်းတင်ဒါအောင်မြင်၍ တာဝန်ကျေပွန်သော ကုမ္ပဏီများ ငွေထုတ်ယူခွင့် ကြန့်ကြာရခြင်းကို အလျင်အမြန်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ" နှင့်** စပ်လျဉ်း၍ ယခုအချိန်အခါသည် ပဲခူးတိုင်း ဒေသကြီးအတွင်း တည်ဆောက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် အကောင်အထည်ဖော် နေသော ကာလဖြစ်ပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဘတ်ဂျက်ကာလအမီ လုပ်ငန်းများ အပြီးသတ်နိုင်ရေး၊ အရည်အသွေးပြည့်မီရေးတို့ကို အတတ်နိုင်ဆုံးကြိုးစား အကောင် အထည်ဖော်နေသည်ကို သိရှိရပါသည်။ ဤသို့ဆောင်ရွက်ရာတွင် အချို့သောလုပ်ငန်းစဉ် များကြောင့် တင်ဒါအောင်ကုမ္ပဏီများအတွက် အချိန်နှင့်ငွေ ပိုမိုကုန်ကျနေကြောင်း တွေ့ရှိရပါသည်။ ထိုအခက်အခဲများအနက် အဓိကအခက်အခဲမှာ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ စဉ်းစားချက်မှ

ထွက်ပေါ်လာသော (ပဲခူးတိုင်းဒေသကြီး တည်ဆောက်ရေး လုပ်ငန်းများ ကြီးကြပ်မှုအာဏာပိုင်အဖွဲ့ (BRCCA) ကို အမည်ပြောင်းလဲထားသော (BRCBT) အဖွဲ့နှင့် ပတ်သက်သော အခက်အခဲ ဖြစ်ပါသည်။ ရှင်းလင်းတင်ပြရလျှင် ယခုနှစ်တင်ဒါအောင် ကုမ္ပဏီများအနေဖြင့် လုပ်ငန်း ပြီးမြောက်မှုရာခိုင်နှုန်းတင်ပြ၍ ငွေထုတ်ခွင့်တင်ရာတွင် (BRCBT)၏ လက်မှတ်ထိုးရယူနေရ ခြင်းကြောင့် (BRCBT)ရုံးရှိရာ ပဲခူးမြို့သို့ အနည်းဆုံး(၄)ကြိမ်လာရောက်နေပေရာ အပိုကုန်ကျစရိတ် (Transaction cost) များ ဖြစ်ပေါ်ရပါသည်။ (BRCBT)၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော QC အဖွဲ့များရှိပြီးဖြစ်ပါ၍ အဆိုပါ QC ၏ အရည်အသွေးစစ်ဆေးချက်မှတ်တမ်းဖြင့် သက်ဆိုင်ရာQC ကုမ္ပဏီမှတင်ပြလာပါက စိစစ်၍ ငွေထုတ်ယူခွင့်ပြုပါက မူဝါဒပိုင်းဆိုင်ရာ ဖြေလျှော့ခြင်းဖြစ်၍ ကောင်းမွန်သော စီမံခန့်ခွဲမှုဖြစ်၍ (BRCBT)၏ ခွင့်ပြုလက်မှတ်အဆင့်ကို ပယ်ဖျက်နိုင်ရေးနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းအပ်ပါသည်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။**"ကျေးလက်ဒေသ သောက်သုံး ရေရရှိရေးအစီအမံဖြင့် သဲကုန်းမြို့နယ်အပါအဝင် ပဲခူးတိုင်းဒေသကြီးအတွင်း တူးဖော်ခဲ့သော စက်ရေ တွင်းတို့ ပြင်ဆင်ထိန်းသိမ်းခြင်း ပြန်လည်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ သဲကုန်းမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ရေရရှိရေး အစီအစဉ်ဖြင့် တူးဖော်ခဲ့သော ကရင်ကုန်းအုပ်စု၊ ကတ္တီပင်ကျေးရွာ စက်ရေတွင်းမှာရေမထွက်ပါ။ သို့ဖြစ်ပါ၍ အကျိုးရှိစွာသုံးစွဲနိုင်ရေး ပြင်ဆင်ထိန်းသိမ်းခြင်းပြုလုပ်နိုင်ရေး မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးဇော်လင်းထိုက်မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဆည်မြောင်းလုပ်ငန်းများတွင် ပစ္စည်း တင်ဒါအောင်မြင်၍ တာဝန်ကျေပွန်သော ကုမ္ပဏီများ ငွေထုတ်ယူခွင့် ကြန့်ကြာရခြင်းကို အလျင်အမြန် ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ငွေထုတ်ယူခွင့်နှင့်ပတ်သက်သည့် ကိစ္စများကို အစိုးရအဖွဲ့၏ကိုယ်စား ပြုလုပ်သည့် Procedure ကို ရှင်းလင်းဖြေကြားပေးမှာ ဖြစ်ပါတယ်။ ဆည်မြောင်းလုပ်ငန်းများနှင့် ပတ်သက်သည့် ဘဏ္ဍာငွေသည် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေအနေဖြင့် ခေါင်းစဉ်ပါရှိသည့် လုပ်ငန်းများဖြစ်ပါသည်။ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် တင်ဒါအောင်မြင်ပြီး ကုမ္ပဏီများကို ငွေထုတ်ယူခွင့်ပြုသည့်နေရာမှာ မြို့နယ်၊ ခရိုင်၊ တိုင်းရုံးတွေမှနေပြီး အဆင့်ဆင့်စိစစ်ပြီး တင်ပြပါတယ်။ တင်ပြပြီးလို့ စာချုပ်ပါစည်းကမ်းများအတိုင်း စိစစ်ပြီးသည့်အခါမှာ အရည်အသွေး

စိစစ်ရေးနှင့် လက်ခံရေးကော်မတီက လက်ခံအတည်ပြုပြီးသည့်အခါ တိုင်းရုံးမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြရပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြသည့်အခါမှာ ပထမဦးစွာ ဝင်စာ/ ထွက်စာဌာနကို ပေးပို့ပါတယ်။ ပေးပို့ပြီးသည့်အခါ စီမံ/ဘဏ္ဍာဌာနစုသို့ ပေးပို့ပါတယ်။ ပေးပို့ပြီးလျှင် လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ အစိုးရအဖွဲ့ ညွှန်ကြားရေးမှူးနှင့် အတွင်းရေးမှူးမှတစ်ဆင့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးနှင့် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှတစ်ဆင့် ဝန်ကြီးချုပ်ထံတင်ပြပါတယ်။ ဝန်ကြီးချုပ်၏ သဘောတူညီချက်ရရှိပြီးသည့်အခါမှာ အစိုးရအဖွဲ့ အတွင်းရေးမှူးသို့ ပြန်လည်ချပေးပြီးသည့်အခါ LC ဖွင့်ပြီး ဆောင်ရွက်စေပါတယ်။ မိမိတို့ အစိုးရအဖွဲ့မှာ ငွေထုတ်မှုအဆင့်ဆင့် ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မြို့နယ်၊ ခရိုင်၊ တိုင်း စိစစ်ပြီးသည့် SOPအား အမြန်ဆုံး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါသည်။

**ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။

ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျေးလက်ဒေသ သောက်သုံးရေရရှိရေး အစီအမံဖြင့် သဲကုန်း မြို့နယ်အပါအဝင် ပဲခူးတိုင်းဒေသကြီးအတွင်း တူးဖော်ခဲ့သော စက်ရေတွင်းတို့ ပြင်ဆင်ထိန်းသိမ်းခြင်း ပြန်လည်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ကရင်ကုန်းအုပ်စု၊ ကဒီပင်ကျေးရွာမှာ အိမ်ခြေ(၆၁)အိမ်၊ လူဦးရေ ကျား(၉၅)ဦး၊ မ(၁၀၂)ဦး၊ စုစုပေါင်း(၁၉၇)ဦး၊ အိမ်ထောင်စု(၆၁)စုရှိပြီး လက်ရှိရေသုံးစွဲမှု အခြေအနေမှာ လက်တူးတွင်း(၁၅)တွင်းခန့်ဖြင့် အသုံးပြုလျက်ရှိပါသည်။ ယခင်က နွေရာသီ ကာလတွင် လက်တူးတွင်း (၁၅)တွင်းခန့်နှင့် လက်ယက်တွင်းများကိုသာ အသုံးပြုနေရပါသည်။ နွေရာသီသောက်သုံးရေ အဆင်ပြေမှုရရှိစေရန်အတွက် ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်တွင် တွင်းနက်(၁)တွင်း လျာထားဆောင်ရွက်ခဲ့ပါသည်။ သို့သော်မြေအောက်ရေပေ (၄၀၀)ထိ တူးဖော်ခဲ့ပြီး တစ်နာရီလျှင် ရေဂါလံ(၇၀၀)ခန့် ထွက်ရှိခဲ့ပါသည်။ ယခုအခါ နွေရာသီအပူချိန်မြင့်တက်မှုကြောင့် ရေထွက်နှုန်းနည်းပါးလာခဲ့ပြီး မိုးတွင်းကာလတွင် သောက်သုံးရေအဆင်ပြေသော်လည်း နွေရာသီတွင် သောက်သုံးရေအသုံးပြုရန် အဆင်မပြေကြောင်း စိစစ်တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ရေစက်ရုံ၊ ရေကန်အနီးစပ်ဆုံးရှိသော အခြားနေရာတွင် မြေအောက်ရေစမ်းသပ်ခြင်းအား ထပ်မံတိုင်းတာပြီး တွင်းနက်အသစ်(၁)တွင်း၊ ခန့်မှန်းကုန်ကျငွေ (၄)သန်းဖြင့် ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သဲကုန်းမြို့နယ်အပါအဝင် ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် ဆောင်ရွက်ထားသည့် ရေပေးရေးလုပ်ငန်းများအား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ယူနီဆက်ထောက်ပံ့ငွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၏ ရန်ပုံငွေများဖြင့် ဆောင်ရွက်

ပေးလျက်ရှိပါသည်။ ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်အတွင်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် သက်ဆိုင်ရာ မြို့နယ်ကျေးလက်ဒေသဦးစီးဌာနများမှ ကွင်းဆင်းစစ်ဆေး၍ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် TPIC အဖွဲ့များနှင့် ဆွေးနွေး၍ အစည်းအဝေး ဆုံးဖြတ်ချက်များဖြင့် လျာထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးခင်ဗျား- မေးခွန်းအမှတ်စဉ်(၁)နှင့် ပတ်သက်၍ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဝန်ကြီးဖြေကြားသွားသည့် ထဲတွင် တိုင်းအုပ်ချုပ်ရေးမှူး၊ တိုင်းအတွင်းရေးမှူးမှတစ်ဆင့် သွားရသည်ဟု ပါဝင်ပါတယ်။ မိမိလည်း မေးခွန်းမေးရန် ပြင်ဆင်သည့်အခါမှာ သက်ဆိုင်ရာပစ္စည်းတင်ဒါအောင် ကုမ္ပဏီအသီးသီးနှင့် ဆက်သွယ်ပြီး မေးမြန်းကြည့်ပါတယ်။ မည်သည့်နေရာမှာကြန့်ကြာနေတာပါလဲ၊ မှန်ပါတယ်။ တိုင်းမင်းကြီး(ခ) တိုင်းအတွင်းရေးမှူးထံမှာ ကြန့်ကြာနေသလို ဖြစ်နေပါတယ်။ ထို့ကြောင့် ဒါကို အစိုးရအဖွဲ့အနေဖြင့် အစည်းအဝေးပြီးသည့်အခါမှာ ညွှန်ကြားချက်ထုတ်ပြန်ပြီး လျင်မြန် ချောမွေ့အောင် ဆောင်ရွက်ပေး နိုင်ခြင်း အစီအစဉ်ရှိ/မရှိ ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးဇော်လင်းထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့်စပ်လျဉ်းသည့် ဆက်စပ်မေးခွန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။လက်ရှိ ကြန့်ကြာနေသည်ဆိုသည့် အစိုးရအဖွဲ့အတွင်းရေးမှူးဆီနှင့်ပတ်သက်ပြီး အစိုးရအဖွဲ့အနေဖြင့် ငွေထုတ်ပေးမှုမြန်ဆန်ရေးအတွက်ကို ပြီးခဲ့သည့် Cabinet အစည်းအဝေးမှာ ငွေထုတ်မှု မြန်ဆန်ရေးအတွက် ဆွေးနွေးတင်ပြထားပြီး ဖြစ်ပါတယ်။ လက်ရှိမြန်ဆန်အောင်လည်း ဆောင်ရွက် ပေးလျက်ရှိပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှနေပြီး ငွေထုတ်မှုမြန်ရန်အတွက် Cabinet တင်ပြချက်အပေါ်မှာ လိုအပ်သည့် Standant procedure ရေးဆွဲပြီး ဝန်ကြီးချုပ်ထံတင်ပြ၍ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဆိပ်ကြီးရပ်ကွက်မှ ချောင်းဝကျေးရွာအုပ်စု ပဲပုတ်ကျေးရွာအထိ ရေကာတာတည်ဆောက်ရာတွင် ဆိပ်ကြီး ရပ်ကွက်နှင့် ရေကျော်ကျေးရွာမှ ဦးပိုင်ပေါက်ပုံစံ(၇)ပါ လယ်သမားများထံမှ စိုက်ပျိုးမြေ ၅.၅၀ ဧကခန့်ပါဝင်နေပါသဖြင့် တောင်သူများအား နစ်နာကြေးပေးချေရန် မည်သို့စီမံထားသည်ကို သိရှိ လိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်အတွင်း ဆိပ်ကြီးရပ်ကွက်မှ ချောင်းဝကျေးရွာအုပ်စု ပဲပုတ်ကျေးရွာအထိ ပြည်သူများ၏ တောင်းဆိုချက်အရ ၂၀၁၃ခုနှစ်တွင် တောင်ငူခရိုင်၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေးအဖွဲ့မှ ကွင်းဆင်း၍ တိုင်းထွာချက်ဖြင့် စစ်တောင်းမြစ် ရေကာတာတည်ဆောက် ပေးခဲ့ပါသည်။ ရေကာတာတည်ဆောက်ရာတွင် ဆိပ်ကြီးရပ်ကွက်နှင့် ရေကျော်ကျေးရွာမှ ဦးပိုင်ပေါက်ပုံစံ(၇)ပါ လယ်သမားများထံမှ စိုက်ပျိုးမြေ ၅.၅၀ ဧကခန့်ရေကာတာတည်ဆောက် ရာတွင် ပါဝင်နေပါသဖြင့် တောင်သူများမှ နစ်နာကြေးများ တောင်းခံလာပါသည်။ သို့ဖြစ်ပါ၍ တောင်သူများ၏ နစ်နာသောစိုက်ပျိုးမြေ ၅.၅၀ ဧကအား ဒေသပေါက်ဈေးဖြင့် နစ်နာကြေးအား ပေးချေနိုင်ရန် မည်သို့စီမံထားသည်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့အား လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဆင်ဖြူရိုးပေါက်နှင့် ကျိုက်ပဒိုင်လေး ရေလွှဲပေါက်အနီးရှိ ရေထုတ်ပေါက်များအား ရေထိန်း အဆောက်အဦများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ သနပ်ပင်မြို့နယ်၊ ပဲခူး-စစ်တောင်းတူးမြောင်း တာမိုင်(၁/၄)အနီးရှိ လယ်သမားတာသည် ကျေးရွာ(၅)ရွာ၏ နွေစပါးစိုက် လယ်မြေများသို့ ရေထုတ်ပေးရာ ရေထုတ်ပေါက်များရှိသည့်တာ ဖြစ်ပါသည်။

ထိုရေထုတ်ပေါက်မှ မိုးရာသီကုန်ခါနီး ရေကိုဖမ်းထားခြင်းဖြင့် ယောကော်ချောင်းအတွင်း ရေစုဆောင်းမိပြီး နွေစပါးအတွက် လိုအပ်ချိန်တွင် ကျိုက်ပဒိုင်လေးကျေးရွာအနီးရှိ ဆင်ဖြူရိုး ပေါက်နှင့် ကျိုက်ပဒိုင်လေးရေလွှဲပေါက်အနီးရှိ ရေထုတ်ပေါက်များမှ ရေကိုထိန်းညှိချပေးနိုင် ပါသည်။ ဆင်ဖြူရိုးပေါက်မှ နွေစပါးအတွက် ဧက ၂၈၀၀ခန့်၊ ကျိုက်ပဒိုင်လေးရေထုတ်ပေါက်မှ ဧက၆၀၀ ခန့်အား ရေပေးခြင်းဖြင့် အကျိုးပြုလျက်ရှိပါသည်။

သို့သော် လူအင်အားဖြင့် ဆောင်ရွက်ရသည်ဖြစ်၍ နှောင့်နှေးကြန့်ကြာခြင်း၊ ခိုင်မာမှုမရှိခြင်း၊ နှစ်စဉ်မြေကြီးရှားပါးလာခြင်းတို့ကြောင့် ဆင်ဖြူရိုးပေါက်နှင့် ကျိုက်ပဒိုင်လေးရေလွှဲပေါက်အနီးရှိ ရေထုတ်ပေါက်များအား ရေထိန်းအဆောက်အဦများ ဆောက်လုပ်ပေးပါက ဒေသအတွက်ပို၍ အကျိုးဖြစ်ထွန်းမည်ဖြစ်၍ အဆိုပါရေထုတ်ပေါက်နှစ်ခု၏ ရေထိန်းအဆောက်အဦများ ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိအား မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဆိပ်ကြီးရပ်ကွက်မှ ချောင်းဝကျေးရွာ အုပ်စု ပဲပုတ်ကျေးရွာအထိ ရေကာတာတည်ဆောက်ရာတွင် ဆိပ်ကြီးရပ်ကွက်နှင့် ရေကျော်ကျေးရွာမှ ဦးပိုင်ပေါက်ပုံစံ(၇)ပါ လယ်သမားများထံမှ စိုက်ပျိုးမြေ ၅.၅၀ ဧကခန့် ပါဝင်နေပါသဖြင့် တောင်သူများအား နစ်နာကြေးပေးချေရန် မည်သို့စီမံထားသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍ ဆိပ်ကြီးရေကျော်-ပဲပုတ်တာ တည်ဆောက်စဉ်က ပါဝင်သွားသော စိုက်ပျိုးမြေများအတွက် နစ်နာသော တောင်သူများ၏ နစ်နာကြေးပေးချေရန် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ မြို့နယ်၊ ခရိုင်၊ တိုင်းအဆင့်ဆင့်မှ စိစစ်ဆောင်ရွက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြထားခဲ့ပြီး ရုံးချုပ်မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနသို့ စိစစ်တင်ပြခဲ့ပြီးဖြစ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ နိုင်ငံတော်သမ္မတရုံး၊ သုတေသန၊ သတင်းပြန်ကြားရေးနှင့် တိုင်ကြားစာများ ဌာနကြီးသို့ (၁၀.၁၂.၂၀၁၈) ရက်စွဲပါ စာအမှတ်-၄/၁၀(က)(၄)(၄၀၅၀/၂၀၁၈) (လဆ)ဖြင့် တာတမံတူးဖော်ဆောင်ရွက်ရာတွင် ပြည်သူအများစုအကျိုးပြုသော လုပ်ငန်းဖြစ်သော်လည်း လယ်မြေ၊ ယာမြေများဆုံးရှုံးခဲ့ရပြီး နေအိမ်(၄)လုံး ရွှေ့ပြောင်းခဲ့ရမှုအပေါ် တောင်သူများသို့ နစ်နာကြေးပေးချေရန်နှင့် ပတ်သက်၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်တင်ပြကာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် နစ်နာကြေးများ ထောက်ပံ့ပေးရမည့်ကိစ္စဖြစ်ပါကြောင်း စိစစ်တင်ပြထားပြီးဖြစ်ပါသဖြင့် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်များ အပေါ်မူတည်ပြီး တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဆင်ဖြူရိုးပေါက်နှင့် ကျိုက်ပဒိုင်လေး ရေလွှဲပေါက် အနီးရှိ ရေထုတ်ပေါက်များအား ရေထိန်းအဆောက်အဦများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ သနပ်ပင်မြို့နယ်၊ ပဲခူး-စစ်တောင်းတူးမြောင်းတာမိုင် (၁/၄)အနီးရှိ လယ်သမားတာသည် ကျိုက်ပဒိုင်လေး၊ ကျိုက်ပဒိုင်ကြီး၊ ကျိုက်မဲ၊ မိုးခိုင်ကြီး၊ မိုးခိုင်လေး ကျေးရွာများ၏ နွေစပါးလယ်မြေများကို ကျိုက်ပဒိုင်ရေလွှဲပေါက်မှ ထုတ်လွှတ်လိုက်သော ယော့ကော်ချောင်း နွေစပါးရေဖြင့် ရေသွင်း/ ရေထုတ်ပြုလုပ်ရသော ရေထုတ်ပေါက်များရှိရာတာ ဖြစ်သည်။

အဆိုပါလယ်သမားတာရှိ ကျိုက်ပဒိုင်ရေလွှဲပေါက်အနီး ရိုးပေါက်အား ရေတံခါးပြုလုပ်ပေးရမည် ဆိုပါက (၆ပေx၁၅ပေ) (၁)ပေါက် တည်ဆောက်ပေးရမည်ဖြစ်ပြီး ခန့်မှန်းကုန်ကျငွေ ကျပ်(၁၅၀)သန်း ကုန်ကျမည်ဖြစ်ပြီး နွေစပါးလယ်မြေဧက(၆၀၀)ခန့်အား အကျိုးပြုနိုင်မည် ဖြစ်ကြောင်း စိစစ်တင်ပြထားပါတယ်။ ထို့အပြင် ဆင်ဖြူရိုးပေါက်အား ရေတံခါးပြုလုပ်ပေးရမည် ဆိုပါက (၆ပေx၁၅ပေ) (၃)ပေါက် တည်ဆောက်ပေးရမည်ဖြစ်ပြီး ခန့်မှန်းကုန်ကျငွေကျပ် (၄၀၀)သန်း ကုန်ကျမည်ဖြစ်ပြီး နွေစပါးလယ်မြေဧက (၂၈၇၀) ခန့်အား အကျိုးပြုစိုက်ပျိုးနိုင်မည် ဖြစ်ကြောင်း စိစစ်ပြီးဖြစ်ပါတယ်။

အဆိုပါရေတံခါးများသည် နွေစပါးစိုက်ပျိုးရေးရရှိရေးအတွက် အထောက်အကူပြုသည့် လုပ်ငန်းများ ဖြစ်၍ ဆောင်ရွက်သင့်ပါကြောင်းနှင့် ရေတံခါးတည်ဆောက်နိုင်ရန်အတွက် အကြိုစူးစမ်း လေ့လာမှုများပြုလုပ်ပြီး အသေးစိတ်ဒီဇိုင်းပုံစံတွက်ချက်မှုများကိုဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါကြောင်းနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ကွင်းဆင်း၍ ဒေသခံများနှင့် တွေ့ဆုံမှုများဆောင်ရွက်သွားရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ (၂၀၁၉-၂၀၂၀)ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ စိစစ်ပြီးစာရင်းများကို တင်ပြထားပြီးဖြစ်ပါ၍ အဆိုပါလုပ်ငန်းမှာ တင်ပြသည့် တင်ပြ ချက်ထဲတွင် ပါဝင်ခြင်းမရှိပါသဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ် မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးခင်ဗျား– ဝန်ကြီး၏ ဖြေကြားချက်ထဲမှာ ၂၀၁၉–၂၀၂၀ ဘတ်ဂျက်မှာ လျာထားခြင်းမရှိဘူးဆိုတာလည်း သိရှိရပါတယ်။ မိမိ၏လုပ်ငန်းမှာ ဌာနအနေဖြင့်ရော၊ ဝန်ကြီးအနေဖြင့်ရော ဆောင်ရွက်သင့်ပါသည်ဟု ဖြေကြား ထားသည့်အတွက် ဆောင်ရွက်သင့်ပါက သင့်တင့်ရာဘတ်ဂျက်ကာလတစ်ခုခုမှာ ထည့်သွင်း ဆောင်ရွက်ပေးရန် ဆက်စပ်မေးခွန်းအား မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးမျိုးမြင့်အောင်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ဆက်စပ် မေးခွန်းနှင့်ပတ်သက်၍ စောစောကတင်ပြသည့် ကျိုက်ပဒိုင်ရေလွှဲပေါက်ကတစ်ပေါက်နှင့် သန်း(၄၀၀) ကုန်ကျမည့် ဆင်ဖြူရိုးပေါက်က (၃)ပေါက်နှင့် စုစုပေါင်း(၄)ပေါက်ဖြစ်၍ (၄)ပေါက်ကို Physivallity study ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အကယ်၍ Physivallity study ဆောင်ရွက်ရန် အမှန်တကယ် တည်ဆောက်မည့် ဒီဇိုင်းနှင့် ဆောင်ရွက်သင့်သည့် Addruss ကို အဖြေရလျှင် ၂၀၂၀– ၂၀၂၁ ဘတ်ဂျက်မှာ လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ် ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးခင်မောင်ဝင်းမေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်၍ အစိုးရအဖွဲ့ဝန်ကြီး၏ ဖြေကြားချက်သည် တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့၏ဆုံးဖြတ်ချက်ဖြင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ တိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဆိုပြီး ဖြေကြားထားသည့်အတွက် မိမိနားလည်သည်က ကတိကဝတ်ဟု နားလည်ပါတယ်။ ထို့ကြောင့် ဌာနများချိတ်ဆက်ပြီး ရသင့်ရထိုက်သည့် တောင်သူ လယ်သမားများ စိုက်ပျိုးမြေ ၅.၅၀ ဧက၏ နစ်နာကြေးငွေပေးချေနိုင်ရန် အလျင်အမြန်ဆောင်ရွက် ပေးရန် လိုအပ် ပါကြောင်း တိုက်တွန်းပြောကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **" ဒိုက်ဦး မြို့နယ်၊ ဘိုင်းဒါးချောင်း(ခ)ဘာလိပ်ချောင်း(အထက်ပိုင်း) ကျန်အပိုင်းအား ဆက်လက်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဒိုက်ဦးမြို့နယ်အတွင်းရှိ ဘိုင်းဒါး ချောင်းသည် ပဲခူးရိုးမတွင် မြစ်ဖျားခံကာဒိုက်ဦးမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းပြီး စစ်တောင်းမြစ်

အတွင်းသို့စီးဝင်သော ချောင်းတစ်ခုဖြစ်ပါသည်။ အဆိုပါ ချောင်းမှာတိမ်ကောလျက်ရှိပြီး၊ ရေစီးရေလာမကောင်းခြင်း၊ သောင်များဖြစ်ထွန်းမှုများခြင်း၊ ရေထုတ်နုတ်မှုအားနည်းခြင်းတို့ကြောင့် ချောင်းဘေးတစ်လျှောက်ရှိ ကျေးရွာများရေကြီးရေလျှံခြင်းနှင့် လယ်ယာမြေများ ရေဝင်နစ်မြုပ်ခြင်းနှင့် ဒိုက်ဦးမြို့ အတွင်း ရေကြီးရေလျှံခြင်းတို့ နှစ်စဉ်ဖြစ်ပေါ်လေ့ရှိပါသည်။

ဘိုင်းဒါးချောင်းအား ရေကျော်ကြီးကျေးရွာအနီးမှ စစ်ဗိုလ်ကြီးကျေးရွာအုပ်စု၊ မြောက်စုကျေးရွာအထိ တူးဖော်ဆောင်ရွက်ပေးခြင်းဖြင့် ချောင်းဘေးတစ်လျှောက်ရှိ ရေကျော်ကြီးကျေးရွာ၊ ဆာပါခြုံကျေးရွာ၊ တောင်သလဲမြောင်ကျေးရွာ၊ စစ်ဗိုလ်ကြီးကျေးရွာ၊ မြောက်စုကျေးရွာများ ရေကြီးရေလျှံမှုလျော့နည်းသက်သာစေမည့်အပြင် နှစ်စဉ်ဘိုင်းဒါးချောင်းမှတစ်ဆင့် ဒိုက်ဦးမြို့နယ် အထက်ပိုင်းနှင့် ဒိုက်ဦးမြို့အတွင်း ရေကြီးရေလျှံမှုကိုလည်း လျော့နည်းစေမည်ဖြစ်ပါသည်။ ထို့အပြင် ချောင်းဘေးဝဲယာတစ်လျှောက်ရှိ လယ်ယာမြေကေများစွာ အချိန်မီစိုက်ပျိုးနိုင်ပြီး ပျက်ဆီးမှုများလည်းနည်းပါး၍ အခြားသီးနှံများလည်း လက်ရှိအခြေအနေထက် သိသာစွာတိုးတက်လာမည်ဖြစ်သဖြင့် တောင်သူတစ်ဦးချင်း ဝင်ငွေပိုမိုတိုးတက် လာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် ဒေသအတွက်အကျိုးပြုမည်ဖြစ်သော ဘိုင်းဒါးချောင်း(ခ) ဘလိပ်ချောင်း (အထက်ပိုင်း) ကျန်အပိုင်းအားဆက်လက်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသူရဇော်မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ " **ဒိုက်ဦးမြို့နယ်၊ ဘိုင်းဒါးချောင်း(ခ) ဘလိပ်ချောင်း (အထက်ပိုင်း) ကျန်အပိုင်းအား ဆက်လက်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ** " နှင့်စပ်လျဉ်း၍ ဒိုက်ဦးမြို့နယ်ရှိ ဘိုင်းဒါးချောင်းသည် အလျား(၁၇)မိုင်ခန့်ရှိပြီး (၂၀၁၇-၂၀၁၈) ခုနှစ်တွင် ပြည်ထောင်စုရန်ပုံငွေအဖြစ် အလျား (၇.၅)မိုင်ကို တူးဖော်ဆောင်ရွက်ပေးခဲ့ပါသည်။ ယခု(၂၀၁၈-၂၀၁၉)ခုနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဘိုင်းဒါးချောင်းအထက်ပိုင်း ရေကျော်ကြီးကျေးရွာအထိ အလျား(၄.၆)မိုင်ကျော်ကို တင်ဒါခေါ်ယူ၍ (၁၃.၂.၂၀၁၉)ရက်နေ့တွင် စတင်တူးဖော်ပေးခဲ့ပြီး (၂၂.၃.၂၀၁၉)ရက်နေ့တွင် (၁၀၀%) ဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ပါသည်။

ထိုသို့တူးဖော်ဆောင်ရွက်ပေးခဲ့သဖြင့် ဘိုင်းဒါးချောင်းဘေးဝဲယာတစ်လျှောက်ရှိ ကျေးရွာများနှင့် လယ်မြေများအား ရေကြီးနစ်မြုပ်မှုမှ အထိုက်အလျောက် ကာကွယ်နိုင်ခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ ကျန်ရှိသောအပိုင်းဖြစ်သည့် စစ်ဗိုလ်ကြီးကျေးရွာ၊ မြောက်စုကျေးရွာများအထိ ဆက်လက် တူးဖော်ပေးနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ (၂၀၁၉-၂၀၂၀)ခုနှစ်

တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေစိစစ်ပြီးစာရင်း တင်ပြပြီးဖြစ်ပါ၍ အဆိုပါလုပ်ငန်းသည် တင်ပြသည့်ရန်ပုံငွေ စာရင်းတွင် ပါဝင်ခြင်းမရှိပါသဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဝန်ကြီးဖြေကြားသွားသည်မှာ ၂၀၁၇- ၂၀၁၈ခုနှစ်မှာ အလျား(၇.၅)မိုင်ကို တူးဖော်ဆောင်ရွက်ပေးခဲ့သော်လည်းပဲ မိမိတို့၏ ဒိုက်ဦးမြို့နယ် ဘိုင်းဒါးချောင်းသည် နှစ်စဉ်ရေကြီးရေလျှံမှုကြောင့် နှစ်စဉ်ရေကြီးရေလျှံမှုတွေ ဖြစ်ပါတယ်။ ကယ်ဆယ်ရေးစခန်းများလည်းဖွင့်ပြီး နှစ်စဉ်လူမှုရေးအသင်းအဖွဲ့များဖြင့် ဆောင်ရွက်ရသည့် မြို့တစ်မြို့ဖြစ်ပါသည်။ မြို့သည် အနိမ့်ပိုင်းအင်းထဲမှာ တည်ထားသည့်မြို့အနေအထား ဖြစ်ပါသည်။ ဘိုင်းဒါးချောင်းအထက်ပိုင်းကိုလည်း လက်ရှိ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ (၄.၆)မိုင် တင်ဒါခေါ်ယူပြီး (၁၀၀%)ပြီးသည်ဟု သိရှိပြီးဖြစ်ပါသည်။ သို့သော်လည်း လက်ရှိမိုးလည်း မရွာသေးဘူး၊ ရေလည်းမစီးဆင်းသေးသည့်အချိန်မှာ မိမိတို့ ကျေးရွာနှင့် လယ်ယာမြေများအား ရေကြီးနစ်မြုပ်မှုအထိုက်အလျောက်ကာကွယ်နိုင်ခဲ့ပြီး ဖြစ်ပါသည်ဟုဆိုတော့ ယခုမှစပြီးတူးပြီးရုံပဲ ရှိပါသေးတယ်။ ဘယ်လောက်ထိ ကာကွယ်နိုင်ခဲ့လည်းဆိုသည့် အနေအထားက စမ်းသပ်စောင့်ကြည့်ရမည့် အနေအထားဖြစ်ပါတယ်။ မိမိမေးသည့်မေးခွန်းသည် ၂၀၁၉-၂၀၂၀ခုနှစ်မှာ မပါဘူးဆိုတာ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် သိရှိပြီးဖြစ်ပါတယ်။ အဲ့တော့ မပါလို့ မလုပ်ပေးနိုင်ဘူး၊ အစီအစဉ်မရှိ ပါဘူးဆိုပြီး လွယ်လွယ်လေးဖြေလို့ရပါတယ်။ သို့သော်လည်းပဲ နီးစပ်ရာ ၂၀၂၀-၂၀၂၁၊ ၂၀၂၁-၂၀၂၂ နီးရာ ဘဏ္ဍာနှစ်မှာ ချေးလို့ရပါတယ်။ ဒီလိုမျိုးဖြေတာတော့ ဝန်ကြီးအနေဖြင့် မသင့်လျော်ဘူးဟု ထင်မြင်သည့်အတွက် ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးသူရဇော်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။မိမိအနေဖြင့် လက်ရှိကိုယ်စားလှယ်တော်ကြီး တင်ပြသည့် ဆက်စပ်အပိုင်းနှင့်ပတ်သက်ပြီး အနီးဆုံးဘတ်ဂျက်ကိုပဲ လက်ရှိဘတ်ဂျက်မှာ ပါဝင်လျှင်ပါဝင်တယ်၊ ဆောင်ရွက်လျက်ရှိတယ်လို့

တင်ပြထားခဲ့ပြီး ၂၀၁၈-၂၀၁၉မှာ ပါဝင်၍ ဆောင်ရွက်ပေးခဲ့ကြောင်းလည်း တင်ပြထားပါတယ်။ လက်ရှိ ၂၀၁၉-၂၀၂၀မှာ လျာထားတင်ပြပြီး ဖြစ်သည့်အတွက် အနီးဆုံးဘတ်ဂျက်ကို ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ ၂၀၂၀-၂၀၂၁ နှင့်ပတ်သက်သည့် ကိစ္စကတော့ မိမိတို့ဒီကြားထဲမှာ ဆက်လက်ပြီးတူးဖော်မည့် အခြေအနေ၊ အောက်ခြေမှာ Puplic Consenvation တူးဖော်မည်ဆိုလျှင် ဘာတွေ Rate လုပ်စရာရှိလဲ၊ Physivallity study သေချာဆောင်ရွက်ရမည့် အခြေအနေများလည်း ရှိပါတယ်။ ထို့ကြောင့် ၂၀၁၉-၂၀၂၀ ဘတ်ဂျက်တောင် အတည်မပြုရသေးမီမှာ နောက်ဘတ်ဂျက် ဖြစ်သည့် တစ်နှစ်ကျော်ဘတ်ဂျက်ကို ကြိုတင်ပြီးတင်ပြဖို့ ထည့်သွင်း၍မဖြေကြားခဲ့ခြင်းဖြစ်ပါတယ်။ အဲ့တော့ ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ လက်ရှိတင်ပြခဲ့သည့် ဖြစ်နိုင်ချေရှိသည့် Physivallity study များကို လေ့လာဆန်းစစ်၍ပြီးလျှင် ၂၀၂၀-၂၀၂၁ ဘတ်ဂျက်မှာ ဆောင်ရွက်ရန် ဖြစ်နိုင်မည် ဆိုလျှင် လျာထားတင်ပြပေးမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- လွှတ်တော်ကိုယ်စားလှယ် (၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ရွှေကျင်မြို့နယ်၊ ပဒဲကောကျေးရွာရှိ ၁၆ ကုတင်ဆံ့ဆေးရုံတွင် ပဒဲကောတိုက်နယ်ဆရာဝန် အစားထိုးခန့်ထားပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိနှင့် ရွှေကျင်မြို့နယ် ကုတင်(၁၀၀)ဆေးရုံတွင် အထွေထွေသမားတော်နှင့် ခါတ်မှန် ဆရာဝန်မရှိသည့်အတွက် ချထားပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ရွှေကျင်မြို့နယ်၊ ပဒဲကောကျေးရွာ (၁၆)ကုတင်ဆံ့ဆေးရုံတွင် တိုက်နယ်ဆရာဝန် ဒေါက်တာလင်းလင်းထွန်းသည် ၂၀၁၈ခုနှစ် (၈)လပိုင်းမှစ၍ ပြောင်းရွှေ့သွားပြီးနောက် ပဒဲကောဆေးရုံတွင် တိုက်နယ်ဆရာဝန်မရှိသည့်အတွက် လူနာများ လာရောက်ကုသမှု အခက်အခဲတွေ့နေရပါသည်။ ဘတ်ဂျက်များစွာ အကုန်အကျခံပြီး ဆောက်လုပ်ထားသော်လည်း တိုက်နယ်ဆရာဝန်မရှိသည့်အတွက် ထိုဆေးရုံမှာ အသုံးပြုခွင့် မရသည့် သဘောဖြစ်နေပြီး ပြည်သူများမှာ မြို့ပေါ်ဆေးရုံသို့ သွားရောက်ကုသနေရသဖြင့် ဒုက္ခရောက်လျက်ရှိနေပါ၍ ပဒဲကော ကျေးရွာ (၁၆)ကုတင်ဆံ့ ဆေးရုံတွင် တိုက်နယ်ဆရာဝန်တစ်ဦး ချထားပေးနိုင်ခြင်း အစီအစဉ်ရှိ/ မရှိနှင့် ရွှေကျင်မြို့ ကုတင်(၁၀၀) ဆေးရုံတွင် ပဲခူးဆေးရုံ၊ ရန်ကုန်

ဆေးရုံသို့ မကြာခဏလွှဲပြောင်းပေးနေရခြင်းကို ဆေးရုံအုပ်ကြီးအား မေးမြန်းကြည့်သည့်အခါ အထွေထွေသမားတော် ဆရာဝန်ကြီး ဦးမင်းဇင်သိန်းနေရာသို့ အစားဝင်ရောက်ခြင်းမရှိသည့် အတွက်လည်းကောင်း၊ ခါတ်မှန်ရိုက်ရာတွင် ဓါတ်မှန်ကျွမ်းကျင်ဆရာဝန် မရှိသည့်အတွက် လည်းကောင်း ပဲခူးဆေးရုံ၊ ရန်ကုန်ဆေးရုံသို့ လွှဲပြောင်းကုသပေးနေရကြောင်း ပြန်လည်ပြောကြား လာသည့်အတွက် အထွေထွေသမားတော်နှင့် ဓါတ်မှန် ကျွမ်းကျင်ဆရာဝန်များ ချထားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်း အပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ **"ကျောက်ကြီးမြို့နယ်၊ ပြည်သူ့ဆေးရုံတွင် ခွေးရူးပြန်ကာကွယ်ဆေးရရှိအောင် မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း "** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ကျောက်ကြီး မြို့နယ်၊ ပြည်သူ့ဆေးရုံတွင် ခွေးရူးပြန်ကာကွယ်ဆေးမရှိသောကြောင့် ခွေးကိုက်ခံရသော ပြည်သူ များမှာ ခွေးရူးပြန်ကာကွယ်ဆေးကို ပြင်ပဆေးဆိုင်များတွင် ဈေးကြီးပေးဝယ်ယူ ထိုးနှံနေရပါ သောကြောင့် တိုင်းဒေသကြီးအစိုးရအနေဖြင့် ပဲခူးတိုင်းဒေသအတွင်း ခွေးရူးပြန်ကာကွယ်ဆေး ရရှိအောင် မည်ကဲ့သို့စီမံဆောင်ရွက်ထားပါကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်း အပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန]။** ။ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ရွှေကျင်မြို့နယ်၊ ပဒဲကောကျေးရွာရှိ ၁၆ ကုတင်ဆံ့ဆေးရုံတွင် ပဒဲကောတိုက်နယ်ဆရာဝန် အစားထိုးခန့်ထားပေး နိုင်ခြင်း အစီအစဉ် ရှိ/မရှိနှင့် ရွှေကျင်မြို့နယ် ကုတင်(၁၀၀)ဆေးရုံတွင် အထွေထွေသမားတော်နှင့် ဓါတ်မှန် ဆရာဝန်မရှိသည့်အတွက် ချထားပေးရန် အစီအစဉ်ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနလက်အောက်ရှိ လစ်လပ်လျက်ရှိသော တိုက်နယ်ဆေးရုံ များသို့ ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနအစီအစဉ်ဖြင့် ပဲခူး / ပြည် / တောင်ငူ ဆေးရုံကြီးများမှ လက်ထောက်ဆရာဝန်(၁)ဦးစီအား (၃)လစီ ခေတ္တအလှည့်ကျ တာဝန်ချထားပေးခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာန၏ (၂၆.၄.၂၀၁၉) ရက်စွဲပါ စာအမှတ်- ၁၇၇၄ / ပခတ - ကုသ / တွဲဘက် /၂၀၁၉အရ မြို့နယ်အလိုက် မိမိတို့မြို့နယ်အတွင်းရှိ တွဲဘက်တာဝန်ချထားရန် လိုအပ်သော တိုက်နယ်ဆေးရုံများတွင် လုပ်ငန်းလစ်ဟင်းမှုမရှိစေရေး မိမိမြို့နယ်၏ အစီအစဉ်ဖြင့် လက်ထောက်ဆရာဝန်များအား အလှည့်ကျတွဲဘက်တာဝန်ချထားရန် အကြောင်းကြားထား ပေးခဲ့ရာ ရွှေကျင်ဆေးရုံ၏ (၂၉.၄.၂၀၁၉) ရက်စွဲပါ စာအမှတ်-၅၇၇/ဆရအ/ပခတ/ဆရဝ-တွဲဘက်/၁၉အရ ပဒဲကောတိုက်နယ်ဆေးရုံသို့ လက်ထောက်ဆရာဝန်ဒေါက်တာ ရန်ငြိမ်းအား (၁.၅.၂၀၁၉) ရက်နေ့မှစ၍ (၃)လတွဲဘက်ချထားပြီး ဖြစ်ပါသည်။

ရွှေကျင်ခုတင်(၁၀၀)ပြည်သူ့ဆေးရုံတွင် လစ်လပ်လျက်ရှိသော အထူးကုဆရာဝန်နှင့် လက်ထောက်ဆရာဝန်များ ဖြည့်စွက်ခန့်ထားပေးပါရန် ရွှေကျင်ခုတင်(၁၀၀)ဆေးရုံ၏ (၉.၇.၂၀၁၈) ရက်စွဲပါ စာအမှတ်-၉၂၄ / ဆရအ / ပခတ / ဆရဝ / ခန့် / ၂၀၁၈အရ တင်ပြတောင်းခံလာပါသဖြင့် ဤရုံး၏(၁၁.၇.၂၀၁၈) ရက်စွဲပါ စာအမှတ်-၂၈၁၃ / ပခတ-ကုသရေး / ဆရဝ-ထွေ / ၂၀၁၈ဖြင့် အထူးကုဆရာဝန်များ ဖြည့်စွက်ခန့်ထားပေးနိုင်ရေးကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက်တင်ပြထားခဲ့ပြီးဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]။** ။ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျောက်ကြီးမြို့နယ်၊ ပြည်သူ့ဆေးရုံတွင် ခွေးရူးပြန်ကာကွယ်ဆေးရရှိအောင် မည်ကဲ့သို့ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် နေပြည်တော်ဇဟိုကူးစက် ဌာနမှရရှိသည့် ခွေးရူးပြန်ကာကွယ်ဆေးများအား ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ခွဲဝေဖြန့်ဖြူးပေးလျက်ရှိပါသည်။ နေပြည်တော်ဇဟို ကူးစက်ဌာနအနေဖြင့် ခွေးရူးပြန် ကာကွယ်ဆေးကိုနိုင်ငံတော်ဘဏ္ဍာမှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် အလုံးရေ(၄)သိန်းကိုလည်းကောင်း၊ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် အလုံးရေ (၄) သိန်း (၅)သောင်းကို လည်းကောင်း ဝယ်ယူပြီး ဖြန့်ဝေပေးခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် အလုံးရေ(၄)သိန်း ဝယ်ယူရန် တင်ဒါရရှိသော်လည်း ဆေးကုမ္ပဏီများမှ အလုံးရေ(၃)သိန်း(၃)သောင်းသာ တင်သွင်းခဲ့ပါသည်။ ၂၀၁၈-ခုနှစ်တွင် ခွေးရူးပြန်ကာကွယ်ဆေးများ လုံလောက်မှုမရှိဘဲ ပြတ်လပ်မှုများရှိပြီး အခက်အခဲများရှိခဲ့ပါသည်။ ထို့ကြောင့် ၂၀၁၈-ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ Mini Budget ဖြင့် ခွေးရူးပြန်ကာကွယ်ဆေး အလုံးရေ (၅)သောင်း ဝယ်ယူပြီး ပဲခူးတိုင်းဒေသကြီးအပါအဝင် တစ်နိုင်ငံလုံးသို့ ဖြန့်ဝေခဲ့ပါသည်။ ၂၀၁၉-ခုနှစ်၊ ဧပြီလတွင် နေပြည်တော်၊ ဇဟိုကူးစက်ဌာနမှ ပဲခူးတိုင်းဒေသကြီးအတွက် ARV အလုံးရေ (၂၀၀၀)နှင့် RIGအလုံးရေ(၄၀၀)ရရှိခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ခွေးရူးပြန်ကာကွယ်ဆေး ထိုးနှံပေးသော ဇန်နဝါရီလမှ မတ်လအတွင်း တစ်လပျမ်းမျှလူနာစာရင်း

ပေါ်မူတည်၍ (၂-၅-၂၀၁၉) ရက်နေ့တွင် မြို့နယ်များအတွက် ခွဲဝေခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၆-ခုနှစ်မှ ၂၀၁၈-ခုနှစ်အထိ ခွေးရူးပြန်ကာကွယ်ဆေးရရှိမှု၊ ခွဲဝေမှုများနှင့် ၂၀၁၉-ခုနှစ်တွင် ရရှိမှု၊ ခွဲဝေမှုအား ကျောက်ကြီးမြို့နယ်အတွက် တစ်လ၏ပျမ်းမျှ ခွေးကိုက်စာရင်းဦးရေ (၂၀)အတွက် ARV အလုံးရေ (၃၀)နှင့် RIGအလုံးရေ(၁၀)လုံး ထပ်မံဖြန့်ဝေခဲ့ပါသည်။ ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံတွင် လက်ရှိအသုံးပြုနေသော ခွေးရူးပြန်ရောဂါကာကွယ်ဆေးသည် တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ခွဲဝေဖြန့်ဖြူးထားသည့်အတိုင်းသာ စီမံဆောင်ရွက်ထားပါကြောင်း လေးစားစွာ ဖြေကြား အပ်ပါသည်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးရှင့်- ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဒီကနေ့ ကိုယ်စားဖြေပေးသည့် ဝန်ကြီးအား ကျေးဇူးတင်ပါသည်။ မိမိတို့ကိုယ်စားလှယ်များသည် နိုင်ငံရေးသမားများဖြစ်ပါသည်။ မိမိတို့ ရည်မှန်းချက်ပန်းတိုင်ကိုက ဒူးတိုလျှင်ကိုယ်ဖြင့်လိမ့်ပြီးသွားမည့် လူမျိုးများဖြစ်ပါသည်။ နောက်တစ်ခုဆိုလျှင် သက်ဆိုင်ရာဝန်ကြီးမှ ဖြေကြားပေးလျှင် အကောင်းဆုံးဖြစ်မည်ဟု ထင်ပါတယ်။ မိမိ၏ ဆက်စပ်မေးခွန်းသည် မေးတိုင်းမေးတိုင်း ပြည်ထောင်စုကိုတင်ပြထား ပါသည်ဟု ဖြေကြားထားပါသည်။ ဆေးရုံများသည် ပြည်သူများ၏ကျန်းမာရေးအတွက် အင်မတန် လိုအပ်ပါသည်။ ဖြေကြားထားသည့်ထဲတွင် (၁၁.၇.၂၀၁၈)ရက်နေ့တွင် ကုသရေးဦးစီးဌာနမှ ဆရာဝန်များရရှိရေးအတွက်ဆိုပြီး နေပြည်တော်သို့ တင်ထားတာ တစ်နှစ်နည်းပါးလောက် ဖြစ်နေပါပြီ မိမိတို့မေးခွန်းမမေးလျှင် ငြိမ်နေမည့်သဘောလားဟုဆိုပြီး အတွေးမျိုးမိမိမှာရှိပါတယ်။ ဆက်စပ်မေးခွန်းမမေးခင်မှာ မိမိတို့၏မေးခွန်းများသည် အမှန်တကယ် ပြည်သူများ၏အသံကို ယူဆောင်လာပြီး လွှတ်တော်မှာမေးတာပါ။ သက်ဆိုင်ရာဝန်ကြီးမှ ဖြေကြားလျှင် ပိုပြီးအားရဖွယ်ရာ ကောင်းပြီး အဖြေနှင့်အမြန်ဆုံးနီးစပ်နိုင်မည်ဟု မိမိအနေဖြင့် ယူဆမိပါတယ်။ ယနေ့မေးမည့် ဆက်စပ်မေးခွန်းသည် မိမိတို့ပြည်သူများ၏ကျန်းမာရေး စောင့်ရှောက်မှုသည် အင်မတန် လိုအပ်နေပါတယ်။ မိမိတို့ပြည်သူတွေကျန်းမာမှ အဆင်ပြေမှာပါ။ စားဝတ်နေရေးဆိုတာသည်လည်း ကျန်းမာရေးအပေါ်မှာ မူတည်နေတာပါ။ မိမိကိုဖြေကြားထားသည့်ထဲမှာလည်း ပဲခူးတိုင်းတစ်တိုင်း လုံးအတွက် ဖြေထားပါတယ်။ အဖြေနှင့် မေးခွန်းမှားနေသလား မပြောတက်ပါဘူး။ ပြည်ထောင်စု အစိုးရကို အမြန်ဆုံး မည်သည့်နေ့၊ မည်သည့်ရက်မှာ မည်သည့်စာဖြင့် တိုက်တွန်းပြီး သက်ဆိုင်ရာ

လွှတ်တော်ကိုယ်စားလှယ်ကို မည်သည့်နေ့မှာ အစိုးရက တိုက်တွန်းပေးပါသည်ဆိုသည့်အဖြေကို မိမိအနေဖြင့် အမြန်ဆုံးသိချင်ပါသဖြင့် ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်လှလှဝင်းမေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]**။ ။ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဖြေကြားမှာဖြစ်ပါတယ်။ မေးခွန်းထဲမှာလည်း ပြည့်စုံစွာဖြေကြားထားတာရှိပါတယ်။ မိမိတို့ ပဲခူးတိုင်းဒေသကြီးထဲတွင် ခန့်ထားနှင့် လစ်လပ်အားလုံး ပဲခူးတိုင်းဒေသကြီးထဲတွင် လက်ထောက်ဆရာဝန်အားလုံး ခွင့်ပြုထားတာ (၄၃၆)ဦးရှိပါတယ်။ ခန့်ထားနိုင်တာက (၂၉၈)ဦး၊ လစ်လပ်က (၁၄၀)ရှိပါတယ်။ ထို့ကြောင့် ပြောင်းလဲလာသည့် အစိုးရလက်ထက်မှာ အရင်ထက်ဆိုလျှင် ဆရာဝန်ခန့်ထားမှုသည် အများကြီးဖြစ်ပေါ်ခဲ့ပါတယ်။ ပြည်သူ့၏ကျန်းမာရေးကို အကျိုးပြုနိုင်ရန်အတွက် ဆရာဝန်များ အများကြီးခန့်ထားခြင်း၊ ဆေးရုံအများကြီးတည်ဆောက်ပေးခြင်း၊ တည်ဆောက်ပေးသည့် ဆေးရုံများနှင့် လိုက်လျောညီထွေဖြစ်မည့် ဆရာဝန်ခန့်ထားမှုတွေ အများကြီးလိုအပ်ပါသည်။ ဒါပေမဲ့ အဓိကအချက်သည် ဆေးရုံဆိုတာ ဘတ်ဂျက်နှစ်အလိုက် ငွေရှိလျှင်ဆောက်လို့ရပါတယ်။ ဆရာဝန်ဆိုတာ ချက်ချင်းလက်ငင်းဖြစ်ပေါ်တာမဟုတ်ပါဘူး။ ဆရာဝန်တစ်ယောက်ဖြစ်ရန်အတွက် နိုင်ငံတော်မှာ ငွေကြေးအရင်းအနှီး၊ အချိန်များစွာ ရင်းနှီးမြှုပ်နှံရပါတယ်။ ထိုဖြစ်လာသည့် ဆရာဝန်များကိုလည်း မိမိတို့ ဒီမိုကရေစီနိုင်ငံတော် ဖြစ်သည့်အတွက်ကြောင့် ဒီမိုကရေစီနည်းလမ်းအရ ကျောင်းပြီးသည့်အခါမှာ မဖြစ်မနေ အရင်ခေတ်စနစ်တွေကလို အလုပ်ဝင်မှစပေးမည်ဆိုပြီးလုပ်လို့မရပါဘူး။ ထို့အတွက်ကြောင့် အလုပ်ဝင်လာသည့် ဆရာဝန်တွေအပေါ်မူတည်ပြီး သက်ဆိုင်ရာပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးများနှင့် သက်ဆိုင်ရာဌာနများက စနစ်တကျစီမံခန့်ခွဲကြရပါတယ်။ ယင်းစီမံခန့်ခွဲမှုအပေါ် မူတည်ပြီး မိမိတို့တိုင်းဒေသကြီးအနေဖြင့် လစ်လပ်တာကိုတင်ပြခြင်း၊ တောင်းဆိုခြင်းပြုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသည့်စကား မှန်ပါတယ်။ ပြည်သူ့အတွက် တောင်းဆိုခြင်း၊ ဟုတ်ပါတယ်။ ထို့အတူပါပဲ ပဲခူးတိုင်းဒေသကြီးတစ်နယ်တစ်လျား၊ မြန်မာနိုင်ငံ တစ်နယ်တစ်လျား မှာလည်း ဆရာဝန်များစွာလိုအပ်ပါတယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးကို သက်ဆိုင်ရာဒေသများမှာရှိသည့် လစ်လပ်နေသည့် အထူးကု ဆရာဝန်များ၊ တွဲဘက်ဆရာဝန်များအတွက် ပြည်ထောင်စုကိုတင်ပြရန် မိမိအနေဖြင့် အစိုးရအဖွဲ့ ကိုယ်စား တိုက်တွန်းပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ရွှေကျင်မြို့နယ် တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)၊ လွှတ်တော်ကိုယ်စားလှယ်ဒေါ်လှလှဝင်းမှ ပြည်ထောင်စုအစိုးရသို့ မည်သည့်နေ့၊ မည်သည့်ရက်တွင် မည်သည့်စာဖြင့် တိုက်တွန်းပြီး လွှတ်တော်ကိုယ်စားလှယ်များထံသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မည်သို့တိုက်တွန်းပေးသည်ကို သိရှိလိုပါကြောင်း ဆက်စပ်မေးခွန်းနှင့် စပ်လျဉ်း၍ ဝန်ကြီး၏ စာဖြင့်ပြန်လည်ဖြေကြားမှုမှာ ရွှေကျင်မြို့နယ်၊ ခုတင်(၁၀၀)ဆေးရုံအတွက် အထူးကုဆရာဝန်နှင့် လက်ထောက်ဆရာဝန်ဖြည့်စွက်ခန့်ထားပေးနိုင်ပါရန် တင်ပြတောင်းခံခြင်းကိစ္စအား ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ (၁၁-၇-၂၀၁၈)ရက်စွဲပါစာအမှတ်၊ ၂၈၁၃/ပခတ-ကုသရေး/ဆရဝ-ထွေ/၂၀၁၈ ဖြင့် ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြတောင်းခံထားပြီးဖြစ်ကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ လက်ထောက်ဆရာဝန်များ ခန့်ထားပေးနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ (၁၃-၅-၂၀၁၉)ရက်စွဲပါစာအမှတ်၊ ၈/၃-၆/ဦး၆(၄၇၉၅) ဖြင့် တင်ပြ တောင်းခံထားပြီးဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။ (နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား- ရှေ့ကကိုယ်စားလှယ်တော်ကြီးလည်း မိမိတို့မေးသည့်မေးခွန်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးများ လာဖြေရန်ပြောသွားသလို ဥက္ကဋ္ဌကြီးကိုလည်း မိမိတိုက်တွန်းချင်ပါတယ်။ ကိုယ်စားလှယ်များ မေးသည့် မေးခွန်းကို သက်ဆိုင်ရာဝန်ကြီးများကိုယ်တိုင် ဖြေကြားပေးရန် တိုက်တွန်းပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ မိမိတို့ကိုယ်စားလှယ်များ မေးသည့်မေးခွန်းများကို တိတိကျကျပြန်ဖြေကြားပေးနိုင်သည့် သက်ဆိုင်သည့်ဌာန၊ ဝန်ကြီးများရှိမှသာ မိမိတို့ပြည်သူများ၏ လိုလားချက်များကို ဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်။ ယခုမေးထားသည့်မေးခွန်းမှာ ဖြေကြားထားသည့် စာရွက်စာတမ်းများ ကြည့်လိုက်သည့်အခါ အင်မတန်မှများပါတယ်။ ထိုထဲမှ အချက်အလက်များကောက်နုတ်ပြီး ဆက်စပ်မေးခွန်းအနေဖြင့် ပြန်မေးမှာဖြစ်ပါတယ်။ ဤမေးခွန်းကိုလည်း သက်ဆိုင်သည့်ဝန်ကြီးမှ စာဖြင့်ပြန်လည်ဖြေကြားပေးဖို့လည်း တောင်းဆိုပါတယ်။ ယခင်အချိန်က စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးကို မေးခွန်းမေးသည့်အချိန်မှာလည်း စာဖြင့်ပြန်ဖြေမည်ဆိုပြီး ဒီနေ့(၁၂)ကြိမ်မြောက်အစည်းအဝေးမှာလည်း မိမိဆီကို စာပြန်ဖြေကြားခြင်း

မရောက်သေးပါဘူး။ ဒါကိုလည်း ထပ်မံတောင်းဆိုပါတယ်။ ကျောက်ကြီးမြို့နယ်၏ ခွေးရူးပြန်ကာကွယ်ဆေးနှင့် ပတ်သက်၍ စာရင်းဇယားများကို ပြန်တွက် ကြည့်လိုက်သည့်အခါမှာ ၂၀၁၈မှာ ARV ဆေးက (၁၂၆၀)ဟု ဖြေဆိုထားပါတယ်။ ဒီ(၁၂၆၀) မလောက်ပါဘူး။ တကယ်(၁၂၆၀)ရှိသလား၊ မရှိသလားဆိုတာကိုလည်း မြို့နယ်မှဆရာဝန်များ၏ မှတ်တမ်းစာရင်းဇယားများလည်း လိုအပ်ပါတယ်။ ယခု ဒီနေ့အတိုင်းအတာမှာ ပဲခူးတိုင်းဒေသကြီး အတွင်းမှာရှိသည့် မြို့နယ်များအလိုက် ခွဲဝေထားမှုကို ကြည့်လိုက်သည့်အခါမှာ အချို့မြို့နယ်များမှာ ပျမ်းမျှနှုန်းကများနေပြီး ခွဲဝေပေးသည့်နှုန်းက နည်းနေတာတွေ့ရပါတယ်။ ထို့အတွက်ကြောင့် မဖြစ်မနေဆက်စပ်မေးခွန်းမေးရသည့်အကြောင်းအရင်းသည် လိုအပ်နေတာဖြစ်သည့်အတွက် မေးတာကို မည်သို့စီမံဆောင်ရွက်ထားသည်ဆိုသည့် တစ်တိုင်းလုံးနှင့် ပတ်သက်ပြီး သိချင်ပါကြောင်းနှင့် နောက်တစ်ခုက ကျောက်ကြီးမြို့နယ်ဆေးရုံအတွက် မေးလိုက်သည့်အခါမှာ မြို့နယ်ခွဲတစ်ခု၏ မြို့နယ်၏လက်အောက်မှာရှိနေသည့် တိုက်နယ်ဆေးရုံတွေက ကျန်းမာရေးအတွက်လိုအပ်နေသည့် ပြည်သူများအတွက် လိုအပ်နေသည့် တိုက်နယ်ဆေးရုံကို မည်သို့ခွဲဝေစီမံထားသည်ဆိုသည့် အချက်အလက်များကိုလည်း သိချင်သည့်အတွက် ဆက်စပ်မေးခွန်း မေးမြန်းခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]**။ ။လူမှုရေးဝန်ကြီး၏ကိုယ်စား တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်တစ်ဦးမှ ပြန်လည်ပြီးဖြေကြားမှာဖြစ်ပါတယ်။ ယခုဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ ကျောက်ကြီးမြို့နယ်အတွက် ၂၀၁၆ မှ ၂၀၁၈ အထိ ခွဲဝေလျာထားမှုအားလုံး (၁၂၆၀)ခွဲဝေလျာထားပါတယ်။ RIG ကတော့ (၁၂၅) လုံး အရေအတွက် ဖြန့်ဝေထားပါတယ်။ ယခု ၂၀၁၉ မှာတော့ တစ်လကို ပျမ်းမျှခွေးကိုက် လူနာစာရင်း (၂၀)မှာ ARV ခွဲဝေမှုအလုံး(၃၀)၊ RIG ခွဲဝေမှုအလုံး(၁၀)ဖြင့် ခွဲဝေထားလျက်ရှိပါတယ်။ ယင်းခွဲဝေမှုနှင့်ပတ်သက်ပြီး စံနှုန်းများရှိပါတယ်။ ပြည်ထောင်စုအဆင့်မှ တစ်လကိုခွေးကိုက်လူနာ ဘယ်လောက်ရှိလျှင် ဘယ်လောက်ဖြန့်ဝေရမည်ဆိုသည့် စံနှုန်းများရှိတယ်။ ထိုစံနှုန်းများနှင့်အညီ မိမိတို့က ဖြန့်ဝေရခြင်းဖြစ်ပါတယ်။ နောက်တစ်ခုက တိုက်နယ်ဆေးရုံတွေထဲမှာ ခွဲဝေချထားမှု ဒါကတော့ သက်ဆိုင်ရာမြို့နယ်ကို ပေးလိုက်မှု မြို့နယ်၏တင်ပြမှု၊ တိုင်းဒေသကြီးကုသရေးဦးစီးဌာနနှင့် ညှိနှိုင်းပြီး သက်ဆိုင်ရာ တိုက်နယ်ဆေးရုံများသို့ ခွဲဝေချထားပါတယ်။ ခွဲဝေချထားပေးမှုအစီအစဉ်ကိုတော့ အကယ်၍ လွှတ်တော်ကိုယ်စားလှယ်ကြီး အသေးစိတ်သိလိုပါက တိုက်နယ်တစ်ခုချင်းစီအလိုက် ပြန်ပြီးတော့

သက်ဆိုင်ရာဝန်ကြီးကို တိုက်တွန်းပြီး စာဖြင့်ပြန်လည်ဖြေကြားပေးမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- လူမှုရေးဝန်ကြီးက ဒီကနေ့ ပြည်ထောင်စုအစည်းအဝေးရှိသည့်အတွက် ကိုယ်တိုင်ခွင့်တိုင်ကြားသွားခြင်းဖြစ်၍ ဒါကြောင့် ဥပဒေအရ အခြားဝန်ကြီးတစ်ဦးက ကိုယ်စားဖြေကြားပေးခြင်းဖြစ်ကြောင်းနှင့် စာဖြင့် ဖြေကြားမည့် စာများကို လွှတ်တော်ကျင်းပပြီးစီးသည့်(၁)ပတ်အတွင်း ဖြေကြားပေးဖို့ တိုက်တွန်း ပါသည်။

**ဒေါ်ညွှန့်ညွှန့်ငွေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]**။ ။ ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ကျောက်ကြီးမြို့နယ် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆန်းဦးမှ မြို့နယ်လက်အောက်ရှိ တိုက်နယ် ဆေးရုံများကို ခွေးရူးပြန် ကာကွယ်ဆေးရရှိအောင် မည်သို့ခွဲဝေစီမံထားသည်ကို သိရှိလိုပါကြောင်း ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ ဝန်ကြီး၏ စာဖြင့်ဖြေကြားမှုမှာ မြို့နယ်ဆေးရုံများအတွက်သာ ခွဲဝေချထားပေးနိုင်ပြီး တိုက်နယ်ဆေးရုံများအား ခွေးရူးပြန်ကာကွယ်ဆေး ခွဲဝေချထားပေးနိုင်ခြင်း မရှိသေးပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

## တိုင်းဒေသကြီးဥပဒေချုပ်က လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- တိုင်းဒေသကြီးဥပဒေချုပ်က လုပ်ငန်း ဆောင်ရွက်မှုအစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးအုန်းမြင့် [တိုင်းဒေသကြီးဥပဒေချုပ်]**။ ။(၂၀.၅.၂၀၁၉)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် (၁.၂.၂၀၁၉) မှ (၃၀.၄.၂၀၁၉)ထိ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်မှ တင်သွင်းသည့် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ (၁၉.၄.၂၀၁၉)ရက်စွဲပါ စာအမှတ်၊ ၄/၃- ၁/ရေး ၁ ဖြင့် အကြောင်းကြားစာအရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၏ ဥပဒေချုပ်အနေဖြင့်သော်လည်းကောင်း၊

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ (အဖွဲ့ဝင်)အနေဖြင့်သော်လည်းကောင်း၊ (၁.၂.၂၀၁၉)နေ့မှ (၃၀.၄.၂၀၁၉) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား ပြုစုတင်ပြအပ်ပါသည်။

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ တင်ပြအစီရင် ခံခြင်း**

တိုင်းဒေသကြီးဥပဒေချုပ်သည် ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆၊ ပုဒ်မခွဲ (င)နှင့် ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေပုဒ်မ ၂၄၊ ပုဒ်မခွဲ (က)တို့အရ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဖြစ်ပြီး ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆၊ ပုဒ်မခွဲ (စ)၊ ပုဒ်မခွဲငယ် (၁) (၂)တို့နှင့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၄(ခ) (ဂ) ပါ ပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း၊ ပြည်ထောင်စုရှေ့နေ ချုပ်အားလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်အားလည်းကောင်းတာဝန်ခံ၍ လုပ်ငန်းတာဝန် များကို ထမ်းဆောင်လျက်ရှိပါသည်။

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ဥပဒေရုံး အဆင့်ဆင့်က ဥပဒေအကြံဉာဏ်တောင်းခံလာခြင်းအပေါ် ဥပဒေအကြံဉာဏ်ပေးခြင်းနှင့်စပ်လျဉ်း တင်ပြခြင်း**

အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၂၆(ဂ) အရ တိုင်းဒေသကြီးဝန်ကြီးချုပ် (သို့မဟုတ်) တိုင်းဒေသကြီး လွှတ်တော် (သို့မဟုတ်) တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းတစ်ခုခု၊ တိုင်းဒေသကြီးဝန်ကြီးဌာန တစ်ခုခုတို့က ဥပဒေအကြံဉာဏ် တောင်းခံလာပါက ဥပဒေအကြံပြုပြန်ကြားပေးရန် တာဝန်ရှိပါသည်။ အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်မှ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အကြံပြုချက်၊ သဘောထားတောင်းခံ လာမှု (၆)မှု အကြံပြုပြန်ကြားပေးခဲ့ရပြီး အကြံပြုချက်များနှင့်ပတ်သက်၍ အောက်ပါအတိုင်း အစီရင်ခံ တင်ပြအပ်ပါသည်-

- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပဲခူးမြို့အမှတ် (၂)၊ နယ်မြေရဲစခန်း (ပ) ၁၁၈၅/၁၈ ရာဇသတ်ကြီးပုဒ်မ ၃၈၇ အမှုတွဲမှ တရားခံများဖြစ်သော ဇော်ထူး၊ ချစ်ဇော်၊ ကုလားလေး (ခ)ထွန်းဝင်းနိုင်၊ စိုင်းမောင်မောင်၊ သူရစိုးနှင့် ကိုနောင်(ခ) ထင်ကျော်နောင် (ခ)ကရင်တို့ (၆)ဦးသည် မော်တော်ဆိုင်ကယ်များဖြင့် တုတ်/ ဓားများ ကိုင်ဆောင်ကာ (ပိုင်အိုးနီးယား) ဆိုင်၊ (ဖီး) ဆိုင် နှင့် (99 KTV) ဆိုင်တို့ထံမှ ငွေကြေးများ တောင်းခံ သဖြင့် ယင်းတရားခံ များသည် ပြစ်မှုကျူးလွန်ဖူးပြီး ဆိုးသွမ်းသည့်လူငယ်များဖြစ်သဖြင့် အမှုအား ရုပ်သိမ်းခွင့် မပေးပဲ ထိရောက်ပြစ်ဒဏ် ချမှတ်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ဥပဒေအကြံပြုချက်များ ပြန်ကြားပေးခဲ့ရခြင်း၊
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန၏ မြန်မာ့ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း (MCDF)သည် ပဲခူးတိုင်းဒေသကြီး ငွေရေးကြေးရေး

ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတွင် လုပ်ငန်းလိုင်စင်မရှိဘဲ ပြည်သူများထံ ချေးငွေထုတ်ချေးမည်၊ တောင်သူလယ်သမားများ၏ အစိုးရကြွေးများကို ဆပ်ပေးမည်ဟု စည်းရုံးပြီး အသင်းဝင်စုဆောင်းကာ အသင်းဝင်ကြေး ကောက်ခံနေခြင်းအား တရားစွဲဆို ဆောင်ရွက်သွားနိုင်ရေးနှင့် စပ်လျဉ်း၍ ဥပဒေအကြံပြု ပြန်ကြားပေးခဲ့ရခြင်း၊

- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပဲခူးတိုင်းဒေသကြီးအတွင်း ယာဉ်မောင်းများ ပေါ့ဆမှုကြောင့် ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ အဖြစ်များ၍ ယာဉ်မတော်တဆမှုဖြင့် အရေးယူခံရသော တရားခံများအား ပြစ်ဒဏ်အမြင့်ဆုံး ချမှတ်နိုင်ရေး တရားရုံးများကို ကြပ်မတ်ဆောင်ရွက်ပေးနိုင်ရန်နှင့်စပ်လျဉ်း၍ ဥပဒေအကြံပြုပြန်ကြားပေးခဲ့ရခြင်း၊
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လက်ပံတန်းမြို့နယ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လုလင်ကျော်ကျေးရွာရှိ တောင်သူ(၄၂၁)ဦးအား ကြွေးကျန်ရှိသည်ဟုဆိုကာ ဆောင်းဘဏ် ချေးငွေထုတ်ချေးမှုကို ဆိုင်းငံ့သဖြင့် အမြန်ဆုံးစိစစ်၍ အရေးယူပေးပါရန် လက်ပံတန်းမြို့နယ်၊ လုလင်ကျော်ကျေးရွာနေ ဦးသိန်းနိုင်ပါ (၁၅)ဦးမှ တိုင်ကြားလာမှုနှင့် စပ်လျဉ်း၍ ဥပဒေအကြံပြုပြန်ကြားပေးခဲ့ရခြင်း၊
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ညဈေးတန်းလမ်း၊ ဗိုလ်ချုပ်ကြေးရုပ်အနီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး၏ သဘောတူညီချက်ဖြင့် ဆိုင်ခန်းများအား ဦးဟန်ကြည်မှ ဆောက်လုပ်ထားသော ဆိုင်ခန်း (၁၅)ခန်းကိစ္စနှင့် ပတ်သက်ပြီး ဌာနမှငှားရမ်းသူများ စာချုပ်ပြည့်မြောက်၍ အိမ်ဥပစာမှ ထွက်ခွာခိုင်းခြင်းကိစ္စအား ဦးရဲမြင့်ပါ(၁၅)ဦးမှ တင်ပြလာမှုနှင့် စပ်လျဉ်း၍ ဥပဒေအကြံပြု ပြန်ကြားပေးခဲ့ ရခြင်း၊
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကရင်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ပဲခူး မြို့နယ်၊ ဝင်္ဘော်ကျေးရွာအုပ်စု၊ သရက်ကုန်းကျေးရွာနေ ဒေါ်အယ်လေးသည် မိဘ လက်ငုပ်ဖြစ်သော လယ် (၁၀)ကေအား လုပ်ကိုင်စားသောက်နေခဲ့ရာ ခ.လ.ရ (၅၉)မှ တားမြစ်ခဲ့ပြီး ကျောက်တိုင်များစိုက်ထူထားကြောင်းနှင့် လယ်မြေရောင်းစားသူ ဝင်္ဘော်ကျေးရွာနေ ဦးမောင်ဦးအား စစ်ဆေးအရေးယူပေးရန် တင်ပြလာမှုနှင့် စပ်လျဉ်း၍ ဥပဒေ အကြံပြုပြန်ကြားပေးခဲ့ရခြင်း၊

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၂)ပါ ဥပဒေပြုရေးကဏ္ဍနှင့်စပ်လျဉ်း ဆောင်ရွက်မှုအခြေအနေအား တင်ပြခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၂) ဥပဒေပြုစာရင်း၌ပါဝင်သော ကိစ္စရပ်များအား တိုင်းဒေသကြီးလွှတ်တော်မှ ပြဋ္ဌာန်းခွင့်ရှိပြီး

ဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဠ) အရ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၂)တွင် ဖော်ပြထားသော တိုင်းဒေသကြီးဥပဒေပြုစာရင်းပါ ကိစ္စရပ်များအတွက် သက်ဆိုင်ရာလွှတ်တော်ရှိ ဥပဒေပြုရေးနှင့်စပ်လျဉ်း၍ ဖွဲ့စည်းထားသော ကော်မတီနှင့်အဖွဲ့များက အကြံဉာဏ်တောင်းခံပါက လိုအပ်သလို အကြံဉာဏ်ပေးရန် တာဝန်ရှိကာ ဥပဒေကြမ်းများ စိစစ်အကြံပေးခဲ့ရမှုများအနေဖြင့် (၅)မှုရှိရာ အောက်ဖော်ပြပါအတိုင်း အစီရင်ခံတင်ပြအပ်ပါသည်-

- စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တင်ပြအတည်ပြုပေးခဲ့သော ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ပဲခူးတိုင်း ဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအပေါ် လိုအပ် သလို စိစစ်၍ ဥပဒေဆိုင်ရာအကြံပြုချက်များ ပြန်ကြားပေးခဲ့ရခြင်း၊
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စည်ပင်သာယာရေး ကော်မတီဝင်များ ရွေးချယ်ခြင်းဆိုင်ရာ နည်းဥပဒေကို ပြန်လည်ပြင်ဆင်ခြင်းနှင့် ပက်သက်၍ အကြံပြုပြန်ကြားပေးခဲ့ ရခြင်း ၊
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းထားသော တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၊ အမြန်လမ်းမကြီးများဥပဒေတို့ကို ပြန်လည်ပြင်ဆင်ရန် တင်ပြလာမှုနှင့်စပ်လျဉ်း၍ ယင်းဥပဒေများကို ပြင်ဆင်မည်ဆိုပါက သက်ဆိုင်ရာစီမံခန့်ခွဲသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းကသာ ပြင်ဆင်သည့် ဥပဒေကြမ်းကိုရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်ရမည်ဖြစ်ကြောင်း အကြံပြုပြန်ကြားပေးခဲ့ရခြင်း၊
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန၏ ပဲခူးတိုင်းဒေသကြီး လမ်းများ၊ တံတားများ ဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေ(မူကြမ်း) အပေါ် သဘောထား ပြန်ကြားပေးခဲ့ရခြင်း၊
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာနမှ တင်ပြလာသော တိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေမူကြမ်းကော်မတီနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့ ပူးပေါင်းပြုလုပ်သော အစည်းအဝေးတွင် စိစစ်တွေ့ရှိချက်အရ ငွေတိုးချေးစားသူများ ဥပဒေ(မူကြမ်း)တွင် လိုအပ်ချက်များအား ပြင်ဆင်ပြီးဖြစ်၍ တိုင်းဒေသကြီး လွှတ်တော်သို့ အတည်ပြုတင်သွင်းနိုင်ရေးအတွက် အသေးစားငွေချေးလုပ်ငန်းဥပဒေ (မူကြမ်း)အပေါ် သဘောထား ပြန်ကြားပေးခဲ့ရခြင်း၊

**စာချုပ်စာတမ်းများအား စိစစ်ခြင်း၊ ဥပဒေအကြံဉာဏ်ပေးခြင်းကိစ္စများနှင့်စပ်လျဉ်း၍ တင်ပြခြင်း**

တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဂ) အရ တိုင်းဒေသကြီးအစိုးရအဖွဲ့ကဖြစ်စေ၊ သက်ဆိုင်ရာအဖွဲ့အစည်းကဖြစ်စေ ဥပဒေအကြံဉာဏ် တောင်းခံလာပါက ဥပဒေအကြံဉာဏ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရသည့်အပြင် အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်မှ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ စိစစ်တင်ပြလာသည့် စာချုပ်(မူကြမ်း)များကို အကြံပြုပြန်ကြားပေးခဲ့ရမှု (၃)မှုရှိပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။ ယင်းတို့မှာ –

- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန၏ ပဲခူးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် တင်ဒါအောင်ကုမ္ပဏီတို့ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အခြေခံပညာကျောင်းများ ဆောက်လုပ်ရန်ချုပ်ဆိုမည့် စာချုပ်(မူကြမ်း)အပေါ် သဘောထား ပြန်ကြားပေးခဲ့ရခြင်း၊
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် တင်ဒါအောင်ကုမ္ပဏီတို့ အကြား ချုပ်ဆိုမည့် ကုန်ထုတ်လုပ်ငန်း၊ တံတားလုပ်ငန်း၊ ရုံးအဆောက်အအုံ ဆောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရန် ချုပ်ဆိုမည့်စာချုပ် (မူကြမ်း)အပေါ် သဘောထား ပြန်ကြားပေးခဲ့ရခြင်း၊
- သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ မြန်မာ့သစ်လုပ်ငန်း၊ တောင်ငူဒေသ၊ သာဂရနယ်မှ ဖိုးကျားဆင်စခန်းသို့ လျှပ်စစ် သွယ်တန်းခြင်း ဆောင်ရွက်ရန် တင်ဒါအောင် Blue Power Zone ကုမ္ပဏီနှင့် မြန်မာ့ သစ်လုပ်ငန်းတို့ လုပ်ငန်းအပ်နှံခြင်း သဘောတူစာချုပ် (မူကြမ်း)အပေါ် သဘောထား ပြန်ကြားပေးခဲ့ရခြင်း၊

**ပြည်ထောင်စုရှေ့နေချုပ်ကဖြစ်စေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ကဖြစ်စေ တာဝန်ပေးအပ် စစ်ဆေးစိစစ်စေခဲ့သော တိုင်စာများနှင့်စပ်လျဉ်း၍ တင်ပြခြင်း**

အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဃ)အရ ပြည်ထောင်စုရှေ့နေချုပ်ကဖြစ်စေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ကဖြစ်စေ၊ ဥပဒေနှင့်အညီပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် တာဝန် ရှိပါသည်။ အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စု ရှေ့နေချုပ်က သော်လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်းကောင်း တာဝန်ပေးအပ် စစ်ဆေးစိစစ်စေ ခဲ့သော တိုင်စာပေါင်း (၄)မှု ရှိပါသည်။ ယင်းတို့မှာ –

- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝေါမြို့နယ်၊ မြစ်ကျိုးရဲစခန်း (ပ) ၈၁/၂၀၁၈၊ ရာဇသတ်ကြီး ပုဒ်မ ၂၉၄/၃၅၄/၄၂၇/၅၀၆/၁၁၄ အမှုတွင်ပါဝင်သူ (၃၃)ဦးမှ (၂၄)ဦးကို

မြို့နယ်ဥပဒေ အရာရှိမှ တရားစွဲခွင့်ပြုထားကာစွပ်စွဲခံရသူများမှ နစ်နာသဖြင့် အမှုအား ရုပ်သိမ်းပေးရန် ဝေါမြို့နေ ဦးသန်းထိုက်ပါ (၃)ဦး၏ တင်ပြစာနှင့် ပတ်သက်၍ စိစစ်ပြန်ကြားပေးခဲ့ရခြင်း၊

- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောဘုရား တောင်ဘက်မုခ်အဆင်း ဝတ္ထုကမြေအတွင်း ဆိုင်ခန်းများအား ပြန်လည်နေရာချထား ပေးပါရန် ပဲခူးမြို့ ဆံတော်တွင်းလမ်းမတန်း၊ အမှတ် (၁၆၀၁)နေ ဒေါ်ထားထားဦး ပါ (၃၈)ဦး၏ အသနားခံ တင်ပြလာခြင်းအား စိစစ်ပြန်ကြားပေးခဲ့ရခြင်း၊
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်း မြို့နယ်နေ ဦးသန်းဇော်ပါ ၄ ဦးက ရွာသာယာအုပ်စု၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စကြံ့န်ကျွန်းကိုင်း ဥက္ကဋ္ဌတို့သည် ကျေးရွာဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် မြစ်သဲကျောက် လုပ်ငန်းရှင် (၅)ဦးထံမှ ငွေကျပ် (၉၅၀၀၀၀၀) ကျပ်အား အလွဲသုံးစားပြုလုပ်ထား ခြင်းအား အရေးယူပေးရန် တိုင်ကြားလာခြင်းနှင့်ပတ်သက်၍ စိစစ်ပေးခဲ့ရခြင်း၊
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြူးမြို့နယ်၊ ရုံးရပ်ကွက် (၄)လမ်း၊ အမှတ် (၆၇)နေ ဦးဂိုရာခနတ်က နေအိမ်မှဖယ်ရှားမခံရရေး ဖြေရှင်းဆောင်ရွက်ပေးရန် တင်ပြ လာသည့်ကိစ္စနှင့်ပတ်သက်၍ စိစစ်ပြန်ကြားပေးခဲ့ရခြင်း၊

**လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ တရားစွဲဆိုရန် ကြိုတင်ခွင့်ပြုမိန့် ထုတ်ပေး ရသည့်ကိစ္စနှင့် စပ်လျဉ်း၍ တင်ပြခြင်း**

လူကုန်ကူးမှုဖြင့် ပြစ်မှုကျူးလွန်သူအား တရားစွဲဆိုရာတွင် ယင်းဥပဒေပုဒ်မ ၃၇ အရ ဗဟိုအဖွဲ့ (သို့မဟုတ်) ဗဟိုအဖွဲ့မှ လွှဲအပ်ပေးထားသော အဖွဲ့တစ်ခုခု၏ ကြိုတင်ခွင့်ပြုမိန့် ရယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းပါရှိပါသည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့က အမိန့်အမှတ် ၁/၂၀၁၆ ဖြင့် ကြိုတင် ခွင့်ပြုမိန့်ထုတ်ပေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရာ တိုင်းဒေသကြီးဥပဒေချုပ်အနေဖြင့် အဆိုပါ အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရာ၌ဖြစ်စေ၊ ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန် ငြင်းပယ်ရာ၌ဖြစ်စေ လက်မှတ်ရေးထိုး ပေးရန် တာဝန်ယူဆောင်ရွက်ရပါသည်။ အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်မှ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ တရားစွဲဆိုခွင့်ပြုမိန့် ထုတ်ပြန်ပေးခဲ့ရသော အမှု(၁)မှု ရှိပါကြောင်း အောက်ဖော်ပြပါအတိုင်း အစီရင်ခံတင်ပြ အပ်ပါသည်-

- ပြည်မြို့နယ်၊ မြို့မရဲစခန်း (ပ) ၄၅၀/၂၀၁၉၊ တရားလို ရဲအုပ်ကျော်နိုင်ဦးနှင့် တရားခံ မမိုးမိုးပါ ၂ ဦး အမှုမှ တရားခံ မမိုးမိုးအား လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေ ပုဒ်မ၂၄ အရ လည်းကောင်း၊ ညီညီလွင်အား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/ ရာဇဝတ် ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရလည်းကောင်း တရားစွဲဆို

တင်ပို့ရန် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၃၇ အရ ကြိုတင်ခွင့်ပြုမိန့် ထုတ်ပေးရမှု၊

**အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုရန် ခွင့်ပြုမိန့် တောင်းခံရာတွင် အစိုးရအဖွဲ့ကိုယ်စား စိစစ်သဘောထားတင်ပြပေးခဲ့ရမှု**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၁၃-၂-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ဖ/၁-၁/ဦး ၁ (၀၁၀၈) အရ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုရန် အမှုများနှင့်စပ်လျဉ်း၍ ဥပဒေချုပ်မှ သဘောထားမှတ်ချက်ပေးခြင်း ဆောင်ရွက်ရပါသည်။ အစီရင်ခံသည့် ကာလအတွင်း အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုရန် (Cabinet) အစည်းအဝေးသို့ သဘောထားပေးခဲ့ရသည့် အမှုပေါင်း ( ၆ )မှုရှိပါသည်။ ယင်းတို့မှာ -

- တောင်ငူမြို့နယ်၊ ဆူးတပ်ကျေးရွာအုပ်စု၊ မြွေရိုးရွာနောက်ဘက်တွင် တရားမဝင် ကျွန်းခွဲသား (၁၁၅)ချောင်း၊ (၄.၆၁၄၉)တန်တင်ဆောင်ထားသော (၆)ဘီးကား (၁)စီးနှင့် ခြံဝန်းအတွင်း စုပုံ ထားသော ကျွန်းခွဲသား (၅၅၈)ချောင်း၊ (၃.၁၂၆၄)တန်၊ စုစုပေါင်း (၆၇၃)ချောင်း၊ (၇.၇၄၁၃) တန်အားလည်းကောင်း၊ ခြံနှင့်ကပ်လျက် မြောက်ဘက်ခြံဝန်း အတွင်းမှ တရားမဝင်ကျွန်းခွဲသား (၇၆၂)ချောင်း၊ (၂.၂၃၈၈)တန် တင်ထားသော (၆)ဘီးကား(၁)စီး၊ တရားမဝင် ကျွန်းခွဲသား (၅၄) ချောင်း၊ (၀.၂၄)တန် တင်ထားသည့် ထော်လာဂျီတစ်စီးနှင့် တရားမဝင်ကျွန်းခွဲသား (၇၅)ချောင်း၊ (၀.၄၂၇၂)တန် တင်ထားသည့် ထော်လာဂျီ (ယာဉ်အမှတ်မပါ) တို့အား ဖမ်းဆီးရမိမှုများနှင့် ပတ်သက်၍ တရားခံ မြင့်ဆွေ၊ မဝါဝါရွှေနှင့် အောင်မိုးတို့ (၃)ဦးအား အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ် စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃/ ရာဇဝတ် ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ တရားစွဲဆိုရန် အကြံပြုသဘောထား တင်ပြပေးခဲ့ရမှု၊
- တောင်ငူမြို့နယ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆင်ဆိပ်အုပ်စု တောင်သူများသို့ ၂၀၁၆ခုနှစ် ၊ မိုးစပါးချေးငွေများ ချေးပေးခဲ့ရာ ဦးလှဝင်းသည် ပုံစံ (၇)တွင် ပါရှိသည့် (၈.၉၉)ဧကအတွက် ငွေကျပ် (၁၃၅၀၀၀၀)ကျပ်ကို ဘဏ်ရုံးသို့ ကိုယ်တိုင်ထုတ်ယူပြီး သတ်မှတ်ကာလအထိ ချေးငွေအား ပြန်လည်ပေးဆပ်ခြင်း မရှိ၍ တရားခံ ဦးလှဝင်း နှင့် ဒွေးဝင်းတို့အား အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုရန် အကြံပြုသဘောထားတင်ပြပေးခဲ့ရမှု၊
- တောင်ငူမြို့နယ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆင်ဆိပ်အုပ်စု တောင်သူများသို့ ၂၀၁၆ခုနှစ်၊ မိုးစပါးချေးငွေများ ချေးပေးခဲ့ရာ ဦးထွန်းမြင့်သည် ပုံစံ(၇)တွင်ပါရှိသည့် (၁၀.၂၇)ဧကအတွက် ငွေကျပ် (၁၅၀၀၀၀၀)ကျပ်ကို ဘဏ်ရုံးသို့ ကိုယ်တိုင် ထုတ်ယူပြီး သတ်မှတ်ကာလအထိ ချေးငွေအား ပြန်လည်ပေးဆပ်ခြင်းမရှိမှုနှင့်

ပတ်သက်၍ တရားခံ ဦးထွန်းမြင့်နှင့် ငွေးဝင်းတို့အား အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုရန် အကြံပြုသဘောထား တင်ပြပေးခဲ့ရမှု၊

- တောင်ငူမြို့နယ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆင်ဆိပ်အုပ်စု တောင်သူများသို့ ၂၀၁၆ခုနှစ်၊ မိုးစပါးချေးငွေများ ချေးပေးခဲ့ရာ ဒေါ်လှစိန်သည် ပုံစံ(၇)တွင်ပါရှိသည့် (၃.၂၉)ကေအတွက် ငွေကျပ် (၄၅၀၀၀၀)ကျပ်ကို ဘဏ်ရုံးသို့ ကိုယ်တိုင်ထုတ်ယူပြီး သတ်မှတ်ကာလအထိ ချေးငွေအား ပြန်လည်ပေးဆပ်ခြင်းမရှိ၍ တရားခံဒေါ်လှစိန်နှင့် ငွေးဝင်းတို့အား အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုရန် အကြံပြုသဘောထား တင်ပြပေးခဲ့ရမှု ၊
- စိန်ရေ(က)ဘိနယ် ၊မြောင်ရှည်စခန်းရှေ့တွင် ထူးမောင် မောင်းနှင်ပြီး ယာဉ်နောက်လိုက် ချမ်းငြိမ်းထွေး လိုက်ပါလာသည့် ယာဉ်နံပါတ်မပါ (၆)ဘီး၊ ခေါင်းစိမ်း(ကာဂို) ယာဉ်ပေါ်မှ တရားမဝင်ကျွန်းခွဲသား (၆)ချောင်း၊ (၀.၆၇၆၆)တန်နှင့် ကျွန်းသစ် (၁၈)လုံး၊ (၅.၅၁၂)တန်၊ စုစုပေါင်း (၆.၁၈၈၆)တန်အား သိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ တရားခံထူးမောင်၊ ချမ်းငြိမ်းထွေး၊ သစ်ပိုင်ရှင် ဝင်းဇော်လတ်နှင့် စိုးနိုင်တို့ (၄)ဦးမှာ ထွက်ပြေးနေသဖြင့် တရားခံ(၄)ဦးအား အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၃/ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ တရားစွဲဆိုရန် အကြံပြုသဘောထား တင်ပြပေးခဲ့ရမှု၊
- ပဲခူးမြို့နယ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဝမ်းဘဲအင်းကျေးရွာအုပ်စု၊ တောင်သူများထံ ထုတ်ချေးခဲ့သော ချေးငွေများမှ တောင်သူများပြန်လည် ပေးဆပ်ခဲ့သော ငွေကျပ် (၁၉၂၆၂၁၉၁.၈၃)ကျပ်အား ဝမ်းဘဲအင်းကျေးရွာ ချေးငွေစိစစ်ထုတ်ပေးရေး အတွင်းရေးမှူး ဦးအောင်ကိုမင်းက ဘဏ်သို့ပေးသွင်းခြင်းမရှိဘဲ အလွဲသုံးစားပြုသဖြင့် တရားခံ အောင်ကိုမင်းအား အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၃ အရ တရားစွဲဆိုနိုင်ရန် အကြံပြုသဘောထား တင်ပြပေးခဲ့ရမှု၊

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရအရေးယူထားသော အမှုများစာရင်း**

အစီရင်ခံသည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူထားသော အမှုများအားလည်း တိုင်းဒေသကြီးဥပဒေချုပ်ရုံးအနေဖြင့် လိုက်ပါဆောင်ရွက်ခဲ့ရာ ယင်းအမှုများနှင့် ပတ်သက်၍ (၇)မှုရှိပြီး (၁)မှုမှာ အမိန့်ချမှတ်ပြီးဖြစ်ကြောင်း အောက်ဖော်ပြပါအတိုင်း အစီရင်ခံတင်ပြအပ်ပါသည် –

- ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊ ရာဇဝတ်ကြီးမှုအမှတ် ၃/၂၀၁၉၊ တရားလို ဦးအောင်မြင့်ဇော်နှင့် တရားခံဦးလွင်မင်းပါ ၂၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၆ အရ စွဲဆိုမှု (လိုပြသက်သေစစ်ဆေးရန် ရုံးချိန်းဆင့်ခေါ်ထား)
- ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊ ရာဇဝတ်ကြီးမှုအမှတ် ၄/၂၀၁၉၊ တရားလို ဦးအောင်မြင့်ဇော်နှင့် တရားခံဦးခင်ဇော်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ စွဲဆိုမှု (လိုပြသက်သေစစ်ဆေးရန် ရုံးချိန်းဆင့်ခေါ်ထား)
- ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊ ရာဇဝတ်ကြီးမှုအမှတ် ၅/၂၀၁၉၊ တရားလို ဦးအောင်မြင့်ဇော်နှင့် တရားခံဦးလွင်မင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ စွဲဆိုမှု (လိုပြသက်သေစစ်ဆေးရန် ရုံးချိန်းဆင့်ခေါ်ထား)
- ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊ ရာဇဝတ်ကြီးမှုအမှတ် ၁/၂၀၁၉၊ တရားလို ဦးစိုးသန့် နှင့် တရားခံဦးဝင်းဗိုလ် ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ စွဲဆိုမှု (လိုပြသက်သေစစ်ဆေးရန် ရုံးချိန်းဆင့်ခေါ်ထား)
- ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊ ရာဇဝတ်ကြီးမှုအမှတ် ၂/၂၀၁၉၊ တရားလို ဦးစိုးသန့်နှင့် တရားခံဦးဝင်းဗိုလ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ စွဲဆိုမှု (လိုပြသက်သေစစ်ဆေးရန် ရုံးချိန်းဆင့်ခေါ်ထား)
- ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊ ရာဇဝတ်ကြီးမှုအမှတ် ၈/၂၀၁၈၊ ၉/၂၀၁၈၊ ၁၀/၂၀၁၈၊ တရားလို ဦးမောင်မောင်တင်နှင့် တရားခံဦးဇော်မိုး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ စွဲဆိုမှု (ပြန်ခေါ်သက်သေစစ်ဆေးရန် ရုံးချိန်းဆင့်ခေါ်ထား)
- သာယာဝတီမြို့နယ်၊ တွဲဖက်မြို့နယ်တရားရုံး၊ ရာဇဝတ်ကြီးမှုအမှတ် ၂၄၇၉/၂၀၁၈၊ တရားလို ဦးမောင်မောင်ထက်ဝင်းနှင့် တရားခံဒေါ်ခင်အေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၇ အရ စွဲဆိုမှု(စစ်ဆေးဆဲ)
- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး တွင် တင်ပြခဲ့ပြီးဖြစ်သော ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် ရာဇဝတ်ကြီးမှု အမှတ် ၁၁/၂၀၁၈၊ တရားလို ဦးကျော်စိုးထွန်းနှင့် တရားခံဦးစိုးမိုးသူ၊ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အမှုမှာ (၁၁-၄-၂၀၁၉) ရက်နေ့တွင် တရားခံအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ ထောင်ဒဏ် (၅) နှစ် ကျခံစေရန် အမိန့်ချမှတ်ပြီး ဖြစ်ပါသည်။

**တိုင်းဒေသကြီးဥပဒေချုပ်ရုံးမှလိုက်ပါဆောင်ရွက်ခဲ့သောအမှုများ**

တိုင်းဒေသကြီးဥပဒေချုပ်သည်ပြည်ထောင်စုရှေ့နေချုပ်သည်ဥပဒေပုဒ်မ ၂၇ ပါ လုပ်ပိုင် ခွင့်များအရ တိုင်းဒေသကြီးအတွင်းရှိ တရားရုံးအဆင့်ဆင့်က ချမှတ်သော အမိန့်သည် ဥပဒေနှင့်

ညီညွတ်မှု မရှိ၍လည်းကောင်း၊ ပြစ်မှုပြစ်ဒဏ် မျှတမှုမရှိ၍လည်းကောင်း၊ သင့်လျော်သည့်အမိန့် မဟုတ်၍ လည်းကောင်း၊ လိုအပ်သည့် အယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှုများ တရားလွှတ်တော်သို့ တင်သွင်းခြင်းများ ဆောင်ရွက်ပေးရပါသည်။ ထို့အပြင် အမှုသည်များက ရာဇဝတ်ဆိုင်ရာအမှုများနှင့် စပ်လျဉ်း၍ တရားလွှတ်တော်သို့ တင်သွင်းလာခဲ့လျှင်လည်း နိုင်ငံတော်ကိုယ်စား လိုက်ပါဆောင်ရွက်ရပြီး အစီရင်ခံသည့်ကာလအတွင်း လိုက်ပါဆောင်ရွက်ခဲ့သော အမှုများအား ဇယားနှင့်တကွ ဖော်ပြ အစီရင်ခံအပ်ပါသည်-

**နိုင်ငံတော်ကိုယ်စားဥပဒေချုပ်ရုံးမှ လိုက်ပါဆောင်ရွက်ခဲ့ရသောအမှုများ**

| စဉ် | နိုင်ငံတော်ကိုယ်စားလိုက်ပါ ဆောင်ရွက်ရသောအမှုများ | ယခင် လက်ကျန် | အသစ် ရ | ပြီး ပြတ် | ယခု လက်ကျန် |
|---|---|---|---|---|---|
| ၁။ | ရာဇဝတ်မူလမှု | ၆ | ၅ | ၁ | ၁၀ |
| ၂။ | တရားသေအယူခံမှု | ၄၃ | ၂၁ | ၄၅ | ၁၉ |
| ၃။ | ပြင်ဆင်မှု | ၈ | ၁၀ | ၈ | ၁၀ |
| ၄။ | တရားမအယူခံမှု | - | - | - | - |
| ၅။ | တရားမပြင်ဆင်မှု | - | ၁ | - | ၁ |

**ပြင်ပမှတက်ရောက်လာသောအမှုများအား လိုက်ပါဆောင်ရွက်ပေးရမှု**

| စဉ် | (ပြင်ပတက်) လိုက်ပါ ဆောင်ရွက်ရသောအမှုများ | ယခင် လက်ကျန် | အသစ် ရ | ပြီး ပြတ် | ယခု လက်ကျန် |
|---|---|---|---|---|---|
| ၁။ | အယူခံမှု (ပြင်ပတက်) | ၃၃ | ၃၇ | ၃၀ | ၄၀ |
| ၂။ | ပြင်ဆင်မှု (ပြင်ပတက်) | ၃၉ | ၅၉ | ၄၀ | ၅၈ |
| ၃။ | အထွေထွေမှု (ပြင်ပတက်) | ၁၁ | ၇ | ၁၃ | ၅ |

တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဇ) အရ တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ နိုင်ငံတော်နှင့် သက်ဆိုင်သောအမှုများတွင် အယူခံ(သို့မဟုတ်) ပြင်ဆင်မှုတင်သွင်းရန် လိုအပ်ပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းနိုင်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ လိုအပ်သည့် အယူခံ၊ ပြင်ဆင်မှုများ တင်ပြရပါမည်။ အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စု ရှေ့နေချုပ်ထံ တင်ပြခဲ့ရသည့် ရာဇဝတ်အယူခံမှု (၁) မှု၊ ရာဇဝတ် ပြင်ဆင်မှု ( ၃ )မှုရှိခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ (က) အရ တရားရုံးတွင် စွဲဆိုထားသော ပြစ်မှုဆိုင်ရာအမှုတွင် အမှုတစ်ရပ်လုံးဖြစ်စေ၊ စွဲချက်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တရားခံတစ်ဦးဦးကိုဖြစ်စေ ရုပ်သိမ်းရန်လိုအပ်ပါက ဥပဒေနှင့်အညီ ရုပ်သိမ်းခွင့်ပြုပေး ရကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ) အရ တရားစွဲဆိုတင်ပို့ခြင်းမပြုနိုင်သော ပိတ်သိမ်းရန် သတ်မှတ်ချက်များနှင့်အညီ ဆုံးဖြတ်ရပြီး ဥပဒေနှင့်အညီ ပိတ်သိမ်းခွင့်ပြုပေးရကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**အစည်းအဝေးအခမ်းအနားများတက်ရောက်ခြင်း**

အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်သည် ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့မှ တာဝန်ပေးအပ်လာသော ကော်မတီအဖွဲ့များတွင် အဖွဲ့ခေါင်းဆောင်အဖြစ်သော် လည်းကောင်း၊ အဖွဲ့ဝင် အဖြစ်သော်လည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့ရပြီး ယင်းကော်မတီအဖွဲ့ များမှ ကျင်းပပြုလုပ်သော အစည်းအဝေးများ၊ အစိုးရအဖွဲ့အစည်းအဝေးများ၊ အခမ်းအနားများ၊ တိုင်းဒေသကြီးအတွင်း ကျင်းပပြုလုပ်သည့် နိုင်ငံတော်နေ့ထူးနေ့မြတ် အခမ်းအနားများ၊ ဌာနဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ၊ လွှတ်တော်အထူးအစည်းအဝေးများ၊ အစိုးရအဖွဲ့ Cabinet အစည်းအဝေးများ၊ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးတွင် (ဌာနတွင်း) လုပ်ငန်းညှိနှိုင်း အစည်းအဝေးများ၊ တိုင်းဒေသကြီးအတွင်း တန်ခိုးကြီး ဘုရားများနှင့်ပတ်သက်၍ ကျင်းပ ပြုလုပ်သော အစည်းအဝေးများ၊ ဂေါပကအဖွဲ့အစည်းအဝေးများ၊ ဘာသာရေးနှင့် ပတ်သက်သော အခမ်းအနားများအား တက်ရောက်ခဲ့ပြီး အစည်းအဝေးအခမ်းအနားများနှင့် ပတ်သက်၍ ဝင်ရောက်ဆွေးနွေးခြင်း၊ လိုအပ်သော အကြံပြုချက်များပေးရခြင်း၊ အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်သော အစည်းအဝေးများတွင် လိုအပ်သော လမ်းညွှန်မှာကြားချက်များ ဆောင်ရွက် ရခြင်းများ ဆောင်ရွက်ရပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အစီရင်ခံသည့်ကာလအတွင်း အစိုးရအဖွဲ့တွင် ဥပဒေချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ် ကာလတစ်လျှောက်အတွင်း အစိုးရအဖွဲ့မှ သတ်မှတ်ဖွဲ့စည်းထားသော ကော်မတီအသီးသီးတွင် တာဝန်ယူဆောင်ရွက်ရပါကြောင်း အောက်ဖော်ပြပါအတိုင်း အစီရင်ခံတင်ပြအပ်ပါသည်-

- ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (အဖွဲ့ဝင်)
- သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ (အဖွဲ့ဝင်)
- လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အမိန့်အမှတ် (၁/၂၀၁၆)အရ ကြိုတင်ခွင့်ပြုမိန့်ထုတ်ပေးရေးအဖွဲ့ (အဖွဲ့ဝင်)
- ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်နိုင်ရေး စိစစ်ရေးကော်မတီ (အဖွဲ့ဝင်)
- လုံခြုံရေး၊ တည်ငြိမ်ရေး၊ သန့်ရှင်းသာယာလှပရေးအဖွဲ့ (အဖွဲ့ဝင်)
- တိုင်းဒေသကြီးဘုရားဂေါပကများကြီးကြပ်ရေးကော်မတီ (ဒု-ဥက္ကဋ္ဌ-၂)
- အစိုးရအဖွဲ့ ၊ Cabinet အဖွဲ့ (အဖွဲ့ဝင်)
- ပဲခူးတိုင်းဒေသကြီး စေ့စပ်ညှိနှိုင်းရေးအဖွဲ့ (အဖွဲ့ဝင်)
- ပဲခူးတိုင်းဒေသကြီးရေဘေးဆိုင်ရာအဖွဲ့များ တာဝန်ပေးအပ်ခြင်း (ဘဏ္ဍာရေးနှင့်ကျန်းမာရေးလုပ်ငန်းတာဝန်ဦးစီးအဖွဲ့) (အဖွဲ့ဝင်)
- စက်မှုဇုံများကြီးကြပ်ရေးကော်မတီ (အဖွဲ့ဝင်)
- ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာကော်မတီ (အဖွဲ့ဝင်)
- ပဲခူးတိုင်းဒေသကြီး တင်ဒါကြီးကြပ်ရေးကော်မတီ (အဖွဲ့ဝင်)
- ပဲခူးတိုင်းဒေသကြီး မြေအသုံးချမှုကော်မတီ (အဖွဲ့ဝင်)

ယင်းကော်မတီအဖွဲ့အစည်းများနှင့် ပတ်သက်၍လည်း ဥပဒေချုပ်မှ နာယကအဖြစ်သော်လည်းကောင်း၊ ဥက္ကဋ္ဌအဖြစ်သော်လည်းကောင်း၊ အဖွဲ့ဝင်အဖြစ်သော်လည်းကောင်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မိမိနှင့်သက်ဆိုင်သော/ တာဝန်ပေးအပ်လာသော ကိစ္စအဝဝအား တာဝန်ယူ ဆောင်ရွက်ရပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**ဆောက်လုပ်ရေးလုပ်ငန်းများ**

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးနှင့် တိုင်းအတွင်း ဥပဒေရုံးများ အတွက် ရုံးဆောက်လုပ်ခြင်းလုပ်ငန်းများဖြစ်သော ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး အကြီးစား ပြင်ဆင်ခြင်း လုပ်ငန်းအတွက် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေ (၁၁၉.၇၆၀) သန်းရရှိခဲ့ပြီး တင်ဒါအောင် ဈေးနှုန်း (၁၁၈.၇၀၀)သန်းဖြင့် ဆောက်လုပ်ခဲ့ပြီး (၈၀)ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ ပဲခူးခရိုင်ဥပဒေရုံး အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းအတွက် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေ (၁၁၂.၃၈၂) သန်းရရှိခဲ့ပြီး တင်ဒါအောင်ဈေးနှုန်း (၂၉.၉၀၀)သန်းဖြင့် ဆောက်လုပ်ခဲ့ပြီး (၁၀)ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ ကျောက်တံခါးမြို့နယ် ဥပဒေရုံးဆောက်လုပ်ခြင်းလုပ်ငန်းအတွက် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေ (၂၉.၉၂၀)သန်းရရှိခဲ့ပြီး တင်ဒါအောင်ဈေးနှုန်း (၂၉.၉၀၀) သန်းဖြင့် ဆောက်လုပ်ခဲ့ရာ (၃၀) ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ မိုးညိုမြို့နယ် ဥပဒေရုံးဆောက်လုပ်ခြင်း လုပ်ငန်းအတွက် တိုင်းဒေသကြီး ခွင့်ပြု ရန်ပုံငွေ(၄၄.၉၅၀)သန်း ရရှိခဲ့ပြီး တင်ဒါအောင်ဈေးနှုန်း

(၄၃.၅၀၂)သန်းဖြင့် ဆောက်လုပ်ခဲ့ရာ (၇၅) ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ အုတ်ဖိုမြို့နယ် ဥပဒေရုံး ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေ (၄၄.၉၅၀)သန်းရရှိခဲ့ပြီး တင်ဒါအောင်ဈေးနှုန်း (၄၄.၀၄၇)သန်းဖြင့် ဆောက်လုပ်ခဲ့ရာ(၈၀)ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

**ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများအား လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း**

အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဌ) အရ တိုင်းဒေသကြီးအတွင်းရှိ ဥပဒေရုံးအဆင့်ဆင့်အား ကြီးကြပ် ကွပ်ကဲရန် တာဝန်ရှိပါသည်။ သို့ဖြစ်၍ ဥပဒေချုပ်အနေဖြင့် အစီရင်ခံသည့်ကာအတွင်း ပဲခူးတိုင်း ဒေသကြီး ဥပဒေချုပ်ရုံး လက်အောက်ခံရုံးများသို့ အခါအားလျော်စွာ သွားရောက်ကြည့်ရှု စစ်ဆေးခြင်း၊ ဥပဒေအရာရှိကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခြင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ဖွဲ့စည်းပြီးဖြစ်သည့် ဥပဒေအထောက်အကူပေးရေးအဖွဲ့နှင့်လည်း ပေါင်းစပ်၍ ဆောင်ရွက်ပေးရခြင်း၊ ရုံးအဆောက်အဦများနှင့် ပတ်သက်၍ ပြုပြင်စရာရှိသည်များကို ဘတ်ဂျက်ကာလနှင့် ကိုက်ညီအောင် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြင်ဆင်စရိတ်များ ကြိုတင်ပြကြရန်၊ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးတွင်လည်း ဥပဒေအရာရှိငယ် များအား သင်တန်းဖွင့်လှစ်၍ ဥပဒေအရာရှိများ၏ ကျင့်ဝတ်သိက္ခာနှင့်အညီ လုပ်ထုံးလုပ်နည်း အတိုင်း လုပ်ငန်းကိစ္စမှန်သမျှကို တာဝန်ကျေပွန်စွာ သပ်ရပ်စွာလုပ်ကိုင်နိုင်စေရန်နှင့် အမှုလိုက် လုပ်ငန်းများ၊ စီမံရေးရာလုပ်ငန်းများ၊ ငွေစာရင်းနှင့် သက်ဆိုင်သော အချက်အလက်များအား ကောင်းမွန်စွာဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးဥပဒေအရာရှိ ဦးဆောင်ကာ ဒုတိယ တိုင်းဒေသကြီးဥပဒေအရာရှိ၊ လက်ထောက်တိုင်းဒေသကြီးဥပဒေအရာရှိတို့မှ သင်တန်းများ ပို့ချခြင်း၊ စီမံကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

အစီရင်ခံသည့်ကာလအတွင်း ဥပဒေချုပ်ကိုယ်တိုင် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး လက်အောက်ခံ ခရိုင်(၄)ခရိုင်မှ ခရိုင်ဥပဒေတာဝန်ခံများအား တစ်လလျှင် တစ်ကြိမ်၊ မိမိခရိုင် အတွင်းရှိ မြို့နယ်ဥပဒေ ဝန်ထမ်းများတို့သည် လာဘ်ပေးလာဘ်ယူမှုများ ကင်းရှင်းမှုရှိ/မရှိကို စောင့်ကြည့် လေ့လာလျက်ရှိပါသည်။ အထူးသဖြင့် ယခုဆိုလျှင် အဂတိကိစ္စရပ်များ၊ တရားဥပဒေစိုးမိုးရေး ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်မှ အဖွဲ့အစည်းများ၊ ဌာနများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ဖြစ်သောကြောင့် တကယ်တမ်းဖြစ်လာလျှင် အမှန်တကယ်အရေးယူ ဆောင်ရွက်သွားမှာ ဖြစ်သည့်အတွက် ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တာဝန်ကျေပွန်စွာ၊ သတ္တိရှိစွာနဲ့ ဆောင်ရွက်ကြရန် လာဘ်ပေးလာဘ်ယူ ကိစ္စရပ်များ အထူးရှောင်ကြဉ်ကြရန် အစည်းအဝေးများခေါ်ယူ ဆုံးမလျက်ရှိပါ ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**နိဂုံး**

တိုင်းဒေသကြီးဥပဒေချုပ်သည် ဥပဒေအရ အပ်နှင်းထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေရန် သင်တန်းများ ဖွင့်လှစ်ပို့ချ ဆောင်ရွက်လျက်ရှိခြင်း၊ ပြည်ထောင်စုရှေ့နေချုပ်ကသော်လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်ကသော်လည်းကောင်း ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ခြင်း၊ တရားစီရင်ရေး နယ်ပယ်တွင်လည်း အမှုလိုက်ပါသည့် ကိစ္စရပ်များကို ကြီးကြပ်လျက်ရှိခြင်း၊ တိုင်းဒေသကြီးအတွင်းရှိ ဥပဒေရုံးအဆင့်ဆင့်အား ကြီးကြပ်ကွပ်ကဲခြင်း၊ မိမိတာဝန် ထမ်းဆောင်စဉ် ကာလအတွင်း၊ အများပြည်သူများနှင့် ဆက်ဆံရာတွင် အများပြည်သူများတို့၏ တင်ပြချက်များ တို့ကို တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးရန် ကောင်းသောအကြံဉာဏ်များပေးရန်နှင့် ယဉ်ကျေး သိမ်မွေ့စွာဖြင့် ပြောဆိုဆက်ဆံရန်တို့ကို အမြဲသတိပေးမှာကြားခြင်းစသည်တို့ကို ဆောင်ရွက်လျက် ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- တိုင်းဒေသကြီး ဥပဒေချုပ်က တင်သွင်းသည့် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ယနေ့ (၁၆:၀၀) နာရီထက် နောက်မကျ စေဘဲ အမည်စာရင်းတင်သွင်းကြဖို့ ဖြစ်ပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းခဲ့သည့် တိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကော်မတီအစီရင်ခံစာ (၁/၂၀၁၉)ပါ အကြံပြုချက်များအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းခဲ့သည့် တိုင်းဒေသကြီး လွှတ်တော် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကော်မတီ အစီရင်ခံစာ (၁/၂၀၁၉)ပါ အကြံပြုချက်များအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။လေးစားအပ် ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းခဲ့သည့် တိုင်းဒေသကြီးလွှတ်တော် စက်မှု၊

လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကော်မတီအစီရင်ခံစာ (၁/၂၀၁၉)ပါ အကြံပြုချက်များ အပေါ် ယနေ့ ဒုတိယ အကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ရှင်းလင်း ဖတ်ကြားဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျေးရွာမီးလင်းရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်တော့မည်ဆိုပါက ရွာသို့ (၃)ရက်ကြိုတင်၍ အစည်းအဝေးအား အသိပေးပြီး အိမ်ထောင်စုအားလုံး၏ (၅၀%) တက်ရောက်ထောက်ခံမှသာ အစည်းအဝေးဖြစ်မြောက်မည်ဖြစ်ပြီး မြို့နယ်မီးလင်းရေးကြီးကြပ်မှုကော်မတီမှ ကြီးကြပ်၍ ရွေးချယ်ရရှိလာသည့် လူဦးရေထဲမှ မီးလင်းရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် အဖွဲ့ဝင် များအား ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ဖွဲ့စည်းပါသည်။

ဖွဲ့စည်းထားသော မီးလင်းရေးကော်မတီဝင်များအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ချမှတ် ထားသော စည်းကမ်းချက်(၁၂)ချက်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ချမှတ်ထားသော စည်းကမ်းချက် (၁၀)ချက်အား လိုက်နာဆောင်ရွက်စေရေး အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်လျက် ရှိပါသည်။

ငွေကြေးကောက်ခံမှုများနှင့်ပတ်သက်၍ လူတန်းစားအလိုက် ထည့်ဝင်မည့်ငွေကြေးများအား မည်ကဲ့သို့ကောက်ခံမည် စသည့်အချက်များအား အစည်းအဝေးမှတ်တမ်းနှင့်အတူ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှတစ်ဆင့် မြို့နယ်မီးလင်းရေးကြီးကြပ်မှုကော်မတီသို့တင်ပြခြင်း၊ ကောက်ခံရရှိ လာသည့် ငွေကြေးများအား ဘဏ်တွင် မီးလင်းရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်ပါဝင်သော (၃)ဦးမှ ပူးတွဲအကောင့်ဖြင့် အပ်နှံစေခြင်း၊ ငွေစာရင်းရှင်းတမ်းအား (၃)လ တစ်ကြိမ် ဓါတ်အားသုံးစွဲသူများသို့ ရှင်းလင်းစေခြင်းနှင့် ကျေးရွာမီးလင်းရေးကော်မတီများသည် ငွေထုတ်ယူရာတွင် မီးလင်းရေးကြီးကြပ်မှုကော်မတီ၏ အစည်းအဝေးအတည်ပြုချက်ဖြင့်သာ ငွေထုတ်ယူရန် ဆောင်ရွက်စေခဲ့ပါသည်။

တိုင်းဒေသကြီးအဆင့်တွင် တိုင်းဒေသကြီး လျှပ်စစ်မီးရရှိရေး၊ လျှပ်စစ်ဓါတ်အားပြည့်ဝစေရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးကော်မတီအစည်းအဝေး၊ ခရိုင်များနှင့် တိုင်းဒေသကြီး ကျေးရွာ မီးလင်းရေး ကြီးကြပ်မှုကော်မတီတို့ အစည်းအဝေးများပြုလုပ်၍ အများပြည်သူမီးသုံးစွဲသူများအား ပွင့်လင်းမြင်သာမှုရှိစွာ ချပြရှင်းလင်းရန်နှင့် အတူတကွညှိနှိုင်းပေါင်းစပ်ပြီး လုပ်ငန်းအောင်မြင်မှု ရရှိသည်အထိ ပူးပေါင်းဆောင်ရွက်ကြရန် ကျေးရွာမီးလင်းရေးကော်မတီအသီးသီးသို့ ညွှန်ကြား ဆောင်ရွက်လျက် ရှိပါသည်။

ပဲခူးတိုင်းဒေသကြီး ကျေးရွာများမီးလင်းရေးကြီးကြပ်မှုကော်မတီအနေဖြင့် တိုင်းဒေသကြီး အတွင်းရှိ အသီးသီးသော ကျေးရွာများမီးလင်းရေးကော်မတီတို့နှင့် မီးသုံးစွဲသူများအား လျှပ်စစ်မီး သွယ်တန်း ရယူသုံးစွဲခြင်းနှင့်ပတ်သက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ချမှတ်သော စည်းကမ်းချက်(၁၂)ချက်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ချမှတ်သော စည်းကမ်းချက်

(၁၀)ချက်အား မြို့နယ်မီးလင်းရေးကြီးကြပ်မှုကော်မတီများမှတစ်ဆင့် ကျေးရွာမီးလင်းရေးကြီးကြပ်မှုကော်မတီများသို့ ဖြန့်ဝေထားပြီး ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီး လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို (၁၁:၃၅)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၉ခုနှစ် မေလ (၂၈)ရက် (အင်္ဂါနေ့) နံနက်(၁၀:၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[ သြဘာသံများ ]**

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
လူမှုရေးဝန်ကြီးဌာန

စာအမှတ်၊ ( ၈၉၃၂ ) လူမှု / ၂၀၁၉
ရက်စွဲ၊ ၂၀၁၉ ခုနှစ်  မေ  လ  ၂၀  ရက်

သို့

ဥက္ကဋ္ဌ
တိုင်းဒေသကြီးလွှတ်တော်ရုံး
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့

အကြောင်းအရာ။ **ဆက်စပ်မေးခွန်းပြန်လည်ဖြေကြားပေးခြင်း**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ရွှေကျင်မြို့နယ် တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)၊ လွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်းမှ ပြည်ထောင်စုအစိုးရသို့ မည်သည့်နေ့၊ မည်သည့်ရက်တွင် မည်သည့်စာဖြင့် တိုက်တွန်းပြီး လွှတ်တော်ကိုယ်စားလှယ်များထံသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မည်သို့တိုက်တွန်းပေးသည်ကို သိရှိလိုပါကြောင်း ဆက်စပ်မေးခွန်းနှင့်စပ်လျဉ်း၍ ရွှေကျင်မြို့နယ်၊ ခုတင်(၁၀၀)ဆေးရုံအတွက် အထူးကုဆရာဝန်နှင့် လက်ထောက်ဆရာဝန်ပြည့်စွက်ခန့်ထား ပေးနိုင်ပါရန်တင်ပြ တောင်းခံခြင်း ကိစ္စအား ပဲခူးတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှ (၁၁-၇-၂၀၁၈)ရက်စွဲပါစာအမှတ်၊ ၂၀၁၃/ပဆထ-ကျန်းမာရေး/ဆရာ-ဝထ/၂၀၁၈ ဖြင့် ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြတောင်းခံထားပြီးဖြစ်ကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ လက်ထောက်ဆရာဝန်များခန့်ထားပေးနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ (၁၃-၅-၂၀၁၉)ရက်စွဲပါစာအမှတ်၊ ၈/၃-၆/ဦး ၆(၄၇၉၉) ဖြင့် တင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

ညွှန့်ညွှန့်ဌေး
လူမှုရေးဝန်ကြီး
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

မိတ္တူကို
လက်ခံစာတွဲ
မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
ပဲခူးမြို့

စာအမှတ်၊ ၈ / ၃ - ၆/ ဦး ၆ (၄၇၃၅)
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်

သို့

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
နေပြည်တော်

အကြောင်းအရာ။ **လက်ထောက်ဆရာဝန်များခန့်ထားပေးနိုင်ရေး စာရင်းပြုစုတင်ပြခြင်း**

ရည်ညွှန်းချက်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ (၂၆.၂.၂၀၁၉) ရက်စွဲပါစာအမှတ်၊ ၃ / ၃၆၄ - ဆရာဝန်/ အစရ (၂၀၁၉)

၁။ ကျန်းမာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များမှ အလုပ်သင်ဆရာဝန်ကာလပြီးဆုံးသည့် ကျောင်းသား/သူ စုစုပေါင်း(၂၀၁၄)ဦးအား (၃၀.၁၂.၂၀၁၈)ရက်နေ့တွင် အောင်စာရင်းထုတ်ပြန်ခဲ့ပြီး ကျောင်းသား/သူ စုစုပေါင်း(၁၅၈၀)ဦးအား (၃၀.၆.၂၀၁၉)ရက်နေ့တွင် အောင်စာရင်း ထုတ်ပြန်ကြေငြာတော့မည် ဖြစ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန်များခန့်ထားနိုင်ရေးအတွက် ဒေသလိုအပ်ချက်ရှိသော လက်ထောက်ဆရာဝန်အရေအတွက်ကို စိစစ်၍ တင်ပြရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးအတွင်း ခန့်အပ်ပေးရန်လိုအပ်သော လက်ထောက်ဆရာဝန် စာရင်းအား ပူးတွဲပါ ဇယားတွင် ဖြည့်စွက်၍ တင်ပြအပ်ပါသည်။

ပူးတွဲပါ -ဇယား(၁)စောင်

ဝန်ကြီးချုပ်(ကိုယ်စား )
ခင်မောင်ဆန်း၊ အတွင်းရေးမှူး

မိတ္တူကို

ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
လက်စံဖိုင်တွဲ
မျှောစာတွဲ

| စဉ် | မြို့နယ် | ရာထူး | ခွင့် | ခန့် | လစ် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ပဲခူး | လက်ထောက်ဆရာဝန် | ၁၀၃ | ၇၃ | ၃၀ | အပိုလျှံ(၁၃)ဦး<br>ကင်းကွာ(၄)ဦး |
| ၂။ | ကဝ | ။ | ၄ | ၃+၁ | - | |
| ၃။ | သနပ်ပင် | ။ | ၄ | ၃ | ၁ | |
| ၄။ | ဝေါ | ။ | ၄ | ၃ | ၁ | |
| ၅။ | ဒိုက်ဦး | ။ | ၆ | ၄ | ၂ | |
| ၆။ | ညောင်လေးပင် | ။ | ၆ | ၅ | ၁ | |
| ၇။ | ရွှေကျင် | ။ | ၁၈ | ၈ | ၁၀ | အပိုလျှံ(၁)ဦး |
| ၈။ | ကျောက်တံခါး | ။ | ၆ | ၄ | ၂ | |
| ၉။ | တောင်ငူ | ။ | ၆၈ | ၅၁ | ၁၇ | အပိုလျှံ(၁၂)ဦး<br>ကင်းကွာ(၁)ဦး |
| ၁၀။ | ဖြူး | ။ | ၁၈ | ၁၃ | ၅ | အပိုလျှံ(၁)ဦး<br>ကင်းကွာ(၂)ဦး |
| ၁၁။ | အုတ်တွင်း | ။ | ၄ | ၄ | - | အပိုလျှံ(၁)ဦး |
| ၁၂။ | ရေတာရှည် | ။ | ၄ | ၄ | - | |
| ၁၃။ | ထန်းတပင် | ။ | ၆ | ၃ | ၃ | |
| ၁၄။ | ကျောက်ကြီး | ။ | ၆ | ၂+၂ | ၂ | |
| ၁၅။ | ပြည် | ။ | ၁၀၃ | ၅၅ | ၄၈ | အပိုလျှံ(၄)ဦး<br>ကင်းကွာ(၂)ဦး |
| ၁၆။ | ပန်းတောင်း | ။ | ၄ | ၃ | ၁ | |
| ၁၇။ | ပေါက်ခေါင်း | ။ | ၄ | ၅ | | အပိုလျှံ(၂)ဦး |
| ၁၈။ | ပေါင်းတည် | ။ | ၆ | ၃+၁ | ၂ | |
| ၁၉။ | သဲကုန်း | ။ | ၄ | ၅ | | အပိုလျှံ(၂)ဦး |
| ၂၀။ | ရွှေတောင် | ။ | ၄ | ၂+၁ | ၁ | |
| ၂၁။ | သာယာဝတီ | ။ | ၁၈ | ၁၅ | ၃ | အပိုလျှံ(၆)ဦး |
| ၂၂။ | လက်ပံတန်း | ။ | ၆ | ၃ | ၃ | |
| ၂၃။ | အုတ်ဖို | ။ | ၆ | ၄ | ၂ | |
| ၂၄။ | မိုးညို | ။ | ၄ | ၄ | - | |
| ၂၅။ | မင်းလှ | ။ | ၄ | ၄ | - | အပိုလျှံ(၁)ဦး |
| ၂၆။ | နတ်တလင်း | ။ | ၄ | ၃ | ၁ | |
| ၂၇။ | ဇီးကုန်း | ။ | ၆ | ၄ | ၂ | အပိုလျှံ(၁)ဦး |
| ၂၈။ | ကြို့ပင်ကောက် | ။ | ၆ | ၃ | ၃ | |
| | စုစုပေါင်း | | ၄၃၆ | ၂၉၈ | ၁၄၀ | |

# ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနတွင် မဖြစ်မနေခန့်အပ်ရန်လိုသော လက်ထောက်ဆရာဝန်စာရင်း

| စဉ် | မြို့နယ် | ရာထူး | ခွင့်ပြု | ခန့်ထား | လစ်လပ် | မဖြစ်မနေခန့်အပ်ရန်လိုအပ်သည့်အရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁။ | ပဲခူး | လ/ထဆရာဝန် | ၁၀၃ | ၇၃ | ၃၀ | ၁၃ | တွဲလွှန်-၃<br>ထင်းကျွာ-၄ |
| | ဘုရားကြီး | ၎ | ၂ | ၁ | ၁ | | |
| | ထန်းတောကြီး | ၎ | ၂ | - | ၂ | ၁ | |
| | ဓောင်းတူ | ၎ | ၂ | ၁ | ၁ | | |
| | ဘုရားကလေး | ၎ | ၂ | ၁ | ၁ | ၁ | တွဲလွှန်-၁ |
| ၂။ | ကဝ | ၎ | ၄ | ၂ | ၂ | | |
| | သရက်ကုန်း | ၎ | ၂ | - | ၂ | ၁ | |
| | သက္ကလ | ၎ | ၂ | ၁ | ၁ | | |
| | အုန်းနဲ့ | ၎ | ၂ | ၁ | ၁ | | |
| | ဝံပထန် | ၎ | ၂ | ၁ | ၁ | | |
| | သမျောက်ကန် | ၎ | ၂ | ၁ | ၁ | | |
| | သမြို | ၎ | ၂ | ၁ | ၁ | | |
| ၃။ | သနပ်ပင် | ၎ | ၄ | ၂ | ၂ | ၁ | တွဲလွှန်-၁ |
| | ကျီးပင်စု | ၎ | ၂ | ၁ | ၁ | | |
| | ကုလားချောင်းကြီး | ၎ | ၂ | ၁ | ၁ | | |
| | စရမ်း | ၎ | ၂ | ၁ | ၁ | | |
| | မင်းရွာ | ၎ | ၂ | ၁ | ၁ | ၁ | ကင်းကျွာ-၁ |
| ၄။ | ဝေါ | ၎ | ၄ | ၂ | ၂ | ၁ | တွဲလွှန်-၁ |
| | မြစ်ကျိုး | ၎ | ၂ | ၁ | ၁ | | |
| | သူရဲသမိန် | ၎ | ၂ | ၁ | ၁ | | |
| | ညောင်ခဲရှည် | ၎ | ၂ | - | ၂ | ၁ | |
| | ဖိုးဦးစိန် | ၎ | ၂ | ၁ | ၁ | | |
| | ဆင်ရွာ | ၎ | ၂ | - | ၂ | ၁ | |
| | ကဒွတ် | ၎ | ၂ | - | ၂ | ၁ | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| [illegible]။ | နှိက်ဦး | ။ | ၆ | ၂ | ၄ | ၂ | ထွဲလွှန်-၁ |
| | မေအသုစ | ။ | ၂ | ၁ | ၁ | ၁ | ကင်းကွာ-၁ |
| | သုံးခွ | ။ | ၂ | ၁ | ၁ | | |
| | ဝါးဂါမဓိ | ။ | ၂ | ၁ | ၁ | | |
| | မောင်တော်သီ | ။ | ၂ | - | ၂ | ၁ | |
| ၆။ | ညောင်လေးပင် | ။ | ၆ | ၂ | ၄ | ၁ | |
| | မြွှန်တန်ဆာ | ။ | ၂ | ၂ | - | | |
| | မဒေါက် | ။ | ၂ | ၁ | ၁ | | |
| | ဝိန်းစလုပ် | ။ | ၂ | ၁ | ၁ | | |
| ၇။ | ရွှေကျင် | ။ | ၁၈ | ၈ | ၁၀ | ၈ | ထွဲလွှန်-၁<br>ကင်းကွာ-၁ |
| | နိုစရှစ် | ။ | ၂ | ၁ | ၁ | | |
| | ပဒဲကော | ။ | ၂ | - | ၂ | ၁ | |
| | ကွမ်းဆိပ် | ။ | ၂ | - | ၂ | ၁ | |
| ၈။ | ကျောက်တံခါး | ။ | ၆ | ၃ | ၃ | ၁ | ပင်စင်-၁ |
| | ဓနိ | ။ | ၂ | ၁ | ၁ | | |
| | ပိန္နဲယ်ကုန်း | ။ | ၂ | ၁ | ၁ | | |
| | တောကျွဲအင်း | ။ | ၂ | ၂ | - | | |
| | ကညင်ကျိုး | ။ | ၂ | ၁ | ၁ | ၁ | ထွဲလွှန်-၁ |
| | မြို့ချောင်း | ။ | ၂ | ၂ | - | | |
| ၉။ | တောင်ငူ | ။ | ၆၈ | ၅၉ | ၉ | ၆ | |
| | ညောင်ကိုင်း | ။ | ၂ | - | ၂ | ၁ | |
| ၁၀။ | ဖြူး | ။ | ၁၈ | ၁၄ | ၄ | ၄ | ထွဲလွှန်-၂<br>ကင်းကွာ-၁ |
| | ကညွတ်ကွင်း | ။ | ၄ | ၁ | ၃ | ၂ | ထွဲလွှန်-၁ |
| | ဓနေယျဝတီ | ။ | ၂ | ၁ | ၁ | | |
| | ညောင်ပင်သာ | ။ | ၂ | ၁ | ၁ | | |
| | ဒိုက်ဦး | ။ | ၂ | ၁ | ၁ | ၁ | ထွဲလွှန် |
| | ကျော်ဂုံ | ။ | ၂ | ၁ | ၁ | ၁ | ထွဲလွှန် |
| ၁၁။ | ရေတာရှည် | ။ | ၄ | ၂ | ၂ | ၁ | ထွဲလွှန်-၁ |
| | ညောင်မြနှင်တောက် | ။ | ၂ | ၁ | ၁ | | |
| | ကျွဲပွဲ | ။ | ၂ | ၁ | ၁ | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| [illegible] | ရေတာရှည် | ။ | ၄ | ၂ | ၂ | ၁ | |
| | ဆွာ | ။ | ၂ | ၁ | ၁ | | |
| | မြို့လှ | ။ | ၂ | ၁ | ၁ | | |
| | ရေနီ | ။ | ၂ | ၁ | ၁ | ၁ | ထွဲလွန်-၁ |
| ၁၃၃။ | ထန်းတပင် | ။ | ၆ | ၃ | ၃ | | |
| | စရပ်ကြီး | ။ | ၂ | ၁ | ၁ | | |
| | လှည်းလမ်းကူး | ။ | ၂ | ၁ | ၁ | | |
| | မြို့နီး | ။ | ၂ | ၁ | ၁ | ၁ | ထွဲလွန်-၁ |
| ၁၃၄။ | ကျောက်ကြီး | ။ | ၆ | ၁ | ၅ | ၂ | |
| | မုန်း | ။ | ၂ | ၁ | ၁ | | |
| | နတ်သံကျွင်း | ။ | ၂ | ၁ | ၁ | | |
| | ကျွန်းပင်ဆိပ် | ။ | ၂ | - | ၂ | ၁ | |
| ၁၃၅။ | မြည် | ။ | ၁၀၃ | ၆၅ | ၃၈ | ၂၀ | ထွဲလွန်-၅ [illegible]-၂ |
| | ဝက်ထီးကန် | ။ | ၂ | ၁ | ၁ | | |
| | ပေါင်းတလည် | ။ | ၂ | ၁ | ၁ | | |
| ၁၃၆။ | ပန်းတောင်း | ။ | ၄ | ၂ | ၂ | ၁ | |
| | ဥသျှစ်ပင် | ။ | ၄ | ၁ | ၃ | ၁ | |
| | စရပ်လှ | ။ | ၂ | ၁ | ၁ | | |
| | ထုံးဘို | ။ | ၂ | ၁ | ၁ | | |
| ၁၃၇။ | ပေါက်ခေါင်း | ။ | ၄ | ၄ | - | | ထွဲလွန်-၂ |
| | တောင်လည် | ။ | ၂ | - | ၂ | ၁ | |
| | ကံကျဉ်း | ။ | ၂ | ၁ | ၁ | ၁ | |
| | ရွှေဘော် | ။ | ၂ | - | ၂ | ၁ | |
| ၁၃၈။ | ပေါင်းတည် | ။ | ၆ | ၂ | ၄ | ၁ | |
| | ကြာနီကန် | ။ | ၂ | ၁ | ၁ | | |
| | မှတ်တိုင် | ။ | ၂ | ၁ | ၁ | | |
| ၁၃၉။ | သဲကုန်း | ။ | ၄ | ၃ | ၁ | | |
| | ဆင်မြီးရွဲ | ။ | ၂ | ၁ | ၁ | | |
| | အင်းမ | ။ | ၂ | ၁ | ၁ | | |
| | ပုတီးကုန်း | ။ | ၂ | ၁ | ၁ | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ။ | ချွန်ကောင် | း | ၄ | ၂ | ၂ | ၁ | |
| | တာရုတ်မော်် | း | ၂ | ၁ | ၁ | | |
| | ကျီးသဲ | း | ၂ | ၂ | – | | |
| | ကျော့မ | း | ၂ | ၁ | ၁ | | |
| ၂၁။ | သာယာဝတီ | း | ၁၈ | ၁၈ | - | ၄ | ဘွဲ့လွန်-၇<br>ထင်းလွှား-၁ |
| | စံရွေး | း | ၂ | ၁ | ၁ | | |
| ၂၂။ | လက်ပံတန်း | း | ၆ | ၃ | ၃ | | |
| | ဓမ္မ | း | ၂ | ၁ | ၁ | | |
| | သာရဝေါ | း | ၂ | ၁ | ၁ | | |
| | မီးဖြူကုန်း | း | ၂ | ၁ | ၁ | | |
| ၂၃။ | အုတ်ဖို | း | ၆ | ၁ | ၅ | ၂ | |
| | ဆေးမြီသာယာ | း | ၂ | ၁ | ၁ | | |
| | အိုးသည်ကုန်း | း | ၂ | ၁ | ၁ | | |
| | ကိုင်းကြီး | း | ၂ | ၁ | ၁ | | |
| ၂၄။ | မိုးညို | း | ၄ | ၃ | ၁ | | |
| | ထိန်တော | း | ၂ | ၁ | ၁ | | |
| | စရုကင်း | း | ၂ | ၁ | ၁ | | |
| | ပဲချွတ် | း | ၂ | ၁ | ၁ | | |
| | ဆင်မနိုင် | း | ၂ | ၁ | ၁ | | |
| ၂၅။ | မင်းလှ | း | ၄ | ၁ | ၃ | ၁ | |
| | စစ်ကွင်း | း | ၂ | ၁ | ၁ | | |
| ၂၆။ | နတ်တလင်း | း | ၄ | ၃ | ၁ | | |
| | တာပွန် | း | ၂ | - | ၂ | ၁ | |
| | ကွင်းကျယ် | း | ၂ | ၁ | ၁ | ၁ | ဘွဲ့လွန်-၁ |
| | ချည်ပုတ်ကွင်း | း | ၂ | ၁ | ၁ | | |
| ၂၇။ | မီးကုန်း | း | ၆ | ၂ | ၄ | ၂ | ဘွဲ့လွန်-၁ |
| ၂၈။ | ကြို့ပင်ကောက် | း | ၆ | ၂ | ၄ | ၁ | |
| | အလယ်ကုန်း | း | ၂ | ၂ | - | | |
| | စုစုပေါင်း | | ၆၀၈ | ၃၆၂ | ၂၄၆ | ၁၀၀ | |

ပဲခူးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန

ခရိုင်/မြို့နယ်များတွင် မဖြစ်မနေခန့်ထားရန်လိုသော လက်ထောက်ဆရာဝန်စာရင်း

(၂၇၅၀၀၀- ၄၀၀၀ - ၂၉၅၀၀၀)

| စဉ် | ဌာနအမည် | ခွင့်ပြု | ခန့်ထား | လစ်လပ် | မဖြစ်မနေခန့်ထားရန် လိုအပ်သည့် အရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန | ၁၄ | ၆ | ၈ | ၆ | |
| ၂ | ပဲခူးခရိုင် | ၁၆ | ၈ | ၈ | ၃ | |
| ၃ | ပဲခူးမြို့နယ် | ၂၀ | ၆ | ၁၄ | ၂ | |
| ၄ | ဝေါမြို့နယ် | ၁၃ | - | ၁၃ | ၃ | |
| ၅ | သနပ်ပင်မြို့နယ် | ၁၅ | ၁ | ၁၄ | ၃ | |
| ၆ | ကဝမြို့နယ် | ၁၃ | ၂ | ၁၁ | ၂ | |
| ၇ | ဒိုက်ဦးမြို့နယ် | ၁၂ | ၁ | ၁၁ | ၃ | |
| ၈ | ညောင်လေးပင်မြို့နယ် | ၁၃ | ၁ | ၁၂ | ၃ | |
| ၉ | ကျောက်တံခါးမြို့နယ် | ၁၂ | - | ၁၂ | ၃ | |
| | ရွှေကျင်မြို့နယ် | ၁၂ | ၂ | ၁၀ | ၃ | |
| ၁၁ | တောင်ငူခရိုင် | ၁၆ | ၄ | ၁၂ | ၄ | |
| ၁၂ | တောင်ငူမြို့နယ် | ၁၈ | ၃ | ၁၅ | ၂ | |
| ၁၃ | အုတ်တွင်းမြို့နယ် | ၁၂ | - | ၁၂ | ၃ | |
| ၁၄ | ဖြူးမြို့နယ် | ၁၄ | - | ၁၄ | ၃ | |
| ၁၅ | ထန်းတပင်မြို့နယ် | ၁၂ | - | ၁၂ | ၃ | |
| ၁၆ | ရေတာရှည်မြို့နယ် | ၁၂ | - | ၁၂ | ၃ | |
| ၁၇ | ကျောက်ကြီးမြို့နယ် | ၁၂ | - | ၁၂ | ၃ | |
| ၁၈ | သာယာဝတီခရိုင် | ၁၆ | ၄ | ၁၂ | ၅ | |
| ၁၉ | သာယာဝတီမြို့နယ် | ၁၅ | - | ၁၅ | ၃ | |
| ၂၀ | ဇီးကုန်းမြို့နယ် | ၁၃ | ၁ | ၁၂ | ၂ | |
| ၂၁ | ကြို့ပင်ကောက်မြို့နယ် | ၁၂ | ၂ | ၁၀ | ၂ | |
| ၂၂ | အုတ်ဖိုမြို့နယ် | ၁၃ | ၁ | ၁၂ | ၃ | |
| | မိုးညိုမြို့နယ် | ၁၂ | - | ၁၂ | ၃ | |
| ၂၄ | နတ်တလင်းမြို့နယ် | ၁၃ | - | ၁၃ | ၃ | |
| ၂၅ | မင်းလှမြို့နယ် | ၁၂ | - | ၁၂ | ၃ | |
| ၂၆ | လက်ပံတန်းမြို့နယ် | ၁၂ | ၁ | ၁၁ | ၃ | |
| ၂၇ | ပြည်ခရိုင် | ၁၆ | ၁၂ | ၄ | ၂ | |
| ၂၈ | ပြည်မြို့နယ် | ၁၇ | ၉ | ၈ | - | |
| ၂၉ | ပေါက်ခေါင်းမြို့နယ် | ၁၂ | - | ၁၂ | ၃ | |
| ၃၀ | ပန်းတောင်းမြို့နယ် | ၁၂ | - | ၁၂ | ၃ | |
| ၃၁ | ပေါင်းတည်မြို့နယ် | ၁၂ | ၁ | ၁၁ | ၃ | |
| ၃၂ | ရွှေတောင်မြို့နယ် | ၁၃ | ၁ | ၁၂ | ၂ | |
| ၃၃ | သဲကုန်းမြို့နယ် | ၁၂ | - | ၁၂ | ၃ | |
| | စုစုပေါင်း | ၄၄၈ | ၆၆ | ၃၈၂ | ၉၅ | |

## မဖြစ်မနေခန့်အပ်ရန်လိုအပ်သည့်ရာထူး

| စဉ် | မြို့နယ် | ရာထူး | မှတ်ချက် |
|---|---|---|---|
| [illegible] | [illegible] ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ခေါင်းဆောင်ဆရာဝန် (မြို့ပြကျန်းမာ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (ကျောင်းကျန်းမာ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (အာဟာရ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (အမျိုးသမီးကျန်းမာ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တီဘီ/အနာကြီး)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (ကျေးလက်) | |
| ၂ | ပဲခူးခရိုင် | အဖွဲ့ခေါင်းဆောင်ဆရာဝန် (ကာကွယ်ကျန်းမာ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (ရ.ပ.က.န)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (ကျေးလက်) | |
| ၃ | ပဲခူးမြို့နယ် | ဦးစီးအရာရှိ (ကျောင်းကျန်းမာ/ပတ်ဝန်းကျင်)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တိုးချဲ့/ကျေးလက်/ကျေးလက်) | |
| ၄ | ကဝမြို့နယ် | ဦးစီးအရာရှိ (မြို့ပြ/ကျောင်းကျန်းမာ/အာဟာရ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (သူနာပြု/တီဘီ/ငှက်ဖျား/ကာကွယ်ဆေး/အနာကြီး/မျက်စိ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တိုးချဲ့/ကျေးလက်/ကျေးလက်) | |
| ၅ | သနပ်ပင်မြို့နယ် | ဦးစီးအရာရှိ (မြို့ပြ/ကျောင်းကျန်းမာ/အာဟာရ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (သူနာပြု/တီဘီ/ငှက်ဖျား/ကာကွယ်ဆေး/အနာကြီး/မျက်စိ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တိုးချဲ့/ကျေးလက်/ကျေးလက်) | |
| ၆ | ဝေါမြို့နယ် | အဖွဲ့ခေါင်းဆောင်ဆရာဝန် (သူနာပြု/တီဘီ/ငှက်ဖျား/ကာကွယ်ဆေး/အနာကြီး/မျက်စိ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တိုးချဲ့/ကျေးလက်/ကျေးလက်) | |
| ၇ | ဒိုက်ဦးမြို့နယ် | ဦးစီးအရာရှိ (မြို့ပြ/ကျောင်းကျန်းမာ/အာဟာရ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (သူနာပြု/တီဘီ/ငှက်ဖျား/ကာကွယ်ဆေး/အနာကြီး/မျက်စိ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တိုးချဲ့/ကျေးလက်/ကျေးလက်) | |
| ၈ | ညောင်လေးပင်မြို့နယ် | ဦးစီးအရာရှိ (မြို့ပြ/ကျောင်းကျန်းမာ/အာဟာရ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (သူနာပြု/တီဘီ/ငှက်ဖျား/ကာကွယ်ဆေး/အနာကြီး/မျက်စိ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တိုးချဲ့/ကျေးလက်/ကျေးလက်) | |
| ၉ | ကျောက်တံခါးမြို့နယ် | ဦးစီးအရာရှိ (မြို့ပြ/ကျောင်းကျန်းမာ/အာဟာရ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (သူနာပြု/တီဘီ/ငှက်ဖျား/ကာကွယ်ဆေး/အနာကြီး/မျက်စိ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တိုးချဲ့/ကျေးလက်/ကျေးလက်) | |
| ၁၀ | ရွှေကျင်မြို့နယ် | ဦးစီးအရာရှိ (မြို့ပြ/ကျောင်းကျန်းမာ/အာဟာရ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (သူနာပြု/တီဘီ/ငှက်ဖျား/ကာကွယ်ဆေး/အနာကြီး/မျက်စိ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တိုးချဲ့/ကျေးလက်/ကျေးလက်) | |
| ၁၁ | တောင်ငူခရိုင် | အဖွဲ့ခေါင်းဆောင်ဆရာဝန် (မြို့ပြကျန်းမာ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (ကျောင်းကျန်းမာ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (ရ.ပ.က.န)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (ကျေးလက်) | |
| ၁၂ | တောင်ငူမြို့နယ် | ဦးစီးအရာရှိ (အမျိုးသမီးကျန်းမာ/ကျန်းမာပညာ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တိုးချဲ့/ကျေးလက်/ကျေးလက်) | |
| ၁၃ | အုတ်တွင်းမြို့နယ် | ဦးစီးအရာရှိ (မြို့ပြ/ကျောင်းကျန်းမာ/အာဟာရ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (သူနာပြု/တီဘီ/ငှက်ဖျား/ကာကွယ်ဆေး/အနာကြီး/မျက်စိ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တိုးချဲ့/ကျေးလက်/ကျေးလက်) | |
| ၁၄ | ဖြူးမြို့နယ် | ဦးစီးအရာရှိ (မြို့ပြ/ကျောင်းကျန်းမာ/အာဟာရ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (သူနာပြု/တီဘီ/ငှက်ဖျား/ကာကွယ်ဆေး/အနာကြီး/မျက်စိ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တိုးချဲ့/ကျေးလက်/ကျေးလက်) | |
| ၁၅ | ထန်းတပင်မြို့နယ် | ဦးစီးအရာရှိ (မြို့ပြ/ကျောင်းကျန်းမာ/အာဟာရ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (သူနာပြု/တီဘီ/ငှက်ဖျား/ကာကွယ်ဆေး/အနာကြီး/မျက်စိ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တိုးချဲ့/ကျေးလက်/ကျေးလက်) | |
| ၁၆ | ရေတာရှည်မြို့နယ် | ဦးစီးအရာရှိ (မြို့ပြ/ကျောင်းကျန်းမာ/အာဟာရ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (သူနာပြု/တီဘီ/ငှက်ဖျား/ကာကွယ်ဆေး/အနာကြီး/မျက်စိ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တိုးချဲ့/ကျေးလက်/ကျေးလက်) | |
| ၁၇ | ကျောက်ကြီးမြို့နယ် | ဦးစီးအရာရှိ (မြို့ပြ/ကျောင်းကျန်းမာ/အာဟာရ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (သူနာပြု/တီဘီ/ငှက်ဖျား/ကာကွယ်ဆေး/အနာကြီး/မျက်စိ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တိုးချဲ့/ကျေးလက်/ကျေးလက်) | |

| | | |
|---|---|---|
| [illegible]ခရိုင် | အဖွဲ့ခေါင်းဆောင်ဆရာဝန် (ကလေးကျန်းမာ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (လုပ်ငန်းခွင်/ပတ်ဝန်းကျင်)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (ခ.ပ.က.န)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တီဘီ/ကူးစက်)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (မကူးစက်) | |
| သာယာဝတီမြို့နယ် | ဦးစီးအရာရှိ (မိခင်ကလေး/ကျောင်းကျန်းမာရေး/အာဟာရ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (ငှက်ဖျား/ဆင်ခြေထောက်/သွေးလွန်တုပ်ကွေး/ကာလသားရောဂါ/အနာကြီး/မျက်စိ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တီဘီ/ကူးစက်/မကူးစက်) | |
| ဇီးကုန်းမြို့နယ် | အဖွဲ့ခေါင်းဆောင်ဆရာဝန် (ငှက်ဖျား/ဆင်ခြေထောက်/သွေးလွန်တုပ်ကွေး/ကာလသားရောဂါ/အနာကြီး/မျက်စိ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တီဘီ/ကူးစက်/မကူးစက်) | |
| ကြို့ပင်ကောက်မြို့နယ် | ဦးစီးအရာရှိ (မိခင်ကလေး/ကျောင်းကျန်းမာရေး/အာဟာရ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တီဘီ/ကူးစက်/မကူးစက်) | |
| အုတ်ဖိုမြို့နယ် | ဦးစီးအရာရှိ (မိခင်ကလေး/ကျောင်းကျန်းမာရေး/အာဟာရ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (ငှက်ဖျား/ဆင်ခြေထောက်/သွေးလွန်တုပ်ကွေး/ကာလသားရောဂါ/အနာကြီး/မျက်စိ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တီဘီ/ကူးစက်/မကူးစက်) | |
| မိုးညိုမြို့နယ် | ဦးစီးအရာရှိ (မိခင်ကလေး/ကျောင်းကျန်းမာရေး/အာဟာရ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (ငှက်ဖျား/ဆင်ခြေထောက်/သွေးလွန်တုပ်ကွေး/ကာလသားရောဂါ/အနာကြီး/မျက်စိ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တီဘီ/ကူးစက်/မကူးစက်) | |
| နတ်တလင်းမြို့နယ် | ဦးစီးအရာရှိ (မိခင်ကလေး/ကျောင်းကျန်းမာရေး/အာဟာရ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (ငှက်ဖျား/ဆင်ခြေထောက်/သွေးလွန်တုပ်ကွေး/ကာလသားရောဂါ/အနာကြီး/မျက်စိ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တီဘီ/ကူးစက်/မကူးစက်) | |
| မင်းလှမြို့နယ် | ဦးစီးအရာရှိ (မိခင်ကလေး/ကျောင်းကျန်းမာရေး/အာဟာရ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (ငှက်ဖျား/ဆင်ခြေထောက်/သွေးလွန်တုပ်ကွေး/ကာလသားရောဂါ/အနာကြီး/မျက်စိ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တီဘီ/ကူးစက်/မကူးစက်) | |
| လက်ပံတန်းမြို့နယ် | ဦးစီးအရာရှိ (မိခင်ကလေး/ကျောင်းကျန်းမာရေး/အာဟာရ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (ငှက်ဖျား/ဆင်ခြေထောက်/သွေးလွန်တုပ်ကွေး/ကာလသားရောဂါ/အနာကြီး/မျက်စိ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တီဘီ/ကူးစက်/မကူးစက်) | |
| ပြည်ခရိုင် | အဖွဲ့ခေါင်းဆောင်ဆရာဝန် (ကလေးကျန်းမာ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (အာဟာရ) | |
| ပြည်မြို့နယ် | မရှိပါ | |
| ပေါက်ခေါင်းမြို့နယ် | ဦးစီးအရာရှိ (မိခင်ကလေး/ကျောင်းကျန်းမာရေး/အာဟာရ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (ငှက်ဖျား/ဆင်ခြေထောက်/သွေးလွန်တုပ်ကွေး/ကာလသားရောဂါ/အနာကြီး/မျက်စိ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တီဘီ/ကူးစက်/မကူးစက်) | |
| ပန်းတောင်းမြို့နယ် | ဦးစီးအရာရှိ (မိခင်ကလေး/ကျောင်းကျန်းမာရေး/အာဟာရ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (ငှက်ဖျား/ဆင်ခြေထောက်/သွေးလွန်တုပ်ကွေး/ကာလသားရောဂါ/အနာကြီး/မျက်စိ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တီဘီ/ကူးစက်/မကူးစက်) | |
| ပေါင်းတည်မြို့နယ် | ဦးစီးအရာရှိ (မိခင်ကလေး/ကျောင်းကျန်းမာရေး/အာဟာရ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (ငှက်ဖျား/ဆင်ခြေထောက်/သွေးလွန်တုပ်ကွေး/ကာလသားရောဂါ/အနာကြီး/မျက်စိ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တီဘီ/ကူးစက်/မကူးစက်) | |
| ရွှေတောင်မြို့နယ် | အဖွဲ့ခေါင်းဆောင်ဆရာဝန် (ငှက်ဖျား/ဆင်ခြေထောက်/သွေးလွန်တုပ်ကွေး/ကာလသားရောဂါ/အနာကြီး/မျက်စိ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တီဘီ/ကူးစက်/မကူးစက်) | |
| သဲကုန်းမြို့နယ် | ဦးစီးအရာရှိ (မိခင်ကလေး/ကျောင်းကျန်းမာရေး/အာဟာရ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (ငှက်ဖျား/ဆင်ခြေထောက်/သွေးလွန်တုပ်ကွေး/ကာလသားရောဂါ/အနာကြီး/မျက်စိ)<br>အဖွဲ့ခေါင်းဆောင်ဆရာဝန် (တီဘီ/ကူးစက်/မကူးစက်) | |

ကုသရေးဦးစီးဌာန
တိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ ပဲခူးမြို့
စာအမှတ် ၂၉၈၁၃/ ပစတ-ကုသရေး/ ဆရာဝ-ဝရွ/၂၀၁၈
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်

သို့
ညွှန်ကြားရေးမှူးချုပ်
ကုသရေးဦးစီးဌာန
နေပြည်တော်

အကြောင်းအရာ။ အထူးကုဆရာဝန်နှင့် လက်ထောက်ဆရာဝန် ဖြည့်စွက်ခန့်ထားပေးနိုင်ပါရန် တင်ပြတောင်းခံခြင်းကိစ္စ

ရည်ညွှန်းချက်။ ဆေးရုံအုပ်ကြီး၊ ခုတင်(၁၀၀)ပြည့်သွေးဆေးရုံ၊ ရွှေကျင်မြို့၏ (၉.၇.၂၀၁၈) ရက်စွဲပါ စာအမှတ် - ၉၂၄ / ဆရာအ / ပစတ / ဆရာဝ / ခန့် / ၁၈

အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့၊ ခုတင်(၁၀၀)ပြည့်သွေးဆေးရုံတွင် လက်ထောက်ဆရာဝန် ခန့်ထား(၈)ဦး၊ (၃)ဦးမှာ လက်ထောက် အထူးကုဆရာဝန်ဖြစ်ပြီး လက်ထောက်ဆရာဝန်(၃)ဦးမှာ အမှုထမ်းပြီးသော ကင်းကွာခြင်းဖြစ်ပါသည်။ ယခုတွင် လက်ထောက်ဆရာဝန် (၂)ဦးသာကျန်၍ လက်ထောက်ဆရာဝန်များ လုပ်ငန်းလည်ပတ်ရန် အင်အားနည်းပါးနေပါသောကြောင့် လုပ်ငန်းလိုအပ်ချက်အရ ဖြည့်စွက်ခန့်ထားပေးနိုင်ပါရန် ရည်ညွှန်းချက်ပါစာအရ တင်ပြလာပါသဖြင့် သိရှိနိုင်ပါရန်နှင့် လိုအပ်သလို ဆောင်ရွက်နိုင်ပါရန် ဆက်လက်ပေးပို့ တင်ပြအပ်ပါသည်။

ဒေါက်တာ[illegible]ငြိမ်း
တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့

မိတ္တူကို
- ညွှန်ကြားရေးမှူး (စီမံ / ဘဏ္ဍာ / ဝထရ)၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်။
- ဆေးရုံအုပ်၊ ခုတင်(၁၀၀)ပြည့်သွေးဆေးရုံ၊ ရွှေကျင်မြို့။
- မျှောစာတွဲ။
- ရုံးလက်ခံ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
လုံခြုံရေးနှင့်နယ်ခြားရေးရာဝန်ကြီးဌာန
ပဲခူးမြို့

စာအမှတ်၊ ၃၂၂ / လုံ - နယ် / ၂၀၁၉
ရက်စွဲ၊ ၂၀၁၉ ခုနှစ် ဇွန် လ ၁၇ ရက်

သို့

ဥက္ကဋ္ဌ
ပဲခူးတိုင်းဒေသကြီးလွှတ်တော်
ပဲခူးမြို့

အကြောင်းအရာ။ ထပ်ဆင့်မေးခွန်းဖြေကြားချက်အား ပေးပို့ခြင်း

ရည်ညွှန်းချက်။ (၁) ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး၏(၁၃.၆.၂၀၁၉)ရက်စွဲပါစာအမှတ်၊ ၄/၅-၈/ဦး၅

(၂) ဝန်ကြီးဌာန၏(၁၃.၆.၂၀၁၉)ရက်စွဲပါစာအမှတ်၊ ၃၁၃/လုံ-နယ်/၂၀၁၉

(၃) ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏(၁၄.၆.၂၀၁၉) ရက်စွဲပါစာအမှတ်၊ ၄/၁-၁၄(၂၀၈)/ဦး ၁ (အထွေ)

၁။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ၁၂ ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ ထပ်ဆင့်မေးခွန်းဖြေကြားချက်များကို စာဖြင့်ဖြေကြားပေးမည်ဖြစ်ကြောင်း လွှတ်တော်တွင် ပြန်လည်ဖြေကြားခဲ့ပြီး ဖြစ်ပါသဖြင့် ထပ်ဆင့်မေးခွန်းဖြေကြားချက်များကို ၂၀၁၉ ခုနှစ် ဇွန်လ (၁၇)ရက်နေ့အရောက် ပြန်လည်ဖြေကြားပေးပို့လာပါရန် ရည်ညွှန်း(၁)ပါ စာဖြင့် ညှိနှိုင်းအကြောင်းကြားလာခဲ့ပါသည်။

၂။ အဆိုပါ အကြောင်းကြားချက်အရ ပဲခူးတိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ထပ်ဆင့်မေးခွန်းများကို ဖြေကြား၍ ဖြေကြားချက်များကို ပြန်လည်တင်ပြလာရန် ရည်ညွှန်း(၂)ပါစာဖြင့် အကြောင်းကြားထားရှိခဲ့ပါသည်။

၃။ ယခုအခါ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသော ထောက်ခံမေးခွန်းများ ဖြစ်သော ပန်းတောင်းမြို့နယ် ဖရုံကားကျေးရွာ နှင့် ဖြောင့်ဘက်စုကျေးရွာတို့အား "ပြည်သူ့လုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးပြီး ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရည်ညွှန်း(၃)ပါစာဖြင့် "ထောက်ခံမေးခွန်းအပေါ်

လတ်တလောတွင် ဆက်လက်ဆောင်ရွက်ရန် အစီအစဉ် မရှိသေးပါကြောင်း" ပြန်လည်ဖြေကြားလာခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ ၁၂ ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၏ ထပ်ဆင့်မေးခွန်းဖြေကြားချက်များအား လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ပါရန် ပေးပို့တင်ပြအပ်ပါသည်။

ဝန်ကြီး
လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

မိတ္တူ -

- တိုင်းအုပ်ချုပ်ရေးမှူး၊ ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့
- ရုံးလက်ခံ ။

တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့

စာအမှတ်၄ / ၁- ၁၄ (၂၉၈)/ ဦး ၁ (အထဥ)

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၅ ရက်

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

ပဲခူးမြို့

အကြောင်းအရာ။ **ထပ်ဆင့်မေးခွန်းဖြေကြားချက်များအား ပေးပို့သွားရန်ကိစ္စ**

ရည် ညွှန်း ချက်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန၏ (၁၃.၆.၂၀၁၉)ရက်စွဲပါ စာအမှတ်၊ ၃၁၃ / လုံ - နယ် / ၂၀၁၉

၁။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ ထပ်ဆင့်မေးခွန်းဖြေကြားချက်များကို စာဖြင့်ဖြေကြားပေးမည်ဖြစ်ကြောင်း လွှတ်တော်တွင် ပြန်လည်ဖြေကြားခဲ့ပြီးဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ပူးတွဲဖော်ပြပါ လွှတ်တော်ကိုယ်စားလှယ်များ၏ ထပ်ဆင့်မေးခွန်းဖြေကြားချက်များကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၄ရက်နေ့အရောက် ပြန်လည်တင်ပြသွားရန် ရည်ညွှန်းစာဖြင့် အကြောင်းကြားလာပါသည်။

၂။ ပန်းတောင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ပပဟန်၏ အောက်ပါ မေးခွန်း(၂)ခုနှင့်စပ်လျဉ်း၍ ကျေးရွာသီးသန့်သတ်မှတ်ပေးပါက ကျေးရွာသူ/ ကျေးရွာသားများ စိတ်ဝမ်းကွဲပြားမှုများဖြစ်ပေါ်လာနိုင်ခြင်း၊ ယခုလက်ရှိအချိန်တွင်လည်း ကျေးရွာသူ/ ကျေးရွာသားများမှ စုစုစည်းစည်း ညီညွတ်စွာ နေထိုင်လျက်ရှိခြင်းတို့ကြောင့် ဖရုံကားကျေးရွာနှင့် မြောက်ဘက်စုကျေးရွာတို့အား တရားဝင်အမည်ပေါက် ထည့်သွင်းပေးရန် မသင့်ပါကြောင်း ဤတိုင်းဒေသကြီးရုံးမှ စိစစ်ဖြေကြား တင်ပြခဲ့ပြီးဖြစ်ပါသည်-

(က) **"ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဖရုံကားအုပ်စု၊ ဖရုံကားကျေးရွာအား တရားဝင် အမည်ပေါက် ထည့်သွင်းပေးရန် အစီအစဉ် ရှိ/မရှိ"**

(ခ) **"ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဖရုံကားအုပ်စု၊ မြောက်ဘက်စုကျေးရွာအား တရားဝင်အမည်ပေါက် ထည့်သွင်းပေးရန် အစီအစဉ် ရှိ/မရှိ၊**

၃။ အဆိုပါမေးခွန်းများနှင့်ပတ်သက်၍ ပန်းတောင်းမြို့နယ်နှင့် ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ စိစစ်ဖြေကြားချက်များအား ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စိစစ်ဖြေကြားတင်ပြခဲ့ပြီးဖြစ်ပါသဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာသည့် **"ပြည်ထဲရေးအမည်ပေါက်ရေးအတွက် ကွင်းဆင်းစစ်ဆေးပြီး**

ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ" ဆက်စပ်မေးခွန်းအပေါ် လတ်တလောတွင် ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။

ပုံ

အုပ်ချုပ်ရေးမှူး( )

(တင်ထွန်းမောင်၊ ညွှန်ကြားရေးမှူး)

မိတ္တူကို-

လှည့်လည်စာတွဲ၊

ရုံးလက်ခံ။